
www.henryyusofzai@gmail.com
မဏ္ဍူသေလာ
မဝင်းမြင့်
shwezinu.blogspot.com မှကူးယူပြီး pdf ပြုလုပ်သည်။

# ပဏ္ဍုသေလာ

ယခုလို ရွက်သစ်လောင်း၍၊ ရွက်ဟောင်းညှာကြွေ၊ လေရူးထွေသည့်၊ ခါနွေအပြောင်း၊ မိန်တပေါင်းဆိုလျှင် အဖေသည် ထူးထူးခြားခြား ငေးငိုင်နေတတ်သည်ကို မောင်တင်ဦးသည် သူ လူလားမြောက်သည့် အချိန် မှ စ၍ သတိပြုလာ မိခဲ့သည်။

ယခုဆိုလျှင် မောင်တင်ဦး၏ အသက် သည် နှစ်ဆယ့်သုံးနှစ်ကျော်၍ လေးနှစ်ထဲကိုပင် ချဉ်းနင်း ဝင်ရောက် နေပြီ ဖြစ်ရာ ယခုလိုအချိန်မှာ အဖေသည်ယခုလို ငေးငိုင်နေသည်ကို မောင်တင်ဦး သတိပြုမိ လာသည်မှာ ဆယ်နှစ်ကျော်လေပြီ။ သူတို့သားအဖ ကို ကျောခိုင်း စွန့်ခွာ၍ ရုပ်ခန္ဓာက မဟာပထဝီ မြေကြီးထဲ မှာ အေးငြိမ်းစွာ လဲလျောင်းနေပြီဖြစ်သောအမေ့ကို သတိရ လွမ်းဆွတ်ခြင်းဖြင့် အဖေ ငေးငိုင် နေသလားဟု ထင်မှားလောက်အောင်ကလည်း အမေ ကွယ်လွန်ခဲ့သည်မှာ ငါးနှစ်ကျော်ကျော်ပင် ရှိခဲ့လေပြီ။

အ မေ ကွယ်လွန်သည်မှာလည်း ယခုလို နွေဦးပေါက်ချိန်ပင်ဖြစ်သည်။ ထို့ကြောင့် နွေဦးပေါက်ချိန် နွေမိန်တပေါင်း မှာ ရှေးဖြစ်ဟောင်း တခုခုကို ပြန်မြောင်းတွေးတော ဆွေးမောနေဟန်တူသော အဖေ သည် အမေ ကွယ်လွန်ပြီးသောအခါ ပိုပြီး ငေးငိုင်လာသည်။ တွေးတော ဆွေးမောခြင်းမှာ ပိုပြီး နှစ် မြောလာသည်။

အမေမရှိတော့သည့် နောက်မှဆိုလျှင် မောင်တင်ဦးသည် ဖခင်ကို ပိုပြီးဂရုစိုက် ပြုစုလုပ်ကိုင် ပေးသည်။ အပြေးအလွှား ရေတွက်မှ လောကကြီးတခုလုံးတွင် ခင်တွယ်စရာ ဤအဖေနှင့် ဤသား သာလျှင် သာအဖ နှစ်ခု ချိုးဥ ပမာဏ ရှိတော့သည်မဟုတ်လော။ သို့သော် ချွင်းချက်နှင့် ပြောရမည် ဆိုလျှင် အဖေ့အဘို့ရာ ခင်တွယ်စရာ မောင်တင်ဦးသာ ရှိသည်မှန်သော်လည်း မောင်တင်ဦးအဘို့ ခင်တွယ် စရာကား အဖေအပြင် တဦး ရှိနေပါသေးသည်။ ထိုတဦးကား ကျောင်း နေဘက် ငယ်သူငယ်ချင်း ကြည်ကြည်နွဲ့ဖြစ်သည်။

ဤနေ့ကား နှစ်ဆယ့်ခြောက်ကြိမ်မြောက် တော်လှန်ရေးနေ့ဖြစ်၍ ရုံးပိတ်သည်။ မောင်တင်ဦး သည် ဖခင်၏ဝေယျာဝစ္စနှင့် သူတို့ သားအဖနှစ်ယောက်စာ ထမင်းဟင်းချက်ပြုတ်ပြီးစီးပြီ ဖြစ်သော် လည်း အခြား လူပျိုလူရွယ်ကလေးများကို ပျော်ပျော်ပါးပါး လည်ပတ် သွားလာရန် စိတ်မကူးနိုင်ရှာ ချေ။ လျှော်ဖွတ်စရာ တွေကို စုဆောင်း လျှော်ဖွတ် နေရသည်။ ရက်သတ္တတပတ်လုံး ရုံးတက်ရုံးဆင်း ဝတ်လာ သည့် အကျီလုံချည် တွေရော၊ အဖေ့ကျီလုံချည်တွေရော သမီး မိန်းကလေး သဖွယ် သေသေသပ်သပ် ဖွတ်လျှော်နေသည်။ ဖွတ်လျှော်ပြီး သောအခါ ရေချိုးအဝတ်အစားလဲ၍ သားအဖနှစ် ယောက်စာ ထမင်းပြင်ရပြန်လေသည်။ ထမင်း ပြင်ပြီးသော အခါ အိမ်ရှေ့ခန်းကလေးတွင် ထုံးစံအတိုင်း ငေးငိုင်သော အဖေ့ ကို ထမင်းစားရန် ရိုရို သေသေ သွားခေါ်သည်။

'အဖေ အိပ်ပျော်နေလား'

ပက်လက်ကုလားထိုင်ပေါ်မှာ မျက်စိမှိတ်ပြီး ငြိမ်နေသောအဖေက မျက်စိဖွင့်ကြည့်၏။

'မအိပ်ပါဘူး သားရယ်၊ အိမ်ရှေ့အိမ်က စစ်ချီသီချင်းတွေ ရေဒီယိုက လွှင့်တာ ဖွင့်နေလို့ နားထောင် နေတာကွဲ့၊ ဒီသီချင်းတွေဟာ အဖေတို့ ဂျပန်ခေတ်က စိတ်နဲ့မာန်နဲ့ဆိုခဲ့တဲ့ သီချင်း တွေပေါ့… '

'ဟုတ်တယ်အဖေ၊ ဒါဂျပန်ခေတ်က သီချင်းဟောင်းတွေတဲ့၊ အဲဒီ အချိန်ကတော့ ကျွန်တော်လဲ လူမဖြစ် သေးပါဘူး' မောင်တင်ဦးက ထောက်ခံပြောဆိုသည်။

'အေးကွဲ့ အခုလို နွေဦးပေါက်ချိန် ဖက်ဆစ်တော်လှန်ရေး ကာလာရောက်ပြီဆိုမှဖြင့် ရှေးဖြစ် ဟောင်းကို ပြန်ပြောင်း အောက်မေ့ပြီး လွမ်းလှသကွယ် သားရယ်၊ အော်…နှစ်ပေါင်းကလဲ နှစ်ဆယ် ကျော်ခဲ့ပြီဘဲ…၊ အင်း…တမျိုးစီပေါ့လေ…၊ သူ့မေတ္တာ လဲတမျိုး မင်းအမေ့ မေတ္တာလဲ တမျိုးပေါ့'

အဖေက လွမ်းလွမ်းတတ ပြောသည်ကို မောင်တင်ဦး စိတ်ထဲတွင် ထူးဆန်းနေသည်။ အဖေသည် ေးငိုင် တွေးတောဆွေးမော နေတတ်သော်လည်း ယခုကဲ့သို့ အစွန်းအစထွက်သော စကားမျိုးကို မည်သည့်အခါမှ မပြောခဲ့ဘူးချေ။ မောင်တင်ဦး စိတ်ထဲမှာ အဖေ့ထံတွင် သူမသိရသေးသော ကြောင်းအရာတွေ ရှိနေ လိမ့်မည်

ဟု တွေးကာ သိလိုစိတ်ပေါ်လာသည်။ သို့သော် ထမင်းစာချိန် လွန်သွားလျှင် သူ့အဘို့ လူငယ် ဖြစ်၍ အရေးမကြီးသော်လည်း အသက်အရွယ်ထောက်လာသည့် ပြင် ကျန်းမာရေးပါ ချို့ယွင်းနေသော ဖခင်အဘို့ စားသောက်ချိန်မှာ မစားရလျှင် ဝေဒနာ တခု တိုးမည်ကိုတွေးတော စိုးရိမ်မိသည်။ ထို့ကြောင့် ထမင်းစားပြီး မှ အချိန်ရ၍ အေးအေးဆေးဆေး မေးတော့မည်ဟု စိတ်ဆုံးဖြတ် လိုက်၏။

'ကဲ... ထ, အဖေ၊ ကျွန်တော့ကို အားပြုနော်'

မောင်တင်ဦးက ပြောပြောဆိုဆို ဖခင်၏ခါးကို ဖက်ပြီး မတ်တတ် ရပ်နိုင်ရန် ဖေးမလိုက်၏။

'အေးကွယ် အဖေ က ညာဘက်လက်ကလဲ အရင်းကပြတ် ဘယ်လက် ကလဲ လက်သန်းနဲ့လက်သူ ကြွယ်က မရှိတော့ ဘာမှအသုံးမကျ ဘဲ အပိုသက်သက် ဖြစ်နေရတာပေါ့ သားရယ်၊ ငါ့သားကိုလဲ အဖေ အားနာ ပါတယ်'

အဖေ က ကြေကွဲလှိုက်လှဲသော အသံဖြင့် ပြော၏။

'အဖေ ဘာမှ အားမနာနဲ့၊ အဖေ့ လက်တွေဟာ ကျွန်တော်တို့ တိုင်းပြည်၊ ကျွန်တော်တို့ တိုင်းရင်းသား တွေ ကို ဖက်ဆစ်ရန်က လွတ်ကင်းအောင် ကာကွယ်ခဲ့တဲ့ လက်၊ တိုင်းပြည်နဲ့ လူမျိုးအတွက် စတေးခံ အဆုံးခံ ရတဲ့ လက်တွေဖြစ်လို့ ကြေနပ်စရာ ကောင်းတယ်။ ကျွန်တော့ အနေနဲ့လဲ ဖက်ဆစ်ဂျပန် တော်လှန်ရေးမှာ အသက်

ပေးပြီး တာဝန်ယူခဲ့တဲ့၊ တိုက်ပွဲပြန်တော်လှန် ရေး တပ်သား ဟောင်းကြီး ဗိုလ်အောင် ရဲ့ သားရယ် လို့ ဂုဏ်ယူပါတယ် အဖေ'

မောင်တင်ဦးက သူ့အဖေကို စိတ်အားတက်ကြွဖွယ် အားပေး စကားပြောပြီး ထမင်းစားသည်။ ထမင်း စားသောက်ပြီး သောအခါ မောင်တင်ဦးက ပက်လက်ကုလားထိုင်နားသို့ လာပြီး

အနား ကြမ်းပြင်ပေါ်မှာ ထိုင်ပြီး'အဖေ ထမင်းမစားခင်က အဓိပ္ပါယ် ကဘာလဲအဖေ' 'ဘာများလဲကွဲ့ သားရယ်' မောင်တင်ဦး၏ ဖခင်က အမှတ်မရ ပြန်မေး၏။

'ဟိုလေ… သူ့မေတ္တာလဲ တမျိုး၊ မင်းမေတ္တာ ကလည်းတမျိုးဆိုတာ အဖေ ပြောခဲ့တယ်လေ' မောင်တင်ဦး၏ ဖခင်က အမှတ်ရသွားသည်။

ချက်ခြင်းပြန်လည် အဖြေပေးခြင်းမရှိဘဲ အတန်ကြာ ၏။ မောင်တင်ဦး ကလည်း ဖခင် မျက်နှာကို စူးစိုက် ကြည့်ကာ ပြောအံ့သောစကားကို နားစွင့် နေသည်။ အတန်ကြာမှ မောင်တင်ဦးကလည်း ဖခင် မျက်နှာကို စူးစိုက်ကြည့်ကာ ပြောအံ့သော စကားကို နားစွင့်နေသည်။ အတန်ကြာမှ မောင်တင်ဦး ၏ ဖခင် က ပြန် မေး၏။

'အဖေ့အကြောင်း အမေ့အကြောင်းကို သားဘယ်လောက် သိထား သလဲ ကွယ်။ အဖေ့ကို ပြန်ပြော ပြစမ်းပါဦး'

မောင်တင်ဦး စိတ်ထဲမှာ အနည်းငယ် ထူးဆန်းသွားသည်။ သို့သော် တစုံတရာ စောဒကမတက်ဘဲ သူ့အဖေ စိတ်ကြေနပ်အောင် ပြောပြလိုက်သည်။

'အဖေ့ နာမည်က မောင်အောင် ဗမာ့လွတ်လပ်ရေး တပ်မတော်၊ ဗမာ့ကာကွယ်ရေး တပ်မတော်၊ ဖက်ဆစ် တော် မှာ ပါဝင်ခဲ့တယ်။ မောင်တင်ဦးသည် အဖေ ဘာစိတ်ကူးပေါက်ပြီး နောက်ကြောင်းတွေ မေးနေပါလိမ့် ဟုတွေးရာမှ သူ့အမေအကြောင်းကို သူ သိသမျှ ပြောပြပြန်သည်။

'အမေလဲ ဖက်ဆစ်တော်လှန်ရေးမှာ တတ်နိုင် သလောက် တာဝန်ယူ ခဲ့ဘူးတဲ့ အမျိုးသမီးတယောက် နာမည် က မသစ်ဆွေ၊ အဖေ့ကို မငြိုမငြင်လုပ်ကျွေးလာခဲ့ ဇနီး၊ လင့်တာဝန် သားတာဝန်ကို ပင်ပန်းကြီးစွာ ရုန်းကန်ရင်း လွန်ခဲ့တဲ့ ငါးနှစ်ကျော်-ခြောက်နှစ် ကျော်လောက်က ကွယ်လွန်သွားခဲ့ တယ် အဖေ'

မောင်တင်ဦးသည် ပြောရင်းကပင် လေသံကတိမ်ပြီး ပြတ်သွားသည်။ သူ့အမေ ဒေါ်သစ်ဆွေကို များစွာ လွမ်းဆွတ်တမ်းတသောစိတ် ပေါ်လာသည်။ ဒေါ်သစ်ဆွေသည် သေသည့်တိုင်အောင် လင်နှင့် သားကို ငြိုငြင်သော စိတ် မပေါ်ခဲ့ဘဲ သူ့စွမ်းအားဖြင့် တတ်နိုင်ဆုံး ပြုစုလုပ်ကျွေးသွားရှာ သည်ကို မောင်တင်ဦး စိတ်မှာ မြင်ယောင် လွမ်းဆွတ်လာသည့်နည်းတူ ဦးအောင်၏ စိတ်အာရုံမှာ လည်း ချစ်ကြင်နာဖွယ် ကောင်းသော ဇနီးကို မြင်ယောင်လွမ်းဆွတ်မိသည်။

သားအဖနှစ်ယောက် အဆွေးကိုစီဖြင့် အတန်ကြာ တိတ်ဆိတ် နေရာမှ မောင်တင်ဦးက စကားဆက်လိုက်သည်။

'အမေ ပင်ပန်းကြီးစွာ လုပ်ကိုင်ပြီး ပညာသင်သွားလို့- ကျွန်တော် ဆယ်တန်းအောင်ခဲ့ပြီး အခုလို နိုင်ငံခြား သံရုံးမှာ အလုပ်ကလေး ရခဲ့တယ်။ ကျွန်တော်တို့ သားအဖနှစ်ယောက် တဝမ်းတခါးကို ကြွေးကင်းမြီးကင်း ကလေး နေနိုင်ခဲတယ်နော် အဖေ၊ ဒါတွေကို တွေးမိလေ၊ အမေ့ ဂုဏ်ကျေးဇူးကို သတိရလေဘဲ အဖေရယ်'

'ဟုတ်တယ် သားရယ်၊ အင်း... မသစ်ဆွေ၊ မသစ်ဆွေ'

ဦးအောင်က တမ်းတမ်းတတ ပြောလိုက်သည်။

'အဖေတို့ နောက်ကြောင်း ရာဇဝင်မှာ သားမသိသေး တဲ့ အကြောင်း တွေ အများကြီးရှိသေးတယ်'

'ပြောပါအဖေ၊ ကျွန်တော် သိပ်ပြီး သိချင်ပါတယ်။ ကျွန်တော့် မိဘအရင်းအချာတွေအကြောင်း ကျွန်တော် သိကောင်း ပါတယ်နော် အဖေ'

မောင်တင်ဦးက ဖခင်၏ဒူးကို လက်နှစ်ဖက်ဖြင့် သိမ်းဖက်ပြီး တောင်းတောင်း ပန်ပန် ပြောသည်။

'ပြောပါ့မယ် သားရယ်၊ တနေ့နေ့မှာ ဒီအကြောင်းကို အဖေ ပြောပြမယ်ဆိုတဲ့ ရည်ရွယ်ချက်လဲ ရှိခဲ့ပါတယ်။ မသစ်ဆွေ တော့

သိမသွားရှာဘူးပေါ့ကွယ်။ သူ့ကိုတော့- အဖေ ပြောပြချင်တဲ့စိတ် သိပ်မရှိခဲ့ဘူး။ ဘာ့ကြောင့်လဲ ဆိုတော့- အင်္ဂါမစုံတဲ့ လင်ဒုက္ခိတကြီးကို လုပ်ကျွေးပြုစုနေရာမှာ ပင်ပန်းဆင်းရဲခံရှာတဲ့ သူ့ကို စိတ်အနှောင့် အယှက် မဖြစ်စေချင်လို့ပါဘဲ၊ မိန်းမဆိုတာ မသိနိုင်ဘူး ဟုတ်လား'

'ဟုတ်ပါတယ် အဖေ' မောင်တင်ဦးက ထောက်ခံသည်။

ဦးအောင်သည် စကားမဆက်သေးဘဲ ပက်လက်ကုလားထိုင်ကို မှီကာ မျက်စိကိုမှိတ်ပြီး ရှေးဖြစ် ဟောင်းကို ပြန်တွေးနေလိုက်သည်။ မှိတ်ထားသော ဦးအောင်၏ မျက်စိအာရုံဝယ် နုနယ်ပျိုမြစ် သော အသက် နှစ်ဆယ်ကျော် ချစ်စဖွယ် ကောင်းသည့် မသစ်ဆွေ၏ ပုံသဏ္ဍာန်က ပေါ်လာသည်။ မသစ်ဆွေနှင့် မျက်နှာချင်း ဆိုင်တွင် ပေါ်လာသော သဏ္ဍာန်ကား နုနယ်ပျိုဖြစ်သော မသစ်ဆွေနှင့် ရွယ်တူ ဖမှာ့ တပ်မတော်သား တဦးဖြစ်သည့် ဗိုလ်လေး ဗိုလ်အောင်ဖြစ်၏။

ဗိုလ်အောင် က မသစ်ဆွေကို တမိုးအောက်တယောက်ဟု ထင်မြင်ယူဆကာ စွဲလမ်းမြတ်နိုးသည်။ သူ၏ အတိုင်းအဆ မရှိသော ချစ်မေတ္တာကို ဖေါ်ထုတ်လှစ်ဟကာ ဘဝကြင်ဖေါ်အဖြစ် ခွင့်ပြုပါရန် ပန်ကြား၏။ သို့သော် မသစ်ဆွေ က...

'စစ်ကြီးဖြစ်နေတဲ့အချိန်မှာ စစ်သားကိုဘဝကြင်ဖေါ်လုပ်ရမှာ ကြောက်စရာကောင်းလှပါတယ် ကိုအောင် ရယ် သစ်သစ်မှဆိုးမဘဝနဲ့ ခံစားရမဲ့ စိတ်ဒုက္ခကို ရင်ဆိုင်ရဲအောင် သတ္တိမရှိပါဘူး'

ဟူသောစကားကိုသာ တုံ့ပြန်ခဲ့သည်ဖြစ်ရာ ဗိုလ်အောင်သည် မသစ်ဆွေကို ချစ်မေတ္တာမလျော့ပါး သော်လည်း ထပ်မံကြိုးစား ခြင်းမပြုတော့ဘဲ စစ်တပ်ပြောင်းရွှေ့ရာ လိုက်ပါခဲ့လေတော့သည်။

'မသစ်ဆွေစိတ်က တွေးနေရာမှ ဦးအောင်က မှိတ်ထားသော မျက်စိကိုဖွင့်ကာ ပြောလိုက်သည်။

'ဘယ်လိုစိတ်လဲအဖေ'

မောင်တင်ဦးက မေး၏။

'အေးကွယ်သူ့စိတ်ထားက ထူးခြားတယ် ဆိုနိုင်တာပေါ့။ ကြည့်လေ အဖေ ခြေလက်အင်္ဂါအပြည့်အစုံရာထူးလက်ရှိဘဝနဲ့ သူ့မေတ္တာကို တောင်းခံတော့ လုံးဝမဖြစ်နိုင်ပါဘူးလို့ ခါးခါးသီးသီးငြင်းခဲ့ တယ်၊ ဟောအဖေ စစ်ပြန်ဒုက္ခိတရဲဘော်ဘဝနဲ့ ပြန်တွေ့တော့ တိုင်းပြည်နဲ့လူမျိုးအတွက် အနစ်နာခံသူရယ်လို့ နလုံးပိုက် ကြင်နာပြီး ကြည်ကြည်ဖြူဖြူ လက်ထပ်တယ်၊ သူကစပြီး ကိုအောင် မေတ္တာစေတနာ မပျက် သေးရင် သူပြုစုလုပ်ကျွေးပါရစေလို့ လာပြောတယ်သားရဲ့'

'အဲဒီတော့ အဖေ သိပ်ဝမ်းသာသွားမှာဘဲနော်'

မောင်တင်ဦးက ပြော၏။ ဦးအောင်က ရုတ်တရက်ပြန်မဖြေသေးဘဲ ငေးနေပြန်သည်။ ထို့နောက် သက်ပြင်းချပြီး ဆက်ပြော၏။

'ဝမ်းသာလှတယ်တော့ မဟုတ်ပါဘူး အဖေ့လို ဒုက္ခိတကြီးတာဝန်ကို သူတသက်လုံး ယူသွားနိုင်မ လား ဆိုတဲ့ သံသယစိတ် ရော၊ နောက်ပြီး အဖေ့အနေနဲ့ သစ္စာမဲ့ရာ ကျမလားဆိုတဲ့ အတွေးရောပေါ့'

'အဖေက စော်ကားတာမှ မဟုတ်ဘဲ အဖေရယ်'

'အေးလေ၊ မင်းအမေကိုတော့ အဖေမစော်ကားပါဘူး ဒါပေမဲ့'

ဦးအောင်က စကားတပိုင်းတစနှင့် ဖြတ်ပြီး ငေးနေပြန်သည်။ မောင်တင်ဦးသည် ဖခင်အမူအရာကို အကဲခတ် လိုက်၏။

'အမေ့ကိုတော့ မစော်ကားဘူးဆိုရင် ဘယ်သူ့ကိုများ အဖေစော် ကားခဲ့လို့လဲ အဖေရယ်'

'မောင်တင်ဦး က မေးသည်။'

'အေးလေ အဖေက မင်းအမေ တသက်လုံး တာဝန်ယူသွားရမှာကို သနားပြီး လွယ်လွယ်နဲ့ မလိုက်လျော ခဲ့ပါဘူး။ ဒါပေမဲ့ ဆုံဆည်းလာပုံက မသစ်ဆွေအဖို့ သူ့ခဲအိုနဲ့ နေလို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တဲ့ အခြေအနေ ရောက်လာတယ်။ အဲဒီတော့ အဖေနေတဲ့အိမ် အခု ဒို့နေတဲ့အိမ်ပေါ့၊ မသစ်ဆွေက ရောက်လာပြီး မပြန်တော့ဘဲနေလိုက်တော့ အဖေလဲ သူ့စိတ်ဆန္ဒအတိုင်း လိုက် လျောရတာပေါ့ကွယ်'

'ဒီအိမ် က အဖေ အမွေရထားတဲ့ အိမ်နော်'

'ဟုတ်တယ် နောက်ပြီး အဖေ့မှာက မျိုးချစ် ဗမာ့တပ်မတော် ဗိုလ်အဖြစ်နဲ့ ရလာတဲ့ လခငွေ တွေက တော်တော်များများ ကလေးပါလာတယ်လေ။ မသစ်ဆွေက အဲဒါအရင်းတည်ပြီး ဒို့သား အဖကို မသေမချင်း လူနဲ့သူနဲ့ တူအောင် လုပ်ကျွေးပြုစု သွားတာပေါ့ကွယ်။ မင်းအမေကို တခု ချီးကျူးရမှာက သူ့ရုပ်ရည်၊ သူ့အရွယ် နဲ့ ခြေလက်အင်္ဂါစုံစုံ ကျန်းမာသန်စွမ်းတဲ့ သင့်သင့်တင့်တင့် လူကို ရနိုင်ပါရက်သားနဲ့ တိုင်းပြည် နဲ့လူမျိုး အတွက် ဆောင်ရွက် ခဲ့လို့ ဒုက္ခိတဘဝရောက်ရတဲ့ အဖေ့ကို ကြင်နာတယ် ဆိုတာ တနည်း အားဖြင့်တော့ မျိုးချစ်စိတ်ရှိသူ တိုင်းပြည်သားကောင်း တယောက်ကို တန်ဘိုးထားသူလို့ ယူဆချီးကျူး စရာပေါ့သားရယ်'

'မုဆိုးမ ဖြစ်ရမဲ့ဒုက္ခကို ရင်မဆိုင်ဝံ့ပေမယ့် ဒုက္ခိတလင်ယောကျ်ားကို ဝတ္တရားမပျက်လုပ်ကျွေးပြုစု သွားတဲ့ အမေ့စိတ်ထား ကတော့ ချီးကျူးဘို့ကောင်းပါတယ်' 'ဟုတ်တယ် သားရဲ့'

ထို့နောက် သားအဖနှစ်ယောက် စကားပြတ်သွားကြပြန်သည်။ အတန်ကြာမှ မောင်တင်ဦးက ပြန်ဆက် ၏။

"ကျွန်တော်သိချင်တာ တခု ပြောပါအုံးအဖေ"

"ဘာများလဲ သားရဲ့"

"အဖေ နွေဦးပေါက်ချိန်တိုင်း ငေးငိုင်နေခဲ့တဲ့အကြောင်းရယ်၊ သူ့မေတ္တာ က တမျိုးဆိုတာရယ်လေ၊ ဒီအဖေ နဲ့ ဒီသားဘဲရှိတော့တာ အဖေ့အကြောင်းသိပါရစေလား အဖေရယ်"

ဦးအောင်က သားမျက်နှာကို စိုက်ကြည့်ပြီး...

"ပြောရတာပေါ့ သားရယ်"

ဟု အစချီက ၊ သူ့ရင်ထဲက သိုသိပ်လာခဲ့သည့်အကြောင်းတွေကို သားဖြစ်သူအား ဖွင့်ဟလိုက်သည်။

"မသစ်ဆွေက စစ်သားယူပြီး မုဆိုးမ ဖြစ်ရမှာ ကြောက်ပါတယ်လို့ အတိအလင်း ပြောလိုက်ပြီးတဲ့ နောက် အဖေ လဲ စိတ်တင်း အာရုံဖြတ်ပြီး စစ်တပ်ချီတက်ရာ လိုက်ခဲ့တာပေါ့ကွယ်။ အဲဒီအချိန်က အဖေ တို့ တပ်က ချင်းတောင် ဘက်ကို တက်ကြရတယ်လေ။ အိန္ဒိယနယ်စပ်ဆီ ဦးတည်သွားရတာပေါ့ကွယ်။ လမ်းခရီး တလျှောက် တောတောင်စိမ့်စမ်းထူထပ်တာတွေ၊ ပင်ပန်းဆင်းရဲတာတွေ အစားအသောက် ဒုက္ခ ဖြစ်တာတွေ၊ တောတိရစ္ဆာန်နဲ့တွေ့ရတာတွေ၊ ရန်သူလေယာဉ်ကို ရှောင်ရတာတွေ ဆိုတာက တော့ အဖေ အကျယ်ချဲ့ မပြောလိုတော့ပါဘူး။ ဟိုလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က တွေ့ခဲ့ကြုံခဲ့ရပုံတွေ ကို သားဘဲ စိတ်ကူး ထင်မြင်ကြည့်ပေတော့ကွယ်"

မောင်တင်ဦး က ငြိမ်နေသည်။သူ့အဖေပြောသလိုသူက စိတ်ကူး ထင်မြင်ကြည့်သည်။သူ့စိတ်ကူးထဲတွင် ကား သူ့မေတ္တာ ကလည်း တမျိုးပေါ့ ဆိုသောစကားအရ သူ့အဖေသည် ချင်းတောင်မှ ချင်းအမျိုးသမီး လှလှ ကလေး နှင့် မေတ္တာကူးယှက်လာခဲ့ပေမည်ဟု တွေးမိ၏။ ဘယ်လိုလဲသား.. သားရဲ့စိတ်အာရုံထဲ မှာ တောပုံ တောင်ပုံ တွေထင်ရဲ့လား ငြိမ်နေသော မောင်တင်ဦးကို ဦးအောင်က မေး၏။ တောပုံ တောင်ပုံတော့ မထင်ဘူး အဖေရဲ့ ချင်းအမျိုးသမီး လှလှကလေးဘဲ ထင်နေတယ်။

ဟော.. ဘယ်လိုအကြောင်းကြောင့် ချင်းအမျိုးသမီးကို ထင်ရသလား သားရဲ့။ သူ့မေတ္တာက တမျိုးလို့ အဖေပြောထားတယ် မဟုတ်လား ဒီတော့ ချင်းတောင်ကို သွားနေမှ ချင်းအမျိုးသမီးလှလှကလေး နဲ့ အဖေ အဆက် အသွယ် ဖြစ်လာမှာပေါ့အဖေ မောင်တင်ဦးက သူ့ထင်မြင်ချက်ကို ပြောသောအခါ ဦးအောင်ပြုံး နေသည်။ မဟုတ်ဖူးလားအဖေ မဟုတ်ဖူးသားရဲ့ ဒါဖြင့် ဘာကြောင့် အဖေပြုံးသလဲ သားထင်မြင်ချက် မှားနေ လို့ ပြုံးတာပါ ကဲပါအဖေရယ် ဆက်ပြောပါ၊ ကျွန်တော်သိပ်သိချင်ပါပြီ။

မောင်တင်ဦးက ခလေးသဖွယ် ဖခင်ဒူးကို ဖက်ထားရာမှ ကိုင်လှုပ်ပြီး ပြောသဖြင့် ဦးအောင်က သားချစ် အလို အတိုင်း ဆက်ပြောသည်။ အဖေတို့က ဗမာ့တပ်မတော် သားတွေဆိုတော့ ကျရာတာဝန်ကို ဦးလည် မသုံ ယူရတာကိုး သားရဲ့ အဲဒီတော့ ဘာလုပ်ရလဲဆိုတော့

ကားလမ်းဖောက် ပေးရတယ်ကွဲ့. ဘယ်နားက ကားလမ်း လဲ အဖေ ပြောမယ်လေသားရဲ့ အဖေတို့ တပ်မတော် သားတစ်စုကို စစ်ကိုင်းက နေပြီး အင်းတော် အထိ ဂျပန် က မီးရထားနဲ့ တင်ခေါ်သွားတယ်။

အဲဒီအချိန်က ဂျပန်တပ်နဲ့ ဗမာ့တပ်မတော်က မကွဲသေးဘူး လုပ်စရာရှိရင် အတူပူးတ ွဲလုပ်ဆောင်နေတဲ့ အချိန် ကာလ ကိုး သားရဲ့ အင်းတော်ရောက်တော့ ဟိုဘက်တခွင်ကို ခြေ လျင်တက်ရကိုးသားရဲ့ ဒါပေမယ့် တစ်ခု တော်သေး တာက အရင်ကရှိထားပြီးသား ကားလမ်းဟောင်းအတိုင်း လိုက်ရတော့ ပြော လောက် အောင် လမ်းမဆိုးဘူးပေါ့ သားရယ်။ ကားလမ်းအဟောင်းကြီးအတိုင်း လိုက်နေရတော့ အဖေ တို့ လမ်းဖေါက် ဖို့ မလိုတော့ဘူးပေါ့ မောင်တင်ဦး က ဖြတ်ပြောသည်။

အဖေ့စကားက မပြည့်စုံးသေးဘူးလေသားရဲ့ ဟုတ်ကဲ့ အဖေပြောပါ။ အဲ... အင်းတော်ကနေ ဗန်းမောက်-ဗန်းမောက် ကနေ မန်စီ အထိတော့ ကားလမ်းအဟောင်းအတိုင်းပေါ့သားရယ် မန်စီဟိုဘက် ကစပြီး လမ်း လုံးဝမ ရှိတဲ့ တောတောင် တွေကို ကားသွားလို့ရအောင် လမ်းဖောက်ရတယ်။ စက်ကိရိယာတွေ ဘူဒိုဇာ တွေဆိုတာဝေလာဝေး ဒို့တစ်တွေလက်နဲ့ အားစိုက်ထွင်ရတဲ့ လမ်းဆိုတော့ ဘယ်လောက် ပင်ပန်းမယ် ဆိုတာ သားစဉ်းစားကြည့်ပေတော့ကွယ်။

မောင်တင်ဦးက ဦးခေါင်းညိတ်သည် သူ့မျက်လုံး ထဲတွင် သူ့အဖေအပါအဝင် ဗမာ့တပ်မတော်သား တစုပင်ပန်းကြီးစွာ လမ်းဖောက်နေပုံကို မျက်စိထဲမှာ မြင်ယောင် လာသည်

ဆက်ပြောပါအုံးအဖေ မောင်တင်ဦးက တိုက်တွန်းသည်

ဂျပန်တွေအကြံနဲ့ လမ်းဖောက်ခိုင်းတာကိုးသားရဲ့ သူတို့ ရည်ရွယ်ချက်က အိန္ဒိယနယ်ထဲမှာ ရှိတဲ့ အင်ဖာနဲ့ ကိုဟီးမားကို ဦးတည် တိုက်ဖို့ပေါ့။ အဖေတို့ အဲဒီ အထိ ရောက်ခဲ့လား ဘယ်ရောက် မလဲသားရဲ့ မန်စီ ဟိုဘက် ကားလမ်းပေါက်သွားတော့ ခွေးအော် ဆိုတာကို ရောက်ခဲ့ရော။ ဘာအဖေ ခွေးအော်ဟုတ်လား နာမည် ကလဲ ထူးထူးဆန်းဆန်း ရွာလား။

ရွာမဟုတ်ဖူးသား စခန်းတခုနာမည်

နာမည်ကလဲ အဖေရယ် မှည့်စရာ ရှားလွန်းလို့

ဒီစခန်းနာမည်က ဂျပန်လို ဂုယုအွန် အဲဒီ အသံထွက်ကနေ ဂုယွန်ဖြစ်လာရော၊ ဗမာတွေက ဒီအသံထွက် မခေါ်တတ်တော့ အလွယ် တကူ ခွေးအော်လို့ ခေါ်လိုက်တာပေါ့။

အဓိပ္ပါယ်ကတော့ ရှိပါတယ်

မောင်တင်ဦးက ခပ်ပြုံးပြုံး မျက်နှာဖြင့် ပြန်မေး၏။

ပြုံးနေသော မောင်တင်ဦးမျက်နှာကြည့်ပြီး ဦးအောင်ကလည်း ပြုံးသည်။

အဲဒီ ဂုယွန်က ရှေ့ဆက်သွားရင် ဝါးပါးဆိုတဲ့ စခန်းရှိတယ်။ ဂုယွန်နဲ့ ဝါးပါးအကြားမှာ ဂုယွန်နဲ့တော့ ပိုနီးတာ ပေါ့လေ။ တောင်ကြီးတစ်တောင်ရှိတယ် သားရဲ့။ တောင်ကြီးက သိပ်မြင့်တယ်။ အဖေတို့ ဗမာ့တပ်မတော်သားတွေ တောင်ထိပ် မော့ကြည့်မိတဲ့ လူဟာ ဦးထုပ်ကျွတ်ကျတာဘဲ ဒီတောင်ကြီးကို ကျော်သွားမှလဲ ဝါးပါးစခန်းကို ရောက်မှာကိုး။ ဒီတောင်ကြီးကို ကျော်လွှားဘို့အတွက် လူမပြောနဲ့ ခွေးကတောင် စိတ်ညစ်တယ်။ ဒီတောင်ကြီးတက်ဖို့ ခရီးစလိုက်တယ်ဆို တပ်နဲ့ပါလာတဲ့ ခွေးတွေ တောင်ကြီး တက်ရမှာ ကြောက်တော့ အော်ကြတာဘဲ သားရေ။

အဲဒါကြောင့် ခေါ်ရခက်တဲ့ ဂျပန်နာမည် မခေါ်တော့ဘဲ ဒို့ဗမာ တပ်စုက လွယ်လွယ်ကူကူ ခွေးအော် စခန်း လို့ ခေါ်လိုက်ကြတာပေါ့

သူ့အဖေ ဖြေရှင်းချက်ကို သဘောကျသော မောင်တင်ဦးက အားပါးတရ ရယ်လိုက်၏။ သားရယ်သည်ကို မြင်ရသောဦးအောင်က သူပါရောပြီးရယ်သည်။

'ဒါနဲ့ဆက်ပါအုံး အဖေနားထောင်လို့အကောင်းသား'

မောင်တင်ဦးက အားပေးတိုက်တွန်း၏။

'အေးခွေးတွေတောင် အော်ယူရတဲ့ တောင်မြင့်ကြီး ကျော်လိုက်တော့ အခုတင်က အဖေပြောခဲ့တဲ့ ဝါးပါးစခန်း ကိုရောက်တယ်။ ဒီစခန်း နာမည်ကလဲ အဓိပ္ပါယ်ရှိတာပဲ သားရဲ့။ အဲဒီနေရာမှာ ရှင်သန်

ပေါက်ပွား နေတဲ့ ဝါးပင်ကြီးတွေက အလုံးကြီးသလောက် အသားက ပါးလွန်းတယ်လေ၊ ဂျပန်တွေက ဒီနေရာ ကို ဥပစခံလို့ နာမည်ပေးထားပါရဲ့ သူတို့အသံထွက်က ပေါ်လို့ မလွယ်တော့ ဒို့တတွေက ဝါးလုံး အသား ပါးတာ အစွဲပြုပြီး ဝါးပါးစခန်းလို့ ကင်ပွန်းတပ်လိုက်တာပေါ့ကွယ်'

'ဟုတ်ပြီအဖေ၊ အဲဒီကရှေ့ဆက်တော့'

'အဲဒီကရှေ့ဆက်တော့ လမ်းခွဲဆိုဘာကိုရောက်၊ အဲဒီကမှ ဟုမ္မလင်းကို လှမ်းမြင်နေရတဲ့ နေရာအထိ ရောက်အောင် ဒို့တွေ လမ်းဖောက်လာကြတယ်ကွဲ့'

'ရှေ့ဆက် ဖောက်သေးလား အဖေ'

'ဒို့…ဗမာ့တပ်မတော်သားတွေအနေနဲ့ ရှေ့ဆက်မသွားရတော့ဘူး။ ဟုမ္မလင်းအနားဘဲ နောက်ကြောင်း ပြန်လှည့်ခဲ့ကြရတယ်။ ဒါပေမဲ့ နောက်ကြောင်းပြန်လှည့်သွားကြရတဲ့ ဗမာ့တပ်မတော်သားတွေထဲမှာ အဖေ မပါဘူး။ အဖေက တယောက် ထဲ ကျန်နေရစ်တယ်သားရဲ့'

'ဘယ်လိုဖြစ်ပြီး အဖေက ကျန်နေရစ်တာလဲ'

'အဲဒီဘက်ကိုတက်လာတဲ့ တပ်တွေကို ကွပ်ကဲတဲ့စစ်ဦးစီးအဖွဲ့က ဂျပန်တွေချည်းဘဲသားရဲ့။ စစ်ဦးစီးရဲ့အဖွဲ့က ဒုတိယအကြီးဆုံးဖြစ်တဲ့ ဗိုလ်မှူးယာမာမိုတိုက အဖေ့ကို သူ့စိတ်နဲ့တွေ့နေတာကိုး။ တနေ့

ဟုမ္မလင်းမြို့ကို ကွေ့ပြီး အိန္ဒိယနယ်စပ်ဖက် အခြေအနေကြည့်ဖို့ သွားကြရမှာ အဖေ့ကို သူကရွေးပြီး ခေါ်သွားတယ်။ အကြောင်းပြချက်ကတော့ အဖေက ဟိန္ဒူစကားနဲ့ ပါဠိဘာသာကို တော်တော် ရည်ရည် လည်လည် ပြောတတ်တဲ့အတွက် သူတို့နဲ့ ခေတ္တတွဲဖက်ထားပါလို့ သက်ဆိုင်ရာကို ခွင့်တောင်း ခေါ်ယူ ထားလိုက် လို့ဘဲသား'

'အဖေဟိန္ဒူဘာသာနဲ့ ပါဠိဘာသာကို တတ်တယ်လား၊ ကျွန်တော် လုံးဝ မသိခဲ့ ပါလား အဖေ၊ ဘယ်လို တတ်ထားတာလဲ'

မောင်တင်ဦးက အံ့သြစွာမေး၏။

'တက်ခဲ့ရပုံက မဆန်းပါဘူးသားရယ်။ အဖေတို့ ငယ်ငယ်က အိမ်နားနီးချင်းဖြစ်တဲ့ ဟိန္ဒူလူမျိုးတဦးနဲ့ လူကြီးချင်း လဲခင်၊ လူငယ်ခင်ျးလဲ ခင်ကြတော့ အဖေက မနေတတ်တဲ့အတွက် ဟိန္ဒူ စကား တတ်ခဲ့တာပါပဘဲ။ ပါဠိဘာသာကတော့ တက္ကသိုလ်မှာပါတဲ့ ပါဠိဘာသာကို ဝါသနာပါလို့ အပိုဘာသာအဖြစ် သင်ယူ လာခဲ့ဘူးတယ်။ ဟိန္ဒူစကားနဲ့ ပါဠိဘာသာက သိပ်ကွဲပြားတာ မဟုတ်တော့ သင်ရမှတ်ရတာ သိပ်မခဲယဉ်းပါဘူး'

'အဲဒီဘာသာ အဖေတတ်တယ်ဆိုတာ ဂျပန်တွေက ဘယ်လို သိလဲအဖေ'

'အဖေတို့က မင်္ဂလာဒုံ ဗိုလ်သင်တန်း ပထမပတ် ကျောင်းသားတွေကိုးသားရဲ့။ သင်တန်းဆရာတွေက ကျောင်းသား တွေရဲ့ ကိုယ်ရေးရာဇဝင်ကို ယူရတယ်။ အဲဒီမှာ အဖေ ဆရာဖြစ်တဲ့ ဂျပန်တစ်ယောက်က စစ်ဦးစီးအဖွဲ့ထဲ ပါလာတော့ အဖေ့အကြောင်း ကောင်းကောင်း သိနေပြီးသားလေ'

'ဆက်ပြောပါအုံးအဖေရယ်'

'အေး-ဟုမ္မလင်းက နေပြီး ဗမာပြည် နယ်နမိတ်အဆုံး အိန္ဒိယနယ်စပ်အထိဆိုရင် မိုက်နှစ်ဆယ်လောက် ရှိမလား နှစ်ဆယ်က ကျော်မလား အဖေလဲ သေသေချာချာ မမှတ်မိတော့ဘူးကွဲ့၊ ဂျပန်ဦးစီးအဖွဲ့က လက်ရွေးစင် လူလေးယောက်နဲ့အဖေပါ အားလုံးပေါင်း ငါးယောက်ပေ့ါ၊ စစ်ယူနီဖောင်းချွတ်ပြီး ရိုးရိုးသာမန် လူတွေလို ဝတ်ပြီး အခြေအနေထောက်လှမ်းဘို့ ထွက်လာခဲ့ကြတယ်လေ၊ သာမန်လူတွေလို၊ ဆိုတာက ချင်းအမျိုးသား တွေလို ဝတ်ခဲ့ရတာပေ့ါ၊ စောင်ကြီးတွေခြုံထားရတော့ လက်နက်ကို ဖွက်ယူလို့ ရတယ် သားရဲ့'

'ဒါနဲ့အဖေတို့ အိန္ဒိယနယ်ထဲရောက်ရောဆိုပါတော့'

'မရောက်သေးဘူးလား၊ ဒို့ငါးယောက်မကျဲစိလည်ပြီး ဘယ်ကနေ ဘယ်ရောက် သွားမှန်း မသိတော့ဘူး တောကလဲ နက် တောင်ကြီး တွေကလဲ မြင့်ကိတာ မိုးတိမ်တွေထဲ ထိုးဝင်နေတယ်လို့ ထင်ရတယ်။ ဒီလိုနဲ့ အစာရေစာပြတ်ပြီ ဟုမ္မလင်းဘက် ပြန်ရောက်နိုးနိုးနဲ့

သွားရင်း သွားရင်း တောတောင် ထူသည်ထက် ထူလာပြီး တနေ့မှာတော့ အားပြတ်ပြီး တောင်ကျွန်းယံ စောင်းတစ်ခု မှာ အားလုံး လဲကြတာ ပေါ့ကွယ်'

ဦးအောင်က စကားဖြတ်ပြီး ရေသောက်လိုက်သဖြင့်…

'အဖေ့ရေတခွက်လောက် ပေးစမ်းပါဒုံး'

ဟုဆိုသဖြင့် မောင်တင်ဦးက ကဗျာကသီ ရေခပ်ပေးသည်။ ဦးအောင် ရေသောက်နေစဉ်မှာ မောင်တင်ဦး သည် သူ့အဖေ၏ အတွေ့အကြုံကို စိတ်မှန်းဖြင့် စဉ်းစားကြည့်သည် အဖေ သောက်ပြီးသော ရေခွက်ကို ပြန်ထားပြီး သောအခါ သိလိုသော ဇောဖြင့်…

'ဆက်ပြောပါဒုံးအဖေရဲ့'ဟု တိုက်တွန်း၏။

'ပြောမှာပေါ့သားရယ် အဖေနည်းနည်းနားပါရစေဒုံး'

ဟုဦးအောင်ကပြောမှ ဖခင်ကြီး စကားအဆက်မပြတ် ပြောရ၍ မောနေကြောင်း တွေးမိကာ ဖခင်ကို သနား သွားသည်။

'ဟုတ်သားပဲ၊ အဖေမောနေမှာပေါ့၊ ကျွန်တော်က သိချင်တာ လောက် စိတ်စောပြီး တိုက်တွန်းနေတာ နားပါ အဖေ၊ အမောပြေမှ ဆက်ပြောပါ'

မောင်တင်ဦးက ကြင်နာစွာပြောသောအခါ ဦးအောင်က ချစ်လှသော သားကို ခွင့်လွှတ်သောအပြုံးဖြင့် ကြည့်သည်။

အတန်ငယ်နားလိုက်ရ၍အမောပြေသောအခါ ဦးအောင်က စကား ဆက် ပြောသည်။

'အဖေတို့ တောင်ကျွန်းမှာယံစောင်း တခု မှာ လဲနေကြပြီနော်'

'ဟုတ်တယ်အဖေ'

'အဖေတို့ အဲဒီနေရာ ရောက်လာတာ ညနေမှောင် တရီအချိန် ပေါ့ကွယ်။ တဖြေးဖြေးနဲ့ ရောက်လာတာ ညနေ မှောင်တရီ တချိန်ပေါ့ကွယ်။ တဖြေးဖြေးနဲ့ အမှောင်ကလွှမ်းလာတော့ တောကြီး တောင်ကြီး တခုလုံး ဟာ မဲနေတယ်။ ဒီလိုနက်ခေါင်တဲ့ညအချိန်မှာ အဖေတို့ ဘာတွေ့ရတယ်ထင်လဲသား'

ကျွန်တော်မထင်တတ်ဖူးအဖေ၊ ဘာတွေ့ရလဲ'

မောင်တင်ဦးက မေးသည်။

'အဖေတို့ လဲနေတဲ့ ကျွန်းမှာယံစောင်း အောက်ခြေတောင် လေးလုံးဆိုင် အနိမ့်ချိုင့်ဝှမ်းကြီးထဲမှာ ဝင်းဝင်း လက်လက် နဲ့ မီးရောင်တွေ တော်တော်များတွေ့ရတယ်။ နောက်ပြီး လူသံလိုလို မသဲမကွဲအသံတွေက အောက်ခြေအနိမ့်ထဲက ပင့်တိုက်နေတဲ့ လေသံနဲ့ရောပြီး ကြားနေရတယ်။ လူနေအိမ်ခြေတွေ့ရပြီရယ်လို့ ဝမ်းတော့သာပါရဲ့၊ ဒီလူနေအိမ်ခြေက ဘယ်လိုလူမျိုးတွေ ဖြစ်မလဲ အဖေတို့အုပ်စုကို လိုလား ကြည်ဖြူ ပါ့မလား၊ လက်မခံဘဲ ရန်မူရင်ဆိုတဲ့ အတွေးတွေက အဖေသာမဟုတ်ဘူး၊

ဂျပန်လေးယောက်ကလဲ ဒီအတိုင်း ဘဲ တွေးတယ် ။ ဂျပန်တယောက်ဆိုရင် ဒို့လူနည်းနေလို့ပေါ့ကွယ်။ ဒိုကဂျပန်စစ်တပ် တတပ်သာ ဆိုရင် ဒီလူလောက်ကို ဘာမှ မလဲဘူးဆိုတဲ့ လေသံ ထွက်လာသေး'

'ဒါ-ဂျပန်က သူတို့စိတ်ထဲ ရှိတာအမှန်အတိုင်းပြောတာပဲ၊ သူတို့က အင်အားသာရင် ဘယ်သူ့ဖြစ်ဖြစ် အပေါ်စီး က နှိပ်စက်မှာ သေချာတာပေါ့'

မောင်တင်ဦးက ထောက်ခံ၏။

'အေးပေါ့ကွဲ့၊ ဒီလိုနဲ့ဘဲ အခြေအနေမှန်ကို မသိသေးတာတကြောင်း တောင်ခြေအောက် ဆင်းဘို့ရာ အားအင် ကုန်ခမ်းအောင်ကို ပင်ပန်းနေတာ တကြောင်းကြောင့် အဲဒီနေရာမှာပဲ ငြိမ်ငြိမ်ကလေး အနားယူ လဲလျောင်းရင်း အိပ်ပျော်နေကြရတယ်။ ဂျပန်တွေကတော့ အိပ်ပျော်တယ် မပျော်ဘူးဆိုတာ မသိကြဘူး။ အဖေ ကတော့ အိပ်မပျော်ဘူးကွဲ့၊ တောင်အောက်ချိုင့်ဝှမ်းထဲက လေနဲ့ ရောပြီး လွင့်ပျံလာတဲ့ မသဲမကွဲ အသံ တွေကိုသာ စိတ်ဝင်စား နေမိတယ်'

'ဘယ်လိုအသံတွေကြောင့် စိတ်ဝင်စား နေတာလဲအဖေ'

'အဖေ့နားထဲမှာ ဒီစကားသံတွေဟာ ကုလားလူမျိုးတွေ လေသံမျိုးဖြစ်တယ်လို့ ထင်နေတယ်ကွဲ့'

'ဟိန္ဒူဘာသာ ဆိုရင် အဖေနားလည်မှာပေါ့နော်'

'အေး…ဟိန္ဒူဘာသာလို့တော့ ထင်တယ် ဒါပေမယ့် စကားလုံးက မသဲကွဲတော့ အတိအကျ မထင်တတ် သေးဘူးလေ'

'ဘယ်အချိန်ကျမှ အဖေသေသေချာချာကြားသလဲ'

'သန်းခေါင်ကျော်လောက်မှာတော့ အဖေ သေသေချာချာ ကြားရပြီကွဲ့။ အဲဒီအချိန်မှာ ကြယ်ရောင်ကလဲ လင်းနေ မျက်လုံးကလဲ အမှောင်ထဲမှာ ကျင့်သားရလာတော့ အဖေလက်ပတ်နာရီ ကိုကြည့် တယ် ဆယ့်နှစ် နာရီခွဲ နေပြီ ဟိုဂျပန်လေးယောက် တုတ်တုတ် တောင်မလှုပ်ဖူး။

တောင်အောက်ချိုင့်ဝှမ်းထဲက လေနဲ့အတူလွင့်ပျံ့လာတဲ့ မသဲမကွဲ အသံတွေဟာ အားလုံးပျောက်ပြီး ဆိတ်ငြိမ် သွားသလို ချိုင့်ဝှမ်းကြီးတစ်ခုလုံး အနှံ့အပြား လင်းလက်နေတဲ့ မီးရောင် ဟာလည်း ပျောက်ကွယ် သွားတယ်။ စောစောက မီးရောင်နဲ့ မသဲကွဲတဲ့ အသံတွေနဲ့ ပြည့်နေတဲ့ ချိုင့်ဝှမ်းကြီးဟာ စိတ်ချောက်ချား စရာကောင်းအောင် ဆိတ်ငြိမ်သွားပြီး ကြယ်ရောင်အောက်မှာ မှိုမှိုမဲမဲမြင်နေရတယ့် သစ်ပင်တွေနဲ့ လေသံ ကိုသာ ကြားရတော့တယ်။

အဖေလဲ အိပ်မပျော်နိုင်တာနဲ့ ချိုင့်ဝှမ်းဘက် မျက်နှာပြု လဲလျောင်းပြီးပြီး အမှတ်မထင် ချိုင်းဝှမ်း ထဲကြည့်နေခိုက် ထူးထူးခြားခြား ပန်းဆိုင်းကြီးလို မီးဒဒေသခိုင်ကြီးဟာ ချိုင့်ဝှမ်း ရဲ့အစွန်းတနေရာက ပေါ်လာတယ်။ ဒီ မီးပဒေသာ ခိုင်ကြီးပေါ်လာတဲ့ နေရာက အဖေလဲလျောင်းနေရာရဲ့ အောက်နား ဆီက ဘဲကွဲ့။ မီးပန်းဆိုင်းကြီးပုံသဏ္ဍာန်ပြောရမယ် ဆိုရင် ဒို့ ဗုဒ္ဓဘာသာ စေတီပုထိုးတွေ၊ ဘုန်းတော်ကြီး ကျောင်းတွေ မှာ သီတင်းကျွတ် မီးပူဇော်ပွဲ ကျင်းပကြတဲ့အခါ၊ လျှပ်စစ်မီးသီးတွေကို အသွယ်လိုက် အတန်းလိုက် အစုလိုက် ထွန်းညှိပူဇော်သလို သဘောမျိုးနဲ့ တူတယ် သားရဲ့

"အဖေမြင်ခဲ့ရတာ ဘာလဲ လျှပ်စစ်မီးသီးဘဲလား အဖေ"

မောင်တင်ဦး က စိတ်ဝင်စားစွာမေးသည်။

"လျှပ်စစ်မီးတော့ ဟုတ်ဟန်မတူပါဘူး၊ မီးကအပြာရောင် နဲ့ အစိမ်းရောင်ကများတယ်။ တ ခုခုကို လောင်ကြွမ်း နေသလို လေခတ်တော့ မီးလျှံ လှုပ်ရှားနေသလို အဖေလဲ ကမ္ဘာထက် က ဂရုစိုက်တော့ ကြည့်တာ ဘဲကွဲ့၊ ဒါပေမဲ့-ချောက်ကတော် တော်နက်ပြီး သစ်ပင်တွေကလဲ ကွယ်သင့်သလောက် ကွယ် နေသေးတော့ သိပ်မသဲကွဲဘူးသားရဲ့"

'အင်း...အပြာရောင် အစိမ်းရောင် မီးလျှံဆိုတော့ လျှပ်စစ်မီးတော့ မဟုတ်နိုင်ပါဘူးလေ'

မောင်တင်ဦးက စဉ်းစဉ်းစားစားပြောပြီး...

"အဲဒီ မီးတွေ က အဖေ့အမြင်တော့ တပြိုင်ထဲ လိုလို အရောက်ထွက်လာတာဘဲ"

ဦးအောင်က ဖြေ၏။ ထို့နောက် ဖခင်မောနေမှန်းသိသောကြောင့် ကော်ဖီတခွက်ဖျော်လာခဲ့ သည်။ ဦးအောင် က မောမောဆာဆာဖြင့် ကော်ဖီကိုနှစ်ခြိုက်စွာ သောက်ပြီး၊ ချက်ခြင်း ဆက်မပြောသေးဘဲ ခေတ္တမျှ အနားယူနေလိုက်သည်။ မောင်တင်ဦးက ဖခင်လည်း အမောပြေစေ အလုပ်လည်းပြီးစေဟူသော သဘော ဖြင့် ဖခင်သောက်ပြီးတော့ ကော်ဖီပန်ကန်ကိုဆေးသည်။ ဓါတ် ဗူးကလေးထဲမှာ ရေနွေး ကုန်နေပြီ ဖြစ်၍ ဓါတ်ဗူးထဲ ထည့်ပြီးသောအခါ၊ ဖခင်ကြီးရှိရာသို့ လာခဲ့သည်။

ဦးအောင်ကား ပက်လက်ကုလား ထိုင်ပေါ်မှာပင် အိပ်ပျော်နေ လေပြီး။

မောင်တင်ဦးသည် သူ့အလွန်မှသိလိုကြားလိုသော တောင်ကြားထဲက အတ္တုပ္ပတ္တိ အကြောင်းကို တပိုင်းတစ ဖြင့်သာ ရောင့်ရဲလိုက် လေတော့သည်။

ဖခင်အိပ်ရာမှ နိုးလာသောအခါမှာလည်း စကား က မဆက် မိကြတော့ချေ။ ဦးအောင်က ဘုရား ရှစ်ခိုး ပုတီးစိတ်၊ အိမ်ပေါ်မှာပင် လမ်းလျှောက်ရင်း ပရိတ်ကြီး-ဓမ္မစကြာရွတ်နေသည်။ မောင်တင်ဦး က အိမ်ကို လုံကျင်း သုတ်သင်ခြင်း၊ ညနေစာ ထမင်းဟင်းကို စီမံချက်ပြုတ်ခြင်း၊ မနက်က လျှော်ထားသော အဝတ် တွေကို

မီးပူတိုက်ခြင်း၊ စားသောက်ခြင်း နက်ခေါင် သော တောအတွင်း တွေ့ခဲ့ရသည့် ထူးဆန်းသော မီးလျှံ တွေ အကြောင်း ကို မေးကြပြောကြရန် အချိန်မရတော့ချေ။

နောက်တနေ့တွင် မောင်တင်ဦးသည် ရုံးတက်ရန်၌ အတွက်အိမ်မှ ထွက်လာသည်။ ကားမှတ်တိုင်တွင် သူ့ကို စောင့်မျှော်နေသော ချစ်သူကြည်ကြည်နွဲ့ကို တွေ့ရ၏။

မောင်တင်ဦးနှင့်ကြည်ကြည်နွဲ့ကား၊ မင်္ဂလာဆောင်ရက်ကို တက္ကသိုလ် ဝင်ခွင့်ဖြင့် အောင်ခဲ့ကြပါသော် လည်း နှစ်ဦးလုံး ၏ မိဘ အခြေအနေ စီးပွားရေးက မပြည့်စုံကြသည့်အလျောက် ပညာဆက်မသင်နိုင် ကြချေ။

မောင်တင်ဦးက နိုင်ငံခြား သံရုံး တရုံးမှာ အဆင်ပြေစွာ အလုပ်ရလိုက်သည်။ အလုပ်အလွန်ရှားပါးလှ၍ ဒီဂရီ တွေ ဘွဲ့တွေရပြီးသူများပင် တနေ့ငါးကျပ်စားဖြစ်ရန် များစွာ ခဲယဉ်း နေသော အချိန်အခါ ၌ မောင်တင်ဦး အဖို့ စီးပွားရေး ကြွယ်ဝတောင့်တင်းသော နိုင်ငံကြီး တနိုင်ငံ ၏ သံရုံးတွင် လက်နှိပ်စက် စာရေးအလုပ် ကို သံရုံးက တလသုံးရာမျှ ရက်ရက်ရောရော ပေးထားသည် ဖြစ်ရာ၊ မောင်တင်ဦး တို့ သားအဖ နှစ်ယောက်အဖို့ နေရေးစားရေးမှာ များစွာ အဆင်ပြေ၍ ငွေအပိုကလေးများပင် စုဆောင်း နိုင်ခဲ့သည်။ သို့သော်

မောင်တင်ဦး၏ ချစ်သူ ကြည်ကြည်နွဲ့ကား မိဘက လက်လုပ်လက်စားဖြစ်သည်။

ကြည်ကြည်နွဲ့က အကြီးဆုံးဖြစ်သည်။ ကြည်ကြည်နွဲ့ကို မက်ထရစ် အောင်သည်အထိကြိုးစားသင်ပေးခဲ့ပြီး။ ယခု ကြည်ကြည်နွဲ့က သူ့အဖေအလုပ်လုပ်သော အစိုးရ ဂိုဒေါင်တွင် တနေ့ သုံးကျပ်ဆယ့်ငါးပြားဖြင့် လုပ်အား ပေးနေရသူဖြစ်သည်။

ဝင်ငွေကနည်း၊ စားလူက များ၍ ဝတ်စားနေထိုင်ရေးမှာ ကြပ်တည်းလှသော အခြေအနေ တွင် မောင်တင်ဦး လို လခသုံးရာစားနှင့် သမီး ကြည်ကြည်နွဲ့ ချစ်ကြိုက်နေသည်ကို သိရသော ဦးသာညွန့်နှင့် ဇနီး ဒေါ်ကြည် တို့သည် အလွန်အမင်း ဝမ်းမြောက်ကြသည်။ သဘောတူကြသည်။ အမြန်ဆုံး လက်ထပ် ဖြစ်ရန် သမီးကို သွန်သင် ညွှန်ကြားကြ၏။ ထိုညွှန်ကြားချက်ကို ကြည်ကြည်နွဲ့ကလည်း လိုက်နာပါသည်။ ချစ်သူ မောင်တင်ဦး ကို အမြန်ဆုံး လက်ထပ်ရန် ပူဆာသည်။ သို့သော်...

'အိမ်ထောင်ရေးဆိုတာ ဖြေးဖြေးစဉ်းစားရတယ် သား၊ ဦးသာညွန့်အကြောင်း အဖေ ကောင်းကောင်း သိတာပေါ့။ ဒီလူ သိပ်သစ္စာမဲ့ တဲ့လူ၊ ငွေရမယ်ဆိုရင် ဘာမဆို မထောက်မညှာ လုပ်တတ်တယ်။ အဖေတို့ တော်လှန်ရေးတုန်းက တပ်မတော်က ရဲဘော်သုံးယောက် တဲ့ကွယ် ဂျပန့် မျက်စေ့အောက်က မထွက်သာ

လို့ ရုပ်ဖျက်ပြီး လျှိုနေတာကို ဂျပန်က သူ့ကို ငွေသုံးရာ ပေးပြီး မေးတာနဲ့ ပြပေးလိုက်တယ်တဲ့ကွယ်။ သူ့ကြောင့် တိုင်းပြည် သားကောင်း သုံးယောက်ဆုံး ပါလေရော၊ သားကလဲ နိုင်ငံခြားသံရုံးမှာ လုပ်နေရတာ ဆိုတော့ ဒီလူကြီး မိသားစု ထဲ ရောက်ရမဲ့ ကိစ္စ ဆိုရင် လေးလေးနက်နက်စဉ်းစား သားရဲ့'

ဟူသော ဘခင် ဦးအောင်၏ စကားကလည်း မောင်တင်ဦးအဖို့ ပေါ့ပေါ့ဆဆ သဘောထား မဖြစ်ပေ။ ထို့ကြောင့်...

'ကိုဦး နွဲ့ကို မချစ် လို့ လက်ထပ်ရေးကို မစဉ်းစားတာလား'

ဟူသော ချစ်သူ ကြည်ကြည်နွဲ့၏ စကားနားထိုးချက်ကို...

'မဟုတ်ပါဘူးနွဲ့ရယ်၊ အဖေက ဒုက္ခိတကြီးဟုတ်လား၊ ကျန်းမာရေးကလဲ သိပ်ကောင်းတာ မဟုတ်ဖူး၊ အမေ ဆုံးတာ သိပ်မကြာ သေးခင် ကိုဦးက မိန်းမယူလိုက်မယ်ဆိုရင် အဖေက သူ့အပေါ် အချစ်အကြင်နာ လျော့မလား၊ ပြုစုလုပ်ကိုင် ပေးမှု ရှိပါတော့မလားလို့ တွေးပြီး စိတ်မကောင်းဖြစ်မှာ စိုးတော့ ကျွန်တော် မိန်းမ ယူမယ်လို့ ပြောရမှာ နှုတ်က မထွက်ရက်အောင် ဖြစ်နေ လို့ပါ'ဟူသော စကားဖြင့် ကြည်ကြည်နွဲ့ကို နှစ်သိမ့် ရသည်။

'မောင်တင်ဦးရေ၊ ဦးလေးတို့ မျက်စိမမိုတ်ခင် သမီးကို လုံခြုံအေးချမ်းမှု ဖြစ်သွားတာ မြင်ချင်တယ်ကွယ်၊ ဖအေကြီး တန်မဲ့

အရှက်မရှိ ပြောတယ်လဲ မထင်နဲ့ကွယ်၊ ဒီနှစ်ဝါမဝင်ခင် ကိုစွပြီးမြောက်အောင် ဖြစ်စေချင် တယ်ကွယ်'

ထူအမ်းသော မျက်နှာ၊ နီရဲသော မျက်လုံး၊ ပါးစပ်မှ ချက်အရက်နံ့ ထောင်းထောင်း ထွက်နေသော ဦးသာညွန့် က ပြောင်ပြောင် ရှင်းရှင်းပင် မောင်တင်ဦးကို ဖွင့်ပြောသလို....

'ဟုတ်တယ်သား၊ ဦးအောင်ကို သားအနေနဲ့ ပြောရမှာ ခက်ရင် အမေတို့နဲ့ ခင်တဲ့လူ တယောက် ယောက်ကို နားဖေါက်ခိုင်း မယ်လေ'ဟူ၍ ဒေါ်ကြည်က ချည်ပြီး တုပ်ပြီးဖြစ်အောင် ပြောသည်။

မောင်တင်ဦးသည် သူ့ယောက္ခမလောင်းနှစ်ယောက်၏ သိက္ခာ ကင်းမဲ့စွာ ပြောသော စကားတွေကို ကြားရသောအခါ ဖခင် ဦးအောင်ပြောခဲ့သော 'ဒီလူကြီး မိသားစုထဲ ရောက်ရမဲ့ ကိုစွဆိုရင် လေးလေး နက်နက် စဉ်းစား' ဟူသော စကားကို သတိရလိုက်သည်။ ထို့ကြောင့်...

'အဖေ့ကျန်းမာရေး အခြေအနေကြည့်ပြီး ပြောသင့်တဲ့ အချိန်မှာ ကျွန်တော် ကိုယ်တိုင် ပြောပါ့မယ် ဦးလေး ရယ်၊ ကြည်ကြည်နဲ့ အပေါ်မှာ ကျွန်တော် စော်ကားခြင်း သစ္စာမဲ့ခြင်း အလုပ်ကို မလုပ်ပါဘူးဆိုတာ၊ ဦးလေးရော-အဒေါ်ရော စိတ်ချပါ' ဟူ၍ အဆင်ပြေအောင် ပြောရသည်။ စကားဖြင့် ပြော၍မရသောအခါ ဦးသာညွန့်နှင့် ဒေါ်ကြည်က မောင်တင်ဦးလာလျှင် နှစ်ယောက်ချင်း လွှတ်ပေးခြင်း၊ အမှတ်တမဲ့ သဘောမျိုး လိုလိုနှင့်

အခြားလူတဦးနှစ်ဦးကို ခေါ်ထားခြင်း စသည်အလုပ်တွေ လုပ်လာသောအခါ မောင်တင်ဦး ကောင်းကောင်း ရိပ်မိလာသည်။ သူ့ကို မြန်မြန်ရ အောင် အမိဖမ်းကြတော့မည့် အစီအစဉ်တွေဟု စဉ်းစား မိလာသည် နှင့် တပြိုင်နက် ချစ်သူကြည်ကြည်နွဲ့အိမ်သို့ သွားရောက်လည်ပတ်ခြင်းကို လုံးဝ အဆက်ဖြတ် လိုက်လေ တော့၏။

ထို့ကြောင့် ကားမှတ်တိုင်တွင် သူ့ချစ်သူ ကြည်ကြည်နွဲ့နှင့် တွေ့ဆုံသည့် အခါမှသာ ယုယကြင်နာစွာ စကား ပြောသည်။ ကြည်ကြည်နွဲ့ကလည်း လာနေကျ မလာသော မောင်တင်ဦးကို အစပထမတွင် မအားလပ် ၍ အဆင်မပြေ၍ဟုထင်ခဲ့သော်လည်း လုံးဝ မလာတော့ သည်မှာ ရက်ပေါင်းအတန်ပင်ကြာပြီကို သတိထား မိလာသောအခါ၊ စိတ်ထဲတွင် သံသယဖြစ်လာ သည်။ ထို့ကြောင့် ဤနေ့ကားမှတ်တိုင်တွင် စောစော ရောက်အောင်လာပြီး မောင်တင်ဦးကို စောင့်နေသည်။ မောင်တင်ဦးရောက်လာ သည်ဆို လျှင်ပင် ကြည်ကြည်နွဲ့ က မကြေနပ်သော စကားကို စတင်ဆို၏။

'ကိုဦးနွဲ့တို့ကို ဘာကြောင့် မလာတော့တာလည်းဟင်၊ နွဲ့ကို လက်ထပ်ရမှာစိုးလို့ ရှောင်နေတာလား'

ကားမှတ်တိုင် မှာ လူတွေရှိနေ၍ မှတ်တိုင်နှင့် ခပ်လှမ်းလှမ်း နေရာမှာ မျက်နှာမှုံမှုံဖြင့် ရပ်နေသော ကြည်ကြည်နွဲ့က ကြည်လင် ပြုံးရွှင်သော မျက်နှာပေးဖြင့် သူ့အနားမှာ လာရပ်သော မောင်တင်ဦး ကို ဝမ်းနည်း သံဖြင့် ပြောသည်။

'လက်ထပ်ရမှာစိုးလို့မဟုတ်ပါဘူး နွဲ့ရယ်၊ နွဲ့ဂုဏ်သိက္ခာကို ထိခိုက်မှာစိုးလို့ မလာတာပါ'

မောင်တင်ဦး က သံမှန်ဖြင့် ပြန်ပြော၏ ကြည်ကြည်နွဲ့က အံ့အားသင့်သွားသည်။

'ဘာ…နွဲ့ဂုဏ်သိက္ခာ ဘာကြောင့် ထိခိုက်ရမှာလဲ'

'ဩော်…နွဲ့မိဘတွေ လုပ်နေတဲ့ အစိပ်ပွဲယ်ကို နွဲ့သိမှာပေါ့ကွယ်၊ ကိုဦးအနေနဲ့ မပြောချင်ပါ ဘူး'

'ဘာလုပ်နေလို့လဲဟင်၊ နွဲ့မိဘတွေက ဘာလုပ်နေလို့လဲ ပြောစမ်း ပါဦး-ပြောစမ်းပါဦး'

ကြည်ကြည်နွဲ့က ဒေါသသံပါလာသည်။

'ဒေါသမဖြစ်နဲ့နွဲ့၊ ကိုဦးပြောတာ စိတ်ငြိမ်ငြိမ်ထား သေသေချာချာ စဉ်းစားပြီးနားထောင်'

'အင်း…ပြောပါအုံး'

ကြည်ကြည်နွဲ့က လေသံက ခပ်ရွဲ့ရွဲ့ဖြစ်သည်။ မောင်တင်ဦးက စိတ်မဆိုးဘဲ၊ အေးအေး သက်သာပင် ရှင်းပြ သည်။

'ကိုဦးနဲ့ နွဲ့တို့နှစ်ယောက်ဟာ အခုမြင်အခုကြိုက် နေကြတာ မဟုတ်ဘူး။ ခလေးအရွယ် ငယ်စဉ် ကထဲက တကျောင်း ထဲ နေ နေလာခဲ့ကြတဲ့ ငယ်သူငယ်ချင်း တယောက် အကြောင်း အခြေ အနေကို တယောက် သိပြီးသား၊ ဒီအသက်အရွယ် ဒီအချိန်ထိ သစ္စာရှိရှိနဲ့ ချစ်လာခဲ့ကြ တယ်နော် နွဲ့'

မောင်တင်ဦးက စကားဖြတ်ပြီးမေး၏။

'ဒါအခုမှ ဘာကြောင့်အဆန်းလုပ်ပြောနေတာလဲ'

ကြည်ကြည်နွဲ့က စိတ်တိုသံဖြင့် ပြောသည်။

'စိတ်မတိုပါနဲ့အုံးလေ ကိုဦးပြောတာ အစအဆုံး နားထောင်ပါအုံး'

'ဟုတ်ကဲ့ရှင့်-ပြောပါ'

'ဒီလိုသစ္စာရှိရှိ ချစ်လာခဲ့ကြတဲ့ ချစ်သူနှစ်ယောက်ဟာ အဆင်ပြေတဲ့ တနေ့မှာ လူကြီး စုံရာနဲ့ ကိုယ့်အင်အား အခြေအနေအလျောက် တင့်တင့်တယ်တယ်ကလေး အိမ်ထောင်ရေး လက်ထပ်ယူ တာက နွဲ့အဖို့ ဂုဏ် ရှိသလား၊ သို့တည်းမဟုတ် နွဲ့ နဲ့ ကိုဦး ကို ဆိတ်ငြိမ်ရာမှာ သွေးကြွမားယွင်း မှုဖြစ်အောင် နှစ်ယောက်ချင်း လွှတ်ပေးထားပြီး အသိသက်သေတွေနဲ့ ဝိုင်းဖမ်းပြီးမယူဖြစ်တော့တဲ့ အခြေအနေ မျိုး ရောက်အောင် ရပ်ကျော်ရွာကျော် အရှက်ကွဲခံပြီးမှ ယူရတဲ့အဖြစ်က နွဲ့ဂုဏ်သိက္ခာ အတွက် ကောင်းမလဲ စဉ်းစား စမ်းနွဲ့'

'ပထမအချက်ကသာ နွဲ့အဖို့ ကောင်းတော့မှာပေါ့ ကိုဦးရဲ့'

ကြည်ကြည်နွဲ့က မဆိုင်းမတွ ဖြေသည်။

'အေး…အဲဒါကြောင့် နွဲ့အိမ်ကို မလာဘဲ ကိုဦးရှောင်နေတာ သဘောပေါက်ပြီလား'

ကြည်ကြည်နွဲ့က ခပ်ကြောင်ကြောင် ဖြစ်နေသေးသည်။ မောင်တင်ဦး က ဆက်ပြော၏။

'နွဲ့မိဘ တွေက ဒုတိယအချက်အတိုင်း အောင်မြင်ဘို့ ကြိုးစားနေတာ နွဲ့တကယ်မသိ လို့လား၊ သိရက် နဲ့ ဟန်ဆောင်နေတာလား'

ထိုအခါ ကြည်ကြည်နွဲ့သည် သူ့အဖေနှင့် အမေ၏ စီမံပုံတွေ ပြောဆိုပုံတွေကို ပြန် လည် သတိထား မိသည်။ မောင်တင်ဦးကို ညနေမှောင်မှ အလည်လာရန် သူ့အမေကအကြံပေး ပြောဆိုခဲ့ပုံ၊ မောင်တင်ဦး လာလျှင် သူ့မိဘတွေရော ညီမလေးတွေရော အိမ်ပေါ်မှာ တယောက်မှ မရှိဘဲ ရှောင်သွားပုံတွေ၊ သူ့အဖေ သည် သူနှင့်အတူ အရက်သောက်ဖက် မိတ်ဆွေနှစ်ယောက် နှင့်အတူ မောင်တင်ဦးရောက်လာချိန်ဝယ် အဇီကလေး အောက် မှောင်ရိပ်တွင် တိတ်တဆိတ် အရက်သောက်ပြီး အသံမထွက်ဘဲ ဆိတ်ငြိမ်နေတတ်ပုံ တွေကိုငှင်း၊ မောင်တင်ဦး စိတ်ကြွလာ အောင် မည်သို့မည်ပုံ ပြုမူရမည်ဟူသော မိခင်၏ သွန်သင်ချက် တွေကိုငှင်း တခုစီ တခုစီ အမှတ်ရ လာသည်။

ကြည်ကြည်နွဲ့၏ တင်းမာနေသော မျက်နှာကပန်းရောင် သွေးဖြန်းခါ ဦးခေါင်းငုံ့သွား သည်။ ရှက်သော အရှိန် ကြောင့် ပြည့်လျှံလာသော မျက်ရည်က မြေပြင်ပေါ်သို့ မိုးရည်ပေါက်လို ကျသွားသည်။

"မငိုနဲ့နွဲ့ သူများတွေ မြင်ကုန်မယ်'

မောင်တင်ဦးက ကြင်နာစွာပြောသည်။

'နွဲ့ဘာမှမသိဘူး၊ ကိုဦးပြောတာ နွဲ့ရှက်တယ်'

ကြည်ကြည်နွဲ့က ဆင်ဝေ့ရန်ရှောင်စကားပြောပြီး မျက်ရည်သုတ်လိုက်သည်။ သူ့မိဘတွေ အလုပ်ကို ယခု မောင်တင်ဦး ပြောမှ ရှင်းရှင်းလင်းလင်းကြီး အသေအချာ သိရသော်လည်း သူ့မိဘ အပြစ်ကို သူ ဝန်မခံပေ။ သူ့မိဘ အလုပ်ကိုလည်း သူမသိဟု ဘူးခံသည်။ သို့သော် ရှက်ခြင်းကြောင့် မျက်ရည်တော့ ကျသည်။ မောင်တင်ဦးသည် ကြည်ကြည်နွဲ့ ဖြောင့်ကွယ်ကွယ်သည်ကို စိတ်မဆိုးပေ။ မည်သူမဆို ယောကျ်ား ဖြစ်စေ၊ မိန်းမဖြစ်စေ ကိုယ့်မိဘဆွေမျိုး အပြစ်အနာအဆာကိုကား ဖုံး ကြကွယ်ကြ မည်သာ ဖြစ်၏။

ထို့ကြောင့် မောင်တင်ဦးက ကြည်ကြည်နွဲ့ကို စိတ်မဆိုးဘဲ ခွင့်လွှတ်သည်။

"ရှက်တာ မရှက်တာတွေ မပြောမနေပါနဲ့တော့ နွဲ့ရယ်။ ကိုဦးကို ရှက်နေစရာ အကြောင်းလဲမရှိပါ ဘူး။ နွဲ့သဘော တော့ ပေါက်တယ် ဟုတ်လား"

မောင်တင်ဦးက ယုယချော့မော့သံဖြင့် ပြော၏။

"ပေါက်ပါတယ် ကိုဦး"

"အေး… အဲဒီတော့ လက်ထပ်ဘို့ရာ အဆင်မပြေခင်အချိန်မှာ ဂုဏ်သိက္ခာထိခိုက်တဲ့ အဖြစ်မျိုးကို နွဲ့မိဘတွေက ဖန်တီးနေကြတဲ့အတွက် ကိုဦးမလာဘဲ ရှောင်နေခဲ့တယ်ဆိုတာ နွဲ့နားလည်ရင် ကိုဦး ကြေနပ် ပါသည်။ ကိုယ်တကယ်ချစ်တဲ့မိန်းခလေးတယောက်ကို ဂုဏ်သိက္ခာပျက်တဲ့အဖြစ်မျိုးနဲ့ လက်မထပ် ချင်ဘူး။ ဂုဏ်ရှိတဲ့အဖြစ်မျိုးနဲ့သာ လက်ထပ်ချင်တာနွဲ့ရဲ့"

မောင်တင်ဦးက ပြောနေစဉ် ကြည်ကြည်နွဲ့က စောဒကမတက်ဘဲ ဦးခေါင်းငုံ့ပြီး ငြိမ်သက်စွာနား ထောင် နေသည်။

မောင်တင်ဦးက ဆက်ပြော၏။

"နွဲ့… စိတ်တော့ မဆိုးနဲ့နော်၊ ကိုဦးတခုပြောချင်သေးတာက နွဲ့အဖေနဲ့ပတ်သက်လို့ဘဲ"

ကြည်ကြည်နွဲ့ က မျက်နှာပျက်ပျက်ဖြင့် မောင်တင်ဦးကို မရဲမဝံ့ကြည့်ပြီး

"အဖေ က ဘာဖြစ်လို့လဲ"ဟုမေး၏။

"ဘာဖြစ်ရမှာလဲ နွဲ့ရယ်၊ ကိုဦးနဲ့ နွဲ့ အိမ်ပေါ်မှာ နှစ်ယောက်ချင်းရှိနေတာကို အဖေတန်မဲ့ အရက်သ မား အဖော်နှစ်ယောက် နဲ့ အရက်သောက်ရင်း တိတ်တိတ်ကလေး အိမ် ဘေး က အကွက်မိအောင် ချောင်း နေတာ ဟာ အဖေရင်းတယောက် လုပ်သင့်လုပ်ထိုက်တဲ့အလုပ်လားနွဲ့ရယ်၊ ဒါတွေ နွဲ့သိ လား မသိလားတော့ မပြော တတ်ဘူးလေ၊ ကိုဦးတော့

မျက်စေ့နဲ့ကိုယ်တိုင်မြင်ပြီးတဲ့နောက် နွဲ့ဆီ ကို မလာတော့ဘဲ ရှောင်ခဲ့တာ ဘဲနွဲ့"

မောင်တင်ဦး စကားမဆုံးမီ....

"တော်ပါတော့ ကိုဦးရယ်။ နွဲ့မကြားချင်တော့ပါဘူး"

ဟု ကြည်ကြည်နွဲ့က တောင်းပန်သလိုလို၊ စိတ်တိုဟန်လိုလို လေသံမျိုးဖြင့်ပြော၏။

"နွဲ့မကြားချင်တော့တဲ့စကားကို ကိုဦးကထပ်မပြောတော့ပါဘူး။ ဒါပေမဲ့ နွဲ့စိတ်ထဲမှာ စွဲစွဲမြဲမြဲမှတ် ထားဘို့ ကတော့ ကိုဦး ယောကျ်ားတယောက်ပီပီ ယောကျ်ားစိတ်ရှိပါတယ်။ နွဲ့ကို နမချင်း မစာမနာ စော်ကားမယ်။ အပျော်ကြံမယ်၊ သစ္စာမဲ့မယ်၊ ပြစ်ထားခဲ့ပြီး နောက်အသစ်ရှာမယ်ဆိုတဲ့စိတ်မျိုး လုံး ဝမရှိဘူးဆိုတာတော့ နွဲ့ ယုံကြည်ပါ"

ကြည်ကြည်နွဲ့ ကမောင်တင်ဦးမျက်နှာကို ဆတ်ကနဲ မော့ကြ သည့် သည်။

"ဒါနဲ့များ လက်ထပ်ရေးကို ဘာကြောင့် နှောင့်နှေးနေရတာလဲ ကိုဦးရယ်..."

ကြည်ကြည်နွဲ့အမေးကို မောင်တင်ဦးက ရုတ်တရက်မဖြေပေ။ ထိုသို့ မဖြေခြင်းကား ကြည်ကြည်နွဲ့ ကို မချစ်၍ မဟုတ် အသက်တမျှချစ်ပါသည်။ သို့သော် ကြည်ကြည်နွဲ့ဖခင် ဦးသာညွန့်၏အကျင့် စာရိတ္တ စိတ်သဘော ထားသည်

ဖခင်ဦးအောင်ပြောခဲ့သည့်စကားနှင့် သူကိုယ်တိုင် တွေ့မြင်ရသည်တို့မှာ အမှန် တကယ်ပင် စက်ဆုတ်ဘွယ်ဖြစ်နေသောကြောင့် ဦးသာညွှန့်လိုလူကို အဖေခေါ်ရမည့် အတွက် စိတ်ထဲမှာ များစွာ ဝန်လေးနေမိသည်။ ထို့ကြောင့် ဦးသာညွှန့်အကျင့်စာရိတ္တ ပြင်လိုပြင်ငြား အချိန်ဆွဲ စောင့်ဆိုင်း လိုသည့် ဆန္ဒဖြင့်တကြောင်း၊ မျိုးချစ်စိတ် ထက်သန်လှသော ဖခင်ဦးအောင် အနေဖြင့် ဦးသာညွှန့်လိုလူစား ၏ မိသားစုထဲကို ရောက်သွားမည့် သားအတွက် မည်သည့်နည်းနှင့် မှ စိတ်ချမ်းသာမည်မဟုတ်သည်ကို တွေးမိ၍ တကြောင်း၊ အစစအရာရာ အဆင်ပြေသည့် အခြေအ နေရောက်မှ လက်ထပ်လိုသည့်အတွက် ကြည်ကြည်နွဲ့အမေးကို ရုတ်တရက် ပြန်မဖြေဘဲ ငိုင်နေ ခြင်းဖြစ်ပါသည်။

"ပြောပါလေ ကိုဦးရဲ့"

ကြည်ကြည်နွဲ့က တိုက်တွန်းလိုက်၏။ သို့သော် မောင်တင်ဦးနှုတ်မှ ထွက်လာသောစကားက ကြည်ကြည်နွဲ့ ကြားချင်သော အမြန်ဆုံး လက်ထပ်ပါမည်ဟူသော စကားမဟုတ်ချေ။ ကြည်ကြည်နွဲ့ က စိတ်ဆိုးရခက် မဆိုးရ ခက်ဖြင့် မောင်တင်ဦးမျက်နှာကို အကြောင်သား ကြည့်နေလိုက်မိသည်။ မောင်တင်ဦး ပြောလိုက် သည့် စကားများကား...

"ပဏ္ဍုသေလာ၊ ကွယ်လာပျောက်ပါစေတော့ နွဲ့တယောက်အပေါ် ဘယ်အခါမှ ကိုဦး သစ္စာမပျက် ဖူးဆိုတာ စိတ်ချ လက်ချ ယုံပါနွဲ့ရယ်" ဟူသတည်း။

မောင်တင်ဦး အလုပ်လုပ်သော သံရုံးမှ အတွင်းဝန်၏သားသည် မောင်တင်ဦးနှင့် သက်တူရွယ်တူ ဖြစ်၏။ သူတို့ ရုံးရာ နာမည်ကို သူတို့ရုံးရာ လူမျိုးအချင်းချင်းသာခေါ်စေပြီး မောင်တင်ဦးကို ညီအစ်ကိုအရင်းလို ခင်မင်ခြင်းဖြင့် ဗမာနာမည်တခုကို မှည့်ခေါ်စေသည်။ မောင်တင်ဦးက သူ့နာမည်နှင့် ဆင်တူဖြစ်စေရန် မောင်တင်အုန်း ဟု နာမည်ပေးသည်။ ထိုနာမည်ကို အတွင်းဝန်သားက အလွန်သဘောကျ၏။ ဗမာစာနှင့် ဗမာစကား ကို များစွာ လေ့လာ လိုက်စားသင်ယူထားခြင်းဖြင့် ဗမာလို ကောင်းစွာ ပြောတတ်သည်။

ထို့ကြောင့် မောင်တင်ဦးနှင့် စကားပြောလျှင် ဗမာလိုသာပြောကြသည်။ ပူအိုက်သော ဗမာပြည် ရာသီဥတု နှင့် ကိုက်ညီအောင် ဗမာလိုပင် ဝတ်ဆင်လေ့ရှိသဖြင့် သက်တူရွယ်တူ အလုံး အရပ်တူညီသော သူတို့နှစ်ယောက်သည် တခါတရံ လုံချည် အရောင်ဆင် တူ၊ အင်္ကျီအရောင်ဆင်တူ ဝတ်ထားသည့်အခါ ညီအကို နှင့် ပင် တူနေတော့သည်။ မောင်တင်အုန်း ၏ဘခင် အတွင်းဝန်ကလည်း သူ့သားနှင့် ခင်မင်သော မောင်တင်ဦး ကို ခင်မင်သည်။ မောင်တင်ဦး အနေဖြင့် အလုပ်ကို ပင်ပင်ပန်းပန်းလုပ်နေရခြင်းမရှိချေ။ မောင်တင်အုန်း တို့ သားအဖကို ဗမာ့ရုံးရာ ဓလေ့ ယဉ်ကျေးမှုတွေ ပြောပြနေခြင်းဖြင့်သာ တလ သုံးရာ မျှသော လစာငွေကို သက်သက်သာသာရနေသည်။

"မောင်တင်ဦးရေ၊ ဒီနေ့ အလုပ်နဲ့တယ်ဟေ့...၊ နေ့လယ် လက်ဘက်ရည် သောက်ရင်း ဒို့စကား ပြော ရအောင်"

ဗမာလို ကောင်းကောင်းပြောတတ်နေပြီဖြစ်သော မောင်တင်အုန်း အဖေ အတွင်းဝန် က ပြောသဖြင့် မောင်တင်ဦး သည် အတွင်းဝန် သားအဖနှင့်အတူ လက်ဘက်ရည်စားပွဲမှာ ထိုင်မိလျှင်ပင် အတွင်းဝန် က စကား စပြော၏။

"မောင်တင်ဦး အဖေက ဖက်ဆစ်ဂျပန်ကို တိုက်ခဲ့တဲ့ စစ်သား ဟောင်းကြီးလို့ပြောဘူးတယ် ဟုတ် လား"

အတွင်းဝန်အမေးကို....

"ကျွန်တော်ပြောဘူးတယ် အန်ကယ်လ်"ဟု မောင်တင်ဦးက ဖြေ၏။

"အေး... ဒီလိုဆိုရင် စစ်တပ်နဲ့ ဗမာပြည်နယ်စပ်တွေ ဘာတွေ အားလုံးရောက်မှာပေါ့နော်"

"အားလုံးနေရာအနှံ့တော့ ရောက်မယ်မထင်ဘူး အန်ကယ်လ်၊ တချို့နေရာတွေတော့ ရောက်မှာ ပေါ့လေ၊ ဘာကြောင့် မေးတာလဲ အန်ကယ်လ်"

အကြောင်းတခုခုရှိ၍မေးခြင်းဖြစ်ပေမည်ဟု မောင်တင်ဦး က တွေး၏။ အတွင်းဝန်က အနည်းငယ် စဉ်းစား သလို ငြိမ်နေပြီးမှ ပြောပြန်သည်။

ဗမာပြည် မြေပုံကိုကြည့်ရင် ဟူမ္မာလင်းမြို့ရဲ့အနောက်မြောက်ဖက် အိန္ဒိယဗမာ နယ်စပ်တနေရာ ဟာ ဟိုး လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော်အချိန်က တော်တော်ကို တောတောင် ထူထပ်တယ်လို့ သိရတယ် မောင်တင်ဦး ၊ စိတ်ပါဝင်စားခြင်းမရှိဘဲ၊ ဝတ်ကြေ တမ်းကြေ သဘောမျိုး ပြောနေသော မောင်တင်ဦးသည် မျက်လုံး ကျယ်လာသည်။

ဟုတ်ပါလိမ့်မယ် အန်ကယ်

မောင်တင်ဦးက မယုတ်မလွန်ဖြေသည်။

မောင်တင်ဦး အဖေ စစ်သားကြီးရော၊ အဲဒီ နေရာတွေ့များ ရောက်ဖူးခဲ့သေးသလား

ဘာကြောင့် မေးတာလဲ အန်ကယ်လ်

မောင်တင်ဦး များစွာ စိတ်ဝင်စားလာသည်။ သို့သော်- အတွင်းဝန် အဖြေက မောင်တင်ဦး မမျှော်လင့် သော စကားဖြစ်၏

အခု ရွှေတိဂုံ စေတီတော်က ခေါင်းလောင်းတွေ ထဲမှာ ပဋ္ဌလောဟာ စပ်ထားတဲ့ ခေါင်းလောင်း တို့ သံသေ ခေါင်းလောင်း တို့ ပါတယ်။ ဒါတွေ ရေစိမ်သောက်ရင် အနာရောဂါပျောက်တယ်လို့ ဗမာ တွေ့က ယုံကြည် နေကြတယ်လို့ သတင်းစာ မှာပါတာ မောင်တင်ဦး တွေ့လား

တွေ့တယ် အန်ကယ်လ်

မောင်တင်ဦး ဖြေပြီးသောအခါ လက်ဘက်ရည်စားပွဲတွင် တချိန်လုံး နှုတ်ဆိတ် ငြိမ်သက်စွာ နားထောင် နေသော အတွင်းဝန်သား မောင်တင်အုန်းက ဝင်ပြောလိုက်၏

ဒက်ဒီ စကားတွေကလဲ့ ဟိုရောက် ဒီရောက်နဲ့ ဗမာစစ်သား ပေါင်းကြီး နယ်စပ် ရောက်မရောက်နဲ့ ရွှေတိဂုံဘုရား က သံသေ ခေါင်းလောင်း ရေစိပ်သောက်တာ ဘာဆိုင်လဲ ဒက်ဒီရဲ့

ဟာ......... ငါ့သားကလဲ ဒက်ဒီ့ စကားဆုံးအောင် နားထောင်စမ်းပါအုံးလေ

အတွင်းဝန်ကြီး က ပြောသဖြင့် မောင်တင်အုန်းက ငြိမ်သွားသည်။ အတွင်းဝန်က ဆက်ပြော၏

အဲဒီ ပဥ္စလောဟာတို့ သံသေတို့လိုပေါ့။ ရွှေကိုလဲ အပြန်ပြန် အလှန်လှန် မီးဖုတ်မယ်ဆိုရင် ဘယ်လို ဖြစ်မလဲ မောင်တင်ဦး

အန်ကယ်လ် ပြောသလို ရွှေကို အပြန်ပြန် အလှန်လှန် မီးဖုတ်တယ်ဆိုတာ ကျွန်တော်တို့ ဗမာ တွေ အဖို့မှာ ရွှေကို လျှော်တယ်လို့ခေါ်တယ်။ အဲဒီလျှော်ထားပြီးသား ရွှေလောက် အရည် ပြည့်နေ၊ မှည့်နေတဲ့ ရွှေမျိုး ကို အခုခေတ်မှာ မြင်တွေ့နိုင်မယ် မဟုတ်ဖူး။ အလွန့်အလွန်ကောင်းဆုံး ရွှေမျိုးပေါ့ အန်ကယ်လ်

အဲဒီလို ရွှေမျိုးထဲမှာ အပြစ်အနာအဆာကင်းတဲ့ စိန်တွေ၊ မြတွေ၊ ပတ္တမြားတွေ၊ မြှုပ်ထားမယ် ဆိုရင်ကော မောင်တင်ဦး ရယ်

အတွင်းဝန်ကြီး မေးခွန်းကို မောင်တင်ဦးက အလွယ်ဆုံး အတိုဆုံး စကားဖြင့် ပြောလိုက်သည်။

တန်းဘိုး ဖြတ်မရအောင် အဘိုးတန်တယ် ဆိုပါတော့

အတွင်းကြီး ပြောနေ မေးနေသော စကားတွေကို မောင်တင်ဦးက ထောက်ခံနေ ဖြေနေ ရသော်လည်း ယခုထက်တိုင် အဓိပ္ပါယ် မပေါက်သေးချေ။ အတွင်းဝန်ကြီးသား မောင်တင်အုန်းက ဆိုလျှင် သိလိုသော စိတ်ဆန္ဒ ပြင်းပြမှုကြောင့် သူ့ဖခင် စကားကို မချင့်မရဲပင်ဖြစ်နေသည်။ သူတို့နှစ်ယောက် အမူအရာ ကြည့်ပြီး အတွင်းဝန်ကြီးက ပြုံးနေ၏

ဒက်ဒီကလဲ ပြောရင်လဲ ဆက်ပြောစမ်းပါ။ အဲဒီလို ရွှေတွေထဲမှာ အဲဒီလို ရတနာတွေ မြှုပ်ထား တာ ဘယ်နေရာ မှာ တွေ့ခဲ့လို့လဲ ဒက်ဒီ၊ အခု ရွှေတိဂုံဘုရားပေါ်မှာ ရှိနေလား

မောင်တင်အုန်း က မေး၏

ဟာ....... သားကလဲ ကြံကြံဖန်ဖန် ရွှေတိဂုံဘုရား ပေါ်မှာ ရှိတယ်လို့ ဒက်ဒီက ပြောလားကွဲ့

အတွင်းဝန်ကြီးက ငြင်းဆို၏

အသိဘူးလေ၊ ဒက်ဒီက ရွှေတိဂုံဘုရားက ခေါင်းလောင်းတွေ အကြောင်းနဲ့ ပတ်သက်ပြီး ပြောတော့ ရွှေတိဂုံ ဘုရား ပေါ် တွေ့ခဲ့တာလိုလို ဟု မောင်တင်အုန်းက ပြန်ချေသည်။

မျက်နှာဖြူ သွေးအစစ် သားအဖ နှစ်ယောက်က သူတို့ဘာသာစကားကို မသုံးကြဘဲ၊ ဗမာစားဖြင့် အချေ အတင် ပြောနေကြသည်ကို နားထောင်နေသော မောင်တင်ဦးက ရယ်ချင်သော်လည်း မသင့်လျော် သည့် အတွက် ချုပ်တည်းကာပြုံးရုံသာပြုံးနေသည်။

ရွှေတိဂုံဘုရားပေါ်မှာလဲမရှိဘူး၊ ဒက်ဒီလဲ မမြင်မတွေ့ဘူးခဲ့ဘူး။ ဒါပေမဲ့- အဲဒီလို ရွှေမျိုးနဲ့ လုပ်ထားတဲ့ ဗုဒ္ဓ ရုပ်တု တခုမှာ အခုတင်ပြောခဲ့တဲ့ ရတနာတွေ့အပြည့် စီခြယ်ထားတာကို မျက်စိနဲ့ မြင်လာခဲ့တဲ့ လူတယောက် ရှိတယ်။ ရုပ်တုအမြင့်က မတ်တပ်ရပ်ပုံသ`ဏ္ဍာန် ခုနစ်ပေရှိတယ်တဲ့၊ တွေ့တာနဲ့ ယှဉ်ပြီး တိုင်းကြည့် လာခဲ့တာလို့ ပြောတယ်

အတွင်းဝန်ကြီးက စကားဖြတ်ပြီး၊ ဆေးပြင်းလိပ်ကိုမီးညှိနေသည်၊ မောင်တင်ဦးနှင့် မောင်တင်အုန်း က စိတ် ဝင်စားစွာ နားစွင့်နေကြ၏

ဘယ်သူ က ဘယ်မှာ တွေ့ခဲ့တာလဲဒက်ဒီ

မောင်တင်အုန်းက မေးသည်။

ဒက်ဒီ့ သူငယ်ချင်း ဗိုလ်မှူး တယောက်လေ၊ သူ့ကို ဒက်ဒီ့တို့က ငယ်သူချင်းတွေဖြစ်လို့ ငယ်နာမည်ကို ရာထူး ဂုဏ်ကပ်ပြီး

မေရျာဝိုက်လို့ မခေါ်ဘူး၊ ငယ်ငယ်က ခေါ်သလို ဝိုက်ဘီ လို့ ဘဲခေါ်တယ်။ အဲ- ဗုဒ္ဓရုပ်တု ကို ဝိုက်ဘီတွေ့လာခဲ့တာကွဲ့

ဘယ်မှာ တွေ့တာလဲ ဒက်ဒီ

`မောင်တင်အုန်းက စိတ်ဝင်စားစွာမေးသည်။

"အိန္ဒိယ-ဗမာနယ်စပ် အင်မတန်တောတောင်ထူထပ်တဲ့ တနေရာမှာ တွေ့လာခဲ့တာတဲ့ ဗုဒ္ဓရုပ် တု ရှိတဲ့ နေရာမှာ က တောင်ကြီးတွေ ဝိုင်းကာထားတဲ့ ချိုင့်ဝှမ်းအနိမ့်ကြီးထဲမှာ လူဟုတ်သလိုလို၊ မဟုတ်သလိုလို တွေ နေ တဲ့ နေရာလို့ဆိုတာဘဲ"

အတွင်းဝန်ကြီးက စကားဖြတ်ပြီးဆေးပြင်းလိပ်ဖွာနေစဉ်မှာ မောင်တင်ဦးသည် သူ့ဖခင်တပိုင်း တစ ပြောခဲ့ဘူးသည့် ထူးဆန်းသောတောင်ချိုင့်ဝှမ်းထဲမှ မီးသံတွေ၊ လူသံလိုလိုတွေကို ပြန်လည်သတိရ လိုက်သည်။ ယခုအတွင်းဝန်ကြီးပြောနေသော မေရျာဝိုက်တွေ့ခဲ့ရသည်များမှာ သူ့ဖခင်တွေ့ခဲ့ရသည် များ နှင့် ဆက်စပ်နေလေသလောဟု စိတ်ဝင်စားစွာ တွေးနေမိသည်။ အတွင်းဝန်ကြီးမှာ သူ့အထက်အ ရာရှိ တယောက် ဖြစ်၍ ဆက်ပြောရန် တိုက်တွန်းရမည်မှာ အရိုအသေတန်ရာ ကျနေမည်ကို စိုးရိမ်၍တာကြောင်း၊ သူလို လက်အောက်ငယ်သား တပည့်တယောက်၏တိုက်တွန်းချက်ကို အမိန့်ပေးသည်ဟု အယူအဆလွဲမှား စိတ်ဆိုးပြီး မပြောတော့ဘဲနေမည်ကို စိုးရိမ်၍တကြောင်း၊

အလွန်အမင်း သိချင်သော စိတ်ကိုမြိုသိပ်ကာ မောင်တင်အုံး ကို လှမ်းကြည့်၏။

မောင်တင်အုန်းကလည်း သူ့နည်းတူပင် အလွန်သိချင်နေသော ဟန်မူရာက မျက်နှာတွင် ထင် ထင်ရှားရှား ပေါ်နေသည်။ ထိုကြောင့် သားရင်းဖခင်ရင်းပြီပြီ ရဲရဲဝံ့ဝံ့ပင် တိုက်တွန်းသည်။

"သိပ်စိတ်ဝင်စားစရာကောင်းပါလား ဒက်ဒီ၊ ဆက်ပြောပါ။ အဲဒီဟာတွေက လူမဟုတ်ရင် နတ် တွေလား... သူရဲ တွေလား၊ ဗုဒ္ဓရုပ်ထု ရှိနေတာဆိုရင်တော့ သူရဲတွေ မဟုတ်နိုင်ပါဘူးနော်"

ဗုဒ္ဓဘာသာ ဗမာတို့၏ဘာသာရေးယဉ်ကျေးမှုကို အသေအချာလေ့လာထားပြီးသော မောင်တင်အုံး က ထင်မြင်ချက် ပေး၏။

"မောင်တင်ဦးကရော ဘယ်လိုထင်မြင်လဲ"

အတွင်းဝန်ကြီး က သူ့စကားကို အဖြေမပေးသေးဘဲ မောင်တင်ဦး ကို လှည့်မေးသည်။

"အစအဆုံး မသိရသေးခင်မှာတော့ ကျွန်တော်မထင်တတ် သေးပါဘူး အန်ကယ်လ်"

မောင်တင်ဦး က မယုတ်မလွန်ဖြေသည်။

"ပြောပါတော့ ဒက်ဒီရယ်၊ သိချင်လှပါပြီ"

မောင်တင်အုံးက ကလေးဆိုးကြီးသဖွယ် သူ့ဖခင်ကို ပူဆာလိုက်၏။ အတွင်းဝန်ကြီးက သားကို ချစ်စနိုး ပြုံးကြည့်ပြီး ဆေးပြင်းလိပ်ကို ပြာခံခွက်ထဲ အသာအယာချလိုက်၏။

"ပြောပါ့မယ် သားရယ်၊ ကဲ... သူငယ်ချင်း ဝိုက်တီ ပြောခဲ့တဲ့အတိုင်း ဒက်ဒီက တလုံးမကျန် ပြောမယ် နားထောင်ကြပေရော့"

မောင်တင်ဦးနှင့် မောင်တင်အုံးက... အတွင်းဝန်ကြီးမျက်နှာကို မျက်တောင်မခတ်စိုက်ကြည့်ပြီး နားစွင့် ထားသည်။

ဝိုက်တီက ဂျပန်တွေ ဆုတ်စပြုတဲ့အချိန်မှာ တပ်ခွဲတခုကို အုပ်ချုပ်ပြီး ဗမာပြည်ထဲကို ခြေလျင် ခရီး ချီတက် လာရတယ်လေ။ သူကမြေပုံကြည့်ဝင်လာခဲ့ပေမဲ့ ဘယ်လိုလူချင်းကွဲပြီး ဘယ်လိုမျက်စိလည် တယ် ဆိုတာ တော့ သူ့အပြောအရဆိုရင် တော်တော်ထူးဆန်းတာဘဲကွဲ့.

အတွင်းဝန်ကြီး ပြောပြသော စကားတွေကို မောင်တင်ဦးနှင့် မောင်တင်အုံးက ထူးဆန်းအံ့သြဘွယ် ကောင်းသော ပုံပြင် သဖွယ် တလုံးမကျန် စိတ်ထဲမှာ စွဲနေအောင် မှတ်သားနားထောင်နေကြသည်။

မေရျာဝိုက်သည် မုဆိုးတပိုင်းဖြစ်၏။ တောတော်နက်ခေါင် ရာဒေသကို ကျွမ်းကျင်စွာ သွား လာနိုင်ပြီး အမဲပစ်ရာ တွင် လက်ဖြောင့်သည်။ အပင်ပန်းခံနိုင်သည်။ တောထဲတောင်ထဲ

သွားလာရာဝယ် မေရျာပိုက် သည် မျက်စေ့လည် လမ်းမှားသည် ဟူ၍၎င်း၊ ရည်မှန်းရာဒေသသို့ တွက်ချက်ထားသည့်ရက် ထက် နောက်ကျ ရောက်ခြင်း၊ လွဲမှားခြင်းဟူ၍၎င်း၊ မည်သည့်အခါမှ မရှိခဲ့ဘူးသည့်အရည်အချင်းတရပ် က မေရျာပိုက်အဖို့ အထက် အရာရှိကြီးများ၏ ယုံကြည်စိတ်ချခြင်းကို ခံယူခဲ့ရသည့်အကြိမ် အတော်ပင် များခဲ့ပြီဖြစ်သည်။ သို့ကြောင့် မေရျာပိုက်အား အိန္ဒိယတိုင်းရင်းသားတဝက်၊ မျက်နှာဖြူသွေးပါသည့် ကပြားတဝက် ပါသော တပ်ခွဲ တခုကို အုပ်ချုပ်စေကာ၊ အိန္ဒိယနယ်အတွင်း အင်ဖာမှ ဗမာပြည်နယ်နိမိတ် အတွင်းသို့ ခြေလျင် ချီတက် ဝင်ရောက်စေရန် တာဝန်ပေးခြင်းခံရလေသည်။

မြေပုံကိုကြည့်ပြီး ဟုမ္မလင်းမြို့ကို ဝင်ရောက်ရန် ထိုမှ ဗမာပြည်တွင်းသို့ ချင်းတွင်းမြစ်ကြောင်း ဖြင့်သော် ၎င်း၊ ကုန်းလမ်းခရီးဖြင့်သော်၎င်း အဆင်ပြေသလို မိမိတို့အား ကူညီမည့် ဖက်ဆစ်တော်လှန် ရေး တပ်မတော် များ နှင့် အဆက်အသွယ်ယူရမည်ဖြစ်သည်။

ထိုအမိန့်အတိုင်း မေရျာပိုက်က သူ့တပ်ခွဲကို အုပ်ချုပ်ပြီး ချီတက်လာခဲ့သည်။ သူ့တပ်ခွဲမှာ ပါဝင်သည့် စစ်သားများ အားလုံးကလည်း ခြေလျင်နှင့် တောင်တက်ကို အလေ့အကျင့်ရပြီး ကျွမ်းကျင် ပြီးသော လက်ရွေးစင် များကိုသာ ရွေးချယ်တပ်ဖွဲ့ပြီး စေလွှတ်ခြင်းဖြစ်၏။ မေရျာပိုက်တို့တပ်ခွဲသည် အင်ဖာ မှ ထွက်လာပြီး

ဗမာပြည်နယ်နိမိတ်အတွင်းဝင်မိသည်အထိ ဘေးမသီရန်မခဘဲ အစစအရာရာ ချောမော ပြေပြစ်ခဲ့သည်။ ဗမာပြည်နယ်နိမိတ် အတွင်းသို့ ခြောက်မိုင်ကျော်ကျော်မျှ ထိုးဖောက်ဝင် ရောက်ပြီး ကြည်လင် အေးမြသောရေများ တသွင်သွင်စီးနေသည့် ချောင်းငယ် တခု ၏ကမ်းပါးဝယ် စခန်း ချသော အချိန်ကား ညနေဘက် နေရောင်ပျော့၍ အမှောင်ပျိုးနေပြီဖြစ်သော ညနေခြောက်နာရီအချိန်မျှ ရှိနေ ပေမည်။

ဗမာပြည်နယ်နိမိတ်အတွင်းသို့ ခြောက်မိုင်ကျော်ကျော်မျှ ထိုးဖောက် ဝင် ရောက်ပြီး ကြည်လင်အေးမြ သော ရေများ တသွင်သွင် စီးနေ သည့် ချောင်းငယ်တခု၏ကမ်းပါးဝယ် စခန်းချသောအချိန်ကား ညနေ ဘက် နေရောင်ပျော့၍ အမှောင်ပျိုးနေပြီဖြစ်သော ခြောက်နာရီ အချိန်မျှရှိနေလေပြီ။

ညနေအေးချိန်ဖြစ်ပြီး တောရိပ်တောင်ရိပ်ပင် အုံ့မှိုင်းနေလင့်ကစား မေဂျာပိုက်တို့လူစုမှာ ခရီးပြင်းချီ တက်လာခဲ့ကြသူများဖြစ်၍ ချမ်းအေးခြင်းမရှိဘဲ မောပန်းနွမ်းနယ်ခြင်း၊ အိုက်စပ်ပူလောင်ခြင်းဖြင့် ချွေးစို ရွဲ နေကြသည်။ ကြည်လင်အေးမြသော ချောင်းရေထဲမှာ စည်းစိမ်ခံပြီး ရေစိမ်ချိုးလိုပါသော်လည်း စစ် သားပြီပြီ တာဝန်ကကြီးလေးကြသူများဖြစ်ကြသည်။ ထို့ကြောင့် စခန်းချသည်ဆိုလျှင်ပင် ကင်းစောင့် ခြင်း၊ လက်နက်ပစ္စည်းများကို လုံခြုံအောင်ထားသိုခြင်း၊ ထမင်းချက်ရေခပ် တာဝန်ကိုယူရခြင်း

စသည် အလုပ် တွေကို စနစ်တကျလျင်မြန်စွာ ခွဲဝေတာဝန် ယူလိုက်ကြရသည်။ ကင်းစောင့်သူတွေက အချို့မြေ ပြင်ပေါ် မှာ သော်၎င်း၊ အချို့တောင်ကုန်းပေါ်မှာ၎င်း၊ မိမိတို့တာဝန်ကျ ရာမှာ နေရာယူကြရသည်။

အစားအသောက်အတွက် တာဝန်ယူရသူတို့ကလည်း မိမိတို့လုပ်ရမည့် အလုပ်အတွက် သွက်လက်စွာ ပြင်ဆင် နေကြသည်။ ထမင်းချက်တာဝန်ဟုဆိုသော်လည်း စင်စစ်ထမင်းချက်ရသည်မဟုတ်ပေ။ အေး မြကြည်လင် သော ချောင်းရေကို ခပ်ပြီး ရေနွေးတည် လဘက်ရည်ဖျော်ရမည်ဖြစ်၏။ ပါလာသော ပေါင် မုန့်ခြောက်၊ ငါးသေတ္တာ၊ အသားဘူး၊ ဘီစကွတ်စသည်များကို အများစာအတွက် မျှမျှတတပြင်ဆင်ရ မည်ဖြစ်ပေ သည်။

မေရှာဝှိုက် သည် ကင်းတွေကို လှည့်လည်စစ်ဆေးပြီး အစားအသောက်တာဝန်ကျနေသူတို့ရှိရာ မီးပုံ ဘက် ကို လျှောက်လာခဲ့၏။ မီးပုံဘေးတွင် ညစာအတွက်ပြင်ဆင်နေသော စစ်သားတစုသည် တစုံတခု သော အရာဝတ္ထု ကို တအံ့တသြခေါင်းချင်းဆိုင်ကာ စုရုံးကြည့်ရှုနေကြသည်ကို တွေ့ရ၏။ သူတို့တတွေ သည် ထိုအရာဝတ္ထု၌ မည်မျှစိတ် ဝင်စား နေကြပါသနည်းဆိုသော် သူတို့အထက်အရာရှိဖြစ်သူ မေရှာ

ဝိုက်သူတို့နောက်ပါးရောက်လာသည်ပင် သတိမပြုမိနိုင်အောင်ဖြစ်နေကြသည်။

"ဒါဟာ မိန်းမအသုံးအဆောင်ဘဲဖြစ်ရမယ်"

တယောက်သောမျက်နှာဖြူကပြားစစ်သားက ဆိုသည်။

"တူတော့တူတာဘဲ၊ ဒါပေမဲ့ မင်းတို့ငါတို့အိန္ဒိယမှာနေခဲ့ကြတာ အတော်ကြာကြတယ်ဟုတ်လား၊ အိန္ဒိယတိုင်းရင်းသူတွေ ဒီအဝတ်မျိုးဝတ် တာမြင်ဘူးကြလား၊ ငါတော့တခါမှ မမြင်ဘူးခဲ့ဘူး"

အခြားမျက်နှာဖြူ ကပြားစစ်သားတယောက်က ဆိုသည်။ ထို့နောက် စိတ်ဝင်စားဟန်ဖြင့် ထိုပစ္စည်းကို ငြိမ်သက်စွာ စိုက်ကြည့်နေသော အိန္ဒိယလူမျိုးစစ်သားကို မျက်နှာဖြူကပြားစစ်သားကမေး၏။

"မင်းတို့တိုင်းရင်းသူတွေ သုံးတတ်တဲ့ပစ္စည်းများလား ကြည့်စမ်းပါအုံး၊ ဒါပေမဲ့ ငါတို့အခုရောက်နေတာ က ဗမာပြည်ထဲမှာနော် ဗမာတွေသုံးတဲ့ပစ္စည်းများဖြစ်နေမလားဘဲ"

အိန္ဒိယ လူမျိုးစစ်သားသည် ထိုပစ္စည်းကို စိုက်ကြည့်ပြီး စဉ်းစဉ်းစားစားဖြေ၏။

"ဒါဟာ ဗမာတွေသုံးတတ်တဲ့ပစ္စည်းမျိုးတော့ မဟုတ်နိုင်ဘူး၊ ဒို့အိန္ဒိယတိုင်းရင်းသားတွေအနေနဲ့လဲ အခု ခေတ်မှာ သုံးတာ မတွေ့ရဘူး၊ ဒါပေမဲ့ ငါတခု သတိထားမိတာ တခုတော့ရှိတယ်။

နီပေါလ်နိုင်ငံက အ လွှန်လွှန ်ကို ရေးကျတဲ့ ရေးခေတ်လူတွေ သုံးခဲ့ဘူးတာလို့ထင်တယ်"

"ဘယ်လိုကြောင့် မင်းကထင်လဲ"

စစ်သားတယောက်က မေးသည်။

"ဟိုလေ ဂေါတမ ဗုဒ္ဓနဲ့ပတ်သက်တဲ့ ရေးဟောင်းပန်းချီကား တချပ်ငါတွေ့ဘူးတယ်၊ လွှန်ခဲ့တဲ့ နှစ်ပေါင်း များစွာလောက် ကဖြစ်မလားဘဲ။ နီပေါလ်နိုင်ငံအစွန်အဖျားတော့တခုက ကျောက်ဂူ တခုရဲ့နံရံမှာ ရေး ထားတဲ့ ပန်းချီကား ပေါ့၊ အဲဒီကားထဲက မိန်းမတယောက် ပုံမှာခြုံထားတဲ့ ခြုံထည်ပုံသဏ္ဍာန်ဟာ ဒီအ တိုင်းဘဲ၊ အကွက် ဖေါ်ထားတာရော အနားမှာတွန့်ထားတာတွေရော"

ထို စစ်သား စကားမဆုံးမီ-

"မင်းက အဲဒီဂူကို ဘယ်လိုရှာတွေ့ပြီး ဘာတွေလုပ်တာလဲ"

မျက်နှာဖြူစစ်သားတယောက်က မေး၏။

"ငါ့အဖေက နီပေါလ်နိုင်ငံမှာ နေခဲ့ဘူးတယ်။ အဖေက အမဲလိုက်ဝါသနာပါတော့ တောအနံ့ရောက်သွား တာကိုး၊ ငါက အဲဒီအချိန်က အသက်ဆယ့်လေးငါးနှစ်လောက်ရှိနေပြီ၊ အဖေနဲ့ ရောက်လိုက်သွားရင်း တွေ့ခဲ့ဘူးတာ၊ ဂူကလဲ ပြိုပျက်ပြီး ခြုံတွေဖုံးနေပါပြီကွာ၊ ငါ့အသက်ပဲ အခု သုံးဆယ်ကျော်နေပြီဟာ ဒီဂူ

ထဲက ငါတွေ့ ခဲ့တဲ့ နံရံဆေးရေးပန်းချီလဲ ပျက်ရောပေါ့။ ငါတွေ့ခဲ့တဲ့အချိန်ကတောင် မှေးမှေးမှိန်မှိန်ဘဲရှိ တော့တာဘဲ"

သူတို့ တတွေစကားဝိုင်း ကောင်းနေကြသည်ကို မေရှာဝှိုက်က စိတ်ဝင်စားစွာဖြင့် ဆိုတ်ငြိမ်စွာ နား ထောင်ရင်း သူတို့တတွေ ဝိုင်းကြည့်နေကြသောပစ္စည်းကို ကြည့်လိုက်၏။ ထိုပစ္စည်းကား ရေစိုရွှဲနေ သော ခြုံထည် တခုဖြစ်ဟန်တူသည်။ မီးပုံ၏အလင်းဝယ် ပိုးစုံးကြူးတောက်သလို လင်းလင်းလက်လက် အရောင် ထွက်နေသည်။ မေရှာဝှိုက်က အသံပေးလိုက်၏။

"မင်းတို့ကြည့်နေတာ ဘာပစ္စည်းလဲဟေ့"

မေရှာဝှိုက်၏အသံကို ကြားရသောအခါ ဆွေးနွေးပွဲကျင်းပနေသော စစ်သားတစုသည် သူတို့အနေအအ ထိုင်ကို ကဗျာကသီပြင်လိုက်ကြ၏။ တယောက်က မျက်နှာဖြူစစ်သားက ထိုပစ္စည်းကို မေရှာဝှိုက် လက်သို့ တရိုတသေလှမ်းပေးပြီး အစီရင်ခံလိုက်သည်။

"ကျွန်တော်တို့ ရေချိုးတည်ဘို့ ဟိုချောင်းထဲရေဆင်းခပ်တော့ ဒီအဝတ်မြောလာတာ တွေ့ပါတယ်။ ဒါနဲ့ ဆယ်ယူလာခဲ့ပြီး ထင်မြင်ချက်ပြောနေကြတာပါ"

မေရှာဝှိုက်က ထိုပစ္စည်းကို လက်ခံယူပြီး ညွှန်ကြားချက်ပေးလိုက်၏။

"အေး... ဒီပစ္စည်းအကြောင်းနောက်မှ အေးအေးဆေးဆေး ဆွေးနွေးကြပေါ့ကွာ၊ ဟိုမှာ ကင်းစောင့်တာ ဝန်ကျတွေ ညစာ ဆာလှရော့မယ်။ အဆင်သင့်ဖြစ်ပြီးကြရဲ့လား"

"အဆင်သင့်ပါ ဗိုလ်မှူး"

"အေး... စေ့ငှအောင်သွားပို့ပေးလိုက်ကြ၊ ငါ့အတွက် နောက်ဆုံးမှ မပေး၊ သွား-သွား-မြန်မြန်ပို့"

မေဂျာဝိုက်က လူကြီးပြီသစွာ ပြောဆိုညွှန်ကြားလိုက်သည်။ ချက်ပြုတ်ရေး တာဝန်ကျနေသူများက မေဂျာဝိုက်အမိန့်အတိုင်း ဆောင်ရွက်ရန် မီးပုံနားမှ သည်ပိုး ယူငင်ထွက်ခွါသွားသောအခါ၊ မေဂျာဝိုက် သည် သူ့လက်ထဲက ပစ္စည်းကို ဖြန့်ကြည့်လိုက်၏။ ထိုပစ္စည်းကား ဆယ်ပေကျော်ကျော်မျှ ရှည်လျားပြီး အနံအကျယ်မှာ ငါးပေနီးပါးရှိသည့် အလွန်ပျော့ပျောင်းနူးညံ့လှသော မိန်းမခြုံထည်လိုပစ္စည်းမျိုးဖြစ် သည်။

စိုနေခဲ့သော ရေကခြောက်စပြုနေပြီဖြစ်ရာ၊ မေဂျာဝိုက်က အသေအချာကြည့်လိုက်၏။ ထို ပစ္စည်းကား ခြုံထည် တခုအမှန်ပင်ဖြစ်သည်။ သို့သော် ယက်ထားသည်မှာ ဝါဂွမ်းချည်မျှင် ရွှေကွန်ယက် တခုပမာ တူညီပြီးဖေါ်ထားသော ပန်းကွက်တွေသည် စက်မှုထွန်းကား၍ အဆန်းအပြားထွင်လွန်းသော သူတို့ အင်္ဂလန်သူ မျက်နှာဖြူမတွေ စံတင်ထားသည့် နောက်ဆုံးပေါ် ဖက်ရှင် ပန်းကွက်တွေထက် အဆ များစွာ သာ လွန်ပြီး အနုပညာလက်ရာ

မြောက်လှသည်ကို တွေ့ရသည်။ အနား ပတ်လည်မှာ တွန့်ထားပုံကလည်း ဆန်းကြယ် လှပလွန်း သည်ဖြစ်ရာ မေရျာဝှိုက်အနေဖြင့် တပါး သူနားလည်အောင်ပင် ပြန်မ ပြောတတ်ချေ။

အရောင်အဆင်းမှာ ဝင်းမှည့်သော ရွှေရောင်နှင့်တောက်ပသော စိမ်းပြာရောင်ရောယှက်ထားသည်ဖြစ် ရာ၊ ထိုခြုံထည်သည် မည်ကဲ့သို့သော အရာဝတ္ထုကို စက်ဖြင့် ယက်လုပ်လေသလား၊ လက်ဖြင့် ယက် လုပ်လေသလား၊ မေရျာဝှိုက် အဖို့ တွေးတောစဉ်းစားရန် ဉာဏ်မမှီတော့ချေ။ ထူးထူးခြားခြား သတိထားမိသည့်အချက်ကား၊ ထိုခြုံထည်မှ ထွက်နေသော သင့်ပျံ့ကြိုင်လှိုင်သည့်ရနံ့ပင်ဖြစ်၏။ ထိုရနံ့သည် မေရျာ ဝှိုက်သိခဲ့သတိထားခဲ့သမျှသော ရေမွှေးနံ့ ပန်းနံ့တွေနှင့်လုံးဝမတူဘဲ၊ ယဉ်ယဉ်ကလေးမွှေးပြီး အနံ့ကို ရှူရှိုက်ရသူအဖို့ ရင်ထဲမှာ ပေါ့ပါးကြည်လင်လှသည်။ ထိုရနံ့သည် ရေမွှေးဆွတ်သလို ဆွတ်ထားခြင်း မ ဟုတ်ဘဲ၊ ထိုရွှေကွန်ယက်ကဲ့သို့သော ခြုံထည်၏ ပင်ကိုယ်အနံ့ပင်ဖြစ်ကြောင်း မေရျာဝှိုက်က သတိ ကောင်း ကောင်းသတိ ပြုမိသည်။

မေရျာဝှိုက်က ခြုံထည်ကို ဆုပ်ကိုင်လိုက်သောအခါ သူ့လက်ထဲတွင် တဆုပ်စာမျှသော အလုံးကလေး ဖြစ်သွားသည်။ လက်ဖြင့်ဆွဲဆန့်သောအခါ မူလရှိရင်း ဆယ်ပေကျော်ထက် အဆများစွာ ရှည်ထွက်လာ သည်။ မေရျာဝှိုက်အဘို့

အံ့သြ၍မဆုံးတော့ပြီ၊ မေဂျာဝိုက်သည် သူ့အစီအစဉ်ကို ခိုင်မာစွာ ဆုံးဖြတ် လိုက်၏။ ထိုအစီအစဉ်ကား...

ဤခြံထည်သည် ချောင်းငယ်အတိုင်း မြောလာသည်ဖြစ်ရာ၊ ချောင်းဖျားဘက်သို့လိုက်လျှင် ခြံထည်ရှင် ကိုသော်၎င်း၊ ခြံထည်နှင့်ပတ်သက်သော သဲလွန်စကိုသော်၎င်း၊ တွေ့ရမြင်ရပေမည်။ သူ့တာဝန်အရ ဗမာပြည်ထဲရောက်နေပြီဖြစ်၍ ကူညီမည့် စစ်တပ်အဆက်အသွယ်ကိုရှာရင် တချက်ခုတ် နှစ်ချက်ပြတ် အလုပ်ကို လုပ်ရန်ပင်ဖြစ်သည်။

မေဂျာဝိုက်က ထူးဆန်းသောခြံထည်ကို ဘောင်းဘီအိတ်ထဲသေချာစွာ ထိုးထည့်ထားလိုက်၏။ ထို့နောက် စစ်သားတယောက်ပြင်ပေးသော ညစာ လာဘက်ရည် ပေါင်မုန့်ခြောက် သိုးသားဘူးကို ဆာ ဆာဖြင့် စားသောက်နေရင်းမှ ခြံထည်ပိုင်ရှင်သည် မြင်သူငေးအောင် ချောမွေ့လှပသော မိန်းမပျိုတ ယောက်ဖြစ်လေမည်လား မည်သည့်လူမျိုးဖြစ်မည်နည်းဟု မှန်းဆတွေးတောမြင်ယောင်နေလေသည်။

ထူးဆန်သောခြံထည်ကို စိတ်ဝင်စားစွာ တွေးတောရင်းဖြင့် မေဂျာဝိုက်အိပ်ပျော်သွားခဲ့၏။ မည်မျှကြာ အောင် အိပ်ပျော်သွားသည်မသိ သူ့နားထဲတွင်

"ဗိုလ်မှူး ဗိုလ်မှူး"

ဟူသော ခေါ်သံက အဆက်မပြတ်ဝင်လာသောကြောင့် ပင်ပန်းနွမ်းနယ်ခြင်းဖြင့် လေးလံသော မျက်ခွံ ကို အားယူ ဖွင့်ကြည့်လိုက်သည်။ အနည်းငယ်မျှသော တောက်ပနေတော့သည့် မီးပုံမှ မီးအလင်းရောင် တွင် သူ့အိပ်ရာခြင်းရင်း၌ ရပ်နေသော သူ့လက်အောက်မှ လက်ဖတင်နှင် စစ်ဗိုလ်ကလေးကို တွေ့ ရသည်။

"ငါ့ကို နှိုးနေတာလား လက်ဖတင်နင်"

မေဂျာပိုက်က မေးသည်။

"ဟုတ်ပါတယ် ဗိုလ်မှူး"

လက်ဖတင်နင်ကဖြေ၏။ ဗိုလ်ကလေး၏မျက်နှာအမူအရာကား ရန်သူအရိပ်အခြေတွေ့၍ စိုးရိမ်သော ဟန်မူရာမျိုးမဟုတ်ဘဲ ထူးဆန်းသည့်အရာကိုတွေ့၍ အံ့သြသည့်အမူအရာမျိုးဖြစ်သည်။

"ထူးဆန်းတဲ့အရာကို ကင်းစောင့်တွေရော ကျွန်တော်ရော အားလုံးတွေ့ကြရတယ်။ ဘယ်လိုလူက ဘာအချက်ပြတယ်ဆိုတာ ကျွန်တော်တို့အနေနဲ့သဘောမပေါက်နိုင်ဘူး။ ဒါကြောင့် ဗိုလ်မှူးကို လာနှိုးရ တာပါ၊ ဟောဟိုမှာ ကြည့်ပါ ဗိုလ်မှူး"

လက်ဖတင်နင်က ပြောပြောဆိုဆိုနှင့် သူတို့တတွေ တပ်စခန်းချထားသည့် နေရာမှမြောက်စူးစူးဆီသို့ လက်ညှိုး ညွှန်ပြသည်။ မေဂျာပိုက်က ထိုင်နေရာမှ လျင်မြန်စွာ ခုန်ထပြီး

လက်ဖတင်နှင်ညွှန်ပြရာသို့ ကြည့်လိုက်၏။ တွေ့ရသော မြင်ကွင်းကြောင့် မေဂျာပိုက်အဖို့များစွာ အံ့သြ သွားလေသည်။

မှုံရီမှုံမွှားသာနေသော လအကွေးကလေးနှင့် ကြယ်ရောင်တို့၏ မှောင်မှိုင်းမှိုင်းမျှသော အလင်းရောင် အောက်ဝယ်မြင့်မားသော တောင်ကြီးက ညို့ညို့မှိုင်းမှိုင်းကြီးဖြစ်နေသည်။ ထိုတောင် ထိပ်ထက်ဝယ် ရောင်စုံ ဝင်းလက်ပြိုးပြိုးပြက်နေသော ရောင်ခြည် များက ညအမှောင်တွင် အံ့မခန်းဘွယ် ဆန်းကြယ်စွာ တွေ့နေ ရသည်။

"ဒီတောင်မြင့်မြင့်ကြီးက ဒို့ဒီနေရာမှာ ရောက်ကာစ ညနေကဘဲ ငါသတိထားခဲ့မိတယ်။ ဒို့စခန်းချတဲ့နေ ရာကဆိုရင် ညနေက ငါ့စိတ်မှန်းမှာ မိုင်သုံးဆယ်ကျော်လောက်တော့ အနည်းဆုံး ဝေးကွာမှာဘဲလို့ မှန်း ခဲ့မိတာဘဲ။ ညနေက ဒို့တွေ့ရတာကတော့ ငါ့မှန်ပြောင်းထဲအမြင်မှာ ဘာမှထူးထူးခြားခြားမရှိတဲ့ သာ မန်တောင်ကြီးတခုပါဘဲကွာ၊

အခုဒီဝင်းဝင်းပြောင်ပြောင်အရောင်တွေက ဘယ်လိုပေါ်လာပါလိမ့်"

မေဂျာပိုက်က ပြောရင်း သူ့လက်ပတ်နာရီကို ငုံ့ကြည့်၏။ ညကြည့် လက်ပတ်နာရီက သန်းခေါင်ကျော်ပြီး ၅ တနာရီပင် ထိုးပြီးနေလေပြီ။

"ညစာကို နေမဝင်မီ အပြီးစီမံ၊ နေဝင်တာနဲ့ တပြိုင်နက် မီးရောင်လုံးဝမရှိစေနဲ့ မှောင်ထဲမှာ ကြောင်မျက် စေ့ လို အထူးအတိထားပြီး ဒီတောင်ကြီးကို အထူးဂရုစိုက်ကြည့်ရမယ်။ မနေ့ညက ထူးဆန်းတဲ့အရောင် တွေ တွေ့ရင် အသံမထွက်ကြစေနဲ့ ငါရှိရာကို တိတ်တိတ်လာစုပြီးတော့မှ တောင်ပေါ်ကို အကဲခတ်အရိပ်အခြေကြည့်ပြီး အဆင်ပြေသလို စီစဉ်မယ်"

လက်ဖတင်နှင်အပါအဝင် စစ်သားတွေအားလုံးကို မေဂျာဝှိုက်က နောက်ဆက်တွဲအမိန့်ထုတ်လိုက် သည်။

စစ်သားတွေက အသေအချာ အမိန့်ပေးပြီးသောအခါ မေဂျာဝှိုက်သည် သူ့လူတွေနေရာတကျရှိမရှိကို လှည့်လည် စစ်ဆေးကြည့်ရှုနေစဉ်တွင် သူ့ဦးခေါင်းထဲမှာ တဖြေးဖြေးကိုက်ခဲလာသည်။ မူးဝေလာသည်။ မျက်လုံးတွေပူပြီး ကျောထဲက စိမ့်ကာချမ်းလာသည်။ အလွန်ပင်အကြမ်းခံနိုင်ရည်ရှိသော သူသည် မဗြော်လင့်ဘဲ အဖျားသွေးဝင်လာပြီကို ချက်ခြင်းသိလိုက်၏။

ထို့ကြောင့် အတူပါလာသော သူနာပြုဆေးဘက်ဆိုင်ရာအရာခံဗိုလ်ကို ခေါ်ကာ သူ့အတွက် အိပ်ရာပြင် စေသည်။ ခါတော်မီရောဂါပျောက်ပြီး အလျင်အမြန်ကျန်းမာစေရန်အတွက် ဆေးကုစေသည်။ သူနာပြုအရာခံဗိုလ်က အဖျားပျောက်စေမည့်ဆေးကိုလည်း တိုက်သည်။ ခရီးပန်းလာသော သူတို့ဗိုလ်မှူးအဘို့ နှစ်ခြိုက်စွာ အနားယူ အိပ်စက်ခြင်းဖြင့် အားအင်ပြည့်ဖြိုးကာ လန်းဆန်းကျန်းမာလာစေ

လိုသောစေတ နာဖြင့် အိပ်ဆေးကိုပါ တိုက်လိုက်ဟန်တူသည်ဟု မေဂျာဝိုက်က နောင်ခါမှ စဉ်းစာမိရှာသည်။

အဘယ်ကြောင့်ဆိုသော် သူနာပြုက မေဂျာဝိုက်အား ဆေးတိုက်သည့် အချိန်မှာ ညခုနစ်နာရီထိုးနေလေ ပြီ။မေဂျာဝိုက်က ဆေးသောက် ကာနီးမှ နာရီကိုကြည့်ထားလိုက်မိ၏။ မီးအလင်းရောင်ရေးရေးမျှသာရှိ တော့သော လ အကွေးကလေး၏အရောင်ဖြင့် သူနာပြုတိုက်သော ဆေးကိုသောက်ပြီး စောင်ခြုံအိပ် လိုက်သော မေဂျာဝိုက်အဘို့ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျသွားခဲ့လေသည်။

သူ့လက်မောင်းကို ညင်သာစွာ လှုပ်ကိုင်နေသော အသိကြောင့် မေဂျာဝိုက်က နိုးလာသည်။ သူနာပြု တိုက်ခဲ့သောဆေးအစွမ်းကြောင့် တကြောင်း၊ တညလုံးအနားယူသည့်သဘောဖြင့် နှစ်ခြိုက်စွာအိပ်ပျော် ခဲ့ရသည့်အတွက်ကြောင့်တကြောင်း မေဂျာဝိုက်သည် နေကောင်း နေသည်။ လန်းဆန်းကြည်လင်နေ သည်။ ထို့ကြောင့် မျက်လုံးကိုဖွင့်ကြည့်လိုက်၏။ သူ့အထင်မှာ သူ့စစ်သား တယောက်ယောက်ဖြစ်ပေ လိမ့်မည်ဟု ထင်ခဲ့သော မေဂျာဝိုက်သည် သူ့ပတ်ဝန်းကျင်မှာရောက်နေသူများကို မြင်ရသောအခါ ကြီး စွာသော အံ့အားသင့်ခြင်းဖြင့်အိပ်ရာပေါ်လဲလျောင်းနေရာမှ လျင်မြန်စွာ ထထိုင်လိုက်မိသည်။

သူခေါင်း အုံးအိပ်သည့် ခရီးဆောင်လေခေါင်းအုံးအောက်မှာရှိနေသော ခြောက်လုံးပြူးကို လျင်မြန်စွာ လက်နှိုက် ဆွဲယူလိုက်သည်။ သို့သော် သူ့ကို တုန်လှုပ်ခြင်း ကင်းမဲ့စွာတည်ငြိမ်အေးမြသော အကြည့်ဖြင့် ငြိမ်သက်စွာ ကြည့်နေကြသော ထိုသူများကို သူသည် ရန်မူလို စိတ်ပျောက်ကွယ် သွားသည်။ ထို့ကြောင့် လက်ထဲ မှာ ပါလာသောသေနတ်ကို မောင်းတင်ခြင်း၊ ချိန်ရွယ်ခြင်း၊ သော့ဖွင့်ခြင်းမပြုတော့ဘဲ ကိုင်ရုံသာ ကိုင်ထား မိလေတော့သည်။

သူ့ကို ဝိုင်းရံထားသူများကား လူနှစ်ဆယ်ခန့်ရှိပေလိမ့်မည်။ အရပ်မြင့်သူများချည်း ယောကျ်ားတွေချည်း ဖြစ်သည်။ အသက်အရွယ်တွေမှာ နှစ်ဆယ်မှ လေးဆယ်အတွင်းအရွယ်ရှိသူများဖြစ်၏။ လှိုင်းတွန့်သ ဏ္ဍာန် မဲနက်သော ဆံပင်များက ဂုတ်ပေါ်ဝဲရုံမျှရှည်သည်။ မျက်ခုံး နှာတံမှာ အလွန်လှ၍ ကြည်လင် တောက်ပသော မျက်လုံးဖြင့် ဝင်းဝါသောအသားရောင်ရှိသည့် ဤလူစုကား အားလုံးပင်ရုပ်ရည်ချော မော လှပပြီး အစိမ်းနှင့်ရွှေရောင်ရောထားသော ဝတ်ရုံကြီးများကို ခြုံလွှားထားကြသည်ဖြစ်ရာ သူတို့ကို မြင်ရသည် မှာ မေဂျာဝိုက်အဘို့ ရန်မူဘို့စိတ် ပစ်ခတ်သတ်ဖြတ်လိုစိတ်မရှိတော့ဘဲ သူရောက်နေသော ဗမာပြည် နယ်နိမိတ်အတွင်းမှာ တွေ့ကြုံရသော တိုင်းရင်းသား တမျိုးဖြစ်လေသလားဟူသောအတွေး ဖြင့် ငေးကြည့် နေလေသည်။

ရန်မူလိုဟန်လုံးဝမရှိသော မေဂျာဝိုက်ကို အနားနီးကပ်စွာရှိနေသော လူတယောက်က မေဂျာဝိုက်နားမ လည်သော ဘာသာစကားဖြင့် တစုံတရာပြောကာ လက်ညှိုးညွှန်ပြ၏။ ထိုသူလက်ညှိုးညွှန်ရာကို မေဂျာ ဝိုက်က ကြည့်လိုက်သောအခါ မနေ့က သူ့အပါအဝင် စစ်သားတခုလက်စွမ်းကြောင့် နှမ်းခွေပြီးသေကုန် ကြပြီဖြစ်သည့် ပန်းပင်တွေကို ညွှန်ပြမေးမြန်းနေကြောင်း မေဂျာဝိုက်က ရိပ်မိလိုက်၏။ သို့သော် လူတွေ ပြောသော စကားကိုလည်း ဝိုက်ကနားမလည်၊ ဝိုက်ပြန်ပြောမည့်စကားကိုလည်း သူတို့ကနားလည်မည် မဟုတ်ကြောင်း အသေအချာစဉ်းစားမိသော မေဂျာဝိုက်က ဘာမှပြန် မပြောတော့ဘဲ သေနေသော ပန်း ပင်တွေကို ယခုမှ သူမြင်တွေ့ရဟန်ဖြင့် ငေးကြည့်နေရာမှ ဘောင်းဘီအိတ်ထဲမှာ ထည့်ထားခဲ့သော ခြုံ ထည်ကို သတိရသွားသည်။

အိပ်မောကျနေစဉ် စစ်သားတယောက်ယောက်က နှိုက်ယူသွားလေသလားဟူသော စိုးရိမ်စိတ်ဖြင့် ဘောင်းဘီအိတ်ထဲ ကဗျာကသီလက်ဖြင့် နှိုက်စမ်းလိုက်၏။ ရှိနေသေးကြောင်း သိရမှ သက်ပြင်းချကာ လက်ကို ပြန်ရုပ်လိုက်သည်။ ဝိုက်အမူအရာကို အကဲခတ်ကြည့်နေသောသူက သူတို့ဘာသာစကားဖြင့် ပြောကာ ဝိုက်၏ဘောင်းဘီကု လက်ညှိုးထိုးသည်။ ဒီအထဲမှာ ဘာရှိလဲ ယူထုတ်ပြစမ်းဟူသော သ ဘောမျိုး သက်ရောက်ကြောင်း မေဂျာဝိုက်စဉ်းစားမိ၏။

ထို့ကြောင့် ကွယ်ဝှက်လိုစိတ်မရှိဘဲ ချောင်းရေ ထဲမှာ မျောပါလာခဲ့သော ထူးဆန်းသည့်ခြုံထည်ကို ထုတ်ပြလိုက်၏။

ခြုံထည်ကို မြင်လိုက်သည်ဆိုလျှင်ပင် မေရျာဝိုက်အနားမှာရှိနေသော လူကြီးက ခြုံထည်ကိုလျင်မြန် ဖျတ်လပ်စွာ ဆွဲယူလိုက်၏။ ထို့နောက် မြတ်မြတ်နိုးနိုး ဦးခေါင်းပေါ်တင်ကာ လက်အုပ်ချီရှိခိုးလိုက် သည်။ မေရျာဝိုက် ပတ်ဝန်းကျင်မှာ ဝိုင်းရံနေကြသော လူအားလုံးပင် ထိုလူကြီး ဦးခေါင်းထက်မှာရှိနေ သော ခြုံထည် ကို တညီတညာတည်း လက်အုပ်ချီ ရှိခိုးအရိုအသေပြုလိုက်ကြ၏။ ထို့နောက် မေရျာဝိုက် အား ခြုံထည် ကို လက်ညှိုးထိုးပြပြီး သူတို့ဘာသာစကားဖြင့် ပြောသည်။

ဤခြုံထည်ကို မည်သည့်နေရာ ကရကြောင်း မေးမြန်းသည့် သဘောမျိုးဖြစ်၏။ မေရျာဝိုက်က ဤချောင်းရေထဲ မျောပါလာ အစိပ္ပါယ်ပေါ် အောင်ပြောသည်။ သူတို့တတွေ နားလည်လေသလား သဘောပေါက်လေသလား၊ နားမလည်သဘော မပေါက် သော်ငြားလည်း သူတို့ အမြတ်တနိုးထားသော ခြုံထည်ပြန်လည်ရရှိ၍ ကြေနပ်ကြဟန်ကား ထင်ထင်ရှားရှားပေါ်နေသည်။

သူတို့အချင်းချင်း ညှိနှိုင်းဆွေးနွေးဟန်ဖြင့် စကားပြောကြသည်။ ပြောကြဆိုကြသည်မှာ အော်ဟစ်ဆူ ညံ ငြင်းခုံခြင်းမရှိချေ။ တိုးတိုးသာသာပင် ပြောဆိုကြသည်။ သူတို့၏အသံသည် အလွန်ပင် ငြင်သာ သိမ်မွေ့ကြောင်း မေရျာဝိုက်က အထူးသတိထားမိ၏။

သူတို့တတွေ ထိုင်ဆွေးနွေးနေစဉ်မှာ မေဂျာပိုက်က အရိပ်အရောင်အသံဟူ၍ လုံးဝပျောက်ကွယ်နေကြ ပြီဖြစ်သော သူ့စစ်သားတွေအရေးကိုတွေးကာ ဦးခေါင်းကိုပတ်ချာလှည့်ပြီး ပတ်ဝန်းကျင်ကို မျက်လုံး ဖြင့် ရှာဖွေကြည့်လိုက်၏။ ထိုင်နေရာကမှ မလှုပ်မရှား၊ ထကြွလိုသောစိတ်လည်း မေဂျာပိုက်မှာ မရှိချေ။ လက်နက်ဟူ၍လုံးဝမရှိဘဲ သူ့ကိုဝိုင်းရံထားသော ထူးဆန်း၍ ချောမောလှပသည့် ဤလူစု၏ကြည့်လင် တောက်ပစူးရှသည့် မျက်လုံးများ၏အကြည့်သည် မေဂျာပိုက်ကို ရန်လိုဟန်မရှိခြားလည်း ကြီးမားသော စိတ်တန်ခိုးအရှိန်ဖြင့် မေဂျာပိုက်ကို ဟန့်တား ချုပ်ကိုင်ထားသည့်အလား မေဂျာပိုက်အဘို့ သူတို့တတွေ စိတ်အနှောက်အယှက်ဖြစ်စေမည့် ဆန့်ကျင်ဘက်အလုပ်ကို လိုပ်လို သော ဆန္ဒလုံးဝမရှိတော့ချေ။ ထို ကြောင့် ထူးဆန်းစွာ ပျောက်ကွယ်နေသော သူ့လူတွေကို ထိုင်ရာမထ မျက်လုံးဖြင့်သာ ရှာဖွေမိ၏။ သို့ သော် အစအနပင် မတွေ့ရတော့ချေ။

မေဂျာပိုက်၏စစ်သားများ အရေအတွက်မှာ လူတရာတိတိရှိသည်။ ဤလူတွေကို ရုတ်တရက်ချက်ခြင်း အသံမထွက်အောင် ဖမ်းဆီးပစ်ခတ်သတ်ဖြတ်ရန်မှာ လွယ်ကူသောအလုပ်မဟုတ်ကြောင်း မေဂျာပိုက် က စဉ်းစားမိ၏။ ဤထူးထူးခြားခြား ချောမောလှပသူ တစု၏လက်ထဲမှာလည်း လက်နက်ဟူ၍လုံးဝမ တွေ့ သူတို့တတွေ ၏အမူအရာတွေကလည်း သတ္တဝါတစုံတဦးကို ရက်စက်စွာ သတ်ဖြတ် ညှင်းဆဲမည့် စိတ်သဘောမျိုး ခက်ထန် ကြမ်းကြုတ် သည့် အမူအရာမျိုးဟူ၍ လုံးဝမတွေ့မြင်ရ။

မည်သို့ပင်ဖြစ်စေ သံသယဖြစ်ဖွယ်တစုံတခုသော အကြောင်းပေါ်လာလျှင် စစ်သားတွေအားလုံးသည် မေဂျာဝိုက်အနား ကို မှာကြားထားသည့်အတိုင်း မလွဲမသွေရောက်လာပေမည်။ မေဂျာဝိုက်ကို နှိုးမည်မှာ သေချာသည်။ ရန်သူ့အရိပ်အခြေကိုမြင်လျှင် ပစ်ခတ်တားဆီး ခြင်းဖြင့် သေနတ်သံက ဆူညံစွာ ထွက်ပေါ် လာခြင်းဖြင့် မည်မျှအိပ်မောကျနေစေကာမူ မေဂျာဝိုက်နိုးရမည်သာဖြစ်၏။ ယခုမူ ရန်းရင်းဆန်ခတ် တိုက်ခိုက် သတ်ဖြတ်ကြသည့် အရိပ်လက္ခဏာဟူ၍ လုံးဝမရှိပါဘဲလျက် စစ်သားတွေသည် မည်သည့် ဒေသ သို့ ရောက်ကုန်ကြပါသနည်း။ အဘယ်ကြောင့် အိပ်ပျော်နေသော တပ်မှူးကို နှိုးခြင်း အသိပေးခြင်း မပြုနိုင်အောင် ပင် အချိန်မရ ဘဲဖြစ်သွားကြလေသနည်း။ စစ်သားတွေပျောက်ကွယ်သွားပြီး၊ ထူး ဆန်း ချောမော သော ဤလူစုရောက်လေသလား။၏

မေဂျာဝိုက်က လက်ပတ်နာရီကို ငုံ့ကြည့်လိုက်၏။

နံနက်ရှစ်နာရီထိုးနေလေပြီ။ မှတ်မှတ်ရရ ဤနေ့ သည် မေလဆယ့်တစ်ရက်နေ့ဖြစ်ကြောင်း အသေအချာ သိထားသည်။

မေဂျာဝိုက်သည် သူထိုင်နေရာမှ ရေထွက်စီးကျရာ တောခေါင်းလိုဏ်ဝဆီကို လှမ်းကြည့်လိုက်၏။ စော စောက သူကြည့်သည်မှာထူးဆန်းသောလူ၏ နွမ်းခွေသေနေသော ပန်းပင်ကိုညွှန်ပြ၍ ပန်းပင်ကိုသာ ကြည့်မိခြင်းဖြစ်သည်။ ယခုမူ သူ့စစ်သားတွေသည် မှန်သားပမာကြည်လင်သည်နှင့်အမျှ အနည်းဆုံး ပေတရာကျော် မျှနက်မည်ဖြစ်သော ဤရေအိုင်ထဲသို့များကျပြီး ရေနစ်သေဆုံးကာ

ချောင်းနေအတိုင်း မျောပါသွားလေကုန်ပြီလားဟု ထင်မိထင်ရာ တွေးမိသည်။ ဤစိတ်ကူးသည် ဖြစ်လည်း ဖြစ်နိုင်သည်ဟူ သော အတွေး၊ မည်သည့်နည်းနှင့်မှ မဖြစ်နိုင်ဟူသော အတွေးတို့ဖြင့် ဦးနှောက်ချာချာလည်နေစဉ်မှာ ခြုံ ထည်ကို အမြတ်တနိုးဦးထိပ်ပေါ်တင်ထားသည့် လူကြီးက မေရှာဝှိုက်၏ လက်မောင်းကို အသာအယာ ကိုင် လိုက်သဖြင့် မေရှာဝှိုက်က အတွေးရေယဉ်ကြောမှာ နစ်မြောနေရာမှ ထိုလူကြီးကို ဆတ်ခနဲမော် ကြည့်လိုက် သည်။

ထိုလူကြီးက မေရှာဝှိုက်၏လက်မောင်းကို ဆွဲကိုင်ခါ ထိုင်ရာမှ ထလိုက်သည်။ ကျန်လူများအားလုံးကလဲ ငြင်သာစွာ ထိုင်ရာမှ ထ လိုက်ကြ၏။

ထို့နောက် မေရှာဝှိုက်ကို အလယ်ကထားပြီး ဤနေရာထွက်ခွာ တော့မည့်လက္ခဏာကို မြင်ရသည်။ ထို အခိုက် တယောက်သော သူသည် မေရှာဝှိုက်မျက်နှာကို တဝတ်တခုဖြင့်စည်းလိုက်၏။ သိမ်မွေ့နူးညံ့ သော လေသံဖြင့် တစုံတရာကိုပြောကာ ငြင်သာစွာ ချည်နှောင်လိုက်ခြင်းဖြစ်၍မေရှာဝှိုက်သည် ငြင်းဆန် ရုန်းကန်ခြင်းပင် မပြုတော့ချေ။ လက်ထဲက သေနတ်ကို တစုံတယောက်က ဆွဲယူလိုက် သည် ကိုလည်း အသာတကြည် ပင် လွှတ်ပေးလိုက်မိသည်။ မေရှာဝှိုက်၏စိတ်သဘောထားကို ရှင်းလင်းဖော်ပြရမည်ဆို သော် မေရှာဝှိုက် သည် ထူးဆန်းစွာတွေ့ရသည့် ကြက်သရေရှိစွာ ချောမော လှပသော ဤလူစုကို ချစ် သလိုလို ကြည်ညိုသလိုလို သူတို့စိတ်

ဆန္ဒအတိုင်း ကျိုးနွံစွာ နာခံချင်သလိုလို ဝေခွဲမရသော စိတ်မျိုး ဖြစ်ပေါ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ မေဂျာဝိုက်ကား ထိုလူစု၏အစီအမံအတိုင်းနာခံကာ မျက်နှာကို အဝတ်စည်းခဲ့ပြီး သူ တို့တွဲခေါ်ရာသို့ စမ်းတဝါးဝါးဖြင့် လိုက်ပါလာခဲ့ရလေပြီ။

စစ်သားပီပီ သတိရှိသော မေဂျာဝိုက်က မျက်စေ့ဖြင့် မမြင်မတွေ့ရ၍ မမှတ်နိုင်လင့်ကစား လှမ်းသွား နေရသော ခြေလှမ်းများဖြင့် မှတ်မည်ဟု စိတ်ကူးမိ၏။ သို့သော်သူ့ခြေထောက်အထိအတွေ့မှာပင် ကိုယ် အသားအရေ ဖြင့် ထိတွေ့ရမှ မှတ်သားနိုင်ပေမည်။ ယခုသော် ခြေတွင်တောစီးသားရေဘိနပ်ကြီးကို စီး ထားမိလျက်သား ဖြစ်ရာ လမ်းခရီးမှာ ရှိနေမည့်မြေအနေအထားကို အနိမ့်အမြင့် အတက်အဆင်း မှလွဲ၍ မှတ်သားရန် လုံးဝမဖြစ်နိုင်တော့ချေ။

ဘိနပ်ကြီးကို ချွတ်ပစ်ရန် စိတ်ကူးမိသော်လည်း သူ့ခြေထောက် ထိခိုက်ရှနမည်ကိုလည်း စိုးရိမ်သောစိတ်က ဟန့်တားထားလိုက်၏။ ထူးဆန်း၍လှပချောမောသည့် ဤလူစုကား သူတို့ခြေတွင် ဘိနပ်ပါလေသလား မပါလေသလား မေဂျာဝိုက်က သတိမပြုခဲ့မိ မကြည့်ခဲ့မိချေ။ ယခုသွားနေကြသော အခိုက်အတန့်တွင်ကား သူ့တောစီးဘိနပ်ကြီး၏ခြေသံကိုသာ ကြားနေ ရသည်။ သူ့ကို ခေါ်လာသော လူတစု၏ခြေသံကိုကား လုံးဝမကြားရချေ။ လူနှစ်ဆယ်ခန့်သည် စကား မပြောကြ၍ အသံမထွက်ဘဲ ဆိတ်ငြိမ်နေသည်မှာ ရှိပါစေဦး။ ခြေသံကိုမှ မကြားရသည်မှာ အတော် တော့ ထူးဆန်းသည်ဟု မေဂျာဝိုက် စဉ်းစားမိ၏။ သူ့ကို တွဲခေါ်လာ၍သာ သူ့အနားတွင် ထိုလူစုသည် သူနှင့်အတူ

လမ်းလျှောက်နေကြကြောင်း ယုံကြည် ရသည်။ သူ့ကိုသာ ထိကိုင်တွဲခေါ်ခြင်းမပြုလျှင် လူ သူတစ်ယောက်မှမပါဘဲ သူ တယောက်တည်းသာ လမ်းလျှောက် နေရသည်ဟု ယူဆရမည် လိုဖြစ်နေ သည်။

မေရှာဝှိုက်သည် သူသွားနေရသော ခရီးကို အနိမ့်အမြင့် အတက်အဆင်းမည်မျှရှိသည်ကို စိတ်ထဲက ရေတွက်၏။ သို့သော် ရေတွက်၍မရချေ။ သူ့စိတ်သည် ခရီးလမ်းကို မှတ်သားခြင်းထက် ထိုချောမောလှ ပသော လူစုအကြောင်းကိုသာ စိတ်ဝင်စား နေမိခြင်းကြောင့် အတိအကျမရေတွက်နိုင်ဘဲ မေ့မေ့လျော့ လျော့ များများယွင်းယွင်းတွေသာဖြစ်နေသည်။ ထိုကြောင့် စိတ်ပင်ပန်းခံ မရေတွက်တော့ဘဲ သူစိတ်ကူး ချင်ရာသာ တွေးတော စိတ်ကူးပြီး လိုက်လာခဲ့သည်။

သူ့စိတ်ထင်လမ်းလျှောက်လာခဲ့သည့် အချိန်သုံးနာရီကျော်ကျော် မျှရှိ ပေမည်ဟု ခန့်မှန်းရသောအခါ၌ သူ့အားတွဲခေါ်လာသူက ထိုင်စေ လိုသော သဘောဖြင့် သိမ်မွေ့ငြင်သာသော လေသံစကားတခွန်းကို ပြောကာ ခရီးသွားခြင်းကိုရပ်တန့်စေပြီး ပခုံးကို လက်နှစ်ဖက်ဖြင့် အသာအယာဖိချသည်။ လမ်း လျှောက်ရသည်မှာ ကြာပြီဖြစ်၍ မောပန်းညောင်းညာပြီဖြစ်သော မေရှာဝှိုက်က ဝမ်းသာအားရဖြင့် ထိုင် ချလိုက်သည်။ သူထိုင်မိသောနေရာကို လက်ဖြင့်စမ်းကြည့်သောအခါ

သစ်သားဖြင့် ပြုလုပ်ထားသော ထိုင်ခုံငယ် တခုဖြစ်ကြောင်း သိရသည်။

ထိုင်ခုံငယ်အမြင့်မှာ တပေမျှပင်မရှိချေ။ ထိုင်ခုံငယ်ရှိရာ မြေပြင် ကား ချွန်ထက်သော ကျောက်ခဲငယ်များဖြင့် ပြည့်နှက်ဖုံးလွှမ်းနေကြောင်း လက်ဖြင့် စမ်းသပ်သိရှိရ သည်။ ဤသို့ဆိုလျှင် တောစီးဘိနပ်ကို ချွတ်ရန်မဖြစ်နိုင်ကြောင်း မေရှာဝိုက်က ဆုံးဖြတ်၏။ လပ်ဆပ် အေးမြသော လေပြေသည် တသုန်သုန်တဖြူးဖြူးတိုက်နေ၏။ ထိုလေကို အားပါးတရ ရှူရှိုက်မိသော အခါ မေရှာဝိုက်အဘို့ အပန်းပြေသလိုပင်ဖြစ်သွားသည်။

မျက်နှာကို စီးထားသောအဝတ်အား လက်ဖြင့်စမ်းကြည့် လိုက်သော အခါ မေရှာဝိုက်၏လက်ကို အသာ အယာဆွဲဖယ်ချလိုက်သည်ကို ခံစားရခြင်းဖြင့် သူ့အားမျက်ခြေမပြတ်စောင့်ကြည့်နေကြောင်း သိရ လေ သည်။ မေရှာဝိုက်က အလိုက်သင့်ပင် သူ့လက်ကို ဖယ်လိုက် သည်။ ထိုခဏ၌ သူ့လက်ထဲသို့အရာ ဝတ္ထု တစုံတရာ ထည့်ပေးလိုက်ကြောင်း သိရသည်။ မေရှာဝိုက်က လက်ထဲ ရောက်လာသော ပစ္စည်းကို စမ်းကြည့် ၏။ အခွံနွှာထားပြီးသော သစ်သီးတလုံးဖြစ်ကြောင်း သိရသည်။

လက်ထဲ ထည့်ပေးသည့် အဓိပ္ပာယ်မှာ စားစေလိုသောသဘောဟု တွေးမိသော မေရှာဝိုက်က အချိန်မဆိုင်း ဘဲ ဆာဆာဖြင့် ထိုသစ်သီးကိုကိုက်စားလိုက်၏။ အနံ့သင်းသင်းမွှေးကြိုင်၍ ချိုအေး

သော ထိုအသီး ကို တလုံးမျှ စားရသော မေဂျာဝိုက်အဖို့ အားအင်ပြည့်ဖြိုး လန်းဆန်းလေသည်။ မောပန်းခြင်းဖြင့် ရေငတ်နေခဲ့သည်မှာလည်း ပြေပျောက်သွားသည်။

လက်ထဲ ထည့်ပေးသော သစ်သီး တလုံး ကုန်အောင် မေဂျာဝိုက် စားပြီးသောအခါ ခရီးဆက်ရန်သူ့ လက်မောင်းကို ဆွဲခေါ်ခြင်း ခံရသဖြင့် မေဂျာဝိုက် အလိုက်သင့် ထပြီး လမ်းလျှောက် လာခဲ့ရပြန်သည်။

ငြီးငွေ့ဘွယ်ကောင်းလှစွာ မျက်ကန်းဘဝဖြင့် လျှောက်လာခဲ့ရသော ခရီးသည် ရှည်လျားလွန်းလှသည် ဟု မေဂျာဝိုက်ထင်သည်။ သို့သော်- လှေကားထစ်များသို့ ဆင်းရသည့် ခရီးသည် နောက်ဆုံးအကြိမ် ပင် ဖြစ်ပေသည်။ တော်တော်ပင် ရှည်လျားသော အဆင်းခရီးကို ဆင်းရပြီးသည့်နောက် အဆောင့်အဦး တခုထဲသို့ ဝင်လာခဲ့ရကြောင်း မေဂျာဝိုက်သတိထားမိသည်။ ထိုနေရာသို့ရောက်လျှင် မေဂျာဝိုက်၏ မျက်နှာမှာ စည်း ထားသည့် အဝတ်ကို တစုံတယောက်က ဖြေပေးလိုက်၏။

မျက်ကန်းဘဝက လွတ် ကင်းသွားသဖြင့် မေဂျာဝိုက်က ဝမ်းသာအားရ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ သို့သော် အချိန်ကား မှောင်မဲသော ညအချိန်ကိုရောက်နေပြီဖြစ်၏။ မေဂျာဝိုက်က လက်ပတ်နာရီကို ကြည့်လိုက်ရာ ညခုနစ်နာရီထိုးနေလေပြီ။ သူရောက်နေသော နေရာသည် ဆီမီးရောင် ထိန်ထိန်ငြီးနေသော အ

ဆောက်အဦးကြီးရှေ့ မြေကွက်လပ်တခုမှာ ဖြစ်ကြောင်း သိရသည်။ မြေကွက်လပ်ကို ဝင်းခတ်ကာရံ ထားသောအရာကား မည်သည့်အရာဟူ၍ မေဂျာဝိုက်မသိခဲ့ရ။ ဘာကိုမှ မမြင်မတွေ့ နိုင်အောင် လုံခြုံသော အကာအရံ တခု ဖြစ်ကြောင်းသာ မှောင်မဲမဲမှာ မှန်းဆခဲ့ရသည်။

ထိုနေရာမှာ သစ်သားဖြင့် ပြုလုပ်ထားသော ထိုင်ခုံများရှိသည်။ မေဂျာဝိုက်ကိုထိုနေရာထိုင်ခိုင်းပြီး လူတယောက်က ရွှေလိုလို မိုးကြိုးလိုလို ကြေးလိုလို သတ္တုတမျိုးဖြင့် ပြုလုပ်ထားသော တပေအချင်းရှိ သည့် လင်ပန်းငယ်မှာ စားသောက်ဖွယ်ရာများကို ထည့်လာပြီးကျွေးသည်။ ထိုစားသောက်ဖွယ်ရာများ ကား မည်သည့်အသားဟူ၍ မသိသောအသား အနည်းငယ်နှင့် သစ်သီးနံ့များသာ ဖြစ်သည်။ အေးမြ ကြည်လင်သောရေကို ပြောင်လက်သော သတ္တုခွက်တခုဖြင့် ထည့်ပေးသည်။ မေဂျာဝိုက်သည် ဆာ ဆာဖြင့် စားသောက်နေစဉ်မှာ သူ့အနားတွင် အစားအသောက်ကျွေးသော လူနှစ်ယောက်နှင့် အစောင့် ရှောက်အဖြစ်နေသော လူလေးငါး ယောက်မျှမှ သူ့အနားတွင် မရှိတော့ချေ။

စားသောက်ပြီးသောအခါ ထိုသူများက မေဂျာဝိုက်ကို စီးထားသော ဘိနပ်ကြီးအား ချွတ်စေလိုကြောင်း လက်ဟန်ခြေဟန်ဖြင့်ပြ၏။ မေဂျာဝိုက် က လွယ်ကူစွာ သဘောပေါက်ပြီး ဘိနပ်ရောခြေအိတ်ပါ ချွတ် လိုက်သည်။ ဘိနပ်ချွတ်ပြီးသောအခါ အစောင့်ဖြစ်သော

သူများက မောဂျာဝိုက်ကို တဖက်တယောက်ရံ ပြီး ဆီမီးရောင် ထိန်ထိန်ငြီးသည့် အဆောက်အဦး ကြီးထဲ ခေါ်သွား၏။

အဆောက်အဦးကြီးအတွင်း တခုသော အခန်းကျယ်ကြီးဝယ် လူတွေ ပြည့်နေသည်။ ယောကျ်ားတွေ ချည်း တဖက်၊ မိန်းမတွေချည်း တဖက် မရောမယှက်ဘဲ တသန့်စီ ပုဆစ်ဒူးချထိုင်နေကြသည်ကို တွေ့ရ ၏။ မောဂျာဝိုက်အား ယောကျ်ားတွေချည်း ထိုင်နေရာဆီသို့ခေါ်သွားပြီး ရှေ့နားကျကျ အစွန်တနေရာ ဝယ် သူတို့ထိုင်သလို ပုဆစ်ဒူးချထိုင်ခိုင်း၏။ မောဂျာဝိုက်လည်း ငြင်းဆန်ခြင်းမပြုဘဲ သူတို့ သဘောကျ ပင် ထိုင်လိုက်သည်။ ထိုင်ပြီးမှ ပတ်ဝန်းကျင်ကို အကဲခတ် ကြည့်လိုက်၏။ ခန်းမကြီးကား သူ့စိတ်ထင် လူလေးငါးရာ မျှ ဆန့်ပေမည်ဟု မှန်းဆမိ၏။ သို့သော် ယခု သူ့မျက်မြင်တွင် ယောကျ်ားရော မိန်းမပါ ပေါင်း မှ လူတရာကျော်မျှသာ ရှိပေလိမ့်မည်။ ယောကျ်ားတွေ၏ ရုပ်ရည်ကား သူမြင်တွေ့ခဲ့ရသည့်လူတစု အတိုင်းပင်၊ သန့်ပြန့်ချောမော၍ ကြက်သရေရှိသူချည်းဖြသစ်သည်။ မိန်းမတွေဘက်ကို မောဂျာဝိုက် က လှည့်ကြည့် လိုက်ပြန်၏။

မိန်းမတွေအားလုံးကလည်း အံ့သြဘွယ်ရာကောင်းအောင်ပင် လှပချောမောသူ တွေချည်းဖြစ်ကြသည်။ အားလုံးမှာ ပုဆစ်တုပ် ထိုင်နေကြသူတွေချည်းသာဖြစ်ပြီး အရောင်မျိုးစုံလှပသော အဝတ်တွေ ကို စောင်ခြုံသကဲ့သို့ ခြုံထားကြသည်ဖြစ်ရာ၊ သူတို့၏ ဝတ်ဆင်မှုကို မသိနိုင်ခဲ့ချေ။ မဲနက်တောက်ပြောင် သော ဆံပင်တွေကိုကား

ဦးခေါင်းပေါ်တွင် သပ်ယပ်စွာ ထုံးနှောင် ထားကြသည်။ ယောကျ်ားတွေနှင့် မိန်း မတွေသည် ချောမော လှပရုံသာမဟုတ် ရုပ်ရည်တွေကလည်း ညီအကိုမောင်နှမရင်းသဖွယ် တူညီကြ သည်မှာ ထူးဆန်းလှပေ၏။

အဆောက်အဦးကြီး ကား သစ်သားကို အတုံးလိုက် အတစ်လိုက် ထုကြီး ဒယ်ကြီးနှင့်ဆောက်ထားသည့် ဘုရားကျောင်းကြီး သဏ္ဍာန် တူပေသည်။ တထိန်ထိန်ငြိုးသော ဆီမီးအလင်းရောင်ဖြင့် တွေ့မြင်ရ သမျှ အစိတ်အပိုင်းကို အကဲခတ်ကြည့်ရခြင်းအားဖြင့် ဤအဆောက် အဦးကြီး ကား လွန်လေပြီးသော နှစ် ပေါင်းများစွာက ဆောက်လုပ်ထား ခဲ့သော အဆောက်အဦးကြီးပင် ဖြစ်ဟန်တူ ပေသည်။ ထိုင်နေကြရ သည်မှာ ဖျာကော်ဖျော စသည့် အခင်းတစုံ တရာမရှိသော်ငြားလည်း ကြမ်းပြင်မှာ ပြောင်စင်သန့်ရှင်းလှ ပေသည်။

သူတို့အား ကြည့်နေရင်းမှပင် မေရှာပို့က်သည် သူ့ကိုခေါ်လာသည့် လူစုအား ရှာကြည့်မိ၏။ သို့သော် ရုပ်သဏ္ဍာန်တူညီလှ၍ စိမ်းရောင် ရွှေရောင်ရောထားသော ဝတ်ရုံကြီးများကို တယောက်မကျန် ခြုံလွှား ထားကြသည်တကြောင်း၊ သူတွေ့မြင်လာခဲ့သည်မှာလည်း မိနစ်ပိုင်းမျှ သာဖြစ်၍တကြောင်း၊ မေရှာပို့က် မမှတ်မိတော့ချေ။

ယောကျ်ားတွေရော မိန်းမတွေပါ ကြည်လင်နစ်သိမ့်သော မျက်နှာ၊ တည်ငြိမ်သည့်အမူအရာဖြင့် သူတို့ အားလုံးမျက်နှာမူထားရာ ရှေ့တူရူရှိ ဝင်းဝင်းလက်လက် အရောင်ထွက်နေသည့် ရွှေချည်

ငွေချည်ဖြင့် ယက်လုပ်ထားဟန်တူသော ကန့်လန့်ကာကြီးရှိရာသို့သာ စိတ်အားထက်သန်စွာ စူးနစ်ကြည့်ရှုနေကြ သည်။

မေရျာဝိုက်ထိုင်ပြီး မကြာမီမှာပင် ကန့်လန့်ကာကြီးက ပွင့်သွား၏။ ပွင့်သွားသော ကန့်လန့်ကာကြီးအ တွင်းမှာလည်း မွှေးကြိုင်သော နံ့သာဆီများဖြင့် ထွန်းညှိထားသဖြင့် လင်းထိန်နေလေသည်။ ထိုလင်း ထိန်နေသော အလင်းရောင်ဝယ် မတ်ရပ်သဏ္ဍာန် ဗုဒ္ဓရုပ်တုတဆူကို သပ္ပါယ်ကြည်ညိုဘွယ်ရာ ဖူးတွေ့ ရသည်။ ရုပ်တုတော်ရှိရာနှင့် မေရျာဝိုက်ရှိနေရာသည် ပေသုံးဆယ်မျှ ကွာဝေးသည်။ ဖြူ နီ ညို ပြာ ဝါ စိမ်းလ ဲ့သော အရောင်တို့ ယှက်သိုင်းလျက် အတိုင်းမသိအံ့သြဘွယ်ကောင်းလှသော ထိုဗုဒ္ဓရုပ်တုကို မေရျာဝိုက် တအံ့တသြ ကြည့်နေစဉ်မှာ တစုတဝေးရှိနေကြသော လူအားလုံးသည် ကြမ်းပြင်နှင့် နဖူးထိ သည့် တိုင်အောင် ပြားပြားဝပ်၍ ရှိခိုးဦးခိုက်ကြလေသည်။

မေရျာဝိုက်က သူ့ဘာသာမဟုတ်၍ ရှိမခိုးသော်ငြားလည်း သပ္ပါယ်ကြည်ညိုဖွယ်ရာ တင့်တယ်လှသော ဆင်းတုတော်ကို မျက်တောင် မခတ်နိုင်အောင်ပင် ကြည့်နေမိ၏။ ထိုအခိုက် လူတယောက်က မေရျာ ဝိုက်လက်ကို ဆွဲခေါ်သဖြင့် မေရျာဝိုက်သည် ထိုင်နေရာမှ ထလိုက်လာခဲ့ရသည်။ ဗုဒ္ဓဆင်းတုတော်ကို ဖူးတွေ့ရခြင်းအားဖြင့် ကမ္ဘာပေါ်ရှိ အချို့သော ဘာသာဝင်များ လုပ်လေ့လုပ်ထရှိသော အသက်သွေး ဖြင့် သူတို့ကိုးကွယ်ရာ

နတ်ဘုရားကို ယဇ်ပူဇော်ခြင်းမျိုးလုပ်ရန်ခေါ်ခြင်း မဟုတ်ကြောင်း မေဂျာပိုက်က အသေအချာ တွေးမိသည်။ ထို့ကြောင့် ထိတ်လန့်ကြောက်ရွံ့ခြင်းမရှိဘဲ ထိုလူခေါ်ရာသို့ ခြေလှမ်းမှန်မှန် ဖြင့် လိုက် လာခဲ့၏။

ထိုလူက မေဂျာပိုက်ကို ဗုဒ္ဓဆင်းတုတော်ရှိရာ အဆောင်တွင်းသို့ ခေါ်သည်ကို သိရသောအခါ မေဂျာ ပိုက်များစွာ ဝမ်းသာသွား လေသည်။ အနီးကပ် အသေအချာကြည့်မည်ဟု အားခဲ ထားလိုက်၏။

ဗုဒ္ဓဆင်းတုတော်ကား လူတွေထိုင်နေရာ ကြမ်းပြင်ထက် တပေခန့် မျှမြင့်သော ပယင်းရောင်ပမာ ကြည် လင်သည့် အဝါရင့်ရောင် ကျောက်ပြားကြီးထက်မှာ တည်ရှိလေသည်။ ကျောက်ပြားကြီး၏ အကျယ်ကား ငါးပေပတ်လည်မျှရှိပေလိမ့်မည်ဟု မေဂျာပိုက်က ခန့်မှန်း၏။

ဗုဒ္ဓဆင်းတုတော်သည် ဤကျောက်ပြား ကြီးထက်မှာ မည်သည့်အမှီအတွယ်မှမရှိဘဲ တည်ငြိမ်စွာ ရပ်တော်မူနေ၏။ မလဲမယိုင်ရလေအောင် နောက်က အထောက်အခံထားလေသလား၊ ခြေဖဝါးတော်နှင့် ကျောက်ပြား မြဲမြံစွာကပ်တွယ်နေ အောင် တစုံတခုသောအရာဖြင့် ကုပ်တွယ်ထားလေသလားဟူသော အတွေးဖြင့် မေဂျာပိုက်က ဆင်း တုတော်နောက်ကျောဖက်နှင့် ခြေဖဝါးကို စစ်သားမျက်စေ့ဖြင့် လျှပ်တပြက်အတွင်းမှာ အသေအချာ စူး စမ်းကြည့်ရှုလိုက်၏။ သို့သော် မည်သည့်အရာဝတ္ထုကိုမှ မတွေ့

ရချေ။ မေရျာဝိုက်အဖို့ အံ့သြမိသည်။ သူ ရောက်ရှိသည့်နေရာသည် ဆင်းတုတော်၏ ဘေးစောင်း ဖက်မှဖြစ်၍ နောက်ကျောဖက်ရော၊ ခြေဖဝါး ကိုပါ သံသယရှင်းစွာတွေ့နေရသည်။

သူ့ကိုခေါ်လာသူက ဤနေရာမှာပင် ငြိမ်သက်စွာရပ်နေရန် လက်ဟန်ခြေဟန်ဖြင့် ပြသဖြင့် သူကငြိမ် သက်စွာရပ်နေရင်း ရရှိသည့်အချိန်ကို အအားမထားဘဲ ဆင်းတုတော်ကို သေချာစွာကြည့်သည်။

ဆင်းတုတော် ကို သွန်းထားသည့်မှာ ဝင်းမှည့်ပြီး အိနေသော ရွှေသာ အစစ် ဖြင့် သွန်းထားခြင်းဖြစ် သည်။ ဆင်းတုတော် ၏သင်္ကန်းဖုံး လွှမ်းထားဟန်၊ ရွှေသားနေရာ တခုလုံးတွင် အရည်ကောင်းလှသော စိန်၊ မြ၊ ပတ္တမြား၊ နီလာစသည့်တန်ဖိုးမဖြတ်နိုင်အောင် ကောင်းလှ သည့် ရတနာတွေကို အပြည့် စီခြယ် ထားသည်။ ဆင်းတုတော် ၏မျက်မှောင်နှစ်ခုအကြားတွင်ကား သောက်ရှူးကြယ်တမျှ ကြီးမားတောက်ပ သော စိန်ကြီး တလုံး ကို မြှုပ်ထားသည်။

မျက်လုံးတော်အတွင်း မျက်နက်နေရာတွင် မြှုပ်ထားသော မဟူ ရာကျောက်အရောင်က တကယ့်သက်ရှိ ဗုဒ္ဓမြတ်စွာ ၏မျက်လုံးပမာ အရောင်တောက်ပနေသည။ ဆင်း တုတော်၏လက်တော် နှစ်ဘက် ကား တစုံတခု သော အရာကို ခံယူကိုင်ထားဟန်ဖြင့် လက်ဝါးနှစ်ဘက် ကို ညီညာစွာယှဉ်ပြီး ဖြန့်ထားသည်။

ဗုဒ္ဓဆင်းတုတော်၏မျက်နှာတော်ကား လှသည်၊ ချောသည်၊ ခန့်ငြားသည်၊ ကြည်လင်အေးမြသည်၊ ကျက်သရေရှိသည် မြင်ရသူအဖို့ နှစ်လိုကြည်ညိုဘွယ်ဖြစ်သည်။ ချစ်ခင်လေးမြတ်ရိုသေအပ်သော မျက်နှာမျိုးဖြစ်သည်စသည့်အချက်အလက်အားလုံးနှင့် ပြည့်စုံပါပေသည်ဟု မေဂျာဝို့က်စိတ်တွင် မှတ် ချက်ချမိသည်။ မေဂျာဝို့က်အနေဖြင့် ယခုအသက်သုံးဆယ်ကျော်သည့်အရွယ်ရောက်လာသည့်တိုင် အောင် ဗုဒ္ဓဆင်းတုတော်၏မျက်နှာတော်မျိုးကဲ့သို့သော ရုပ်ဆင်းရူပကာရှိသည့် ယောက်ျားမျိုးဟူ၍ တ ရံတဆစ်မှ မတွေ့မြင် ခဲ့ရဘူးချေ။ သူသည် ဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်ပူဇော်ရာ ဂေါတမဟူသည် အ လွန်အမင်း လှပသော ရုပ်ဆင်းရှိသူဟူ၍ ဘာသာရေးနှင့်ပက်သက်ရာ အချို့ပုဂ္ဂိုလ်တို့ပြောကြဆိုကြ သည်ကိုကား အမှတ် မထင် ကြားဘူးခဲ့၏။ ယခုမူ သက်ရှိဂေါတမ မဟုတ်စေကာမူ တုပုံတူရုပ်ကို မြင်ရ သည်နှင့်ပင် ဤမျှ ကြည့်ရှုမဝနိုင်သော စိတ်စေတနာဖြစ်ခဲ့ပါလျှင် သက်တော်ထင်ရှားရှိခဲ့သော ဂေါတမ ဗုဒ္ဓသည် မည်မျှ လှပတင့်တယ် ချောမော၍ ကျက်သရေရှိပါမည်နည်းဟု စိတ်မှန်းဖြင့် တွေးတောကြည် နူးလိုက်မိပေသည်။

ထိုအခိုက်မှာ လူကြီးတယောက် သူ့အနားရောက်လာသည်။ သူ၏လက်တွင် ရွှေကလပ်တခုကို ရိုသေ စွာကိုင်လာ၏။ ထိုရွှေကလပ် ပေါ်တွင်ကား ချောင်းရေထဲမှာမျောလာ၍ စစ်သားတွေ ကောက်ရ လာခဲ့ရာ မှ မေဂျာဝို့က် က ယူထားလိုက်သည့် ထူးဆန်းသော

ခြုံထည်က ပါရှိလာသည်။ ဤခြုံထည်ကို ရှိသေ မြတ်နိုး ကြသည် ကို မြင်ရသော မေဂျာပိုက်က ခြုံထည်နှင့် ဗုဒ္ဓဆင်းတုတော်သည် တနည်းနည်းအားဖြင့် ဆက်သွယ်မှု ရှိရမည်ဟုတွေး၏။ မေဂျာပိုက် တွေးထင်နေဆဲမှာ ထိုလူကြီးသည် ဆင်းတုတော်ရှိရာ ကျောက်ပြား ကြီးနား ရောက်လာ၏။

ထိုနောက်သူတို့ ဘာသာစကားကို သိမ်မွေ့ငြင်သာသောလေသံဖြင့် အေးအေးသာသာပြောဆိုနေ သည်။ ထိုသို့ပြောဆိုနေရင်းမှလည်း ရွှေကလပ်ပေါ်မှာရှိသော ခြုံထည်ကိုတလှည့်၊ မေဂျာပိုက်ကိုတ လှည့် လက်ဖြင့် ညွှန်ပြပြောဆိုနေသည်။ ဆယ်မိနစ်မျှ ပြောဆိုပြီးသောအခါ ယူဖြန့်ပြီး ဗုဒ္ဓဆင်းတုတော် ၏ ဖြန့်ထားသော လက်နှစ်ဘက်ပေါ်သို့ ငြင်သာစွာတင်လိုက်သည်။ ထူးဆန်းလှပသော ခြုံထည်သည် ဆင်းတုတော် ၏လက်ပေါ်ဝယ် ဝင်းလက်တောက်ပသောအဆင်းဖြင့် တည်ငြိမ်စွာရှိနေလေသည်။

ထိုနောက် ထိုလူကြီးသည် ရွှေကလပ်ကို ဗုဒ္ဓဆင်းတု၏ခြေရင်းမှာ အသာအယာချပြီး ဆင်းတုတော်ကို ရိုသေစွာ ရှိခိုးလိုက်သောအခါ လူပရိသတ်အားလုံးသည်လည်း ရိုသေစွာရှိခိုးလိုက်ကြသည်။ လူတို့ ရှိခိုး နေစဉ်မှာ မေဂျာပိုက်ကား မတ်တပ်ရပ်လျက်ကပင် ဆင်းတုတော်၏အရပ်အမောင်း မည်မျှမြင့်မည်ကို အောက်ခံ ကျောက်ပြားအမြင့် သူ့အရပ်အမြင့်ဖြင့် စိတ်ထဲက မှန်းဆနေ၏။ ထိုမျှသာမကသေး ဝင်းမှည့် အိနေသော ရွှေဆိုင်ရွှေခဲကြီးနှင့်

မြှုပ်နှံစီခြယ်ထားသော အပြစ်အနာအဆာကင်းလွတ်သည့် ရတနာတွေ၏တန်ဖိုးကို စိတ်ထဲက တွက်နေမိသည်။

ထိုအခိုက် လူတယောက်က သူ့ကို ဗုဒ္ဓဆင်းတုတော်အနားမှ ပြန်လည်ဆွဲခေါ်လာခဲ့သည်။ လူအများ ထိုင်နေရာ သို့ သူရောက်လျှင်ပင် ဗုဒ္ဓဆင်းတုတော်ကို ဖုံးကာထားခဲ့သော ကန့်လန့်ကာကြီးက ပြန်ပိတ် သွားသည်။

လူတွေက ငြိမ်သက်စွာ နေမြဲတိုင်းပင်ရှိ၏။ မေရျာပိုက်သည် သူတို့ဆန္ဒအတိုင်း ကြမ်းပေါ်မှာ ဒူးချထိုင် နေစဉ် လူတယောက်က သန့်စင်ပြောင်လက်သော သတ္တုခွက်တခုဖြင့် ထည့်ထားသော အရည်တမျိုး ကို မေရျာပိုက် အားပေး၏။ ခွက်ထဲမှာ ရှိနေသော အရည်၏အရောင်မှာ တောက်ပကြည်လင်သောပန်း ရောင်ရင့်ရင့် ဖြစ်သည်။ အနံ့က သစ်သီးတခု၏အနံ့မျိုးနှင့်တူ၍ သင်းသင်းမွှေးသည်။ မေရျာပိုက်က အ နည်းငယ် သောက်ကြည့်၏။ အရသာကား ပူရှိန်းရှိန်းချိုမြမြဖြင့် အလွန်ခံတွင်းတွေ့၍ အရသာရှိလှ၏။ မေရျာပိုက်က ဝီစကီသောက်လိုသောဆန္ဒဖြစ်ပေါ်လာသည်။ ထို့ကြောင့် ခွက်ထဲမှာရှိသည့်အရည် တ စက်မှ မကျန်အောင် အားလုံး သောက်ချလိုက်သည်။ သူသောက်ပြီးသောအခါ ခွက်ကို လူတယောက် က ဆွဲယူလိုက်၏။

မေရျာပိုက်သည် ဝီစကီသောက်ရသလို သူ့စိတ်ထဲမှာ ခံစားလာရသည်။ ဦးခေါင်းထဲမှာ ရိပ်တိတ်တိတ် ရီတီတီဖြစ်လာသည်။ သူသည်

ထိုင်နေလိုသောဆန္ဒမရှိတော့ချေ။ ဟန်မဆောင်နိုင်လောက်အောင်ပင် လဲလျောင်း ချင်လာသည့်အလျောက်ပင် ထိုင်နေရာမျ လှဲအိပ်လိုက်သည်ကိုသာ နောက်ဆုံးအနေဖြင့် မေဂျာပိုက်သိလိုက်ရလေတော့သည်။

ဤမျှလောက် ပြောပြီးလျှင် အတွင်းဝန်ကြီးက စကားကို အဆုံးသတ်ကာမောသွားဟန်ဖြင့် လဘက် ရည်ကို ငုံ့ပြီးသောက်နေလေသည်။

မောင်တင်ဦးနှင့် မောင်တင်အုံးတို့က စိတ်ဝင်စားစွာ နားထောင်နေကြသည်၊ သူတို့နှစ်ယောက်လုံး အ တွင်းဝန်ကြီးစကားအဆုံးသတ်ပုံကို ကျေနပ်အားရခြင်းမရှိချေ။ ဆက်မေးလိုသော်လည်း အတွင်းဝန်ကြီး အမောပြေပါစေဟူသော အားနာစိတ်ဖြင့် ငြိမ်သက်တိတ်ဆိတ်နေကြရသည်။

အတွင်းဝန်ကြီးက လဘက်ရည်ကို နှစ်ခွက်ဆက်သောက်ပြီး အမောပြေသွားဟန်ဖြင့် ဆေးပြင်းလိပ် ကို မီးညှိပြီး အားရပါးရ ရှိုက်ဖွာနေသောအခါမှ မောင်တင်အုံးက တစခန်းထ၏။

"မေဂျာပိုက် သောက်မိတာက အဆိပ်ရည်ဖြစ်လို့ မေဂျာပိုက် သေသွားတာလား ဒက်ဒီ"

"ဟဲ့ သားရဲ့ ဝိုက်တီ သေ မှ ဒီအကြောင်းတွေကို ဘယ်သူက ပြန်ပြောနိုင်တော့မှာလဲ။ သူမသေလို့သာ ပြန် ပြော နိုင် လို့ ဒက်ဒီတို့ သိရတာဘဲကွယ်"

အတွင်းဝန်ကြီးက ဖြေသည်။

"ဒါဖြင့် သူကအဲဒီမှာ အရက်မူးသလိုဖြစ်ပြီး အိပ်ပျော်သွားတာမျိုးပေါ့ ဟုတ်လား ဒက်ဒီ"

"အေးပေါ့ အိပ်ဆေးသောက်မိလို့ အိပ်ပျော်သွားတဲ့သဘောပေါ့"

"နောက် သူ အဲဒီနေရာက ဘယ်လိုပြန်ထွက်လာလဲ ဒက်ဒီ"

"ဘယ်လိုပြန်ထွက်လာတယ်ဆိုတာ သူကိုယ်တိုင်လဲ မသိတော့ဘူး၊ ဒက်ဒီက ဒုတိယကမ္ဘာစစ်အတွင်း က လေတပ်မတော် အရာရှိ တယောက်ဆိုတာ သားသိတယ် မဟုတ်လား"

"အေး ဒက်ဒီတို့လေတပ်ကို သတင်းရောက်လာတယ်၊ ဝိုက်တီနဲ့ စစ်သားတရာ ဗမာပြည်နယ်စပ်ထဲဝင် ပြီး အစအန ရှာမရအောင် အဆက်အသွယ်လုံးဝမရတော့ဘဲ ပျောက်နေပြီဆိုတဲ့ သတင်းရတော့ လေ ယာဉ်ပျံနဲ့ တောတွေ တောင်တွေပေါ်က ဝဲပျံပြီး ရှာကြဖွေကြတာပေါ့။

အဲဒီမှာ ချင်းတွင်းမြစ်ကမ်းခြေတ နေရာ ရေစပ်မှာ သတိမေ့လဲနေတဲ့ ဗြိတိသျှတပ်မတော်စစ်ယူနီဖောင်းနဲ့ လူတယောက်ကိုတွေ့တယ်။ လေယာဉ်ပျံကို နိမ့်နိမ့်ဝဲပြီး မှန်ပြောင်းနဲ့ကြည့်တော့ ဝိုက်တီ

ဖြစ်နေမှန်းသိရတာပါ။ အဲဒီတော့ ဗမာပြည် ထဲ ရောက်နေတဲ့ မဟာမိတ်တပ်တွေကလဲ တောနင်းရှာ နေကြတော့ အဆုံးမှာ ရှိတဲ့တပ်ကို သတင်းပို့ ပြီး ဝိုက်တီကို သယ်ယူလာပြီး သတိပြန်ရအောင် ဆေးကု ရတာ ပေါ့ကွယ်"

"သူ ဘယ်လိုဖြစ်နေသလဲ ဒက်ဒီ"

"သတိမေ့နေတာလေ"

"ဆရာဝန်တွေက ဘာပြောလဲ"

"အင်မတန်ပြင်းတဲ့ အိပ်ဆေးတခု သောက်မိဟန်တူကြောင်း၊ သတိမေ့နေတာ အနည်းဆုံး ငါးရက် လောက် ရှိပြီဖြစ်ကြောင်း၊ ဒါပေမဲ့ အံ့သြစရာကောင်းတာက ဒီအိပ်ဆေးကြောင့် မေရျာဝိုက်ရဲ့နှလုံးတွေ၊ သွေးကြောတွေ၊ ကိုယ်ခန္ဓာအနေအထားတွေ၊ အားအင်တွေ မှတ်ဉာဏ်တွေမှာ လုံးဝမထိခိုက်ဘူးလို့ ဆရာဝန်ကြီး တွေက တညီတညွတ်တည်း ဆုံးဖြတ်တယ်"

"သိပ်စွမ်း သိပ်ထက်မျက်တဲ့ အိပ်ဆေးပါလား" မောင်တင်အုန်းက တအံ့တသြပြော၏။

"အေးကွဲ့၊ အင်မတန်မှ သိပ္ပံထွန်းကားပါတယ်ဆိုတဲ့ အခုခေတ်မှာ လကမ္ဘာဆီကိုသာ သွားနိုင်ကြတယ် ဒီလို အိပ်ဆေးမျိုး ဘယ်ပါရဂူမှ မဖော်နိုင်သေးဘူးနော် မောင်တင်ဦး"

အတွင်းဝန်ကြီး က ငြိမ်ပြီးနှုတ်ဆိတ်နေသော မောင်တင်ဦးကို လှည့်ပြောသည်။

"ဟုတ်ပါတယ် အန်ကယ်လ်"

"ကဲပါ ဒက်ဒီရယ်.... ဆက်ပြောပါအုံး"

မောင်တင်အုန်း က တောင်းဆို၏။

"အေး... အေး... ဆရာဝန်ကြီးတွေက သူ့ကိုဆေးကုရတယ်ဆိုတာက ထိထိရောက်ရောက် မကုလိုက်ရ ပါဘူး၊ ဘယ်လို ဖြစ်လဲ၊ ဘယ်လိုကုရင်ကောင်းမလဲလို့ လေ့လာဆွေးနွေးနေတုန်းဘဲ ဗိုက်တီက သူ့အလို အလျောက် အိပ်ရာ က နိုးသလို နိုးလာတယ်၊ သူက လန်းလန်းဆန်းဆန်းဘဲကွ"

"သိပ်ကောင်းတဲ့ ဆေးဘဲနော် ဒက်ဒီ"

မောင်တင်အုန်းက ချီးကျူးလိုက်ပြန်သည်။

"အေး... တကယ်ကောင်းတဲ့ ဆေးဘဲသား"

"မေဂျာဗိုက်က သူ့အဖြစ်တွေ ပြောပြတာ ယုံကြရဲ့လား"

မောင်တင်အုန်း အမေးကို အတွင်းဝန်ကြီးက ဝမ်းနည်းဟန်ဖြင့် ဦးခေါင်းခါရမ်းသည်။

"သူ့စစ်သားတွေ တရာလုံးလုံး အစအနမမြင်ရအောင် ပျောက်သွားတာကို လုံလောက်တဲ့ အကြောင်းမ ပြနိုင်ဘဲ ထူးဆန်းတဲ့ တောင်ထိပ်ပေါ်က အလင်းရောင်အကြောင်းတွေ၊ တန်ဘိုးမဖြတ်နိုင်တဲ့ ဗုဒ္ဓဆင်းတုတော် အကြောင်းတွေ၊ လူချော မိန်းမချော အကြောင်းတွေကိုသာ တအံ့တသြပြောပြီး သူ ချင်းတွင်း မြစ်ကမ်းပါး ဘယ်လိုရောက်လာလဲဆိုတာလဲ မေးမရဘူး၊ ဒီတော့ အထက် အရာရှိတွေက မေဂျာပိုက်ကို ရိုးသားမှု မရှိဘူးလို့ ယူဆပြီး အမှုဖွင့်စစ်ဆေးမေးမြန်းရာထူးချတာတွေ လုပ်တော့ သူ့စိတ်ထဲ ဘယ်လို ခံစားရတယ်မသိဘူး သား၊ သူ့ကိုယ်သူ သတ်သေ သွားတယ်"

"ဟောဗျ- ဖြစ်ရလေ၊ မေဂျာပိုက် တကယ်များ ရူးလာသလား ဒက်ဒီ" မောင်တင်အုန်းက စိတ်မကောင်း သံဖြင့် ပြောသည်။

"မရူးဘူးလား သူ့ကိုအကျယ်ချုပ်နဲ့ သားခိုက် ဒက်ဒီကိုယ်တိုင်မေးကြည့်တယ်၊ ငယ်ငယ်ထဲက ညီအ ကိုအရင်းလို ချစ်လာခဲ့ကြတဲ့ သူငယ်ချင်းဘဲ၊ သူမလိမ်ဘူး၊ ဒက်ဒီ့ကို ဒီအတိုင်ပြောသွားတာတွေဟာ အမှန် တွေဘဲ လို့ ဒက်ဒီယုံကြည်တယ်လေ"

"အဲ-တောင်ထိပ်ပေါ်မှာ ပေါ်လာတဲ့ မှန်ပြောင်းနဲ့တောင် ကြည့်မဖြစ်တဲ့ အလင်းရောင်ကြီးကလဲ ဘာမှန်း မသိ ဘူးလားဒက်ဒီ"

"အင်း-ဒါတွေဟာ တကယ့်လျှို့ဝှက်ချက်တွေ ဖြစ်မှာပေါ့၊ ပိုက်တီလဲ သေပြီဆိုတော့ ဒီအလင်းရောင် အကြောင်း ထူးဆန်းတဲ့ ခြံထည်၊ သူရောက်ခဲ့တဲ့ ဗုဒ္ဓဆင်းတုရှိရာ ကမ္ဘာလေး၊ ဘာမှန်းမသိရအောင်

ပျောက်သွားတဲ့ စစ်သားတွေ ဆိုတာကတော့ ဒက်ဒီတို့လဲ စဉ်းစားလို့ ဉာဏ်မမှီတော့ဘူးကွဲ့."

အတွင်းဝန်ကြီးက စကားအဆုံးသတ်ပြီး ထိုင်ရာမှထကာ ခြေလက်ဆန့် အညောင်းဖြေပြီး-

"ဒီနေ့ အဖို့တော့ တော်လောက်ပြီပေါ့"

ဟု ပြုံးပြုံးရယ်ရယ်ပြောကာ လဘက်ရည့်စားပွဲမှ ထမည့်ဟန် ပြင်လိုက်သောအခါ မောင်တင်အုန်းက ကပျာ ကသီ မေးခွန်းတခုကို မေးလိုက်သည်။

"နေပါအုံး ဒက်ဒီ၊ မေဂျာပိုက်က သူ့ ကိုယ်သူ သတ်သေ မယ်ဆိုတာ ဘာကြောင့်လို့ တစွန်းတစမှ မဖော်ပြ ခဲ့ဘူးလား၊ ဟို-ဗုဒ္ဓဆင်းတုတော်ကြီးကို တခုခုလုပ်ခဲ့မိသလား၊ မအပ်မရာ တခုခု ကြံစည်ခဲ့ မိသလား။ ဉပမာ ဆိုပါတော့ ဒက်ဒီရယ်၊ အဖိုးတန် ရတနာတွေကို သူတနည်းနည်းနဲ့ ရအောင်ယူလိုတဲ့ စိတ်ညစ်မှု တွေဘာတွေများ ဖြစ်သွားသလား"

မောင်တင်အုန်း၏ စကားဆိုလိုချက်ကား ဗုဒ္ဓဆင်းတုတော်နှင့် တစုံတခုပတ်သက်သော "ခိုက်သည်" ဟူသော အဖြစ်မျိုး ဖြစ်သွားသလားဟူ၍ ဆိုလိုကြောင်း မောင်တင်ဦးက စဉ်းစားမိသည်။ သူ့ သားစကား ကို ကြား မှ အတွင်းဝန်ကြီးက တစုံတခုကို သတိရတလို မျက်မှောင်ကုပ်ကာ အတန်ငယ် စဉ်းစားနေပြီးမှ ပြော၏။

"အေး... သားပြောမှ ဒက်ဒီသတိရတယ်၊ ဗိုက်တီပြောခဲ့တဲ့ စကားတွေထဲမှာ ဒက်ဒီပြောဘို့ မေ့ကျန်ခဲ့ တာတခုရှိတယ်၊ ဟို-ဗုဒ္ဓဆင်းတုတော်ကြီး သွန်းတားတဲ့။ ရွှေဆိုင် ရွှေခဲ့ဟာ ဖယောင်းတုံးကြီးလို အိနေ ဟန်တူတယ်တဲ့။ ဘာကြောင့်လဲ ဆိုတော့ သူ့လက်နဲ့ မထိရမကိုင်ရပေမဲ့ ရတနာတွေ စီခြယ်ထားပုံဟာ ပန်းတိမ်သမားတွေ လုပ်သလို စွန်ကုပ်နဲ့ တွယ်ထားတာတွေ မဟုတ်ဖူးတဲ့။ ရွှေပေါ်မှာ အသားလွတ် ရောက်စီပြီး လက်နဲ့ ဖိမြှုပ်ထားတာမျိုးဖြစ်တယ်တဲ့။ ဆင်းတုတော်ကြီးရဲ့ သကၤန်းအောက် နား အစွန်ဆုံး မှာ ရတနာတခု ပြုတ်ကျနေတဲ့ ချိုင့်ခွက်ကို သူအသေအချာ ကြည့်ခဲ့မိတာတဲ့။

အဲဒီချိုင့်ခွက်က ထွက် ကျနေတဲ့ စိန်လုံးဟာလဲ သူရပ်နေတဲ့ရှေ့ သူ့ခြေထောက်နဲ့ ကျောက်ပြားအကြားမှာ ရှိနေတယ်တဲ့။ ဗိုက်တီလဲ မသိမသာ စိန်လုံးကို ခြေချောင်းကလေးတွေနဲ့ ကုပ်ညှပ်ယူလာပြီး ထိုင်ခိုင်းလိုက်လို့ ထိုင်ရ တဲ့အချိန်မှာ ဘယ်သူမှ မမြင်အောင်အမှတ်မဲ့ ယူပြီးဘောင်းဘီအိတ်ထဲ ထည့်လာခဲ့ တယ် တဲ့ သားရယ်'

"အဲဒီစိန်လုံး ဒက်ဒီ့ကို ပြသွားသလား။ ဘယ်လောက်ကြီးသလဲ"

မောင်တင်အုန်းက စိတ်အားထက်သန်စွာမေးသည်။

"အေး... သူအချုပ်ထဲ ရောက်နေခိုက် ဒက်ဒီက စားသောက်စရာ ကလေးတွေ သွားပို့ရင်း မေးမြန်းတာ နဲ့ သူလဲ အခုတင်က ပြောခဲ့တာတွေ အားလုံးပြောပြပြီး သူ့ အင်္ကျီချုပ်ရိုးထဲ

ထည့်ဝှက်ထားတဲ့ စိန်လုံးကို ထုတ်ပြ လို့ ဒက်ဒီမြင်ခဲ့ပါတယ်၊ ဒက်ဒီ့စိတ်ထင်တော့ ဆယ်ရတီ ကျော်မယ်ထင်တယ်"

"ဟုတ်လား စိန်က တော်တော်ကောင်းသလား ဒက်ဒီ"

"ဟာ ကောင်းတာတော့မပြောနဲ့။ ဒါလောက် ကောင်းတဲ့ စိန်မျိုး၊ အပြစ်အနာကင်းပြီး ကောင်းကင်မှာ တောက်ပ နေတဲ့ သောကြာကြယ်တို့၊ ကြားသပတေးကြယ်တို့ ဆိုတာတွေဟာ ဒီစိန်နဲ့စာရင် ဖန်ကွဲ ပုလင်းကွဲ လိုတောင် ဖြစ်သွားမယ်ထင်တယ်။ ဒါလောက်ကောင်းတယ်သား"

"ဒါဖြင့် မြတွေ ပတ္တမြားတွေလဲ ဒီအတိုင်းဘဲ ကောင်းမှာဘဲနော် ဒက်ဒီ"

"ကောင်းတယ် လို့ သူပြောသွားတာဘဲ သားရဲ့"

"သူ့သေတော့ အဲဒီစိန် ဘယ်ရောက်သွားလဲ"

"ဒါတော့ ဒက်ဒီလဲ မသိတော့ဘူး။ တာဝန်တခုနဲ့ တခြားရောက်နေတယ်ကွဲ့..."

အခိုက် အတန့် စကားပြတ်သွားပြီးနောက်-

"မေးစရာ ပြောစရာလဲ ကုန်ပါပြီသားရယ်၊ ဒက်ဒီလဲ လုပ်စရာရှိတာကလေး အစသတ်လိုက်အုံးမယ်"

အတွင်းဝန်ကြီး က ပြောပြောဆိုဆို ထသွားသည်။

"ခင်ဗျား ဘယ်လိုသဘောရသလဲ"

မောင်တင်အုန်းက ငြိမ်နေသော မောင်တင်ဦးကို လှည့်မေးသည်။

"ဘာကိုဆိုလိုတာလဲ ကိုတင်အုန်း"

"မေဂျာပိုက် ပြောစကားတွေ သူ့သေပုံတွေ ဒီစိန်ပျောက်သွားတာတွေလေ"

"ဒါကတော့ ကျွန်တော့်ကိုယ်တွေ့လဲမဟုတ်ဘူး။ ဖြစ်ခဲ့တဲ့ကာလကံရှင် ကလဲ ကျွန်တော်တို့လူမျိုးမဟုတ်ဘဲ ခင်ဗျား တို့လူမျိုးဖြစ် နေတယ်ဆိုတော့ ကျွန်တော့အနေနဲ့ ဘာမှထင်မြင်ချက်မပေးတတ်ပါဘူး ဗျာ"

မောင်တင်ဦးက အစွန်းအစလွတ်အောင် ပြောလိုက်၏။ သို့သော် သူ့စိတ်ထဲတွင်ကား မေဂျာပိုက်အဘို့ တိတ်တဆိတ် ယူလာခဲ့သော စိန်သည် မသုံးအပ် မစားအပ်သည့် ရတနာဖြစ်၍ အသက် သို့တိုင်အောင် ထိခိုက် သွားသည်ဟု စိတ်ထဲမှယူဆမိသည်။

မေဂျာပိုက် ၏ အတွေ့အကြုံနှင့် သူ့အဖေတွေ့ခဲ့ရသောအဖြစ်သည် တခုတည်းပင်ဖြစ်လေသလား။ "အ ဆက်အစပ် ရှိလေသလား" ထူးဆန်းသည်ကတော့ အမှန်ပင်ဖြစ်ရာ ဘခင်အား စုံစေ့အောင် မေးမြန်း မည် ဟု စိတ်ကူးလိုက်လေသည်။

မောင်တင်ဦး ရုံးဆင်း အိမ်ပြန်ရောက်လာသည့်အချိန်မှာ ဘခင်ဖြစ်သူ ဦးအောင်ကို အပြင်းဖျားလျက် အိပ်ရာထဲ မှာလဲနေသည်ကို မမြော်လင့်ဘဲ တွေ့ရလေတော့သည်။

"အဖေ... ဘယ်လိုဖြစ်တာလဲ၊ ဘယ်အချိန်က ဖျားတာလဲ"

မောင်တင်ဦးက စိုးရိမ်စွာမေးမြန်းရင်း စမ်းသပ်ကိုင်တွယ်ကြည့်သည်။ ဦးအောင် ၏ အသားသည် မီးခဲတ မျှ ခြစ်ခြစ် တောက် ပူလောင်နေသည်ကို တွေ့ရ၏။

"အဖေ မနက်အိပ်ရာက ထစကထဲက နေမကောင်းဘူး သား၊ ငါ့သားအလုပ်သွားရာမှာ စိတ်အနှောင့် အ ယှက် ဖြစ်နေမှာစိုးလို့ အဖေဘာမှမပြောတာ။ နေ့လယ်က သားဝယ်ထားတဲ့ ကိုဒါနင်ဆေးပြားသောက် ပြီး ချွေးအောင်း ကြည့်တယ်။ ချွေးတစက်မှ မထွက်ဘဲ အနေရဆိုးသထက်ဆိုးလာတယ်ကွယ်"

ဦးအောင်က တုန်ရီပန်းဟိုက်စွာပြောပြ၏။

"ကျွန်တော်ဆရာဝန် သွားခေါ်မယ် အဖေ"

မောင်တင်ဦးကပြောရင်း ဘခင်ကို စောင်ခြုံ ပေးခဲ့ပြီးနောက် "ခဏလေး... နော်... အဖေ" ဟုပြောကာ အိမ်ပေါ်မှလျင်မြန်စွာ ဆင်းသွား။ သူတို့အလုပ်သွားသည့်အခါ စီးနေကျကားမှတ်တိုင်မှ ငါး ပြ ခရီး အကွာတွင် ဆေးကုခန်းတခုဖွင့်ထားသည်ကို သွားရင်းလာရင် မောင်တင်ဦးကသတိထားခဲ့မိ၏။ ထို့ကြောင့် ဤဆေးခန်း ကို ရည်စူးပြီးထွက်လာခဲ့သည်။ ဆရာဝန်မှာ ဆေးခန်းတွင်

လူနာပြည့်နေက မည်သည့်နည်း နှင့်မှ ပင့်ခေါ်ရာ လိုက်မည် မဟုတ်ကြောင်း တွေးမိသောအခါ စိတ်ထဲမှာ စိုးရိမ်သွားသည်။

ဤဆရာဝန်ကိုပင့်မရလျှင် ဆရာဝန်ရှာရသည်နှင့် အချိန်နှောင့်နှေးကာ ဘခင်မှာ ဝေဒနာတိုးတော့မည် ဟု စဉ်းစားပြီး စိတ်ဆင်းရဲမိ၏။ ထိုအခိုက် လိုင်းကား က ရောက်လာသည်။ မောင်တင်ဦးက ကားအရှိန်မ သေခင် မှာ ကပျာကသီပြေးပြီး ကားပေါ်အတင်း တိုးခွေ့တက်မိသည်။

မောင်တင်ဦး တွေးထင်မျှော်လင့်သည့်အတိုင်းပင် ဆရာဝန်တယောက် ကို အိမ်အရောက်ပင့်ခေါ်ရမည် မှာ အတော်ပင် ခက်ခဲသည်ကို တွေ့ရသည်။ ညနေအချိန်ဟူသည်မှာ ဆေးတိုက်တွင် လူနာကျချိန်ဖြစ် ၍ ဆရာဝန်တွေကလည်း လာနေကျဖောက်သည်ကို အပျက်ခံပြီး အပြင်ကို မလိုက်လိုကြချေ။ ဆေး တိုက်ပိတ်ချိန် ထိ ဆိုင်းနိုင်လျှင် ဆိုင်းပါဟုသော အနူးအညွတ်ပြောပြသည်။ မောင်တင်ဦး အနေဖြင့် မ ဆိုင်းနိုင်ချေ။ တယောက်တည်း ဆေးတိုက် တကာ လှည့် ရှာသည်မှာ ညကိုးနာရီ ထိ အဆင်မပြေ၍ မောင်တင်ဦး က စိတ်ပျက်စွာ နောက်တနေ့ ဘခင်ကို ဆေးရုံတင်မည်ဟု ပြောရာ ဦးအောင်က ဆေးရုံ မတက်လိုချေ။ အငှားကားခေါ်ပြီး ဘခင်ကို ဆေးတိုက်ပို့ပြသကုရတော့မည်ဖြစ်၏။

မောင်တင်ဦး သည် ခွင့်ယူပြီး ဘခင်ကို တတ်စွမ်းသရွေ့ ကုသပါသော်လည်း ဦးအောင်သည် ဝေဒနာကို တပတ် မျှသာခံစားပြီး ကွယ်လွန်သွားရှာလေတော့သည်။ တဦးတည်းသော ချစ်ခင်တွယ်တာစရာ သံ ယောဇဉ် နှောင်ကြိုးတင်းစရာ ဘခင်ကြီး ဖြစ်၍ မောင်တင်ဦးမှာ များစွာစိတ်ထိခိုက်မိရှာသည်။ ဘခင်၏ ရှာပနာ ကိစ္စ တွင် ကြည်ကြည်နွဲ့နှင့် သူ့မိဘနှစ်ယောက်စလုံး နေ့ရောညပါ လာရောက်ကူညီအားပေးကြ သည်။ ရက်လည် ဆွမ်းကျွေး ပြီးသောအခါ ကြည်ကြည်နွဲ့၏မိခင်က မောင်တင်ဦးကို ပွင့်ပွင့်လင်းလင်း ပင် ပြောသည်။

"မင်းတယောက်ထဲ နေရေး စားရေးမှာ အဆင်ပြေမယ်မဟုတ်ဘူး၊ ပူဆွေးနေလို့လဲ မင်းအဖေက ပြန် လာမှာ မဟုတ်တော့တာကိုလဲ စဉ်းစားအုံး မောင်တင်ဦးရဲ့၊ ဒီတော့… ဒီတော့… မင်းလဲစိတ်ပြေ လက် ပျောက်ဖြစ်၊ နေရေး စားရေးလည်း အဆင်ပြေသွားအောင် ကြည်ကြည့်နွဲ့နဲ့ လက်ထပ်ပေါ့ကွယ်။ ကြီး ကြီး ကျယ်ကျယ်ကြီး ချဲ့နေဘို့လဲ မလိုပါဘူး။ လက်ထပ်ပြီးရင် ဒီမှာဘဲ အားလုံး စုစုရုံးရုံး နေကြမယ် ဆိုရင် မင်းအဘို့ လဲ အလွမ်းပြေနေသာသွားတာပေါ့ မဟုတ်ဘူးလား"

ဒေါ်ကြည်၏ စကားကို မောင်တင်ဦးက အတိုက်အခံမပြုဘဲ …

" ဒါက ကျွန်တော်နဲ့ ကြည်ကြည်နွဲ့ နှစ်ယောက်စလုံး စိတ်ချမ်းသာမှု ဖြစ်အောင် ကျွန်တော်တို့လူငယ်ချင်း တိုင်ပင်ပါရစေ အုံး ဒေါ်ဒေါ်"

ဟု မယုတ်မလွန် အဖြေပေးလိုက်သည်။

ထို့ကြောင့် သပိတ်ဝင် အိတ်ဝင် ဖြစ်တော့မည့် သမက်လောင်းအား စိတ်တိုင်းကျဖြစ်စေရန် ဒေါ်ကြည်က သူ့သမီး ကြည်ကြည်နွဲ့ နှင့် လွတ်လပ်စွာ တိုင်ပင်စေသည်။

" နွဲ့အမေ အစီအစဉ်တွေကို နွဲ့သိပြီးပြီပေါ့ ဟုတ်လားနွဲ့"

မောင်တင်ဦးက စတင်စကား ကြောင်းပေး၏။

" အမေ ဘာဘဲ စီစဉ်စေကာမူ အပူသောက ဖြစ်နေတဲ့ ကိုဦးကို နွဲ့ငဲ့ညှာပါတယ်၊ ကိုဦးစိတ်ချမ်းသာမှုသာ စဉ်းစားပါ၊ ကိုဦးစိတ်ထဲမှာ ရှိတဲ့ အစီအစဉ်ကို ပွင့်ပွင့် လင်းလင်းပြော နွဲ့လိုက်လျောသင့်ရင် လိုက်လျောမယ် အမေ့စကားမှ အမေ့စကားဆိုတဲ့ တဖက်သတ်စိတ် နွဲ့မှာ မရှိပါဘူး"

ကြည်ကြည်နွဲ့က တကယ် စစ်မှန်သော စိတ်စေတနာဖြင့် ပြောသည်ကို ကြားရသောအခါ မောင်တင်ဦးက ကြည်ကြည်နွဲ့အပေါ် အချစ်ပိုလာမိသည်။

" ကိုဦီစးကလည်း မတရား မစီစဉ်ပါဘူး နွဲ့ရယ်၊ နွဲ့အပေါ်မှာ သစ္စာရှိတယ်ဆိုတာ နွဲ့ယုံတယ်ဟုတ်လား"

" ယုံပါတယ် ကိုဦး"

" တလခွဲ နှစ်လ လောက်တော့ ဆိုင်းချင်သေးတယ်နွဲ့ရယ်"

" တလခွဲမဟုတ်ပါဘူး ကိုဦး စိတ်ချမ်းသာသလိုသာနေပါ။ တစ်နှစ်ခွဲနေဆိုလည်း နွဲ့နေမယ်။ ကိုဦးသစ္စာ ရှိသလို သစ္စာရှိပါတယ်"

" တစ်နှစ်ခွဲ မနေပါဘူး၊ နွဲ့တို့မိသားစု စီးပွားရေးအခြေအနေလည်း ကိုဦးသိပါတယ်။ ကိုဦးပြောတဲ့ တလခွဲ နှစ်လဆိုတာ အခု ဝါမဝင်ခင် ဖြစ်နိုင်တာပေ့ါ"

" ကိုဦး သဘောပါ "

" နောက် တခု .... ကိုဦး ပြောချင်တာက နွဲ့ ဘယ်လိုမှလည်း မအောက်မေ့နဲ့၊ နွဲ့အမေက ဒီအိမ်မှာ အားလုံး လာစုပြီး နေမယ်တဲ့ ... အဲဒါ "

မောင်တင်ဦးက စကားဆက်ရန် ခက်သဖြင့် တပိုင်းတစ ရပ်ထားသောအခါ ကြည်ကြည်နွဲ့က မောင်တင်ဦး ပြောမည့် စကားကို ရိပ်မိသည်။ သူ့မိဘတွေ အကြောင်းကိုလည်း ဖုံးဖိ ကာကွယ်ပြော၍ အကြောင်းမထူး သဖြင့် ရှင်းရှင်းပင်ပြော၏။

" အဖေ အရက်သောက်တတ်တဲ့အတွက် ကိုဦး အတူမနေချင်ဘူးလို့ ပြောမှာဟုတ်လား"

"နွဲ့စိတ်ဆိုးလား"

"မဆိုးပါဘူး၊ ဟုတ်တယ် ... အဖေ့ကြောင့် နွဲ့လည်း စိတ်ညစ်တယ်။ ကြိုက်တတ်လို့သောက်ရင် ကိုယ့် ဘာသာ တယောက်ထဲ ရှင်းရှင်းမသောက်ဘူး၊ အဖော် အပေါင်းတွေပါ အိမ်ခေါ်လာ သမီးပျိုလေးနဲ့ မသင့် တော်ဘူး၊ ဒါကြောင့် ကိုဦး အတူမနေချင်တာ နွဲ့ အပြစ်မတင်လိုပါဘူး"

ကြည်ကြည်နွဲ့က စိတ်ညစ်သော လေသံဖြင့်ဆိုသည်။

" နွဲ့အခုလို စေတနာမှန်အတိုင်း ကိုဦးကို ခွင့်လွှတ်တာ ဝမ်းသာပါတယ် နွဲ့ရယ်၊ အဲဒီတော့ ... လက်ထပ် ပြီးရင် နွဲ့ မိဘ ကို ငွေငါးရာ ကန်တော့မယ်၊ လစဉ် တလတရာ ထောက်ပံ့တာပေ့ါ၊ ကိုဦးနဲ့ နွဲ့ကတော့ ဒီအိမ် မှာဘဲ နှစ်ယောက်ထဲ ရှင်းရှင်း နေရအောင်နော် "

မောင်တင်ဦး၏ အစီအစဉ်မှာ မျှတ၍ ကြည်ကြည်နွဲ့ ကန့်ကွက်စာမမြင်ချေ၊ သူကိုယ်တိုင်ပင် သူ့အဖေ အရက်သမားနှင့် အတူမနေလိုပါလျှင် သားမက်ဖြစ်သူသည် မည်သည့်အတွက် အတူနေလိုပါမည်နည်း။

" ကိုဦး စီစဉ်တာ ကောင်းပါတယ်၊ ဒါ အတည်ပြုပြီနော် ကိုဦး"

" အတည်ဘဲနွဲ့၊ ကိုဦး ကတိမဖျက်ပါဘူး"

" ဒါဖြင့် နွဲ့ပြန်ပြီး အဖေနဲ့အမေကို ပြောပြအုံးမယ်"

ကြည်ကြည်နွဲ့က ပြောပြော ဆိုဆိုဖြင့် မောင်တင်ဦးကို နှုတ်ဆက်ပြီး ပြန်သွားသည်။

" အေး … နင်ပြောတဲ့အတိုင်း ငွေငါးရာလဲပေး နောက် တလ တရာလဲ မှန်မှန်ထောက်မယ် ဆိုရင်တော့ မဆိုးပါဘူးလေ၊ နင်ကရော သုံးကျပ် ဆယ့်ငါးပြားနဲ့ ဆက်လုပ်အုံးမှာလား"

ကြည်ကြည်နွဲ့ ပြောစကားကို ဇနီးဖြစ်သူ ဒေါ်ကြည်မှ တဆင့် သိရသော ဦးသာညွန့်သည် အရက်မူးမူးဖြင့် သမီးကို ကိုယ်တိုင်ပင် မေးမြန်းနေလေသည်။

" သူက ဘာပြောအုံးမယ် မသိသေးဘူး အဖေ၊ အိမ်မှာနေလို့ဘဲပြောမလား ဆက်လုပ်ခိုင်းမလား မသိ သေးဘူး"

ကြည်ကြည်နွဲ့က ဖခင်ကို မျက်နှာပူပူဖြင့် ပြန်ပြောရလေသည်။

" အောင်မာ နင်က ခုကဘဲ သြဇာနာခံနေရပြီလား၊ နင်ကြောက်နေရပြီလား"

ဦးသာညွန့်က ဖခင်ဖြစ်လျှက် မပြောသင့်သော စကားကို မူးမူးရူးရူးဖြင့် ပြောရာ ကြည်ကြည်နွဲ့က ဘာပြန် ပြောရမှန်းမသိ၍ နှုတ်ဆိတ်စွာဖြင့် ဦးခေါင်းငုံ့နေသည်။ ဦးသာညွန့်က ဇနီး ဒေါ်ကြည်ဘက်လှည့်ပြီး ပြော၏။

" ဘယ်လိုလဲကွဲ့ မယ်ကြည်၊ နင့်သမီး ဦးကျိုးလှချည့်လား"

ဤတွင် ဒေါ်ကြည်တစခန်းထ၏။

" ဟုတ်သားဘဲ သမီးရယ် ... ညည်းက မပိုင်သေးခင်ကဘဲ သူ့ သဘောလိုက်လျော အလျှော့ပေးနေရပြီ ဆိုတာတော့ မဟုတ်ဘူးအေ့၊ အခု ဒို့မိသားစု နေကြရတာ အိမ်ပိုင်မဟုတ်ဘူး။ ငှားနေရတယ်။ အိမ်လခပေး နေရတော့ နေရေး စားရေးမှာ ထိသင့်သလောက် ထိသွားတယ်။ ဒါကြောင့် ငွေပိုငွေလျှံ လေးသုံးရမလားလို့ အတူနေမယ်ဆိုတာလဲ လက်မခံဘူး။ သူ့အိမ်ပေါ် ဒို့မတက်ရဘူးပေါ့၊ ဒါလဲ ဒို့လျှော့ပေးခဲ့တယ်။ သူစီမံသမျှ ဘဲလို့ ငါ့သမီးလိမ္မာရင် လက်ထပ်ပြီးတယ်ဆို မလှုပ်သာအောင် ဇီကုပ်ထားဘို့သင့်ရက်နဲ့ အခုညည်းက မယူခင်ကဘဲ လျှော့နေပြီဆိုတာ ခံပြင်းဘို့ကောင်းလို့လေ။ ညည်းလင်အိမ်ပေါ်ကို ဒီအဖေအမေ ဒီတသက် ဘယ်တော့ တက်ရမလဲဟင် ပြောစမ်း"

ဒေါ်ကြည်က သူဖြစ်စေချင်တာကို ပွင့်ပွင့်လင်းလင်း ဝင်ပြောကာ သမီးကို အားမရဟန်ဖြင့် မျက်စောင်းခဲ ကြည့်လိုက်၏။ ကြည်ကြည်နွဲ့သည် ရုတ်တရက် ဘာမှ ပြန်မပြောဘဲ ဦးခေါင်းစိုက်နေ၏။ ထိုအခိုက် လေး ထစ်မျှရှိသော အိမ်ပေါ်တက်သည့် လှေကားကလေးမှ တစုံတဦး ချော်လဲလိမ့်ကျသံ၊ ပုလင်းကွဲသံ၊ ဖခင် ဦးသာညွန့်၏ ဒေါသတကြီး တိုင်းထွာဆဲဆိုလိုက်သံကြောင့် လန့်သွားသည်။ လျှေကားဆီသို့ လှမ်းကြည့် လိုက်သည်။ ကြည်ကြည်နွဲ့တို့ မောင်နှမထဲမှ အသက် ဆယ့်နှစ်နှစ်အရွယ် မောင်ငယ်တစ်ယောက် ဖခင် ဦးသာညွန့်အတွက် အရက်သွားဝယ်ရာမှ ပြန်အလာ ခနော်ခနဲ့ လှေကားထစ်က စောင်းသွား၍ လိမ့်ကျလဲ

သွားသည်။ ဝယ်လာသော အရက်ပုလင်းက လေ့ကားရင်းများ စီထားသည့် ကျောက်ခဲတွေပေါ် လွတ်ကျကာ ကွဲသွားသည်။

ဖခင်ဦးသာညွန့်က တိုင်းထွာ ဆဲဆိုပြီး ကပျာကသီထသွားသည်။ လဲကျသောသားငယ်ကို နာကြင်ထိခိုက်မှု ရှိမရှိ မေးမြန်းခြင်းမပြုဘဲ ကွဲသွားသော အရက်ပုလင်းအတွက် နှစ်မြောခြင်းကြီးစွာဖြင့် လဲရာမှ ကုန်းထနေသော သားငယ်ကို ခြေဖြင့်ကန်သည်။ လက်သီးဖြင့် ထိုးသည်။

" သောက်သုံးမကျတဲ့အကောင်၊ ဒီအသက်အရွယ်ကလေးနဲ့ သေခါနီးနေလို့ ခြေမခိုင် လက်မခိုင်ဖြစ်ရသ လား၊ ငါအခု ဘာသောက်ရမလဲ သေဟာ-သေဟာ"

အသံကျယ်ကျယ်ဖြင့် မြည်တွန်ရေရွတ်ရင်း ကန်ကျောက်ထိုးကြိတ် ရိုက်နက်နေသောအသံ၊ သားငယ်၏ ကြောက်ရွံ့ နာကြင်စွာ တောင်းပန်ငိုကြွေးသံ၊ အငယ် ဘုစုခရုတွေက ထိတ်လန့်စွာ ပြေးပုန်းသူကပုန်း၊ ငိုသူကငို ပွတ်လောရိုက်သွားသည်။

" ခလေးသေတော့မှာဘဲ တော်ပါတော့ ကိုသာညွန့်"

ဒေါ်ကြည်က သူ့ကို လာဖက်တွယ်ထားသော လေးနှစ်အရွယ် အငယ်ဆုံးခလေးကို ပွေ့ထားရင်းအော်၏။

" တော်စေချင်ရင် မင်းအိတ်ထဲက ပိုက်ဆံထုတ် အစားဝယ်ပေး... "

ဦးသာညွန့်က ချစ်မယားဘက်လှည့်ပြီး အောက်ခိုက်မှာ အရိုက်ခံရသော ခလေးက ပြေးထွက်သွားကာ မည်သည့်နေရာမှာ သွားပုန်းသည်မသိ၊ ကိုယ်ရောင်ပျောက်သွား၏။

" ဂန်းဒါမ နင်လှည့်ပြောနေတာနဲ့ ဟိုသေနာလေး ဘယ်ရောက်သွားမှန်းမသိဘူး" ဦးသာညွန့်ကဆို၏။

" ကောင်းတယ် ... "

ဒေါ်ကြည်က စူဆောင့်သောလေသံဖြင့် တုန့်ပြန်၏။

" ထုတ် နင့်အိတ်ထဲက ပိုက်ဆံထုတ်၊ အခုသွားဝယ်ပေး။ ငါခိုင်းတာမလုပ်ရင် အားလုံးသေကြဘို့ပြင် "

ဦးသာညွန့်က အရက်မာန်ဖီလေပြီး သောက်ချိန်တန်၍ မသောက်ရလျှင် ဘာကိုမှ ငဲ့ညှာထောက်ထားခြင်း မရှိဘဲ သူ့စိတ်ထင် ရာ ကို အရှူးသဖွယ် မဆင်မခြင် လုပ်တတ်ကြောင်း မိသားစု အားလုံးသိ၏။

" အောင်မယ်လေး ... စိတ်ဆင်းရဲလိုက်တာဟဲ့နော် ... ဘယ်တော့များမှ ငါဒီဝဋ်က ကျွတ်ပါ့မလဲ၊ ရော့ဟဲ့ ပိုက်ဆံ သွားဝယ်လိုက်ကြစမ်း၊ မသောက်ရရင် အားလုံးမသာပေါ် ကုန်ကြတော့မယ်"

ဒေါ်ကြည်က သံကုန်ဟစ်ကာ ချွေးခံအင်္ကျီအိတ်ထဲမှ နွမ်းညစ်သော တကျပ်တန်စက္ကူ လေးသုံးရွက်ကို လုံး ချေပြီး ဦးသာညွန့်ရှေ့သို့ ပစ်ပေးလိုက်သည်။

အရှက်အကြောက် ဆိုသည်ကို နားမလည်သည့် အလား အိမ်နားနီးချင်းကိုမှ အားမနာ အဝီစိပွတ်သလို ကြွက် ကြွက်ဆူ နေကြသော မိဘညီအစ်ကို မောင်နှမတွေကို ကြည်ကြည်နွဲ့ က စိတ်ပျက်စွာကြည့်ရင်း သက်ပြင်းချကာ မီးဖိုခန်းကလေးထဲသို့ ဝင်လာခဲ့သည်။

" ကိုဦးက အတူမနေဘူးဆိုတာ ဘာမှ စိတ်ဆိုးစရာ အပြစ်တင်စရာမရှိဘူး၊ ဒီလို အိမ်သားတွေနဲ့ ဘယ်လူ စိမ်းက နေချင်တာလဲ။ ကိုဦးဆီလာတဲ့ ဧည့်သည်တွေက အေးဆေးတည်ငြိမ်တဲ့လူတွေ၊ သူ့သားမက်အနေနဲ့ စိတ်ညစ်မှာ ရှက်မှာမပြောနဲ့ ငါ့သမီးအရင်းတောင် စိတ်ကုန်မိတာဘဲ"

ကြည်ကြည်နွဲ့က စိတ်ထဲမှ မသက်မသာတွေးရင်း ငပိရေကျိုရန် ပြင်ဆင်နေဆဲဝယ် အပြင်ဘက်မှ ဖခင် ဦးသာညွန့်၏ ဒေါ်သကြီးစွာ ဟစ်အော်ပြောလိုက်သော အသံက နားထဲစူးဝင်လာသည်။

" တောက် အခုနေများ သိန်းဆုတွေ ပေါက်လိုက်ရင်လား အရက်အကောင်းစားကို အားရပါးရ သောက်မယ် ကွ၊ ခုလို မသဒ္ဓါရေစာ ပေးတဲ့ အရက်ဖိုး ခြေနဲ့ ကန်ပြီး လွှင့်ပစ်မယ် နားလည်လားမိကြည်။ ဟိုကောင် မလေးလဲ သတိထားနေ ငါထီပေါက်လို့ သူဌေးဖြစ်ရင် နင့်ကို ဩဇာပေး အထက်စီးက နေတဲ့ နင့်အကောင် နဲ့ ပေးစားမယ်မှတ်သလား၊ အသိမိတ်ဆွေသားထဲက ခေါင်းခေါက်ရွေးပြီး ပေးစားမယ်"

အရက်မှာန်ဖိနေသော ဦးသာညွန့်က ဇနီးနှင့်သားသမီးကို အလွန်မှတ်သားဖွယ်ကောင်းသော စကားဖြင့် ကြိမ်းမောင်း သတိပေး၏။ ကြည်ကြည်နွဲ့၏ စိတ်ပျက်ခြင်းကား ပြောဖွယ် မရှိတော့ပေ။

------------------

## အခန်း (၃)

နောက်တစ်နေ့ဆိုလျှင် ခွင့်ရက်စေ့ပြီဖြစ်၍ မောင်တင်ဦး အလုပ်သွားရတော့မည်ဖြစ်၏။ အိမ်စောင့်သူ မရှိ တော့ပြီဖြစ်၍ မောင်တင်ဦးက အိမ်တံခါးများကို စေ့စပ်သေချာစွာ စစ်ဆေးကြည့်ရှုပြီး ပြင်သင့်သည်ကို ပြင် သည်။ လုံးဝ ဖွင့်မရအောင် သံဖြင့် အသေပိတ်သင့်သည့်တံခါးကို ပိတ်သည်။ အိမ်တွင်း ပစ္စည်းများကို သေသပ်စွာ သိမ်းဆည်းသည်။ တယောက်တည်း သွက်လက်စွာ လုပ်ကိုင်နေရာ အပြင်ခန်းတွေမှာ အားလုံး နေရာ တကျ ဖြစ်သွား၏။ မိဘနှစ်ပါးအိပ်သော အိမ်ခန်းကိုသာ ပြုပြင်သိမ်းဆည်းရန် ကျန်တော့၏။

မောင်တင်ဦးက ထိုအခန်းထဲဝင်လာသည်။ မိခင်၏ ပစ္စည်းများ သိမ်းဆည်းရန် မလိုတော့ချေ။ သိမ်းထားခဲ့ သည်မှာ ငါးနှစ်ပင်ကျော်ခဲ့ပြီ။ ဘခင်၏ အသုံးအဆောင် အင်္ကျီလုံချည်လေးများကိုသာ သိမ်းဆည်းရမည်ဖြစ် ၏။

" အဖေ တပိုင်းတစ ပြောခဲ့တဲ့ အတ္ထုပ္ပတ္တိနဲ့ မေရာဝိုက် အတွေ့အကြုံဟာ ဆက်စပ်မှုရှိတယ်ထင်တယ်၊ အဖေကလည်း ဆုံအောင် ပြောမသွားနိုင်ဘူး။ ငါကလည်း မေးဘို့ အချိန်မရလိုက်ဖူး၊ ရေးမှတ်ထားတာ ကလေး များ ကျန်ရစ်ခဲ့မလား မသိဘူး။

မောင်တင်ဦးက သိမ်းရင်းဆည်းရင်း တွေး၏။ ဖခင်၏ အဝတ်ထည့်ရာ ရေးဟောင်းပုံစံ ကျွန်းသေတ္တာကြီးထဲ မှ ရွှေတို ရွှေစ ငွေကြေးထည့်ရန် ပြုလုပ်ထားသည့် အံဝှက်ကို ဖွင့်ကြည့်လိုက်သည်။ ရှေးဟောင်းငွေဒင်္ဂါး အနည်းငယ်၊ အမေရိစဉ် ဝတ်ခဲ့သော လက်ဝတ်လက်စား၊ ရွှေသုံးလေးကျပ်သားလောက် နှင့် ဒိုင်ယာယီ စာအုပ်ဟောင်း ကလေးကိုသာ တွေ့ရသည်။ မောင်တင်ဦးက စာအုပ်ဟောင်း ကလေးကို အဆောတလျှင် ကောက်ယူ လိုက်ရာ အဖုံး နှင့် စာရွက်တွေမှာ တပိုင်းတစစီပြုတ်ထွက်ပြန့်ကျဲ သွားလေသည်။ မောင်တင်ဦး သည် စုတ်သပ်ကာ စာရွက်ကလေးတွေကို လိုက်ကောက်၏။ စာရွက်ကလေးတွေကား အကိုင်မခံ နိုင်အောင်ပင် ဆွေးရိနေသည်။ မောင်တင်ဦးက သေချာစွာ စစ်ဆေးကြည့်၏။

စာရွက်တွေ ဆေါ်းရိ သည်မှာ နှစ်ပရိစ္ဆေဒ ကြာညောင်းသည့်အတွက် ဆွေးရိခြင်းမျိုးမဟုတ်ဘဲ စာအုပ်ကလေးတအုပ် လုံး ရေထဲမှာ ကြာရှည်ထားခံရ၍ ရေနှူးပြီး ရိနေသည်ကို ပြန်လည် အခြောက်ခံသည့် သဘော လက္ခဏာမျိုး ဖြင့် ရိနေခြင်းဖြစ်သည်ဟု မောင်တင်ဦးယူဆ၏။ ထိုယူဆချက် မှန်ကန်ကြောင်း ကလည်း အထင်အရှား သက်သေပြနေသည်။ စာရွက်ပေါ်တွင် ရေးမှတ်ထားသော စာလုံးတွေမှာ လုံးဝ မရှိတော့ဘဲ ခပ်ပြာပြာ မှေး မှိန်သော အရောင်သည်သာ မညီမညာ ငါးကြေးကွက်လို ပြန့်ကျဲနေသည်ဖြစ်ရာ ရေစိမ် ထားသည့်အတွက် စာလုံးတွေပျက်၊ မင်အရည်ပျော်ပြီး စွန်းထင်းကျန်ခဲ့သည့် အကွက်တွေသာ ဖြစ်ကြောင်း ထင်ထင်ရှားရှားပင် သိနိုင်ပေသည်။

မောင်တင်ဦးသည် ပြင်းပြစွာ သိလိုသောဆန္ဒ၊ မရိုတင်ကဲစိတ်ဖြင့် စာရွက်ကလေးတွေကို တရွက်ချင်း သေ သေချာချာ စေ့စပ်စွာ ကြည့်၏။ စာလုံးအရာထင် ကျန်ရစ်လျှင် ကြိုးစားတတ် ကြည့်ခြင်းဖြင့် အစုံအလင် မဟုတ်စေကာမူ တစွန်းတစ လောက်တော့ သိရပေလိမ့်မည်ဟု မြော်လင့်သည်။ သို့သော် တရွက်မှ စာလုံး မထင်၍ စိတ်ပျက်စွာ လက်လျှော့တော့မည့် ဆဲဆဲဝယ် ပူးကပ်နေသော စာရွက်နှစ်ရွက်ကို အလင်းရောင် မှာ ထောင်ကြည့်လိုက်သောအခါ ကြိုးစားတတ်လျှင် ရနိုင်ကောင်းသော စာလုံးအရာများ ထင်ကျန်ရစ်သည် ကို တွေ့ရ၏။

မောင်တင်ဦးသည် အားတက်ဝမ်းမြောက်စွာဖြင့် စိတ်ရှည်ရှည်ထားပြီး ကပ်နေသော စာရွက်နှစ်ရွက်ကိုခွာ သည်။ အချိန်အတော်ကြာကြာ ခွာယူမှ စာရွက်ကလေး နှစ်ရွက်က ကွာသွား၏။ ထင်ကန်ရစ်သော လက် ရေးစာလုံး နေရာများကို စိတ်ဝင်စားစွာဖြင့် ကြိုးစားဖတ်ရှုသောအခါ ဤသို့ အဓိပ္ပါယ် ပေါ်လာသည်။

" တောင်ထိပ်ပေါ်မှာ ရောင်ခြည်တော် ကွန့်မြူးနေသော ရွှေဆင်းတုတော်ကို ဖူးရသည်မှာ တောက်ပလွန်း၍ မျက်စေ့ မဖွင့် ...

ဤမျှသာ ဘတ်၍ရနိုင်သော်လည်း မောင်တင်ဦးသည် အသေအချာ သိလိုက်ရလေပြီ။ မေရှာဝိုက်ရှူး၍ ပြော ခြင်းမဟုတ်ဘဲ၊ မယုံနိုင်အောင် ထူးဆန်းအံ့သြဖွယ် အဖြစ်များသည် အမှန်တကယ်ဖြစ်ကြောင်း၊ ထိုနေရာ ဒေသသည် အမှန်တကယ်ရှိကြောင်း စဉ်းစားမိသောအခါ မောင်တင်ဦးများစွာ စိတ်ဝင်စားမိ၏။

မေဂျာဝိုက် ရောက်ခဲ့သော နေရာသို့ သူ့အဖေ ဦးအောင်ရောက်မည်မှာ အမှန်ဖြစ်ပေလိမ့်မည်။ မေဂျာဝိုက်ကဲ့သို့ပင် သူ့ အဖေသည်လည်း ဆင်းတုတော်ကို အနီးကပ် ဖူးတွေ့ခဲ့ရလေသလား မေဂျာဝိုက်၏ စစ်သားများ ထူးဆန်း စွာ ပျောက်ကွယ်သည်။ အဖေနှင့် အတူပါသော ဂျပန်လေးယောက်ကား မည်သို့ ဖြစ်သွား သနည်း။ အဖေ သည် ဤထူးဆန်းသည့်နေရာမှ မည်ကဲ့သို့သောနည်းဖြင့် တပ်မတော်သို့ ပြန်လည် ရောက်ရှိ ပါသနည်း။ ဤ ဒိုင်ယာရီ စာအုပ်ကလေးမည်သည့်အတွက် ရေစိုပျက်စီးခဲ့ရသနည်း။ နှစ်ပေါင်း အစိတ် ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်၍ ဤနေရာ ဤဒေသသည် တည်ရှိနေသေးသလား ရွှေ့လျော ပျောက်ကွယ် သွားလေပြီလား။

မောင်တင်ဦးသည် စိတ်ဝင်စားစွာ တွေးရင်း အလွန်ပင် ကြည်ညိုဖွယ် ကောင်းမည်ဖြစ်သော ရွှေဆင်းတု တော်ကြီး ကို မျက်စိထဲမှာ မြင်ယောင်လာသည်။

" နက်ဖန်ရုံးရောက်ရင် အန်ကယ်နဲ့ ကိုတင်အုံးကို ပြောပြရမယ်"

မောင်တင်ဦးက တကိုယ်တည်း ပြောရင်းရှင်းလင်းသိမ်းဆည်းဖွယ်ရှိသည်ကို လျင်လျင် မြန်မြန်ပင် လက်စ သတ် နေလိုက်လေသည်။

ဘခင် မကျန်းမမာ ဖြစ်သည့်နေ့မှစ၍ ခွင့်ရက်ရှည်ယူထားခဲ့သော မောင်တင်ဦးသည် ခွင့်စေ့၍ ရုံးပြန်တက် သည့် နေ့တိုင် ပျက်ကွက်ခဲ့သောရက်မှာ လဝက်တိတိ ဆယ့်ငါးရက်တိုင်

အောင်ပင်ဖြစ်သည်။ ရှုံးခန်း နှင့် ဆယ့်ငါးရက် တိုင် ကင်းကွာခဲ့သော မောင်တင်ဦးသည် သူ့အလုပ်စားပွဲကို ရှာမတွေ့ဘဲ ဖြစ်နေသောအခါ တော်တော်ပင် အံ့အားသင့်သွား၏။ သူ့အလုပ်ပျက်သည်မှာ ရက်ရှည်နေ၍ စားပွဲကို သိမ်းထားလေသလား ဟုတွေးမိ၏။ ထိုအခါ နောက်ကျောဘက်မှ လူတယောက် အရိပ်ကို မြင်သဖြင့် လှည့်ကြည့်လိုက်၏။

" ဟော ကိုတင်ဦးပါလား ခင်ဗျား ရုံးတက်ဖို့ လာတာလား"

သူ့နောက် ရောက်နေသူမှာ မောင်တင်အုံးဖြစ်သည်။ မောင်တင်အုံးက ဝမ်းသာဟန်ဖြင့် သူ့ပုခုံးဘက်ပြီးပြော ၏။

" ခင်ဗျား အဖေကိစ္စ ဖြစ်ချိန်က မလာရတာ ခွင့်လွှတ်ပါ ကိုတင်ဦး"

ထိုအခါ မှ ရုံးအလုပ်စားပွဲ ပျောက်နေ၍ စဉ်းစားမရဖြစ်နေသော မောင်တင်ဦးက စကားပြန်ပြောသည်။

" ကိစ္စမရှိပါဘူး ကိုတင်အုံး အန်ကယ်လ် ရော နေကောင်းတယ်နော်"

" အော်-ဒက်ဒီပြန်သွားပြီလေ၊ ခင်ဗျားမသိဘူးလား"

မောင်တင်အုံးကဖြေ၏။

"မသိဘူး ကျွန်တော့်အဖေ ကိစ္စကြောင့် ရုံးမတက်နိုင်တာ နှစ်ပတ်တိတိဘဲ ဒီနေ့မှလာတာ ကျွန်တော် စားပွဲပျောက်လို့ ရှာနေခိုက် ခင်ဗျား ရောက်လာတာဘဲ၊ ------- လောက်ကြာကြာ နေမလဲ ကိုတင်အုံး အိမ် သား တွေပါ အားလုံးပါသွားပြီလား"

မောင်တင်ဦးက သူသိချင်သည်များကို မေးလိုက်၏။

" အော် ... ခင်ဗျား တကယ့်ကို ဘာမှ မသိသေးဘူးနော် "

မောင်တင်အုံးက ကြောင်နာသော မျက်လုံးဖြင့် ကြည့်ပြီးပြောသည်။

" ဘာတွေများ ဖြစ်ကုန်လလို့လဲဗျာ ကျွန်တော် ဘာမှမသိတာ အမှန်ဘဲ"

မောင်တင်ဦးက အံ့အားသင့်ဟန်ဖြင့် မေး၏။

" ဒီမှာ ကိုတင်ဦး ကျွန်တော့် အဖေ အတွင်းဝန်ကြီး က ခင်ဗျားကို အလုပ်ခန့်တဲ့အချိန်က ခင်ဗျားတို့ တိုင်းရင်း သား အစိုးရ အမှုထမ်းများလို အမြဲတမ်းခန့်မယ်လို့ ငှားတာမဟုတ်ကြောင်း၊ အလုပ်ကိစ္စ ပြီးစီးလို့ မလို အပ် တော့ဘူး ဆိုရင် ခင်ဗျားအနေနဲ့ အခြားအလုပ်တစ်ခုကို ရှာဖွေ ကူးပြောင်းနိုင်ကြောင်း ပြောခဲ့တာ မှတ်မိလား ကိုတင်ဦး"

" မှတ်မိပါတယ် "

မောင်တင်ဦးက အဖြေပေးသည်နှင့်အတူ ရင်ထဲမှာ ပူလာသည်။ သူ့ရုံးအလုပ်စားပွဲက မရှိတော့ပြီကို ပြန်တွေး လိုက်၏။

" အားတော့နာပါတယ်ဗျာ၊ ကျွန်တော့် အဖေက ခင်ဗျားအတွက် ဆုအဖြစ် ငွေတစ်ထောင်ပေးထားခဲ့ပြီး ပြန် သွားပြီလေ၊

ပြန်စရာအကြောင်း ပေါ်လို့ အပြီးပြန်သွားတယ်။ ခင်ဗျား စားပွဲပျောက်တာ ဘယ်တော့မှ ပြန် တွေ့မှာ မဟုတ်ဘူး၊ မရှာပါနဲ့တော့ ---------------- လိုဆယ်တန်းမျှအောင်သူ တယောက် အဘို့ ရခဲလှသော တလသုံးရာဝင်ငွေရှိသည့် အလုပ်တခု လက်လွှတ်ဆုံးရှုံးရသည့်အတွက် လွန်စွာ နမြောမိသည်။ သို့ သော် စိတ်ကို တင်းထားနိုင်သည့် အတွက် မျက်နှာပျက်ခြင်း အသံတုန်ခြင်းကား မဖြစ်ပေ၊ အေးဆေးသော အသံမှန် ဖြင့်ပင် ပြန်မေး၏။

" ခင်ဗျားက ဘာ့ကြောင့် နေရစ်ခဲ့တာလည်း ကိုတင်အုံး"

မောင်တင်အုံး က ပြုံးရယ်လျက်ဖြေ၏။

" မေရှာဝိုက်တွေ့လာခဲ့တဲ့ ထူးဆန်းသော ကမ္ဘာလေးနဲ့ အံ့သြစရာကောင်းတဲ့ ဗုဒ္ဓရုပ်တုကိုရှာချင်တယ်လေ။ ဒါကြောင့် နေခဲ့တာ"

" ဘယ်လိုသဘောလဲ ရတနာသိုက်လိုက်မယ့် စိတ်ကူးလား"

မောင်တင်ဦးက မေးသည်။

" ကျွန်တော်က သူများ ကိုးကွယ်ရာကို ဖျက်ဆီးလိုတဲ့ စိတ်မရှိပါဘူး။ ကျွန်တော် စာရေးဝါသနာပါတာ ခင်ဗျား သိတယ်ဟုတ်လား၊ ထူးဆန်းအံ့သြစရာ အတ္ထုပ္ပတ္တိတခု တိမ်မြုပ်နေတယ်လို့ ယူဆမိတယ်။ ဒါကို အသေအချာလေ့လာစူးစမ်းပြီး ကမ္ဘာသိအောင် ရေးချင်တယ်လေ။ ----- နေရာကို အရောက်သွားပြီး လေ့လာ

နိုင်မယ်ဆိုရင် ---------- ရဲ့ ပျောက်သွားတဲ့ စစ်သားတွေ ဘယ်လိုအဖြစ်မျိုး ----------- သွားတယ် ဆိုတာပါ သိခွင့်ရမယ်လို့ ယုံကြည်တယ်"

မော်တင်အုံးက စကားရပ်ပြီး ----- လိုနားနေလိုက်၏။ မောင်တင်ဦးကမူ ငြိမ်သက်နေသည်။

မောင်တင်အုံးက ဆက်ပြောသည်။ ----------

" မေရျာဝိုက်တို့ကို လေယာဉ်နဲ့ ----------- ယာဉ်မှူးတွေထဲက ဒက်ဒီနဲ့ ခင်တဲ့ လေယာဉ်မှူးကြီးဆီက သဲလွန်စ ရလိုက်သေးတယ်ဗျ"

" ဘယ်လိုသဲလွန်စမျိုးလဲ"

" သူတို့လေယာဉ်ပျံကို သစ်ပင်ထူတဲ့ နေရာဆို သစ်ပင်လွတ်ရုံ၊ တောင်ရှိတဲ့ နေရာဆို တောင်ထိပ် လွတ်ရုံ၊ တခါတလေ တောင်ကိုပတ်လို့ ရရင် ခါးလယ်လောက်က ပတ်ပြီး နိမ့်နိမ့်ဝဲ ကြည့်ကြတယ်တဲ့၊ အဲဒီမှာ တောင်တွေဆိုင်နေတဲ့ တောင်ကြားတခုထဲမှာ ရွာလိုလို လူနေအိမ်ခြေလိုလိုတွေ့ရတယ်တဲ့၊ သူတို့က သံသယ ဖြစ်လို့ အဲဒီနေရာကို နောက်တခါ ပြန်ကြည့်တော့ အဆောက်အဦးကြီးတခုထဲက ဝင်းဝင်းပြောင် ပြောင် အရောင်တွေဟာ မျက်စိ ကျိန်းလောက်အောင် တောက်ပ နေတယ်တဲ့။

လေယာဉ်ပျံ ဆင်းမရတဲ့ ကပ်သီးကပ်သပ် တောင်ကြား ထဲဖြစ်နေတာတကြောင်း၊ နောက်တကြိမ် ပြန် ကြည့်တော့ တောင်ခိုးတွေ မြူဆိုင်းမှောင်ပြီး ဘာမှ မမြင်ရ ဖြစ်ပြန်ရောတဲ့၊ ဒီတော့ ဒီနေရာဟာ မေဂျာဝိုက် ရောက်ခဲ့တဲ့ နေရာဘဲ ဖြစ်ရ မယ်လို့ ကျွန်တော့် စိတ်ထဲ အသေအချာယုံကြည်တယ်။ ဒါကြောင့် ရောက်အောင် သွားမယ်။ ထူးဆန်းအံ့သြစရာကို မှတ်တမ်းရေးမယ်။ ကမ္ဘာကို တင်ပြမယ်။ အဲဒီ ရည်ရွယ်ချက် ကြောင့် ဒက်ဒီနဲ့ မလိုက်ဘဲ နေခဲ့တာ"

မောင်တင်အုံးက စကားအဆုံးသတ်လိုက်သည်။

မောင်တင်ဦး က တိတ်ဆိတ်မြဲပင်။

" ကျွန်တော်ကို ခင်ဗျား အယုံအကြည်မရှိဘူးလား ဟု မောင်တင်အုန်းက မေး၏။

" ရှိပါတယ်ဗျာ၊ ကျွန်တော်ကလဲပြောလို့ သင့်မလားမသင့်လား စဉ်းစားနေတာ"

" ဘာများလဲဗျာ၊ ဒီနေရာနဲ့ ပတ်သက်ပြီး ခင်ဗျား သိထား တာများရှိနေသလား ရှိရင်ပြောစမ်းပါ"

မောင်တင်အုံးက စိတ်အားထက်သန်စွာမေးသည်။

မောင်တင်ဦးသည် အနည်းငယ်တွေနေပြီးမှ ပြောပြလိုက်သည်။

"အဲဒီနေရာကို ကျွန်တော့်အဖေ ကိုယ်တိုင် ရောက်ခဲ့ဘူးတယ် "

မောင်တင်ဦး စကားမဆုံးမီ ...

" ဟုတ်လား၊ တကယ်ဘဲရှိတယ်တဲ့လား၊ ဘာတွေတွေ့ခဲ့ရလဲဟင်" ဟု မောင်တင်အုံးသည် အသက်ပင် မရှူနိုင်ဘဲ မေးလိုက်၏။

" ကျွန်တော့် အဖေကလဲ ဖက်ဆစ်ဂျပန်ကို တော်လှန်တိုက်ထုတ်တဲ့ မျိုးချစ် ဗမာ့တပ်မတော်က အရာရှိ တယောက်ပါဘဲ ကိုတင်အုံး၊ အဖေက ဒီအကြောင်း တော်တော်နှုတ်လုံစွာနဲ့ မျိုးသိပ်ထားခဲ့တယ်။ ကျွန်တော်လဲ မသိဘူး။ အဖေမဆုံးခင် တလလောက်ကမှ ... "

မောင်တင်ဦးက ဤသို့ အစချီကာ -------- ဦးအောင် ပြောသွားသော တပိုင်းတစ အတ္ထုပ္ပတ္တိနှင့် ဆွေးမြေ့နေသော ဒိုင်ယာရီ စာရွက်မှ ကြိုးစား ဖတ်ယူရသော အကြောင်းကို စုံစုံလင်လင် ပြောပြပြီး " မေရှာပိုက် ပြောခဲ့တဲ့ တောင်ထိပ် က တောက်ပတဲ့ အလင်းရောင်ကြီးဆိုတာ အဖေဖူးတွေ့ ဘူးတဲ့ ရုပ်ပွား တော် ဘဲ ဖြစ်မယ်လို့ ကျွန်တော် ယူဆတယ် ကိုတင်အုံး "

ဟု စကားအဆုံးသတ်လိုက်၏။

မောင်တင်အုံးသည် မောင်တင်ဦး၏ လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်လိုက်ပြီးပြော၏။

" စိတ်ထဲမှာ မချင့်မရဲ ဖြစ်လိုက်တာဗျာ၊ ခင်ဗျား အဖေကို နှိုးလို့ ရရင်နှိုးပြီး စုံစုံစေ့စေ့ မေးချင်တယ်။ ခင်ဗျား ကလဲ အတော်နေနိုင်တဲ့ လူဘဲ၊ အစအဆုံးများသိရအောင် မေးထားပါတော့တဲ့ဗျာ "

မောင်တင်အုံးက မချင့်မရဲပြော၏။

" ကျွန်တော်လဲ သိချင်တာနဲ့ မေးမယ်လို့ ရည်ရွယ်ချက်တော့ရှိတယ်။ ဒါပေမဲ့ ကျွန်တော့် ဘဝလဲ ခင်ဗျား သိသားဘဲ၊ ခင်ဗျား ကျွန်တော့် အိမ်အလည်လာစဉ်က မြင်တယ်ဟုတ်လား ချက်ရေး ပြုတ်ရေး၊ ဖွပ်လျှော်ရေး၊ သန့်ရှင်းရေး၊ ပြုစုရေးတွေနဲ့ မအားနိုင်အောင် ဖြစ်နေတာ မေးဘို့အချိန်ကို မရလိုက်ဘူး ကိုတင်အုံးရဲ့ "

" အင်း - ဒါတော့ဟုတ်ပါတယ်၊ ခင်ဗျားကို အပြစ်တင်စရာ မရှိပါဘူး "

နှစ်ယောက်သား စကားပြတ်ဆိတ်ငြိမ်နေကြသည်။ ထို့နောက် မောင်တင်အုံးက စပြော၏။

" ခင်ဗျားမှာလည်း အိမ်သားတယောက်မှ မရှိတော့ပါဘူး ကိုတင်ဦး ကျုပ်တော်တို့ သူငယ်ချင်း နှစ်ယောက် စွန့်စားရအောင် တိမ်မြုပ်နေတဲ့ ဒီအတ္ထုပ္ပတ္တိကို ဖော်နိုင်ရင် ခင်ဗျား ရော ကျွန်တော်ရော နာမည်ကျော် မှာပါ။

မောင်တင်ဦးမှာ ချစ်သူကြည်ကြည်နှဲ့၏ သံယောဇဉ် ရစ်ပတ်နေ သည်ကို မသိရှာသော မောင်တင်အုံးက စိတ်အားထက်သန်စွာ အဖော်ညှိ၏။

" ကျွန်တော် စဉ်းစားအုံးမယ် ကိုတင်အုံး"

" ခင်ဗျားက ဘယ်လောက်ကြာကြာ စဉ်းစားမှာလဲ"

မောင်တင်အုံးက မေးရာ မောင်တင်ဦးသည် အဖြေမပေးဘဲ မျက်နှာခပ်ပြုံးပြုံးလုပ်နေသည်။

" ခင်ဗျား ရည်းစားရှိနေပြီထင်တယ်"

မောင်တင်အုံးကမေး၏။ မောင်တင်ဦးက မဖြေ၊ ပြုံးမြဲတိုင်းပြုံးနေသည်။ မောင်တင်အုံးက ဆက်ပြော၏။

" ခင်ဗျားကို ကျွန်တော် ညီအကိုရင်းလို သိပ်ခင်တယ်ဆိုတာ ခင်ဗျားသိတယ်မဟုတ်လား၊ သွားမယ်ဆိုလဲ အဖော်ခင်ဗျားဘဲ ပါစေချင်တယ်။ ခင်ဗျား စဉ်းစားလေ၊ ကျွန်တော် သွားရာမှာ လိုအပ်တဲ့ပစ္စည်းလေးတွေ ပြင်ဆင်ရအုံးမယ်ဆိုတော့ ပြေီဆယ့်သုံးရက်နေ့မှာ ခင်ဗျားအိမ်ကို ကျွန်တော် လာခဲ့မယ်၊ အဲဒီနေ့မှာ ခင်ဗျား အတိအကျ အဖြေပေးပေါ့ ကိုတင်ဦးရာ"

" ကောင်းပြီလေ၊ ကဲ ... ကျွန်တော် ပြန်အုံးမယ်"

" ခင်ဗျားအတွက် ဒက်ဒီပေးထားခဲ့တဲ့ ငွေတထောင်ယူသွားအုံးဗျ"

တလသုံးရာ ဝင်ငွေရှိသော အလုပ်တခု ပြုတ်သွားပြီဖြစ်၍ သင့်လျော်ရာ အလုပ်တခုကို မောင်တင်ဦး ရှာရ ပေအုံးမည်။ ဘွဲ့ရပြီး သူတွေပင် တနေ့ငါးကျပ်စား အလုပ်ကို ရရန် အလွန့်အလွန် ခဲယဉ်းလှသော ဤ အချိန်ကြီးမျာ ဆယ်တန်းဆွဲ အောင်သော မောင်တင်ဦးအဘို့ ကြည်ကြည်နွဲ့လို တနေ့ သုံးကျပ်ဆယ့်ငါးပြား ရမည့် အလုပ်ကိုပင် ရအောင် အလွန့်အလွန် ကြိုးစားရပေအုံးမည်။ မောင်တင်ဦးသည် ရှေ့ နေထိုင်ရေးကို တွေးရင်း ကြည်ကြည်နွဲ့ နှင့် တိုင်ပင် ရမည်ဟုစိတ်ကူးလိုက်၏။

ထို့ကြောင့် နောက်တနေ့ ကြည်ကြည်နွဲ့ နှင့် သူ ဆုံနေကျ ကားမှတ်တိုင်ရှိရာသို့ စောစောပင်သွားပြီး ကြည်ကြည်နွဲ့အလာကို စောင့်နေလိုက်သည်။ ကြည်ကြည်နွဲ့ ရောက်လာသောအခါ မောင်တင်ဦးက အမူအရာ မပျက် ခပ်အေးအေး လေသံဖြင့်ပင် ပြောၡ၏။

" နွဲ့ .... ဒီနေ့ အလုပ်မဆင်းပါနဲ့လား၊ ကိုဦးအိမ်မှာ အေးအေးဆေးဆေး ရှေ့နေရေးထိုင်ရေး တိုင်ပင်ကြရ အောင်"

ကြည်ကြည်နွဲ့က အံ့အားသင့်ဟန်ပေါ်သွားသည်။

"ဟိုတခါ ကိုဦးနဲ့ နွဲ့တို့သဘောတူ တိုင်ပင်ထားပြီးသား အစီအစဉ်ရှိနေပြီလေ၊ ကိုဦးက မေ့သွားပြီလား"

ကြည်ကြည်နွဲ့ က ပြန်ပြော၏။

" အခုအခြေအနေက တမျိုးပြောင်းသွားပြီနွဲ့ရဲ့၊ ဒါကြောင့် အစီအစဉ်ကလဲ တမျိုးပြောင်းမှ ဖြစ်တော့ မယ် လေ"

" ကိုဦး ဒီနေ့ ခွင့်ယူထားသလား၊ ရုံးမတက် နိုင်အောင် အရေးကြီးနေသလား ကိုဦးရယ်"

" အင်းလေ ကိုတို့ ရှေ့ရေးအတွက်တော့ အရေးကြီးတာပေါ့နွဲ့ရယ်၊ နွဲ့ကို အိမ်ခေါ်တာ တိုင်ပင်ချင်တာ သက်သက် ပါဘဲ၊ နွဲ့ကို လက်ဖျားနဲ့မှ မထိပါဘူး ကိုယ်သစ္စာ ရှိတယ်ဆိုတာ ယုံစမ်းပါ"

" ဒါအတွက် သံသယမရှိပါဘူးယုံပါတယ်။ တိုင်ပင်ပြီးသား အစီအစဉ်ရှိပြီးသား ဖြစ်ရက်နဲ့ အခုလို အရေး တကြီး တိုင်ပင်ချင်ပြန်ပြီဆိုတော့ နွဲ့က နားမလည်နိုင်အောင် ဖြစ်လို့ပါ"

" ကဲပါလေ အိမ်ရောက်လို့ တိုင်ပင်စကားပြောရင် နားလည်လာမှာပေ့ါ၊ နွဲ့ ဒီနေ့ အလုပ်မဆင်းဘဲ လိုက်နိုင် မယ် မဟုတ်လား"

" လိုက်မှာ ပေါ့ ကိုဦး အရေးကြီးတယ်ဆိုတာကိုး"

ကြည်ကြည်နွဲ့က သဘောတူလိုက်သောအခါ သူတို့နှစ်ယောက် မောင်တင်ဦးအိမ်ရှိရာ လျှောက်လာခဲ့ကြ သည်။

မောင်တင်ဦးက သော့ပိတ်ထားသော အိမ်ရှေ့တံခါးကို ဖွင့်ပြီး ညှိခန်းပြတင်းပေါက်တွေပါ ဖွင့်လိုက်သော အခါ အိမ်ထဲမှာ လင်းသွားသည်။

" လာ - နွဲ့ရေ .. ထိုင် "

ညှိခန်းအဝင် တံခါးမကြီးအနားမှာ မောင်တင်ဦးက သင်ဖြူး ဖျာချောကလေးတချပ် ခင်းပေး၏။ တံခါးမကြီး မှာ ဖွင့်ထားသဖြင့် ထိုနေရာမှ အလင်းရောင် ကောင်းစွာရပြီး လေအေးက တဖြူးဖြူး ဝင်နေသည်ဖြစ်၍ အိုက်စပ် ပူလောင်ခြင်းမရှိချေ။ အိမ်ရှေ့ မျက်နှာစာတွင် ဖြစ်သောကြောင့် သူတို့ နှစ်ယောက်ကို လမ်းသွား လမ်းလာ တို့က ကောင်းစွာ မြင်နိုင်သည်။ ဤသို့ လူမြင်သူမြင်နေရာမှာ ကျွန်တော်သိက္ခာရှိရှိ ထိုင်ပြီး စကား ပြော နေသော

သူတို့နှစ်ယောက်ကို မြင်သူက ကဲ့ရဲ့မှုမရှိနိုင်ဟု မောင်တင်ဦးက တွက်ပြီး ဤနေရာမှာ ဖျာခင်း ပေးခြင်းဖြစ်သည်။ ကြည်ကြည်နွဲ့က လမ်းဘက်ကို ဘေးတိုက်ပြုပြီး ကြုံ့ကြုံ့ယုံ့ယုံ့သေသပ်စွာ ထိုင်လိုက်သည်။ မောင်တင်ဦးက ကြည်ကြည်နွဲ့နှင့် မျက်နှာချင်းဆိုင် လက်တကမ်းအကွာမှာထိုင်သည်။

" ကဲ ... ဆိုပါအုံးကိုဦး၊ ဘာအရေးကြီးပြီးတယ်ဆိုတာ "

ကြည်ကြည်နွဲ့ က စလိုက်သောအခါ မောင်တင်ဦးက လှည့်ပတ် သွယ်ဝိုက်ပြောခြင်းမရှိဘဲ အချိန် မကုန်စေ ရန် လိုရင်းကိုသာ ငုံ့ထိုးပြောလေသည်။

" ကိုဦးအလုပ်ပြုတ်သွားပြီနွဲ့ရဲ့၊ တလသုံးရာဝင်ငွေမရှိတော့ဘူး၊ နောက်အလုပ်တခု ရဘို့ဆိုတာက တော် တော်ခဲယဉ်း တဲ့ အခြေအနေဆိုတာ နွဲ့နားလည်ပြီးသားဘဲ။ ရသည့်တိုင်အောင် အလွန်ဆုံးရပါမှ နွဲ့လို သုံးကျပ် ဆယ့်ငါးပြား ဘဲဖြစ်မှာ၊ အဲဒီတော့ အရင် ကိုယ်တို့နှစ်ယောက် စီစဉ်ထားတာ အကောင်အထည်ပေါ် မှာ မဟုတ်တော့ဘူး နွဲ့"

ကြည်ကြည်နွဲ့က ဘာမှ မပြန်မပြောသေးဘဲ မောင်တင်ဦး မျက်နှာကို ငေးကြည့်နေသည်။ မောင်တင်ဦး၏ အလုပ်သည် ဆယ်တန်းအောင်သူ တယောက်အဖို့ မမြောင်မှန်းသော လစာကို ရနေသော်လည်း တသက်တာ တည်မြဲမည်မဟုတ်ဘဲ အချိန်အခါကို ကန့်သတ် ထားသော အလုပ်၊ မလိုအပ်တော့သော အချိန် မှာ ထွက်ရမည့်

အလုပ်ဖြစ်ကြောင်း ကြည်ကြည်နွဲ့က သိထားပြီးဖြစ်၍ မောင်တင်ဦး အလုပ်လက်မဲ့ ဖြစ်ရ သည့် ကိစ္စကို မေးမြန်းရန်လည်းမလို။ အံ့သြခြင်းလည်းမဖြစ်ပေ။ မောင်တင်ဦးအနေဖြင့် တလသုံးရာ မျှသော လစာဖြင့် ဤအလုပ်ကို သုံးနှစ်ကျော်ကျော်ပင် လုပ်ခဲ့ရသည်မှာ အတော်အသင့် စုမိခဲ့ကြောင်းသိပြီး ဖြစ်သည်။

" ကိုဦး ဘယ်လိုစီစဉ်ချင်လဲ"

ဖခင်သေဆုံး အလုပ်လက်မဲ့ဖြစ်နေသော ချစ်သူကို ကြင်နာသော စိတ်ဖြင့် ကြည်ကြည်နွဲ့က မေးသည်။

" ကိုယ်တို့လက်ထပ်တဲ့ ကိစ္စကိုလဲ ငွေကုန်မခံဘဲ ရပ်ရွာလူကြီး ဆယ်ယောက်လောက်ကို သင့်တော် သလို ကျွေးမွေးပြီး အသိအမှတ်ပြုလိုက်တာပေါ့နွဲ့ရယ်။ လက်ထပ်ပွဲ အကျယ်ချဲ့လို့ ကုန်မဲ့ငွေကို အဖတ်တင် အောင် လုပ်လိုက်ရင် မကောင်းဘူးလား "

ကြည်ကြည်နွဲ့ က စဉ်းစားသလို ငြိမ်နေသည်။ မောင်တင်ဦးက ဆက်ပြော၏။

" အစကတော့ ဒီလိုမရည်ရွယ်ပါဘူး၊ အခုကိုဦး အလုပ်လက်မဲ့ ဖြစ်သွားလို့ ငွေအကုန် မခံသင့်တော့ဘူးလို့ ရှေ့ရေးတွေးပြီး ဆုံးဖြတ် ရတာပါ။ လူတွေ ဖိတ်ကျွေးလို့ ကုန်မဲ့ ငွေကို နွဲ့ လက်ဝတ်လက်စား တခုခုဝယ် ဝတ်ပေါ့။ ဒါက နွဲ့လဲ တင့်တင့်တယ်တယ် ဝတ်ဆင်ရသေးတယ်။ သေရေးရှင်ရေး ပေါ်လာရင်လဲ သူများဆီ

မျက်နှာအောက်ချစရာ မလိုဘဲ ငွေပေါ်နိုင်တယ်။ အရေးကြီးတာက ဒို့နှစ်ယောက် ကြွေးလွတ်မြီးလွတ် သောက မရှိဘဲ သစ္စာရှိရှိ ကြင်နာသွားဖို့သာ အရေးကြီးပါတယ်နဲ့ရယ်။ မင်္ဂလာအခမ်း အနား တစုံတခု ဖြစ်တော့ ကြီးကြီးကျယ်ကျယ်လုပ်တဲ့ မင်္ဂလာဆောင်ကြီးက လာမကယ်ပါဘူး"

မောင်တင်ဦး စကားကို ကြည်ကြည်နွဲ့က သဘောပေါက်သွားသည်။

" ကိုဦး အစီအစဉ်ကောင်းပါတယ်"

ကြည်ကြည်နွဲ့က သဘောတူစကားပြောရင်း သူ့မိဘတွေသိသွားလျှင် " ညီး အလျှော့ပေးလှချေကလား" ဟူသော စကားဖြင့် စိတ်မချမ်းသာစရာတွေ ကြားရအုံးမယ်ကို တွေးလိုက်မိ၏။

" အဖေနဲ့ အမေကို ကန်တော့ဖို့ ပြောထားတဲ့ ငွေငါးရာကတော့ ပျက်ကွက်လို့ မဖြစ်ဖူးထင်တယ် ကိုဦး"

မိဘအမှုအကျင့် သဘောထားကို သိထားပြီးသော ကြည်ကြည်နွဲ့က ဆက်ပြောလိုက်သည်။

" ဟာ ... ဒါကတော့ ပျက်လို့ ဘယ်ဖြစ်နိုင်မလဲ။ ကိုဦးမှာ မိဘမှ ရှိတာမဟုတ်ဘဲ။ ကန်တော့စရာ နွဲ့ မိဘ တွေ ဘဲ ရှိတာ ကန်တော့ရမှာပေါ့"

မောင်တင်ဦး စကားကြောင့် ကြည်ကြည်နွဲ့က များစွာ သနားသွားသည်။

" ကိုဦး စိတ်မကောင်းဖြစ်တာက အလုပ်လက်မဲ့ ဖြစ်သွားတော့ တလတရာ ထောက်ပံ့ပါ့မယ်လို့ ပေးထားတဲ့ ကတိ ပျက်ရတာ ကို နွဲ့မိဘတွေ ဘယ်လိုထင်မလဲဆိုတာဘဲ တွေးနေမိတယ်။ နွဲ့ကတော့ ကိုဦးကို ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုယူဆသလဲ ပွင့်ပွင့်လင်းလင်းသာ ပြောပါနွဲ့ရယ်"

မောင်တင်ဦးက ပြောနေရင်းပင် ကြည်ကြည်နွဲ့မျက်နှာကို အကဲခတ်သည်။ သို့သော် ကြည်ကြည်နွဲ့မျက်နှာက ပျက်ခြင်းမှုန်ခြင်း ပြောင်းလဲခြင်း မရှိ။ ပကတိအသွင်သာ ရှိနေသည်။ ကြည်ကြည်နွဲ့ ကမဆိုင်းမတွပင် ပြန်ပြောသည်။

" ဒါကတော့ ကိုဦးရယ် စကားပုံရှိတယ်မှတ်လား။ ဝမ်းမဝရင် ဆွမ်းတော်မတင်နိုင်ဘူးဆိုတာ။ အဲဒီအတိုင်း ပေါ့။ မိဘရယ်လို့ ပေးချင်ကျွေးချင်ပေမဲ့ အဆင်မပြေတဲ့အကြောင်းတွေ ဖြစ်လာတော့လဲ ဘယ်တတ်နိုင် ပါ့ မလဲ၊ အလုပ်အကိုင် အဆင်ပြေလို့ ငွေကြေးချောင်လည်တော့လဲ ကန်တော့တာပေါ့။ ကိုဦးရော နွဲ့ကော မိဘ တွေကို တသက်လုံး ပြစ်ထားမယ်ဆိုတဲ့ စေတနာမှမရှိတာ။ စိတ်ကောင်းကောင်းထားပါ ကိုဦးရယ်"

စိတ်စေတနာကောင်းဖြင့် တရားမျှတစွာ ပြောသော ကြည်ကြည်နွဲ့၏ သဘောထားကို မောင်တင်ဦးသည် များစွာမှ တန်ဘိုးထား လေးစားမိသည်။ ထို့ကြောင့် သူ့စီစဉ်ချက်ကို ပြောပြသည်။

" အခု ကိုယ့်လက်ထဲမှာ စုဆောင်းထားသမျှ အမေ့လက်ဝတ်လက်စားလေးပါ ပေါင်မယ်ဆိုရင် ငွေငါး ထောင် နီးပါးတော့ ရှိပါတယ်နွဲ့။ ရန်ကုန်မြို့လိုနေရာမှာ အိမ်အပိုင်ဆိုတာက တော်တော့်ကို အသက်ရှူ ချောင် နေပြီ။ အဲဒီတော့ နွဲ့အနေနဲ့ သုံးကျပ်ဆယ့်ငါးပြားကို လုပ်မနေနဲ့။ အိမ်ထိန်းသိမ်းကြည့်ရှု ဘို့၊ နောက်ပိုင်း လုံခြုံဘို့သာ ဂရုစိုက်၊ ဒီငွေကိုရင်းပြီး ကိုဦးအလုပ်တခုခုလုပ်မယ်၊ အစဦးတော့ အတွေ့အကြုံ အလေ့ အကျင့် မရှိလို့ နဲနဲတော့ ကသီမှာပေါ့။ ဒါပေမဲ့ အလုပ်က လူကိုသင်သွားမှာပါ"

ကိုဦး ဘာလုပ်မယ်စိတ်ကူးလဲ"

" စာပေထုတ်ဝေခွင့် မှတ်ပုံတင်ရအောင်လျှောက်၊ မရလဲ ဝတ္ထုတအုပ်အတွက် တခါရိုက် သုံးလေးရာ ပေးဌားရမှာပေါ့၊ နာမည်ကြီးစာရေးဆရာတွေဆီက စာမူတောင်းပြီး စာအုပ်ရိုက်မယ်၊ ဒီအလုပ်က လယ်လယ်ပတ်ပတ်လုပ်နိုင်ရင် ကိုယ့်ဘို့ ဝဝလင်လင် စားဖို့ သောက်ဖို့ ကျန်တယ်နွဲ့၊ အဲဒီတော့ မိဘတွေ ကိုလဲ ထောက်ပံ့နိုင်စရာ ဖြစ်လာပါလိမ့်မယ်"

မောင်တင်ဦး အစီအစဉ်ကို -

"နွဲ့သဘောကျတယ် ကိုဦး"

ဟု ကြည်ကြည်နွဲ့က လှိုက်လှိုက်လှဲလှဲ ထောက်ခံသည်။

" ကဲ ကိုယ်တို့နှစ်ယောက်ရှေ့ရေးက စိတ်အေးရပြီပေါ့။ မိဘတွေကို ပြောပြအုံးနော်"

" ပြောပြပါ့မယ်"

" အဖိုးကြီး က ဂျီကျအုံးမလားမသိဘူး"

" လိုက်လျော့လိမ့်မယ်ထင်ပါတယ်"

ကြည်ကြည်နွဲ့က မယုတ်မလွန်ဖြေသည်။ သူ့အဖေအမေ အကြောင်း သူအသိဆုံးဖြစ်သည်။ လက်ထပ်လျှင် သူ့အပေါင်းအသင်းတွေကို တိုက်ကျွေးရန်အတွက် အရက်ဘိုး ငွေသတ်သတ်ပေးရမည်ဟု မူးမူးရူးရူး နှင့် ပြောထားဘူးသော စကားရှိသည်။ ယခု အရက်ဖိုးငွေလည်း ပေးနိုင်မည်မဟုတ်၊ လက်ထပ်ပွဲကလည်း အကျဉ်းရုံး မည်။ တလတရာ ထောက်ပံ့မှုကလည်း ဖျက်လိုက်ရသည်။ မောင်တင်ဦးအခြေအနေ၊ မောင်တင် ဦး အစီအစဉ် တွေကလည်း အတိုက်အခံပြုရန် လုံးဝ မသင့်လျော်ကြောင်း ကြည်ကြည်နွဲ့က စဉ်းစားမိသည်။ သူ့အဖေ အရက်သမားကမူ မည်သည့်နည်းနှင့်မျှ ကျေနပ် လက်ခံမည်မဟုတ်။

သူ့အဖေကသာမဟုတ်။ သူ့ အမေကလည်း ဤနည်းအတိုင်းပင် မကျေမနပ် ပြောကြဆိုကြ ဆူကြပူကြမည်ကို အတပ်တွေးမိသော ကြည်ကြည်နွဲ့က ချစ်သူမောင်တင်ဦးကို သနားကြင်နာခြင်းဖြင့်

လိုက်လျောကာ အမူအယာ မပျက်နေရသော်လည်း မိဘကို ရင်ဆိုင်ရမည့် အရေးတွေးကာ ရင်လေးမိရာလေသည်။

ကြည်ကြည်နွဲ့ပြန်သွားပြီး တပတ်အကြာဝယ်၊ သူ့မိဘတွေက မည်သို့သဘောထားကြောင်းသိရန် မောင်တင်ဦး က ကြည်ကြည်နွဲ့အိမ်သို့ လိုက်သွားသည်။ ခက်ထန် တင်းမာသော ဦးသာညွန့် နှင့် ဒေါ်ကြည် မျက်နှာ ကိုလည်းကောင်း၊ စိတ်မချမ်းသာမှုကြောင့် နွမ်းနယ်ချောင်ကျသွားသော ကြည်ကြည်နွဲ့မျက်နှာကို လည်းကောင်း၊ မောင်တင်ဦးက မသက်မသာ မြင်လိုက်ရသည်။

မောင်တင်ဦး ရောက်လျှင် ရောက်ချင်း နားမလည်နိုင်အောင် အပြောင်းအလဲတခုကို မြင်လိုက်ရ၏။ ထိုအပြောင်းအလဲကား သူ့ကို မြင်သည်နှင့်တပြိုင်နက် ခက်ထန်တင်းမာသော ဦးသာညွန့်နှင့် ဒေါ်ကြည်တို့၏ မျက်နှာများသည် သူတို့လင်မယားချင်း တယောက်မျက်နှာ တယောက်ကြည့်ပြီး ဘာမှ မဖြစ်သလို ပကတိ မျက်နှာထား များသို့ လျှင်မြန်စွာ ပြောင်းလဲသွားကြခြင်းပင်ဖြစ်၏။ ရုတ်တရက်သော် မောင်တင်ဦးက နားမလည် နိုင်အောင် ဖြစ်သွားသည်။ သို့သော် သူတို့ကိစ္စအကြောင်း နှင့် သူတို့မျက်နှာ အမူအယာ ဖြစ်နေသည်။ ငါနှင့် သက်ဆိုင်မည်မဟုတ်ချေ။ ထို့ကြောင့်သာ ပကတိ မျက်နှာသို့ ပြန်ပြောင်း သွားခြင်း ဖြစ်မည် ဟု စိတ်သက်သာသည့်ဘက်က လှည့်တွေးလိုက်ရသည်။

မောင်တင်ဦး ထိုင်မိသည်ဆိုလျှင် ဦးသာညွှန့် နှင့် ဒေါ်ကြည်က မောင်တင်ဦး နှင့် မျက်နှာချင်းဆိုင်နေရာမှာ လာထိုင်လိုက်၏။ မောင်တင်ဦး သတိထားလိုက်မိသည့် အချက်တခုရှိသည်။ ထိုအချက်ကား ဦးသာညွှန့် ရော ဒေါ်ကြည်ပါ နှစ်ယောက်ပြိုင်တူ မျက်စောင်း အရိုန်ကြောင့် ကြည်ကြည်နွဲ့ မျက်နှာပျက်ပျက်ဖြင့် အခန်းထဲ ဝင်သွားခြင်းဖြစ်သည်။ ဒေါ်ကြည့်မျက်နှာကို ကြည့်ပြီး မောင်တင်ဦးက စကားစပြော၏။

" ကြည်ကြည်နွဲ့ ပြောပြလို့ ဒေါ်ဒေါ်တို့အားလုံး သိပြီးပြီ ထင်ပါတယ်"

" အေးကွဲ့ ... သမီးကပြောပြတယ်"

ဒေါ်ကြည်က ဒေါသသံ၊ စိတ်ဆိုးသံ၊ မကြည်ဖြူသံ လုံးဝ မပါဘဲ၊ ပကတိအသံမျိုးဖြင့် ပြောသောအခါ မောင်တင်ဦး စိတ်ထဲမှာ သက်သာရာရသွားသည်။ ဒေါ်ကြည် ပြောသော စကားသည် မဆုံးသေးကြောင်း တပိုင်း တစ ဖြင့် ဖြတ်ထားကြောင်း မောင်တင်ဦးက သဘောပေါက်၏။

" ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ကျွန်တော့် အစီအစဉ်ကို ဒေါ်ဒေါ်နဲ့ ဦးလေးတို့ ဘယ်လိုသဘော ထားတယ်ဆိုတာ သိပါရစေ"

ယောက္ခမလောင်း နှစ်ယောက်ကို မောင်တင်ဦးက ရိုရိုသေသေပင် မေး၏။

" အစီအစဉ်ကတော့ ငြင်းစရာမရှိဘူးလေ၊ မောင်တင်ဦးအလုပ်ကမှ အဆင်မပြေဘဲကိုး။ အဲဒီတော့ ခလေး နှစ်ယောက် စိတ်ချမ်းသာသလို စီစဉ်တာကို ဒေါ်ဒေါ်တို့က လိုက်လျောပါတယ်။ အဲတခုတော့ ဒေါ်ဒေါ် ပြော ချင်တယ် ကွဲ့၊ ဒါကိုလဲ မောင်တင်ဦး လိုက်နာစေချင်တယ် "

ဒေါ်ကြည်၏ လေသံနှင့် စကားက လှုကြီးဆန်လှသဖြင့် မောင်တင်ဦးစိတ်ထဲမှာ မိဘလိုပင် မှတ်ထင် လိုက်မိသည်။ တခုဒေါ်ဒေါ် ပြောချင်သည် ဆိုခြင်းမှာ သူ့လင်ဦးသာညွန့်လို မူးယစ်သောက်စားမည်စိုး၍ အရက်သေစာကို ရှောင်ကြဉ်ရန် ဆိုဆုံးမမည့် စကားဟု မောင်တင်ဦးက ယူဆ၏။ ထို့ကြောင့် နှစ်သိမ့်သော အသံဖြင့် ပြန်ပြောသည်။

" ပြောပါ ဒေါ်ဒေါ် သားသီးနဲ့ မိဘဘဲ ဆိုဆုံးမတာ နာခံပါ့မယ်"

" အေး ... ဒေါ်ဒေါ် ပြောချင်တာကတော့ မင်းတို့ လက်မထပ်ခင်မှာဘဲ မင်းနေတဲ့အိမ်ကို သမီးနာမည်နဲ့ အပြီး အပိုင်လွှဲပေးစေချင်တယ်"

ဒေါ်ကြည်၏နှုတ်မှ မောင်တင်ဦး လုံးဝ မမျှော်လင့်သော စကားထွက်လာသည်။ မောင်တင်ဦးသည် ဘာပြန် ပြောရမည်မသိတော့ဘဲ ဒေါ်ကြည်ကိုသာ ခပ်ကြောင်ကြောင် ပြန်ကြည့်နေတော့၏။

"ဘယ်လို လဲကွဲ့၊ နာခံပါ့မယ်ဆိုပြီး ပါးစပ်က ဘာသံမှလဲ မထွက်ပါလား"

ဒေါ်ကြည်က ထပ်ဆင့်ပြောလိုက်၏။ မောင်တင်ဦးသည် သူ့အိမ်ကလေးကို မျက်စေ့ထဲမှာ ပြန်မြင်လိုက် သည်။ ကွယ်လွန်သူ မိဘနှစ်ပါးက ထားရစ်ခဲ့သော အမွေအနှစ် ဤအိမ်ကလေးသည် ယခုကာလ တန်ဘိုး နှင့် တွက်သော် သုံးသောင်းခွဲလောက်တော့ ပစ္စလက္ခ ထိုက်တန်သည်။ ဒေါ်ကြည်တို့ ရည်ရွယ်ချက်ကို မောင်တင်ဦး ရိပ်စားမိ၏။ ဤအိမ်ပေါ်မှာ တစုတဝေး တက်နေလိုကြကြောင်း ဖွင့်ပြော ဘူး သည်။ ယခု ကြည်ကြည်နှဲ့ နံမည်ကို လွှဲလိုက်ပါက သူတို့အမေတက်လာလျှင် မောင်တင်ဦး အနေဖြင့် မည် သို့မျှ ပြောပိုင်ခွင့် မရှိတော့ချေ။ အလွန်အမင်း စိတ်မချမ်းသာမှု ဖြစ်လာလျှင် မောင်တင်ဦးအဖို့ ခြေလှတ်လက်မဲ့ ဆင်းပြေး ရမည်သာဖြစ်၏။

အတန်ကြာမှ မောင်တင်ဦးက ဖြေ၏။

" နံမည်လွှဲနေဘို့ မလိုပါဘူး ဒေါ်ဒေါ်ရယ်၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာ ဗမာတွေဘဲ၊ ဇနီးမောင်နံ ဖြစ်လာပြီ ဆိုရင် ရှိသမျှပစ္စည်း လင်မယားနှစ်ယောက် အညီအမျှ ပိုင်ဆိုင်ရမှာပေါ့၊ လင်သေမယားရ၊ မယားသေလင်ရ ဆိုတဲ့အတိုင်းပါ၊ ကျွန်တော့်ပစ္စည်း ကြည်ကြည်နှဲ့ ကလွဲလို့ ပိုင်မဲ့သူမရှိပါဘူး"

" မဟုတ်သေးဘူးလေ၊ မဟုတ်သေးဘူး။ မင်းက ငါ့သမီးကို ဟင်းရွက်ကဖွန်းလို လူကလေး ဆယ်ယောက် လောက်နဲ့ အကျဉ်းရုံး လက်ထပ်မယ်ဆိုတာတွေ၊ ဒို့ကို တလတရာထောက်ပံ့မယ်ဆိုပြီး ပျက်ကွက် တာတွေ ကို ဒို့က အလျှော့ပေးလိုက်လျှောနေပြီဘဲ။ အိမ်ကို

ပိုင်နိုင်အောင် နံမည်လွှဲမှဖြစ်မယ်။ နောင်ခါ အခု ပေးထားတဲ့ ကတိတွေပျက်သလို ဒီအိမ်ပိုင်ဆိုင်မှုလဲ ပျက်အုံးမယ်ဆိုရင် ဒို့နွားကျမှာပေါ့ကွဲ့၊ မင်းအိမ်ကို နံမည် လွှဲပါ"

တရားနည်းလမ်းမကျသော စကားကို ဖွတ်ပြောနေသော ယောက္ခမလောင်းအား မောင်တင်ဦးက အငေး သားကြည့်နေသည်။ သူ့သမီးကို ဟင်းရွက်ကဖွန်းလို သဘောမထားဘဲ ရှေ့ရေးကို အရှည်တွေးကာ လူလို သူလို တင့်တယ်အေးချမ်းစွာ နေထိုင်စားသောက်သွားနိုင်ဘို့ ရည်ရွယ်သည့် စေတနာကို အဘယ်ကြောင့် သဘော မပေါက်ပါသနည်း။ ကြည်ကြည်နွဲ့ကပင် ရေလည်အောင် မပြောပြ၍ပေလားဟု မောင်တင်ဦးက တွေးနေသည်။

" မင်း မလွှဲနိုင်ဘူးလား "

ဒေါ်ကြည်ကမေး၏။

မောင်တင်ဦး သည် စိတ်ကို ခိုင်မာစွာ ဆုံးဖြတ်လိုက်သည်။ အဖေ နှင့် အမေ ဦးခေါင်းချသွားသော ဤအိမ်ပေါ် က သူမသေဘဲ မဆင်းလို မခွဲခွာလို၊

ကြည်ကြည်နွဲ့နံမည်လွှဲလိုက်ပါက သူ့အဖေအရက်သမား ဦးသာညွန့် ကြောင့် ရောင်းရမည့်အဖြစ်မျိုးကို ရောက်ခဲ့သော် မောင်တင်ဦး အနေဖြင့် ငုတ်တုတ်ထိုင်ကြည့်နေရမည်သာဖြစ်သည်။

"ကျွန်တော် ကြည်ကြည်နဲ့နံမည်တခုထဲတော့ မလွှဲနိုင်ဘူးဒေါ်ဒေါ်၊ ကျွန်တော့်နံမည်နဲ့တွဲပြီး နှစ်ဦးပိုင် လို့သာ လွှဲနိုင်မယ်"

"အင်း။ ကောင်းပါတယ်၊ ငါ့သမီးကတော့ လင်က နားချသမျှ ခံရမယ့်မိန်းမဘဲ"

ဒေါ်ကြည်က မဲ့ရွဲ့ပြော၏။ ဤတွင် ငြိမ်နေသော ဦးသာညွန့်က တစခန်းထသည်။

"ကဲပါလေ၊ အိမ်ကို သူတို့နှစ်ယောက်နံမည် ထားချင်လဲထားပေါ့၊ မင်းလုပ်မယ်ဆိုတဲ့ အလုပ်က မြတ်မှာ သေချာသလားကွ"

ဦးသာညွန့်က မေး၏။

အမယ်ကြီးက လမ်းမကျပေမဲ့ အဘိုးကြီးက မျှတသားဘဲဟု မောင်တင်ဦးက တွေးပြီးအဖြေပေး၏။

"အလုပ်စတယ်ဆို ချက်ခြင်းမြတ်မယ်လို့တော့ ဘယ်သူက အတပ်ပြောနိုင်မှာလဲ ဦးလေး၊ ကျွန်တော်လဲ ဒီအလုပ်မျိုးကို ကြားဘူး တွေ့ဘူး သူများတွေလုပ်တာ မြင်ဘူးပေမဲ့ ကိုယ်တိုင် လက်တွေ့တခါမှ မလုပ် ဘူးသေးပါဘူး၊ အကျိုးခံစား ရတယ်ဆိုတာတော့ သိပါတယ်။ လုပ်ခါစ မကျွမ်းကျင်သေးမီတော့ ရှုံးချင် လဲ ရှုံးမှာဘဲ။ တဖြေးဖြေးတော့ အလုပ်က လူကို သင်သွားမှာပါ ဦးလေး"

မောင်တင်ဦးက ဦးသာညွန့်ကို အရေလည်အောင် ပြောပြသည်။ ဦးသာညွန့်က မျက်နှာကိုရှုံ့လိုက်၏။

"မင်း အလုပ်က ဒီအတိုင်းတော့လဲ ဟန်မယ်မထင်ပါဘူးကွာ"

မောင်တင်ဦး စိတ်မကောင်းဖြစ်သွားသည်။ လုပ်ရန် ရည်ရွယ်ထားသည်ကို အားပေးခြင်းမပြုဘဲ အမြတ် ငွေရဘို့ကို အဓိကထားမေးသည်။ အထင်သေးစကားကို ဆိုသည်။ သို့သော် မောင်တင်ဦးက စိတ်ကို ဖြေပြီး ပြန်ပြော၏။

"အရှည်သဖြင့် နေထိုင်စားသောက်ရေးအတွက် အသင့်လျော်ဆုံး အလုပ်တော့ ဒါဘဲ စဉ်းစားလို့ရပါ တယ် ဦးလေး၊ နားလည်တတ်ကျွမ်းတဲ့ မိတ်ဆွေတွေရှိပါတယ်၊ သူတို့နဲ့ တွဲပြီး သင်လုပ် လုပ်မှာပါ"

"မသေချာတာတော့ စိတ်မကူးပါနဲ့ကွာ၊ အဲဒီငွေ ငါးထောင် ငါ့ကိုပေး၊ ငါ့အလုပ် လုပ်ပြမယ်"

ဘယ်သူ့မှ သက်သာမှုမပေးပါဘူးဟု မောင်တင်ဦးက တွေးသည်။ ရုတ်တရက် စကားမပြန်ဘဲ ငိုင်နေ သော မောင်တင်ဦးကို ကြည့်ပြီး ဦးသာညွန့်က ထပ်မံပြောလိုက်ပြန်၏။

"မင်းငွေငါးထောင် ငါ့ကိုပေးကွ ငါ့အလုပ် လုပ်ပြမယ်"

"ဦးလေး အလုပ်က ဘယ်လိုအလုပ်မျိုးလဲ"

မောင်တင်ဦးက စိတ်မပါသော လေသံဖြင့်မေးသည်။ ဦးသာညွန့် အဖြေက မရေမရာရှိလှ၏။

"ဟို… ဟိုဒင်းလေ… ငါ့မိတ်ဆွေတယောက် အဲ. သူနဲ့စပ်တူလုပ်မှာ"

"ဘာအလုပ်ဆိုတာ ကျွန်တော် သိပါရစေ ဦးလေး"

"မင်းကလဲကွာ ကိုယ့်မိဘဖြစ်ရတော့မဲ့ဟာ၊ စစ်ဆေးနေလိုက်တာ၊ မင်းငွေကလေး ငါးထောင် ငါလိမ် မယ်ထင်လို့လား"

ဦးသာညွန့်က အလုပ်ကို တိကျရေရာစွာမပြောဘဲ၊ စိတ်ဆိုးသံ ပါလာသည်။

"ဟုတ်သားပဲ မောင်တင်ဦး၊ မင်းသဘောက ငွေကြေးဥစ္စာနဲ့ ပတ်သက်ရင် သိပ်အမြင်တိုပါလားကွဲ့... ငါ့တို့ဟာ ရင်သွေးရင်နှစ် သမီးရင်းတယောက်လုံးကို ပေးရမဲ့ မိဘအရင်းတွေပါကွဲ့"

ဒေါ်ကြည်က လင်တော်မောင်ဘက်မှ ထောက်ခံ၏။

"ဟုတ်ကဲ့... ကျွန်တော်"

မောင်တင်ဦးစကားက ဘာဆိုလိုသည်မသိ ဤမျှသာ ပြောရသေးသည်။ ကြည်ကြည်နွဲ့က အခန်းထဲမှ ရုတ်တရက်ထွက်လာပြီး

"ကိုဦး မြန်မြန်ပြန်ရင်ကောင်းမယ်၊ ပြန်တော့ ပြန်တော့"

ဟု အတင်းအကြပ် ပြန်နိုင်းလိုက်၏။ သူ့အဖေနှင့် အမေ မပြောသင့်သည့်စကားတွေ ပြောနေခြင်းကို ကြည်ကြည်နွဲ့ သည်းမခံနိုင်အောင် ရှက်ကြောက်အားနာခြင်းဖြစ်လာသောကြောင့် ယခုလို စကားဖြတ် ပြီး ပြန်နိုင်းခြင်းဖြစ်ကြောင်း မောင်တင်ဦးက သဘောပေါက်သည်။ မောင်တင်ဦးကိုယ်တိုင်ကလည်း ဦးသာညွန့်နှင့် ဒေါ်ကြည်ကို စိတ်ထဲမှာ အတော်ပင် စိတ်ပျက်နေပြီဖြစ်၏။

ငွေငါးထောင်တောင်းပြီး ကုန် ကုန်ခမ်းခမ်း အရက်သောက်ပစ်မည် ဖြစ်ကြောင်း မောင်တင်ဦးက တွေးမိပြီးဖြစ်သည်။

"အောင်မယ်... ညီးက ဘာဝင်ရှုပ်တာလဲ"ဟူသော ဒေါ်ကြည်၏အသံ။

"တိရစ္ဆာန်မလေး အဖေ့စကားကို အလကားဖြစ်အောင် ဝင်လုပ်တာလား"

ဟူသော ဦးသာညွန့်တို့အသံ လွှမ်းမိုးနေစဉ်မှာ မောင်တင်ဦးက ကပျာကသီထပြန်ခဲ့သည်။

နောက်တနေ့ ကားမှတ်တိုင်မှာ မောင်တင်ဦးက ကြည်ကြည်နွဲ့ကို သွားစောင့်၏။ ကြည်ကြည်နွဲ့က ကွယ်ဝှက်ခြင်း မပြုဘဲ ဖြောင့်မှန်စွာ ပင် ပြောသည်။

"အဖေနဲ့ အမေ ပြောတာလုပ်တာတွေ နွဲ့ ရှက်မိပါတယ် ကိုဦး၊ အဖေနဲ့ အမေ သဘောထားနဲ့ နွဲ့ သဘောထား တခြားစီဆိုတာ ကိုဦး ယုံကြည်ပါ"

"ယုံပါတယ် နွဲ့ရယ်၊ ကိုဦး ကလဲ ပစ္စည်းကို မြော်မြင်လို့ စေတနာတွန့်တိုလို့ ပြောတာမဟုတ်ပါဘူး၊ ဒို့ နှစ်ယောက် ရှေ့ရေးကို တွေးရသေးတယ်၊ နောင်ခါ ကိုဦးနဲ့ နွဲ့ မှာ သားရယ် သမီးရယ်ဆိုတာတွေက ပေါက်ပွားလာအုံးမယ် ဟုတ်လား၊ အိမ်မဲ့ပစ္စည်းမဲ့ ခွေးတိုးဝက်ဝင် အဖြစ်မျိုးရောက်မှာစိုးလို့ပါ"

"နွဲ့ နားလည်ပါတယ်၊ သူတို့သဘော လိုက်လျောပြီး ကိုဦးက ပုံပေးလဲ အဖတ်တင်မှာ မဟုတ်ပါဘူး၊ အဖေ အရက်သောက်တာနဲ့ အမေ စည်းကမ်းမရှိ စားပစ်မှာနဲ့ ပြောင်မှာပါ"

သူ့မိဘအကြောင်း ကောင်းကောင်းသိသော ကြည်ကြည်နွဲ့က စိတ်ပျက်စွာပြောသည်။

ထို့နောက်...

"အဖေနဲ့ အမေကြောင့် ကိုဦး စိတ်ထဲမှာ နွဲ့ ကို စိတ်မပျက်မိဘူးလား ဟင်..."

ဟု ဆက်မေးလိုက်၏။

"မပျက်ပါဘူး နွဲ့ရယ်၊ ကိုယ်ပြောခဲ့ပြီကော၊ ယောက်ျားပီပီ သစ္စာစောင့်ပါ့မယ်၊ သူတို့လုပ်တာနဲ့ နွဲ့ အမူ အကျင့်နဲ့ ဘာမှမဆိုင်ဘူးဆိုတာလဲ ကိုဦး သိပြီးသားပါ၊ အခု အခြေအနေက ဘယ်လိုဖြစ်နေလဲ နွဲ့"

မောင်တင်ဦးက နလုံးသားထဲရှိ စိတ်စေတနာအမှန်အတိုင်းပင် ပြောပြီး မေးခွန်းထုတ်လိုက်သည်။

"အဖေနဲ့ အမေက သူတို့အလိုကျမဖြစ်တော့ စိတ်ဆိုးတာပေါ့လေ"

"ဒါဖြင့် နွဲ့ကို ကိုယ်နဲ့လက်ထပ်ဖို့ ခွင့်မပြုနိုင်ဘူးတဲ့လား"

ကြည်ကြည်နွဲ့က စိတ်ရှုပ်စိတ်ညစ်သော မျက်နှာဖြင့် ပြန်ပြော၏။

"အမေက စိတ်ဆိုးပေမဲ့ ဘာမှမပြောပါဘူး၊ အဖေကတော့ စိတ်ကူးယဉ်နေလေရဲ့ ကိုဦး၊ သူ ထီသုံး စောင် ထိုးထားတယ်တဲ့၊ မနေ့က ထီစဖွင့်တယ်လေ၊ ဒီနေ့ သတင်းစာတွေမှာ ထီပေါက်စဉ် ဂဏန်းတွေ ပါလာပြီလေ၊ အဲဒါ ထီပေါက်စဉ်နဲ့ သူ့လက်မှတ်တိုက်မယ်တဲ့၊ ထီ သုံးစောင်လုံး ပေါက်ရင် နွဲ့နဲ့ ကိုဦး မယူရဘူးတဲ့၊ မနက်က စောစောစီးစီး အလုပ်မသွားခင် ကြိမ်းမောင်းသွားလေရဲ့"

"သူ့ ထီလက်မှတ်က ငါးရာဆုကလေးတွေ ပေါက်လာရင်ကော နွဲ့ရယ်"

မောင်တင်ဦးက ရယ်ချင်သောစိတ်ကို မျိုသိပ်ပြီးပြော၏။

"သူပြောချင်တာ ပြောပါစေလေ၊ ကိုဦးကသာ စိတ်မပျက်ဘဲ တည်တည်တဲ့တဲ့ လက်ထပ်ယူမယ်ဆိုရင် နွဲ့ လိုက်လျောဘို့ အဆင်သင့်ပါဘဲ"

အရှက်အကြောက်မရှိ စည်းမဲ့ကမ်းမဲ့ ပြောချင်ရာပြော၊ ဆိုချင်ရာဆို၊ နေချင်သလို နေထိုင်ကြသော ဘခင် အရက်သမားနှင့် အာကြမ်းသော မိခင်ကြောင့် နေရထိုင်ရသည်မှာ အပျိုလေးပီပီ ရှက်ကြောက် နေရှာသော ကြည်ကြည်နွဲ့က ဤမိဘစက်ရိပ်မှာ အမြန်ဆုံးလွတ်မြောက်လိုသည်၊ ထို့ကြောင့် ချစ်သူ မောင်တင်ဦးက လျှော့ဈေး စကားကို ပြောလိုက်မိသည်။ မောင်တင်ဦးကလည်း ကြည်ကြည်နွဲ့သဘော ကို သိ၍ ကြင်နာစိတ်ပိုလာသည်။ ထို့ကြောင့် သူ့ဆုံးဖြတ်ချက်ကို ပြင်လိုက်၏။

"အစက တလခွဲ နှစ်လလောက် ဆိုင်းမယ်လို့ ကိုဦးပြောခဲ့ပေမဲ့ ဒီအဖေ အမေနဲ့ နွဲ့နေရတာမပျော်ဘူး လို့ ကိုဦး တွေးမိတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

ကြည်ကြည်နွဲ့က မကွယ်မဝှက်ဖြေ၏။

"ဒါကြောင့် နွဲ့ကို သနားတယ်၊ စိတ်ချမ်းသာစေချင်တယ်၊ အဲဒီတော့ ရက်ဆွဲမနေတော့ဘူး၊ ဒီနေ့ ကြာ သပတေးဆိုတော့ လာမဲ့ တနင်းလာမှာ ကိုယ့်တို့ အစီအစဉ်အတိုင်း လက်ထက်ကြစို့လား"

ကြည်ကြည်နွဲ့သည် ဖြစ်ချင်ရာဖြစ် ဖွတ်နှစ်တော့မည်ဟူသော သဘောဖြင့်

"သဘောတူပါတယ် ကိုဦး ဒါပေမဲ့ တခုတော့ ကြိုတင်ပြောထားမယ်၊ အဖေနဲ့ အမေက သူတို့သဘော ကျမဟုတ်လို့ လူကြီးမိဘအနေနဲ့ လိုက်လာမှာလဲ မဟုတ်ဘူး၊ ကန်တော့ခံမှာလဲ မဟုတ်ဘူး၊ အဲဒါ ကိုဦး သိဘို့ပြောတာဘဲ"

"ဩော် အိမ်မလွဲ ငွေမအပ်လို့ ဆိုပါတော့"

မောင်တင်ဦးက ပြောသည်ကို ကြည်ကြည်နွဲ့က ငြင်းဆိုခြင်းလည်းမပြု ဝန်ခံခြင်းလည်းမပြု နှုတ်ဆိတ် နေသည်။ ဤအတိုင်းဖြစ်သည်ကိုကား သူတို့နှစ်ယောက်လုံး သိကြ၏။ မောင်တင်ဦးက ဆက်ပြော သည်။

"ဒီလိုဆိုရင် ပိုတောင်လွယ်သေးတယ်၊ လူဆယ်ယောက်လောက် ဖိတ်မယ်ဆိုတာ မဖိတ်တော့ဘဲ ကိုယ်တို့နှစ်ယောက်

တရားရုံးတခုခုသွားပြီး လက်မှတ်ထိုးလိုက်ကြတာပေါ့၊ အဲဒါက ဘာတာဝန်မှလဲ မရှိဘူး လူလဲမပင်ပန်းဘူး၊ စာချုပ်ဘိုးဘဲ ကုန်ရမှာ"

ကြည်ကြည်နွဲ့က သက်ပြင်းချပြီး ပြော၏

"ကိုဦး သဘောပါ"

# အခန်း (၄)

ကံတရားဟူသည် မယုံနိုင်အောင် ထူးဆန်းအံ့သြဘွယ်ကောင်းသည်ကို ကြည်ကြည်နွဲ့နှင့် မောင်တင်ဦး တို့ လက်တွေ့ပင် မျက်ဝါးထင်ထင်မြင်နေရသည်။

"ငါထိုးထားတဲ့ ထီလက်မှတ်တွေကသာ သိန်းဆုပေါက်လိုက်စမ်းကွ၊ ငါတို့အပေါ် ပစ္စည်းအမြင်တိုနေတဲ့ ဒီ တင်ဦး ဆိုတဲ့ ခွေးတိရစ္ဆာန်ကို နင်ယူရမယ်မှတ်သလား၊ ရိုက်သတ်မယ် သတိကောင်းကောင်း ထားနေ"

အရက်မူးမူးဖြင့် လူကြားမကောင်းအောင် အော်ဟစ်ကြိမ်းမောင်းခဲ့သော ဦးသာညွန့်၏ထီလက်မှတ် သုံး စောင်မှာ ထစဖွင့်သည့်နေ့ ပထမ ငွေဆယ်သိန်းအနက်မှ သိန်းဆုကြီးတခုနှင့် ငါးသောင်းဆုနှစ်ဆု တိတိကျကျတိုက်ဆိုင်စွာ ထီပေါက်သွားလေတော့သည်။

ဦးသာညွန့်နှင့် ဒေါ်ကြည်ကား ငွေနှစ်သိန်းတိ တိကို လက်ဝယ်ပိုက်ကာ လူတလုံး သူတလုံး ဦးခေါင်းမော့မော့ ရင်ကော့ကော့ဖြင့် လက်မထောင်ပြီး နေနိုင်သော အဆင့်အတန်းသို့ အိပ်မက်သဖွယ် မျက်လှည့်ပမာ လျှင်မြန်စွာ ပြောင်းလဲသွားလေတော့ ၏။

သတင်းမေးလာသူတွေကား အိမ်ကလေးပင်မဆန့် ဒေါ်ကြည်၏ ဈေးရောင်းဖေါ် ရောင်းဖက် မိတ်ဆွေ တွေ၊ ဖောက်သည်တွေ၊ ဦးသာညွန့်၏သောက်ဖော် သောက်ဖက်တွေ....

ဤလူစုတွေအပြင် မြေပွဲစား၊ တိုက်ပွဲစား၊ အိမ်ပွဲစား၊ စိန်ရွှေပွဲစားတို့ကပါ ရောက်လာသည်။ ကိုယ်ပိုင် မြေပေါ်မှာ ကိုယ်ပိုင်တိုက်အိမ်နှင့်နေမှ တင့်တယ်မည်။ ရန်ကုန်လိုမြို့မှာ မော်တော်ကားရှိမှ ဖြစ်မည်။ သူဌေးပီပီ ကိုယ်ပိုင်မော်တော်ကားဝယ်သင့်သည်။ သူဌေးကတော်နှင့် သူဌေး သားသမီးတွေအဘို့ စိန် ရွှေလက်ဝတ်လက်စားဟူသည် မရှိလျှင်မဖြစ်၊ လူမှာ အဝတ်တောင်းမှာ အကွပ်ဆိုသည့်အတိုင်း ကြက် သရေရှိရှိ လှပစေရန် စိန်ရွှေလက်ဝတ်လက်စားဝယ်ရန် သင့်သည်။

ဆွယ်တရား ဟောကြသည့်အသံတွေကား နေ့စဉ်ပင် လျှံနေ၏။

"ငွေမထုတ်ရသေးမီ ယူသုံးထားပါ၊ သူဌေးမင်းနဲ့ သူဌေးကတော်ကို ယုံပါတယ်၊ လိုချင်သလောက် ယူ ငွေထုတ်တဲ့နေရာမှာလဲ ကျွန်တော်တို့ ကျမတို့က အမြန်ဆုံးရအောင် ကူညီမယ်။ ကျေးဇူးတော့ မမေ့ ရဘူးနော်"

ဟူသော ရတ်တရက် မြေထဲက ခွဲထွက်ပေါ်ပေါက်လာသည့် မိတ်ဆွေထဲမှ လက်လှည့်သုံးငွေယူကာ ဦး သာညွန့် ပထမဆုံး

လုပ်သည့်အလုပ်ကား အိမ်ပိုင် မြေပိုင်မဝယ်သေးမီ လုံခြုံသော တိုက်ခန်းတခုကို အရေးတကြီး ရှာဖွေငှားရမ်းကာ မိသားစုတစုလုံး ပြောင်းရွှေ့နေထိုင်သည်။ သောက်ဖော် သောက်ဖက် ထဲမှ ယုံကြည်ရသူဟု သူထင်သော အရက်သမားနှစ်ယောက်ကို အိမ်မှာအမြဲမပြတ်နေစေပြီး၊ ထမင်း ရော အရက်ရော အားလုံးလိုလေသေးမရှိ တာဝန်ယူခေါ်တင်ထားသည်။ သမီး ကြည်ကြည်နွဲ့ကို အိမ် ထဲက အိမ်ပြင်မထွက်စေရအောင် တင်းကျပ်ထားလိုက်သည်။

ထိုအခါမှ လုံခြုံသောတိုက်ခန်းရှာခြင်းနှင့် လူယုံအရက်သမား နှစ်ယောက်ခေါ်ထားခြင်းသည် ကြည် ကြည်နွဲ့နှင့် မောင်တင်ဦး ဖေါ်ကွာဝေးဖြစ်စေရန် သူ့အရက်မူးမူးနှင့်ကြိမ်းမောင်းထားခဲ့သည့်စကား ဦး သာညွှန့်သည် မဆိုင်းမတွ အကောင်အထည်ဖေါ်ပြီဖြစ်ကြောင်း ကြည်ကြည်နွဲ့က သိရတော့၏။

အစီအစဉ်ကား မြန်လွန်းလှသည်။ ကြာသပတေးနေ့မှာ ထီပေါက် ကြောင်း သိရသည်။ တနင်္ဂနွေနေ့မှာ တိုက်ခန်းရ၍ ညနေပိုင်းအပြီး ရွှေ့ပြောင်းကြခြင်းဖြစ်၏။

"ငွေဆိုတာ တယ်ပြီး အရာရောက်ပါလား၊ ဒါကြောင့်လဲ ငါ့အဖေနဲ့ ငါ့အမေက ကိုတင်ဦးဆီက ရှိစုမဲ့စု ပစ္စည်းကို မက်မောလိုချင်တယ်၊

ကိုတင်ဦးကလဲ ငွေဆိုတာ အရာရောက်မှန်းသိလို့ စေ့စေ့စပ်စပ် အကွက်ချတွေးပြီး စီစဉ်တာဘဲ"

ကြည်ကြည်နွဲ့က တွေးနေစဉ်မှာ…

"ဟဲ့… ကောင်မလေး ငါစကားတခွန်းထဲ အပြတ်ပြောမယ်။ နင်နဲ့ ဟိုအကောင်ကို ဘယ်နည်းနဲ့မှ ငါမ ပေးစားဘူး၊ အိမ်ရှေ့မှာ ငါ့ခေါ်ထားတဲ့ လူနှစ်ယောက်တွေ့လား၊ အဲဒါ နင်ဘယ်ကို ထွက်မပြေးနိုင် အောင် စောင့်ကြည့်ကြမယ်၊ နင့်အကောင် အိမ်နားမှာ လာရစ်သီရင် ဦးနှောက်ထွက်အောင် တီးကြ မယ်၊ ငါပြောတာ မယုံရင် လက်တွေ့သိရမယ် သတိထား"

အကောင်းစားအရက်ကို သဘောရှိသောက်နေရပြီဖြစ်သော ဦးသာညွန့်က ခက်ထန်တင်းမာစွာ ပြော နေစဉ်မှာ တိုက်ခန်းအနောက်ဖေးဘက်မှ အပြင်ထွက်သည့်တံခါးကို လူယုံတော် အရက်သမားနှစ် ယောက်က ဖွင့်မရအောင် ခိုင်ခန့်လုံခြုံစွာ ပိတ်ဆို့နေကြသည်ကို ကြည်ကြည်နွဲ့က ထိတ်လန့်စွာ မြင်ရ သည်။ ဦးသာညွန့်က သမီးမျက်နှာကို ကျေနပ်စွာ တချက်ကြည့်ပြီး အိမ်ရှေ့ပြန်ထွက်သွားသည်။

ဒို့က သူဌေးဖြစ်နေပြီအေ့ အလုပ်အကိုင် မရှိတော့တဲ့ ခွေးဝဲစားတကောင်ကြွက်လိုဟာကို ဘာကြောင့် ညည်း ယူ ရမှာလဲ၊ အခုခေတ်တချို့ လူတွေလုပ်နေကြတာ မမြင်ဘူးလား၊ ဘွဲ့တွေ ဂုဏ်ထူးတွေ၊ ရာထူးတွေ ရထားတဲ့ လူဆိုရင် ပညာသင်စရိတ်ပြန်ပေး၊

မင်္ဂလာစရိတ်အကုန်ခံယူနေတာဘဲဟာ ညည်းကိုလဲ အဲဒီလို ရှာပေးစားမယ်။ ကတော်ကြီးဖြစ်သွားတာပေါ့အေ"

ဟူသော စကားကို အမြီးမတဲ့ အမောက်မတဲ့ပြောသည်။ သူများပြောစကားနားစွန်နားဖျား ကြားဘူးသည်ကို မှတ်၍ သူ့စကားဘယ်ရောက်သည်၊ ဘာအဓိပ္ပါယ်ထွက်သည်ကို မစဉ်းစားဘဲ သူများသားသမီး မင်္ဂလာ ဆောင် တွေကို ထိခိုက်ပုတ်ခတ်သော စကားဖြင့် သမီးကို နားသွင်းဖျောင်းဖျ၏။ မိခင်ဒေါ်ကြည်၏ စကားတွေက ကြည်ကြည်နွဲ့နားထဲမဝင်ဘဲ လျှံထွက်သွားသော်လည်း ဘခင်ဦးသာဘညွန့်၏ ...

" ငါ့လူနှစ်ယောက်က နင့်အကောင်အိမ်နားမှာ လာရစ်သီရင် ဦးနှောက်ထွက်အောင် တီးပြမယ်။ ငါပြောတာ မယုံရင် လက်တွေ့သိမယ် သတိထား"

ဟူသောစကားကြီးကိုသာ ကြားယောင်ကာ၊ စိတ်ထဲမှာ တုန်လှုပ်ပူပန်စိတ်သာလွှမ်းမိုးနေသည်။ ဘခင် ဦးသာညွန့် သည် သူ့စိတ်က ကောင်းသည့်ဘက်ကိုသာ မယိမ်းမပါသော်ငြားလည်း ဆိုးယုတ်သည့်ဘက်ကို ကား စိတ်အားထက်သန်စွာလိုက်ပါသည့် သဘောရှိ၏။ အထူးသဖြင့် ငွေကြေးနှင့်ပတ်သက်လာလျှင် မည် သည့် အချက်ကိုမှ မထောက်ထား ငဲ့ညှာလေ့မရှိ၊ ငွေအတွက်လူ့ အသက်ကိုပင် ရက်စက်နိုင်သော စိတ်မျိုး ရှိသည် ကိုလည်း ကြည်ကြည်နွဲ့က ကောင်းစွာသိပြီးဖြစ်၏။ ထို့ကြောင့် ဘခင်

ဦးသာညွန့် စကားကို ပေါ့ပေါ့ တန်တန် သဘောမထားနိုင်ဘဲ၊ ချစ်သူ မောင်တင်ဦးကို ဘေးကင်းရန်ကင်းဖြစ်အောင် မည်သို့ သတိပေးရ မည် ကိုသာ အပူတပြင်း စဉ်းစားနေမိသည်။

မောင်တင်ဦးကလည်း ဦးသာညွန့်တို့ ထီပေါက်၍ ငွေနှစ်သိန်းတိတိ လက်ဝယ် ပိုင်ဆိုင်ရရှိထားသည့် အခြေအနေမျိုး ရောက်သွားသည်ကို သတင်းကြားပြီးသိပြီးဖြစ်သည်။ မိဘတွေ မည်မျှပင် ချမ်းသာကြွယ်ဝ နေစေကာမူ ချစ်သူ ကြည်ကြည်နွဲ့က စိတ်ပြောင်းမည်မဟုတ်ဟု ယုံကြည်ထားသည်။ ကြည်ကြည်နွဲ့တို့ ယခင်အိမ်ကုပ်ကလေးမှာ မဟုတ်တော့ဘဲ တိုက်ခန်းတစ်ခုသို့ ပြောင်းသွားကြောင်းနှင့် ထိုတိုက်ခန်း မည် သည့်နေရာတွင်ရှိကြောင်းပါ မောင်တင်ဦးက စုံစမ်း၍ သိထားပြီးဖြစ်သည်။ အခြေအနေက ပြောင်းလဲသွား ပြီဖြစ်ရာ တနင်းလာနေ့တွင် တရားရုံးတစ်ခုမှာ လက်မှတ်ထိုး လက်ထပ်ကြမည်ဟု စီစဉ်ထားသည့် အစီ အစဉ် ကလည်း ပျက်သွားလေပြီ။

အစီအစဉ်ပျက်သည်ကို မောင်တင်ဦးက အံ့ဩချေ။ ထီပေါက်လျှင် မပေးစားတော့ဟု မူးမူးရူးရူးနှင့် ဦးသာညွန့် ပြောခဲ့သည်ကို ကြည်ကြည်နွဲ့ ပြောထားခဲ့ပြီးဖြစ်သည်။ မောင်တင်ဦးစိတ်ထဲတွင် တခုသာလျှင် မတင်မကျ ဖြစ် နေသည်။ ထိုတခုကား ကြည်ကြည်နွဲ့တို့ ပြောင်းရွှေ့နေထိုင်ရာ တိုက်ခန်းကို အမှတ်မဲ့ သွားရောက် ကြည့်ရှုသည်။ ကြည်ကြည်နွဲ့၏ အရိပ်အရောင်ကို လုံးဝမတွေ့ခဲ့ရခြင်းဖြစ်၏။

သူ့အဖေ အရက်သမားကြီးက ငါ့ကို ငွေကြေးပစ္စည်းအတွက် သိပ်နာကျည်းနေတာ၊ သူ့သမီးကို အခန်းပိတ် သော့ခတ် ထားသလား၊ တခြားမြို့ရွာကို အတင်းအကြပ် ပို့လိုက်လေသလားဟူသော အတွေးက မောင်တင်ဦး ၏ စိတ်ကို လေးလံစွာ ထိခိုက်စေသည်။

မောင်တင်ဦးသည် စိတ်မလျှော့ဘဲ နောက်တကြော့ ကြည်ကြည်နွဲ့တို့ တိုက်ခန်းရှိရာကို ထောက်လှမ်းရန် သွား ပြန်သည်။

အချိန်ကား ညရှစ်နာရီ ထိုးပြီးပြီဖြစ်၏။ ကြည်ကြည်နွဲ့တို့ တိုက်ခန်းရှိနေရာ ရပ်ကွက်ကား လူသူအသွား အလာပြတ်စပြုနေလေပြီ။ ကြည်ကြည်နွဲ့တို့ တိုက်ခန်းရှေ့ လမ်းစောင်းတွင် ကြီးမားအုပ်ဆိုင်းသော ဘန်ဒါ ပင်ကြီး တပင် ရှိနေသည်။ မောင်တင်ဦးသည် လူသူလေးပါး အရိပ်အခြေကို ကြည့်ပြီး ဘန်ဒါပင်ပေါ်သို့ လျှင်မြန်စွာ တက်လိုက်သည်။ မှောင်ရိပ်ကျသည့် ခွဆုံကောင်းကောင်းမှာ ထိုင်ပြီး ကြည်ကြည်နွဲ့တို့ တိုက်ခန်း ကို ကြည့်လိုက်သည်။

ဦးသာညွန့်နှင့် လူနစ်ယောက်က အရက်ဝိုင်းဖွဲ့နေသည်။ စားစရာ အမြီးမြိုင်မြိုင်ဆိုင်ဆိုင်နှင့် အရက် အကောင်းစား ကို မက်မောနေကြခိုက်ဖြစ်၍ မှောင်ခိုရောက်လာသော မောင်တင်ဦးက ဖျက်လတ်လျှင်မြန် စွာ ဘန်ဒါပင်ပေါ်တက်သွားသည်ကို ဦးသာညွန့်တို့ သုံးယောက်စလုံး သတိမထားလိုက်မိကြချေ။ သူတို့ သုံးယောက် ပြောစကားတွေက တချက်တချက် လေသံကျယ်လာသည်။ သို့သော်

စကားလုံး မသဲကွဲချေ။ မောင်တင်ဦး က အိမ်ထဲကိုသာ ဂရုစိုက်ပြီး ကြည့်လိုက်၏။ ပြောင်ပြောင်လက်လက် ဝတ်ဆင်ထားသော ဒေါ်ကြည်က ခပ်မော့မော့မျက်နှာဖြင့် အိမ်ရှေ့ခန်းနှင့် အိမ်တွင်းခန်းကို ထွက်ချေဝင်ချေ မောင်နမတသိုက်မှ အချို့ကို တွေ့ရသည်။ ကြည်ကြည်နွဲ့၏ အရိပ်အရောင်ကိုကား လုံးဝမတွေ့ရချေ။

" ဒါလောက် အစအနပျောက်နေတာ တခြားနေရာကိုများ ပို့ထားလိုက်ပြီလား"

မောင်တင်ဦးက တွေးနေဆဲဝယ် ဒေါ်ကြည် ဦးသာညွှန့်အနားလာပြီး တစုံတခုပြောလိုက်ဟန်ကို မောင်တင်ဦး မြင်ရသည်။ ဦးသာညွှန့်က ဦးခေါင်းညိတ်လိုက်သည်။ ထိုနောက် သူ့ကိုယ်ရံတော်နှစ်ယောက်က ကျိုးနွံသည့် အမူအရာဖြင့် နေရာမှထကာ စေ့ရုံစေ့ထားဟန်တူသော တိုက်ခန်း အဝင်အထွက် သံဆွဲတံခါးကိုဖွင့်ပြီး အပြင်ထွက်လာကြသည်။ လမိုက်ရက်ဖြစ်၍တကြောင်း၊ လမ်းမီးတိုင်နှင့် အတန်ငယ်လှမ်း၍တကြောင်း တိုက်ရှေ့မျက်နှာစာ တိုက်ခန်းထဲမှ ထိုးထွက်နေသော မီးချောင်းအရောင်မှလွဲလျှင် အလင်းရောင် အားနည်း ကာ မှုံမှိုင်းမှိုင်းသာရှိသည်။ မောင်တင်ဦး ခိုလှုံနေရာ ဘန်ဒါပင်ကား မောင်တင်ဦး လုံခြုံရေးအတွက် အမှောင်ထု ကို လုံလောက်စွာ သိုမှီးထားနိုင်၏။

ထိုလူနှစ်ယောက်က တိုက်ခန်းရှေ့ ပတ်ဝန်းကျင်မှာ ရန်သူရှာသလို တောင်မြောက်လေးပါး ကြည့်ရှုစူးစမ်း ဟန်ကိုပြ၏။ ခေတ္တမျှကြာသောအခါ မောင်တင်ဦးရှိရာ ဘန်ဒါပင် အောက်ဝင် လာကြ၏။ ဘန်ဒါပင် အောက်ဝယ် မှောင်ရိပ်က အားကောင်း လှချေသည်။ မောင်တင်ဦးသည် အသက်ကိုပင် အထူး သတိထားကာ ဖြည်းညှင်းစွာ ရှုရင်း ထိုလူနှစ်ယောက်ကို ငုံ့ကြည့်လိုက်၏။ မှောင်ထဲမှာ ကျင့်သားရပြီးနေ သော မောင်တင်ဦး က ထိုလူနှစ်ယောက်ကို သဲကွဲစွာ မြင်နေရသည်။ ထိုလူနှစ်ယောက်က ဘန်ဒါပင် အောက် အမှောင် ထဲမှာ မတ်တပ်ရပ်လျှက်ကပင် အပေါ့သွားလိုက်ကြ၏။ ထို့နောက် လေသံတိုးတိုးဖြင့် စကား ပြောကြ သည်ကို မောင်တင်ဦးက အထူးသတိထား နားစွင့်လိုက်၏။

" သူ့သမီးနဲ့ ကြိုက်နေတဲ့ ကောင်လေးကို မင်းသေသေချာချာ မှတ်မိရဲ့လား"

" သိပါတယ်ကွာ ... သူတို့ ထီမပေါက်ခင် အိမ်ကုပ်ကလေးမှာနေစဉ်က သူ့သမီးနဲ့ လွှတ်ပေးပြီး အမိဖမ်းဘို့ ကြံသေးတယ်၊ မျက်မြင် သက်သေဖြစ်အောင် ငါ့ကို အမြဲလိုလို ခေါ်ထားတာဘဲ"

" ဆင်းရဲစဉ်က အမိဖမ်းမယ်ကြံပြီး အခုမှ ဘာကြောင့် ကိစ္စတုံးသတ်ချင်ရတာလဲ"

ထိုစကားကြောင့် မောင်တင်ဦးရင်ထဲမှာ တုန်လှုပ်သွားမိသည်။ သစ်ပင်အောက်က လူနှစ်ယောက်စကားကို စိုးရိမ်စွာ နားစိုက်နေ၏။

" ကောင်လေးက သိပ်ငွေမက်တယ်တဲ့ကွာ၊ ဒါကြောင့် သတ်ချင်တာတဲ့"

" ဟ - ငွေမက်တယ်ပြောရအောင် အခု သူတို့ထီပေါက်မှ ချက်ခြင်းလာကြိုက်တာလား၊ သူတို့ချင်း ကြိုက်နေ ကြတာ ကြာပြီထင်မယ်"

" အေးလေ - အိမ်ကုပ်ကလေးမျာ ဆင်းဆင်းရဲရဲဘဝ ကတဲက ကြိုက်နေခဲ့တာဘဲ။ အဲဒီအချိန်က ကောင် ကလေးမှာ အလုပ် ရှိတယ်ကွ။ အခုတော့ အလုပ်ပြုတ်သွားပြီတဲ့၊ သူတို့သမီးကို ဒီလိုလူနဲ့ မတူမတန်ဘူးပေါ့ ကွာ၊ ကောင်လေးကလဲ ငွေသိပ်မက်တော့ သိုက်သမားလက်ထဲ သူတို့သမီး အရောက်မခံနိုင်တဲ့သဘောပေါ့"

" သူခိုင်းတာလုပ်ပါပြီတဲ့ လက်ခက ဒို့သဘောကျပြောထားတဲ့အတိုင်းရမှာလား"

" ဒီကောင်လေးကို လက်စတုံးအောင်သာ လုပ်ပါတဲ့၊ တယောက်သုံးထောင်ဆိုတာကတော့ ချက်ခြင်းဘဲ"

"အနှေားလား ... အမြန်လား "

" ဒါကတော့ အဆင်ပြေသလိုပေါ့၊ ကောင်ကလေး ဒီအိမ်နား လာရစ်ရင်လဲ အကြောင်းရှာလုပ်ပေါ့၊ ဒီအိမ် နားမလာလဲ တွေ့တဲ့နေရာမှာ လုပ်ပေါ့"

" လုပ်တာ အရေးမကြီးဘူး မိရင် ဒို့ခံရမှာ "

" ဒါအတွက် မပူနဲ့ကွ၊ ဒီကိစ္စသူနိုင်းတော့ ငါကစီစဉ်အုံးမယ်၊ နောက်တနေ့လာပါ ချိန်းလိုက်တယ်။ သူမလာခင် ငါက အသံဖမ်းဘို့ အဆင်သင့်လျှို့ဝှက်လုပ်ထားပြီး သူလာတော့ သူပြောသမျှနိုင်းသမျှ စကားတွေအားလုံး အသံ သွင်းထားလိုပ်တယ်။ နောက် သူဒီလိုနိုင်းကြောင်း သူ့လက်ရေးနဲ့ စာရေးခိုင်း လက်မှတ် ထိုးခိုင်း ထားတယ်၊ ဒါကြောင့်ပေါ်ပေါက်ရင် သူရှောင်မနေဝံ့ဘဲ ဒို့အတွက် လွတ်မြောက်အောင်၊ အပြစ်ဒဏ်ပေါ့အောင် ငွေအား လူအား နဲ့ ဆောင်ရွက်မှာ၊ ငါက အဲဒီလို ပိုင်အောင် လုပ်ထားတယ်။

နောက် တချက်ကလဲ ဒီအမှုမပေါ်ရင်လဲ သူ့ဆီက လက်ခရပြီးတဲ့အပြင် အပိုငွေညှစ်နိုင်သေးတယ်လေ"

" မင်းအကြံပိုင်သားဘဲ၊ အသံဖမ်းစက်က မင်းဆီမှာ ရှိနေလား"

" ငါ့အသိတယောက်ဆီက ငှားတယ်လေ၊ ကိစ္စပြီးတော့ သူ့အသံဖမ်းစက် သူ့ပြန်ပေးလိုက်တာပေါ့၊ အသံသွင်းပြီးသား ကြိုးခွေက ငါ့လက်ထဲမှာ၊ ငါသိမ်းထားတယ်"

" အင်း...အရှည်သဖြင့် ငွေသူးနေရမဲ့ကိစ္စဆိုတော့ ကောင်းသားဘဲ လုပ်ပေါ့ကွာ"

ဦးသာညွန့် လက်စွဲတော်နှစ်ယောက်၏ ပြောစကားများမှာ စကားလုံးတိုင်း မောင်တင်ဦး၏ ရင်ထဲမှ အသဲနှလုံးကို တူနှင့်ထုနေသလို အောက်မေ့ရသည်။

သစ်ပင်အောက်က လှူနစ်ယောက်က မှောင်ရိပ်ထဲမှာ အတော်ကြာကြာ ဆိတ်ငြိမ်စွာနေကြပြီးမှ အိမ်ထဲ ပြန်ဝင် သွားကြသည်။ မောင်တင်ဦးက ဆိတ်ငြိမ်စွာ အရိပ်အခြေစောင့်ကြည့်နေ၏။ လူနစ်ယောက်က ဦးသာညွန့်နှင့် ဒေါ်ကြည်ကို စကားအနည်းငယ် ပြောဟန်တွေ့ရသည်၊ ထို့နောက် တိုက်ခန်းထဲမှ ခေါက်ကုတင် နှစ်လုံးကို ယူထုတ်ကာ တိုက်ခန်းအပြင် တံခါးဝ တဖက်တချက်စီမှာ အိပ်ရာပြင်ဆင်ပြီးကြ သော အခါ ဦးသာညွန့်နှင့် ဒေါ်ကြည်တို့ တိုက်ခန်းသံတံခါးကို ဆွဲစေ့သော့ခပ်လိုက်၏။ အတွင်းမှ သစ်သား ခေါက်တံခါး ကို ပိတ်လိုက်ကြ၏။ လက်စွဲတော် လူမိုက် နှစ်ယောက်ကား တိုက်အပြင်ဘက်မှာခေါက်ကုတင် ကိုယ်စီ ဖြင့် သူဌေးမင်းနှင့် သူဌေးကတော်မိသားစု၏ သက်တော်စောင့် အိပ်ဖန်စောင့်များအဖြစ် ကျန်ရစ်ခဲ့ ကြသည်။

" ဒီ သစ်ပင်ပေါ်က ငါ ဘယ်လိုလုပ် ဆင်းရပ့ါမလဲ"

မောင်တင်ဦးက ရင်ပူစွာတွေးသည်။ ဤလူမိုက်လူဆိုးတို့၏ လက်ချက်ဖြင့် အကျိုးမဲ့ သေရမည့်အဖြစ်ကို မောင်တင်ဦးက မလိုလားနိုင်ပေ။ နောက်တချက်ကလည်း ရာဇဝတ်ဘေးပြေးမလွတ် ဟူသော စကားသည် အလွန်မှန်သည်။ သူ့ကို လုပ်ကြံ သတ်ဖြတ်ခြင်းဖြင့် အမှုပေါ်ပေါက်၍ ရဲက စစ်ဆေးမေးမြန်းပါက သူ အသက်တမျှ ချစ်ရသော ကြည်ကြည်နွဲ့သည် တသက်လုံး ဦးခေါင်း မဖော်နိုင်အောင် အရှက်ရတော့မည်ကို တွေးမိသည်။ ထို့ကြောင့် မောင်တင်ဦးသည် သတ္တိမကြောင်သော်လည်း အကျိုးမဲ့အသေခံခြင်း၊ ချစ်သူ အရှက် ရစေခြင်းကို မလိုလားနိုင်သည်ဖြစ်၍ ဤ

လူဆိုးလူယုတ်တို့နှင့် ဝေးဝေးရှောင်နေလျှင် သင့်မည်ဟု စိတ်ကူး ကာ သစ်ပင်ပေါ်က ဆင်းနိုင်မည့် အခွင့်အရေးကို အထူးသတိထား စောင့်ကြည့်နေ၏။

ညကြည့် လက်ပတ်နာရီက ဆယ့်နှစ်နာရီခွဲကို ညွှန်ပြနေသော အချိန်ဝယ်၊ သူဌေးမင်း ဦးသာညွန့်၏ လက်စွဲ တော်နှစ်ယောက်ကား အိပ်ပျော်သွားကြဟန်ဖြင့် ငြိမ်နေကြသည်။ မောင်တင်ဦးသည် သတိကြီးစွာထားကာ၊ ဘန်ဒါပင်ပေါ်မှ အသံမမြည်အောင် ငြင်သာစွာ ဆင်းလာခဲ့၏။ မြေပြင်သို့ ရောက်သည်နှင့်တပြိုင်နက် လုံချည်ခါးကြားထဲ ထိုးထားသော ဘိနပ်ကို မစီးတော့ဘဲ ခြေသံမမြည်အောင် ဘန်ဒါပင်ရိပ်မှ လျင်မြန်စွာ ပြေး ထွက်ခဲ့၏။

အိပ်မပျော်ဘဲ မှိန်းနေကြသော သူဌေးလက်စွဲတော် နှစ်ယောက်က မသင်္ကာဘွယ်အသံကြောင့် ဦးခေါင်း ထောင်ကြည့်လိုက်သောအချိန်တွင်ကား လျင်မြန်စွာ ပြေးသွားနေသော လူရိပ်တခုသည် သူတို့ လိုက်မမှီနိုင် အောင်ကိုက်တရာကျော်မျှ ဝေးကွာသွားလေပြီ။

" မသေချာဘဲ လိုက်လို့ ဆူညံဆူညံဖြစ်ရင် မကောင်းဘူးကွ"

တယောက်က ပြောသည်ကို ...

" သေချာလို့ လိုက်တော့ကော ဒါလောက် ဝေးနေတာ မှီမလားကွ"

ဟု ကျန်တယောက်က ဖြည့်စွက်ပြီး ပြိုင်တူ ပြန်အိပ်လိုက်ကြလေသည်။

အကြောင်း အမျိုးမျိုးသော စိတ်သောက တွေကြောင့် မောင်တင်ဦးသည် တညလုံး အိပ်မပျော်တော့ချေ။ အသက်ဘေးကြောင့် ရှိသမျှခွန်အားကို ညှစ်ထုတ်ကာ၊ ဦးသာညွှန့်တို့ တိုက်ခန်းနှင့် ဝေးအောင် ပြေးလာခဲ့ရ သည်။ စိတ်ချလောက်သည့် နေရာရောက်မှ ပြေးခြင်းကို အရှိန်သတ်လိုက်ရသော်ငြားလည်း ခြေလှမ်းကိုကား မနှေးပွဲ့ချေ။

မြန်နိုင်သမျှသော သွက်နိုင်သမျှသော ခြေလှမ်းဖြင့် မပြေးရုံတမယ် အသော့ နှင်လာခဲ့ရသည်။ ရှေ့နောက် ဝဲယာ ကို ရန်သူအရိပ်အခြေကြည့်ရင်း ပင်ပန်းကြီးစွာ အိမ်ပြန်ရောက်လာခဲ့ရ၏။ အိမ်တံခါးကို အသေအချာ ပိတ်ဆို့ပြီး မောပန်းနွမ်းနယ်စွာဖြင့် အိပ်ရာပေါ် ခြေပစ်လက်ပစ် လှဲချလိုက်သော် လည်း အိပ်၍ကား မပျော်တော့ချေ။

ယုတ်မာပက်စက်သောဉာဏ်ဖြင့် လူဟူးပြီး သူ့ကို အသေသတ်ရန် ကြံနေသော မတော်ရသေးသည့် ယောက္ခမလောင်းနှစ်ယောက် မျက်နှာကိုသာ မြင်ယောင်နေသည်။ ဤသို့သော အခြေအနေမျိုးအထိဖြစ် လာသည်ဆိုလျှင် သူနှင့် ကြည်ကြည်နွဲ့တို့ လက်ထပ်ရေးကား မည်သည့်နည်းနှင့်မှ ဖြစ်မြောက်အောင်မြင် မည်မဟုတ်ကြောင်း မောင်တင်ဦးက တွေးမိသည်။ ကြည်ကြည်နွဲ့က သူ့အပေါ် သစ္စရော မေတ္တာပါ မပျက်ဘဲ စွဲမြဲနိုင်မာသည် မှန်စေကာမူ

တင်းကြပ်စွာ စောင့်ထိန်းချုပ်ထားသော မိဘလက်မှ မည်သို့လွတ်မြောက်နိုင်မည်နည်း။ လွတ်မြောက်အောင် ကြိုးစား၍ သူ့ထံရောက်လာလျှင်လည်း သူတို့ အိမ်ထောင်ရေး သည် အေးချမ်းသာယာမည် မဟုတ်တော့ဘဲ စိတ်ထားယုတ်သော ဦးသာညွန့်နှင့် ဒေါ်ကြည်တို့၏ ငွေအား လူအားဖြင့် ဖျက်ဆီးနှောက်ယှက်မှုကို ခံရမည်။ အသက်ကိုပင် လုပ်ကြံနေပြီဖြစ်ရာ သူ့အတွက်ကြောင့် ချစ်သူ ကြည်ကြည်နွဲ့အဖို့ စိုးရိမ်သောကဖြင့် မျက်ရည် ကျရမည့်အဖြစ်ကို မောင်တင်ဦး မလိုလားနိုင်ပေ။

သို့ဖြစ်လျှင် မောင်တင်ဦးအနေဖြင့် ဘာလုပ်ရမည်နည်း။

မိုးသာ စင်စင် လင်းသွားသည်။ မောင်တင်ဦး တမှေးမှ အိပ်မပျော်တော့ချေ။

ယုတ်မာပက်စက်သောဉာဏ်ဖြင့်လူငှားပြီး သူ့ကို အသေသတ်ရန် ကြံနေသော မတော်ရသေးသည့် ယောက္ခမ လောင်းနှစ်ယောက် မျက်နှာကိုသာ မြင်ယောင်နေသည်။ ဤသို့သော အခြေအနေမျိုးအထိ ဖြစ် လာသည်ဆိုလျှင် သူနှင့်ကြည်ကြည်နွဲ့တို့ လက်ထပ်ရေးကား မည်သည့်နည်းနှင့်မှ ဖြစ်မြောက်အောင်မြင် မည်မဟုတ်ကြောင်း မောင်တင်ဦးက တွေးမိသည်။ ကြည်ကြည်နွဲ့က သူ့အပေါ် သစ္စာရော မေတ္တာပါ မပျက် ဘဲ စွဲမြဲနိုင်မှာသည် မှန်စေကာမူ တင်းကြပ်စွာ စောင့်ထိန်းချုပ်ထားသော မိဘလက်မှ မည်သို့ လွတ်မြောက် နိုင်မည်နည်း။

လွတ်မြောက်အောင် ကြိုးစား၍ သူ့ထံရောက်လာလျှင်လည်း သူတို့ အိမ်ထောင်ရေးသည် အေးချမ်း သာယာမ ည် မဟုတ်တော့ဘဲ စိတ်ထားယုတ်သော ဦးသာညွန့်နှင့် ဒေါ်ကြည်တို့၏ ငွေအားလူအား ဖြင့် ဖျက်ဆီးနှောက်ယှက်မကို ခံရမည်။ အသက်ကိုပင် လုပ်ကြံနေပြီဖြစ်ရာ သူ့အတွက်ကြောင့် ချစ်သူ ကြည်ကြည်နွဲ့အဖို့ စိုးရိမ်သောကဖြင့် မျက်ရည် ကျရမည့်အဖြစ်ကို မောင်တင်ဦး မလိုလားနိုင်ပေ။

သို့ဖြစ်လျှင် မောင်တင်ဦးအနေဖြင့် ဘာလုပ်ရမည်နည်း။

မိုးသာ စင်စင် လင်းသွားသည်၊ မောင်တင်ဦး တမေးမှ အိပ်မပျော်တော့ချေ။

အိပ်ရာမှထကာ အိမ်အဝင်အထွက် တံခါးမကြီးကိုမဖွင့်ဘဲ၊ ညက သေချာစွာ ပိတ်ထားပြီး ပြတင်းပေါက် များ ကိုသာ ဖွင့်လိုက်သည်။ ပြတင်းပေါက်များကား ရှေးအိမ်ကြီးပီပီ ငါးမူးလုံး သံတိုင်ကြီးတွေ စိုက်ထားသည် ဖြစ်၍ လူဝင်မရချေ၊ လေနှင့်အလင်းရောင်သာ ဝင်သည်။

မောင်တင်ဦးက မျက်နှာသစ် ရေချိုးပြီး ကော်ဖီခါးခါးတခွက်ဖျော်သောက်လိုက်၏။ စိန်ပြေနပြေရေချိုးပြီး ကော်ဖီ ခါးခါး သောက်လိုက်သောအခါမှ အိပ်ပျက်ခြင်းဖြင့် လေးလံထိုင်းမှိုင်းနေသည်များ ပျောက်သွားကာ လန်းဆန်း ပေါ့ပါးလာသည်။ ကော်ဖီသောက်ပြီး တယောက်စာ

ထမင်းဟင်းကလေးစီမံချက်ပြုတ်နေစဉ်မှာ အိမ်ရှေ့က တံခါးခေါက်သံကြားလိုက်ရသောအခါ မောင်တင်ဦး ခေါင်းနဘန်းကြီးသွားသည်။ သူ့အသက်ကို ချွေဖျက်ရန် ကြံစည်နေကြပြီကို အသေအချာသိထားပြီဖြစ်သောကြောင့် မောင်တင်ဦး အနေဖြင့် စိုးရိမ်မှုဖြစ်သည်မှာ ဖြစ်ထိုက်ပေသည်။

တံခါးခေါက်သံက ဆက်တိုက်ပေါ်လာပြီး ...

" ကိုတင်ဦး ... ဟေ့ - ကိုတင်ဦး "

ဟူသော ခေါ်သံကို ကြားမှ စိုးရိမ်မှုကပျောက်သွားသည်၊ ထိုအသံကား မောင်တင်အုန်း အသံဖြစ်သည်။ သို့သော် မောင်တင်ဦးက သတိကိုရှေ့ဆောင်သည်။ ထို့ကြောင့် တံခါးကို ရုတ်ခြည်းဖွင့်မပေးသေးဘဲ ဂျပန် ခေတ်စစ်ဗိုလ်အဖြစ် ဖခင် ကိုင်ဆောင်ခဲ့သောဓါးရှည်ကြီးကို မြဲမြံစွာကိုင်ကာ ချောင်းကြည့်ပေါက်မှ ကြည့် လိုက်၏။ အိမ်တံခါးခေါက်နေသူကား မောင်တင်အုန်းအမှန်ပင်ဖြစ်သည်။ ဘောင်းဘီရှည်နှင့် စပို့ရှပ်နှင့် ဥရောပတိုက်သားပီပီ ဝတ်ဆင်ထားသည်။ ထိုအခါ မောင်တင်ဦးက ဝမ်းသာအားရဖြင့် တံခါးဖွင့်ပေး၏။ မောင်တင်အုန်း အိမ်ထဲရောက်သည်ဆိုလျှင်ပင် မောင်တင်ဦးက တံခါးကို သေချာစွာ ပြန်ပိတ်လိုက်သည်။

" ဘာလဲဗျ - ခင်ဗျားအမှုအရာက တမျိုးပါ၊ အဖိုးကြီးသေတော့ အမွေပစ္စည်း ရွှေတွေ စိန်တွေ အများကြီး ရထားလို့ ခမြောက်နေတာနဲ့တူတယ်"

မောင်တင်ဦး လက်ထဲမှာ ကိုင်ထားဆဲ ဓါးရှည်ကြီးနှင့် မောင်တင်ဦး အမူအရာကိုကြည့်ပြီးမောင်တင်အုန်းက ရယ်ရယ်မောမော မေးလိုက်၏။

" ဓမြကြောက်လို့မဟုတ်ဖူး ကိုတင်အုန်းရေ၊ ကျွန်တော့်ကိုမုန်းလို့ လုပ်ငှားသတ်ခိုင်းတဲ့ လူ ရှိနေတယ်၊ ဒါကြောင့် သတိထားနေရတာ"

မောင်တင်ဦးက ဓါးရှည်ကြီးကို ဓါးအိမ်ထဲ ပြန်ထည့်ရင်း ပြောသည်။

" ဘယ်လို ခင်ဗျားကိုမုန်းလို့ သတ်ခိုင်းနေတယ်ဟုတ်လား"

မောင်တင်အုန်းက အံ့အားသင့်စွာမေး၏။

" ဟုတ်တယ် "

" ခင်ဗျားက သူတို့ မုန်းလောက်အောင် ဘာတွေလုပ်ထားလို့လဲ"

မောင်တင်ဦးအဖို့ တိုင်ပင်အားကိုးစရာ ကြုံရာမရ ဖြစ်နေဲဝယ် ညီအကိုတမျှ ခင်မင်သော မောင်တင်အုန်း ရောက်လာ၍ ဝမ်းသာအားရ ဖြစ်မိသည်။ ထို့ကြောင့် သူ့ဘဝ အခြေအနေကို ကွယ်ဝှက်လိမ်လိုစိတ်မရှိဘဲ ပြောပြလိုက်သည်။ တနည်းအားဖြင့် လည်း မောင်တင်အုန်းအနေဖြင့် နှုတ်ဖွာအာချောင် ခြင်းမရှိ၍ ယုံယုံ ကြည်ကြည် ဖွင့်ဟ ပြောပြလိုက်ခြင်းဖြစ်သည်။ မောင်တင်ဦး ပြောပြသည်များကို ကြားရသောအခါ မောင်တင်အုန်းသည် အမုန်တကယ်ပင် စိတ်မကောင်းဖြစ်မိသည်။

"ခင်ဗျား ဘေးအွန္တရာယ်က မသေးဘူးနော် ကိုတင်ဦး၊ ခင်ဗျား အခုလို အိမ်ထဲမှာ တသက်လုံး ပုန်းနေနိုင် မလား"

မောင်တင်အုန်းက စိုးရိမ်စိတ်ဖြင့် ပြော၏။

မောင်တင်အုန်းပြောသည်မှာ ဟုတ်ပါသည်။ တသက်လုံး အိမ်တွင်းပုန်းနေရမည်မှာ လုံးဝမဖြစ်နိုင်မှန်း မောင်တင်ဦး စဉ်းစားမိသည်။ တသက်တာ စားဝတ်နေရေးအတွက် အိမ်ထဲက ထွက်ရပေမည်။ မိမိအသက် ကို လုပ်ကြံနေကြောင်း အသေအချာ သိနေပြီးမှ အိမ်ထဲမှာ နေသည်ဖြစ်စေ၊ အိမ်ပြင်မှာနေသည်ဖြစ်စေ၊ စိတ် အေးချမ်းသာ ရှိပါတော့မည်လော၊ ထိတ်ထိတ်လန့်လန့်ဖြင့်သာ သွားလာ လှုပ်ရှားနေရမည့် ဘဝပါတကား။ မည်မျှ စိတ်ဆင်းရဲစရာ ကောင်းမည်နည်း။ မောင်တင်ဦးက ဘာမှ ပြန်မပြောသေးဘဲ၊ စိတ်မချမ်းသာ ခြင်းဖြင့် ငိုင်နေသည်။

" ရဲကို တိုင်ထားရင် မကောင်းဘူးလား "

မောင်တင်အုန်းက အကြံပေး၏။

"ကိုယ့်ဘက်က သက်သေမရှိဘူး ကိုတင်အုန်း ထီပေါက်ထားလို့ ငွေနစ်သိန်းပိုင်ဆိုင်ထားတဲ့ လူဂုဏ်တန် တစ်ယောက်က သူ့နာမည် သူ့ဂုဏ်ကို ဖျက်ပါတယ်လို့ ပြန်တရားစွဲတော့ ကိုယ်အချုပ်ထဲ ရောက်နေမှာ သေချာ တယ်။ သူတို့ကြံစည်တာ သိနေပေမဲ့ ကိုယ့်ဘက်ကမပိုင်ဘူး"

မောင်တင်ဦး က စဉ်းစဉ်းစားစားပြော၏။

" ဘာ့ကြောင့် မပိုင်ရမှာလဲဗျ၊ အသံဖမ်းစက်ငှားလိုက်တဲ့လူ၊ အသံသွင်းကြိုးခွေ ဒါတွေဟာ သက်သေပေါ့"

မောင်တင်အုံးက အကြံပေး၏။

" မလွယ်ဘူး ကိုတင်အုန်းရေ၊ သူတို့ လူမိုက်လောက ကလျင်တယ်နော်၊ ကျွန်တော့် ယောက္ခမလောင်းကြီးက ငွေနဲ့ ဆို့ပြီး ကြံစည်အစဖျောက်များတွေ ထည့်တွေးအုံး၊ နောက်တချက် ကျွန်တော် ငဲ့စရာက ကြည်ကြည် နွဲ့အဖို့ ဂုဏ်ပျက်မှာ စိုးရိမ်တယ်"

မောင်တင်ဦးက ပြန်ပြော၏။ မောင်တင်အုံးက ဘာမှ ဆက်လက် အကြံဉာဏ်မပေးတော့ဘဲ ခေတ္တမျှ နှုတ် ဆိတ်သွားသည်။ အတန်ကြာမှ မောင်တင်အုံးက စတင်စကားပြော၏။

" ဒီနေ့ ပြေလ ဆယ့်သုံးရက်နော် "

" ဟုတ်တယ် ကိုတင်အုံး "

" ကျွန်တော်လာခဲ့တာ အဲဒီကိစ္စဘဲ ကိုတင်ဦး"

မောင်တင်ဦးက စဉ်းစားဟန်ဖြင့် -

" ဘာကိစ္စလဲ "

ဟုပြန်မေး၏။

" ခင်ဗျားကလဲ ရည်စားကိစ္စပွေလို့ မေ့နေပြီနဲ့တူတယ်၊ ခင်ဗျားအဖေနဲ့ မေရှာပိုက်တို့ ရောက်ခဲ့တဲ့ နေရာကို ကျွန်တော်သွားဘို့ စီစဉ်ရာမှာ ခင်ဗျားကို လိုက်စေချင်တယ်လို့ ပြောခဲ့တဲ့ ကိစ္စလေ"

ထိုအခါမှ မောင်တင်ဦးက -

" အော် မှတ်မိပြီ - မှတ်မိပြီ"

ဟု ခွန်းဆင့်ဆိုလိုက်၏။

" ဘယ်လိုလဲ လိုက်နိုင်မလား၊ ခင်ဗျား ထိတ်ထိတ်လန့်လန့်နဲ့ ဒီမှာနေရတာထက်စာရင် သူငယ်ချင်း နှစ်ယောက် တောထဲ တောင်ထဲမှာ လွတ်လွတ်လပ်လပ်သွားနေရမှာ ဘယ်လောက် စိတ်ချမ်းသာ ဘို့ ကောင်း မလဲ။ လိုက်ခဲ့ပါ ကိုတင်ဦးရာ"

မောင်တင်အုံးက ညီအကိုအရင်း လေသံမျိုးဖြင့်ဆို၏။ မောင်တင်ဦး ကလည်း သူ့အခြေအနေကို သူပြန်စဉ်း စားကြည့်သောအခါ မောင်တင်အုံးနှင့်အတူ စွန့်စားခြင်းသည် သာလျှင် သူ့အဖို့ ဘေးကင်းရန်ကင်း အသင့် လျော်ဆုံး ဖြစ်သည်ဟု စိတ်ကို ဆုံးဖြတ်လိုက်၏။ ကြည်ကြည်နွဲ့ကို အသဲနလုံးထဲက လှိုက်လှဲစွာ ချစ်ခင်စွဲ လန်းပါသော်လည်း ပေါ်ပေါက်လာမည့် ဘေးအန္တရာယ် တွေကို မိုက်ရူးရဲစိတ် တဇွတ်ထိုးစိတ်ဖြင့် ရင်ဆိုင် လိုစိတ်မရှိချေ။ ဦးသာညွန့်တို့ သွေးပူနေစဉ် အများအမှန် ဝေဖန်သုံးသပ်မှု မပြုနိုင်ဘဲ မောဟဖုံးလွှမ်းနေစဉ် မှာ ရှောင်နေခြင်းသည် အသင့်လျော်ဆုံး ဖြစ်ကြောင်း စဉ်းစားမိသည်။

မောင်တင်အုန်း နှင့် အတူ လိုက်ပါသွားသော အချိန်ကာလသည် လပိုင်းမျှ ကြာချင်လဲကြာမည်။ နှစ်ပိုင်းသို့ ကူးပြီး ကြာချင်လဲ ကြာမည်၊ မည်သို့ပင်ဖြစ်စေ သုံးနှစ်ပြည့်မြောက်သည့်နေ့မှာ သူအသက် မသေသေးလျှင် ကြည်ကြည်နွဲ့ ရှိရာ ရန်ကုန်မြို့ကို ရောက်အောင် လာခဲ့သည်။ ထိုမျှသော ကြာညောင်းသည့် အချိန်ကာလ မှာ ဦးသာညွန့်တို့ အမြင်မှန်တရားကျပြီး မျှတမှန်ကန်သောစိတ် ဖြစ်ကောင်းဖြစ်လိမ့်မည်။

ကြည်ကြည်နွဲ့ အနေဖြင့် ချစ်သူအသစ်မရှာဘဲ သူ့ကိုသာ စောင့်စားနေမည်ဆိုပါက ဦးသာညွန့်တို့ မာန်မကျ ဘဲ မည်မျှပင် ရန်ပြုစေကာမူ မည်သို့ပင်ဖြစ်စေ ရင်ဆိုင်ကာ ချစ်သူ ကြည်ကြည်နွဲ့ကို အရယူမည်။ ကြည်ကြည်နွဲ့ အနေဖြင့် မိဘစကားကို နားယောင်ကာ သစ္စာမဲ့လျှင်လည်း မိန်းမတယောက်အတွက်ကြောင့် ဖြင့် သူ့ဘဝကို နစ်မွန်းမှု မဖြစ်စေရအောင် ထိန်းသိမ်းနေထိုင်သွားတော့မည် စသည်ဖြင့် စိတ်ကူး စီမံကိန်း ဆွဲလိုက်သည်။

" ငိုင်လှချည့်လား ကိုတင်ဦးရာ မလိုက်နိုင်ဘူးလား"

ငြိမ်သက်လွန်းနေသော မောင်တင်ဦးကို အကဲခတ် စိုက်ကြည့်နေသော မောင်တင်အုန်းက အသံပေးလိုက် သည်။

" လိုက်မယ် - ကိုတင်အုံး "

မောင်တင်ဦးက ဖြေသည်။

" တကယ်နော် ... "

မောင်တင်အုံးက ဝမ်းသာအားရမေး၏။

" တကယ်ပါ ခင်ဗျားဘယ်တော့သွားမလဲ"

" ကျွန်တော်အားလုံး အဆင်သင့်ဖြစ်ပြီ၊ ခင်ဗျားလိုက်မယ်ဆိုရင်လဲ ခင်ဗျားကိုခေါ်မယ်၊ ခင်ဗျား မလိုက်နိုင်ရင်လဲ ကျွန်တော့်အဖေထားရစ်ခဲ့တဲ့ ဘဏ္ဍာစိုးကို ခေါ်မယ်လို့ ရည်ရွယ်ပြီး လိုအပ်မယ်ထင်တဲ့ ပစ္စည်းတွေ နစ်ယောက်စာ ပြင်ဆင်ထားပြီးသား၊ ခင်ဗျားဘာမှ လုပ်စရာ မလိုတော့ဘူး၊ တကယ်ဗျာ ကျွန်တော် သိပ်ဝမ်းသာတယ်"

ညီအကို လို ချစ်ခင်သော မောင်တင်ဦးက လိုက်မည်ဆို၍ မောင်တင်အုန်းသည် တကယ်ပင် လှိုက်လှဲစွာ ဝမ်းသာအားရ ဖြစ်နေသည်။

" ဘယ်နေ့လောက် ခရီးထွက်မယ်ဆိုတာ ပြောစမ်းပါဦး"

မောင်တင်ဦးက သူမေးပြီးသားမေးခွန်းအဖြေမရ၍ ဒုတိယအကြိမ် ထပ်မေးသည်။

" သဘက်ခါ ထွက်မယ်ဗျာ ... ခင်ဗျားအိမ်တံခါး ပိတ်ထားခဲ့ပြီး အခု ကျွန်တော်နဲ့ တခါတည်းလိုက်ခဲ့ပါလား၊ ယူစရာရှိတာယူခဲ့ပေါ့။ ကျွန်တော့်မှာ မော်တော်ကားပါတယ်။ ခင်ဗျားအဖြစ်က တယောက်ထဲနေလို့ လုံခြုံမှု ရှိမှာလဲ မဟုတ်ဘူး။ ကျွန်တော်နေတဲ့အိမ်မှာ လိုက်နေဗျာ"

မောင်တင်အုံး အစီအစဉ်ကကောင်းသည်။ မောင်တင်ဦးကလည်း သဘောတူသည်။

" ခင်ဗျား စီစဉ်တာကောင်းတယ် အခုချက်ခြင်း တနာရီအတွင်းမှာတော့ ပြီးမျာမဟုတ်ဘူး။ သိမ်းစရာရှိတာ သိမ်း၊ ယူစရာရှိတာ ထုပ်ပိုး အိမ်အပ်ခဲ့ရမဲ့လူကို ပြောရဆိုရအုံးမှာကိုး ခင်ဗျားစောင့်နိုင်မလား ကိုတင်အုံး"

" စောင့်နိုင်ပါတယ်"

" ဒီလိုဆိုရင် ထမင်းစား ကျွန်တော် ထမင်းချက်ပြီးနေပြီ ဟင်းကတော့ ဖြစ်သလိုပေါ့ဗျာ "

ဗမာ နှင့် ပေါင်းကာ ဗမာရည်ဝပြီး ဗမာ ထမင်းဟင်းကို စားသောက်တတ်နေပြီဖြစ်သော မောင်တင်အုံး အကြောင်းကိုသိ၍ မောင်တင်ဦးကပြော၏။

" ဟင်း အရေးမကြီးပါဘူး၊ ကျွန်တော့် ဒရိုင်ဘာ ပါတယ်လေ၊ သူ့ကို ဟင်းဝယ်ခိုင်းမယ် ခင်ဗျားလုပ်စရာ ရှိတာ သွားလုပ်စမ်းပါ။ ကျွန်တော်က ဘာတာဝန်မှ ရှိတာမဟုတ်ဘူး။ ညနေအချိန်ထိ စောင့်ဆိုလဲ စောင့် မယ်"

မောင်တင်အုံးက ပြောပြီး သူ့မော်တော်ကား ဒရိုင်ဘာကို လှမ်းခေါ်ကာ ပိုက်ဆံထုတ်ပေးပြီး ဟင်းဝယ်ခိုင်းလိုက်သည်။

မောင်တင်ဦးသည် လုပ်ဆောင်စရာရှိသည်များကို သွက်လက်လျင်မြန်စွာ လုပ်ဆောင်ပြီး သူ့ ဘခင် ရှိစဉ် ကပင် ခင်မင်ခဲ့သော အိမ်ချင်းကပ်နေသည့် ပင်စင်စားအရာရှိ မိသားစုအား ခရီးရက်ရှည်ထွက် မည်ဖြစ်၍ အိမ်ကို စောင့်ရှောက်ကြည့်ရှုပါရန် သွားရောက်အပ်နှံ မှာကြားလိုက်သည်။ ထို့နောက် ကြည်ကြည်နွဲ့ထံ ပေးရန် စာတစောင်ကို လျင်မြန်စွာ ရေးနေသည်။

မောင်တင်အုံး က ဘာအနှောက်အယှက်မှ မပေးဘဲ။ မောင်တင်ဦး လုပ်ဆောင်နေသမျှကိုသာ ငြိမ်သက်စွာ ကြည့် နေသည်။

နံနက်စာ ထမင်းစားသောက် ပြီးစီး၍ အိမ်အတွက်လည်းကောင်း၊ ယူဆောင်သွားမည့် ပစ္စည်းအတွက်လည်း ကောင်း၊ အားလုံး ပြီးစီးအဆင်သင့် ဖြစ်သောအခါ မောင်တင်ဦးက တအိမ်လုံးရှိ ပြူတင်းပေါက်တွေ တံခါး တွေ ကို သေချာစွာ ပိတ်သည်။ လျှပ်စစ်ဓါတ်ကြိုးတွေအတွက် စိတ်ချရစေရန် ဓါတ်မီးအဖွင့် အပိတ်ခလုတ်ကြီး ကို ချပြီး ပိတ်ထားလိုက်သည်။ ဘုရားကို ဦးချကန်တော့သည်။ မိဘဓါတ်ပုံကို ရှိခိုးသည်။ ထို့နောက် အိမ်ပြင် သို့ ထွက်ကာ တံခါးမကြီးကို ဆွဲပိတ်ပြီး သေချာစွာ သော့ခပ်လိုက်၏။

" သွားစို့ ကိုတင်ဦးရေ "

မောင်တင်အုံးက မော်တော်ကား တံခါးကို ဖွင့်ရင်း အသံပြုလိုက်၏။

" သွားမယ်လေ၊ ကျွန်တော်ဝင်ချင်တဲ့ အိမ်တအိမ် ရှိတယ်၊စာတစောင် ပေးခဲ့ချင်လို့ အဲဒီအိမ် ပို့ပေးအုံး ကိုတင်အုံး"

" သွားလေ ၊ ခင်ဗျားဝင်ချင်တဲ့ အိမ်နေရာကို ဒရိုင်ဘာကို ပြော"

မောင်တင်အုံးက ကြည်ဖြူစွာပင်ပြော၏။ မောင်တင်ဦးသည် ကြည်ကြည်နွဲ့တို့ တိုက်ခန်းရှိရာကို မောင်းစေ၏။ ဤအချိန်ကား နေ့လယ် ဆယ့်နှစ်နာရီခွဲအချိန်ဖြစ်သည်။ သူတဦးတည်းမဟုတ်ဘဲ မောင်တင်အုံး နှင့် ကားဒရိုင်ဘာတို့ပါသည်။ ထို့ကြောင့် ဦးသာညွှန့်ဩဇာခံ လူမိုက်နှစ်ယောက်က မည်သည့် နည်း နှင့်မှ ရာဇဝတ်မှုကြီးကို ပြောင်ကျကျ ကျူးလွန်မည်မဟုတ်ကြောင်း မောင်တင်ဦးက အသေအချာတွေး ပြီး သူ ရေးထားသောစာ ကို ပေးခဲ့ရန် ရည်ရွယ်ပြီး သွားခြင်းဖြစ်သည်။

မောင်တင်ဦး၏ အတွေးမှန်သည်ဟု ဆိုရပေမည်။ ဦးသာညွှန့်တို့နေရာ တိုက်ခန်းမှာ သံဆွဲတံခါးက သော့ခပ် ထားသော်လည်း တိုက်ခန်းထဲတွင် ဦးသာညွှန့်နှင့် ဒေါ်ကြည်သာရှိသည်။ ကြည်ကြည်နွဲ့ နှင့် ခလေး တွေကို မတွေ့ရချေ။

တိုက်ခန်းရှေ့တွင် နိုင်ငံခြားသားပိုင် နံပါတ်ပြား တပ်ထားသော သစ်လွင်တောက်ပသည့် ကားတစီးက ငြင်သာစွာ ထိုးရပ်လိုက် သောအခါ၊ ဦးသာညွှန့်နှင့် ဒေါ်ကြည်က အံ့အားသင့် သွား၏။ သို့သော် ကားတံခါးကို ဖွင့်ပြီး ဆင်းလာသူမှာ မောင်တင်ဦး ဖြစ်နေသည်ကို

တွေ့ရသောအခါ၊ သူတို့ နှစ်ယောက်လုံး မျက်နှာက အံ့အား သင့်ဟန် ပျောက်သွားပြီး ခက်ထန်တင်းမာ သွားကြသည်။

" ဟော့ကောင် မင်းလာစရာ အကြောင်းမရှိဘူးကွ၊ ထွက်သွား"

ဤကဲ့သို့သော အချိန်မှာ ဤကဲ့သို့ လာမည်ဟု မမျှော်မှန်း မိသောကြောင့် ဦးသာညွန့်က သူ့ လူနှစ်ယောက် ကို ယနေ့မှ လည်ပတ် ခွင့် ပေးလိုက်မိသည်ကို နောင်တရသောအနေဖြင့် မောင်တင်ဦး ကို နှင်၏။

" ကျွန်တော် ကြည်ကြည်နွဲ့နဲ့ တွေ့ချင်လို့ပါ ... ကြည်ကြည်နွဲ့ရေ ... "

မောင်တင်ဦးက ပြောရင်း အသံမြှင့်ကာ ကြည်ကြည်နွဲ့ရှိလိုရှိငြား အော်ခေါ်လိုက်၏။

" ဟော့ကောင် သွား "

" နင့်သမီး ... "

ဤစကား နှစ်ခွန်းကို ဦးသာညွန့်က ဒေါသသံ၊ စိုးရိမ်သံဖြင့် ဗလုံးဗထွေး ပြောလိုက်၏။

ဒေါ်ကြည်က သူ့လင်ကို မျက်စိမှိတ်ပြလိုက်သည်ကို မောင်တင်ဦးက ကောင်းစွာ မြင်လိုက်သည်။

" သြော် ကြည်ကြည်နွဲ့ ရုပ်ရှင်သွားကြည့်တယ်၊ မောင်တင်ဦး ညဘက်ကျမှ လာခဲ့နော် သမီးနဲ့ စကားပြောရ အောင်လေ ... "

ဒေါ်ကြည်က ချိုသာသော လေသံဖြင့် ပြော၏။ သံဆွဲတံခါးကိုကား ဖွင့်မပေးချေ၊ သို့သော် ဒေါ်ကြည်၏ မျက်စိမှိတ်ပြခြင်း နှင့် ညအချိန်လာရန် မှာကြားခြင်း အဓိပ္ပါယ်ကို မောင်တင်ဦးက ကောင်းစွာသိသည်။ သူ့ကို လုပ်ကြံဖောက်ဖျက်မည့် အစီအစဉ်ပင် ဖြစ်ပေသည်။ ထိုအခိုက် အတွင်းခန်းထဲမှ ကြည်ကြည်နွဲ့က ပူပုံဟန်ဖြင့် ပြေးထွက်လာ၏။

" ကိုဦး ညဘက်မလာနဲ့ နေ့လဲမလာနဲ့ ကိုဦး သတိထားနော် ... "

ကြည်ကြည်နွဲ့က အရင်းအဖျား မရှိသော စကားကို စိုးရိမ်ပူပန်စွာ ပြောခိုက်၊ မောင်တင်ဦးက သံဆွဲတံခါး အကြား မှ သူရေး လာသောစာကို ကြည်ကြည်နွဲ့ထံ ရောက်အောင် ပစ်ပေးလိုက်သည်။ စာကို ဒေါ်ကြည်က လုယူနေခိုက် ...

" နွဲ့ရေ ... သုံးနစ်စောင့်နော် သုံးနစ် ... "

မောင်တင်ဦးက ကြည်ကြည်နွဲ့ ကြားအောင် ပီပီသသ ပြောပြီး၊ ကားရှိရာပြန်လာခဲ့သည်။ ဦးသာညွန့်က ရာဘာစွပ်ထားသည့် ပိုက်လုံးတို့ကို ကိုင်ကာသံဆွဲတံခါးကို ဒေါသကြီးစွာ ဖွင့်နေဆဲဝယ်၊ မောင်တင်ဦး တက်ထိုင် မိပြီဖြစ်သော မော်တော်ကားက လျင်မြန်သော အရှိန်ဖြင့် တိုက်ခန်းရှေ့မှ ထွက်လာခဲ့လေသည်။

---------------------------

# အခန်း (၅)

ကြူမြင့် သီခေါင် ရီမှောင်ညှိဆိုင်း မှိုင်းမှိုင်းမှုံပြာသည့် သေလာ တောင်တန်း ပေဟဝန်နန်းမှာ၊ စိမ့်စမ်းရေတံခွန် ထွေသွန်စီး ဖြာ၍ သာရကာ ငှက်ပေါင်းက သောင်းသောင်းညံညံ၊ မ-ဖိုသံပေး ဟစ်ကြွေးခေါ်ထူး ကြည်နူးနေ ကြသည်။

တသုံသုံတဖြူးဖြူး၊ ဆော်မြူးတိုက်ခတ်လာသော လေသည် တောအထပ်ထပ်ကို ဖြတ်ကျော် လာခဲ့သော် ငြားလည်း၊ သူဖြတ်သန်း တိုက်ခတ်လာရာ ခရီးတလျှောက်မှ တောပန်းတောင်ပန်းတို့၏ ရနံ့ကို သယ်ဆောင် လာခဲ့သည်ဖြစ်ရာ၊ နက်ခေါင်သည့် တောတောင်အတွင်း ရောက်ရှိနေကြသော မောင်တင်ဦး နှင့် မောင်တင်အုံး တို့အဘို့ အေးမြလတ်ဆတ်၍ သင်းပျံ့သော လေပြေ လေအေးကို ရှူရှိုက်လိုက်ရသော အခါ အမောပြေ သလိုပင် ဖြစ်သွားကြသည်။

သူတို့ နှစ်ယောက်သည် ဟူမွလင်းမြို့၏ အနောက်မြောက်ဆီသို့ ဦးတည်လာခဲ့ကြသည်။ မောင်တင်အုံး အဖေ၏ မိတ်ဆွေ လေတပ်ဗိုလ်မှူး၏ ပြောစကားအရ သူတွေ့မြင်လာခဲ့ရသော တောင်ကြားသည် ဟူမွလင်းမြို့၏ အနောက်မြောက်ဘက်၊ အိန္ဒိယနယ်စပ် နှင့် အလွန်နီးကပ်စွာရှိမည်ဟု ခန့်မှန်းရသည်ဟူ သော စကားကို အတည်ပြုပြီး၊ သူတို့နှစ်ယောက် လာခဲ့ကြခြင်းဖြစ်သည်။

သူတို့ နှစ်ယောက်သည် အားခွန်ဗလ ကောင်း၍ သန်မာသည့် လူရွယ်များဖြစ်သည့်အလျောက်၊ တကိုယ် လျှင် မိုးကာတထည်၊ ကာဘိုင်တလက်၊ ကျည်ဆန်တရာ၊ ထူထဲသောနိုင်လွန် ဘောင်းဘီ အင်္ကျီတစုံ၊ ဆွယ်တာ တထည်၊ ခါးရှည်တချောင်း၊ ခါးမြောင်တလက်၊ ရေဘူးတခု၊ လိုအပ်သည့် ဆေးဝါး ပစ္စည်း၊ တခါ စားလျှင် တနေ့လုံးအတွက် ဆာလောင်ခြင်းမဖြစ်တော့ဘဲ၊ အစားခံအောင် အထူးစီမံပြုလုပ် ထားသည့် စစ်သားသုံး ရိက္ခာအခြောက် တလစာ စသည့် ပစ္စည်းများကို နိုင်နိုင်နင်းနင်းပင် သယ်ယူလာနိုင် ခဲ့ကြသည်။ အရပ် လေးမျက်နှာ ကို မှန်မှိနိုင်အောင် အိမ်မြှောင်က တယောက်တခုစီပါသည်၊ တောထဲမှာ တွေ့သည့် စားကောင်းသော သီးနှံများကို ခူးဆွတ် စားသောက်ခြင်းဖြင့် ယူဆောင်လာအောင် ရိက္ခာကို ချွေတာခဲ့ ကြသည်။

ဟုမ္မလင်းမှ ထွက်ခွာ၍ နက်ခေါင်သော တောတောင်ရှိရာကို မျက်နှာမူလာခဲ့ကြသည်မှာ ယနေ့ဆိုလျှင် ရက်ပေါင်း နှစ်ဆယ် ကျော်ခဲ့လေပြီ။ သို့သော် သူငယ်ချင်း နှစ်ယောက် စိတ်မပျက်ကြချေ။ တောရိပ်အခြေကို ကြည့်ကာ၊ သတိထားလာခဲ့ကြ၏။ ညအချိန် ရောက်လျှင် ဂွဆုံကောင်း၍ ကြီးမားသော သစ်ပင်ကြီးပေါ်မှာ တယောက် တလှည့် ကင်းစောင့်ပြီး အိပ်ခဲ့ကြရသည်။

ကိုလ်ကံကောင်း၍ ထင်သည်။ ဤမျှလောက် ရက်တွေကြာ၍ ဤမျှနက်ခေါင်သော တောတောင်အတွင်း ရောက်နေသော်လည်း ဘေးဒုက္ခပေးမည့် တောကောင် သတ္တဝါဟူ၍ တကြိမ်တခါမှ ရင်မဆိုင်ခဲ့ရဘူး၊ မတွေ့ကြုံ ခဲ့ရဘူးချေ။ ထို့ကြောင့် တခါတရံ ...

" ဒီသေနတ်နဲ့ ကျည်ဆန်တွေ အလေးခံ သယ်သွားမယ့်အစား သစ်ပင်တပင်ပေါ် မှတ်မှတ်သားသား တင်ထားပစ် ခဲ့ပြီး အပြန်မှယူရင် ကောင်းမယ်"

ဟူ၍ မောင်တင်အုံးက အရွှန်းဖေါက် ပြောတတ်သည်။ မောင်တင်အုံးက မျက်နှာဖြူသွေးပါသူပြီပြီ တောကောင်၊ အကောင်၊ ကြက်ငှက်ကို ပစ်ချင်သည်။ သို့သော် မောင်တင်ဦးက တရားချ၏။

" ကိုယ့်ကို ရန်မပြုရင် မပစ်ပါနဲ့ဗျာ၊ကျွန်တော်တို့သွားနေတဲ့ ရည်ရွယ်ချက်က ဗုဒ္ဓဆင်းတုတော်ကို ဖူးတွေ့ဘို့ သွားနေတာဘဲ၊ ဗုဒ္ဓက သူများ အသက်သတ်ခြင်းကို ရှောင်ကြဉ်ဘို့ ဟောထားတာဘဲ၊ သူ့စကား နားထောင်မှ သူ့ကို ဖူးမြော်ခါင့်ရနိုင်မှာပေ့ါ"

ထိုအခါ မောင်တင်အုန်းက ပြန်ချေ၏။

" ဒီလိုဆိုရင် ဝက်ဝံကြီးတွေ၊ ကျားကြီးတွေ၊ မြွေကြီးတွေက ကျွန်တော်တို့ကို ကိုက်ခဲ သတ်ဖြတ်ရင်ကော သူများ အသက်မသတ်ဘဲ၊ ကျွန်တော်တို့ အသေခံရမလား ကိုတင်ဦး"

" ကိုယ့် အသက်သေကြေပျက်စီးအောင် ရန်မူလာရင်တော့ ဘယ်သူအသေခံနိုင်မှာလဲ၊ ကာကွယ် သတ်ဖြတ် ရမှာပေ့ါ။ ကျွန်တော်ဆိုလိုတာက ကိုယ့်ကိုရန်မမူရင်၊ ကိုယ်ကလဲ ရန်မမူနဲ့၊ သစ္စာတရား တခုတော့ ထိန်းသင့် ကြောင်း ပြောတာပါ"

မောင်တင်အုန်း သဘောပေါက်သွားသည်။

" ဟုတ်ပြီ ... ဟုတ်ပြီ ... နားလည်ပြီ ကျွန်တော်တို့ကို ဘာမှ မလုပ်ရင် ကျွန်တော်တို့ကလဲ ဘာမှမ လုပ်ဘူး၊ ဗုဒ္ဓ အလိုတော်ကျ သူများအသက်သတ်ခြင်းကို အတတ်နိုင်ဆုံး ရှောင်ကြဉ်သွားမယ်၊ ဟုတ်တယ်နော် ကိုတင်ဦး"

မောင်တင်အုန်းက မေး၏။

" ဟုတ်တယ်၊ အဲဒီအတိုင်းဘဲ"

မောင်တင်ဦးက ပြန်ဖြေသည်။

" နေဝင်တော့မယ် ကိုတင်ဦးရေ့ သစ်ပင်ကောင်းကောင်း ရှာကြအုံးစို့"

မောင်တင်အုန်းက တောင်မြောက်လေးပါး ကြည့်ရင်းက သတိပေးလိုက်၏။

" ခင်ဗျားက သစ်ပင်ကောင်းရှာ၊ ဟောဟိုက ... လျှိုအနိမ့်ထဲမှာ စမ်းချောင်းလေးတွေလား၊ ကျွန်တော် ရေသွား ခပ်မယ်၊ ခင်ဗျားရေဘူးပါပေးလိုက်"

မောင်တင်ဦးက ပြောရင်း ရေဘူးကိုဆွဲယူလိုက်သည်။

" ရေချိုးချင်လိုက်တာ "

မောင်တင်အုန်းက ပြော၏။

" နေဝင်တော့မယ် ကိုတင်အုန်း ရေချိုးနေလို့ မဖြစ်ဘူး။ သစ်ပင်ကိုသာကြည့်စမ်းပါ"

မောင်တင်ဦးက ပြောပြောဆိုဆို ရေဘူးနှစ်ခုကို ဆွဲကာ စမ်းချောင်းရှိရာ ပြေးဆင်းသွားသည်။ ရေဘူး နှစ်ခု ကို လျှင်မြန်စွာ ရေဖြည့်ပြီး ပြန်ရောက်လာသောအခါ မောင်တင်အုန်းကလည်း သစ်ပင်ကောင်း ကောင်း တပင် ကို တွေ့ထားပြီးဖြစ်၏။

" သစ်ပင်ပေါ် မြန်မြန်တက်၊ အပေါ် ရောက်မှ အစာစား ကိုတင်အုန်းရေ၊ စမ်းချောင်းဘေးမှာ ကျားခြေရာ ရော၊ ဆင်ခြေရာရော တွေ့ခဲ့တယ်။ နေဝင်ရင် တောကောင်တွေရေလာသောက်တဲ့ စမ်းထင်တယ်။ တက်တက်၊ မြန်မြန်တက်"

မောင်တင်ဦးက ရေဘူးပေးရင်းပြောသည်။ ထို့နောက်တောစီးဘိနပ်နှင့် ခြေအိတ်ကို ကပျာကသီချွတ်ကာ ခါးမှာ ကြိုး နှင့် ချည်လိုက်ပြီး သစ်ပင်ပေါ်သို့ လျင်မြန်စွာ တက်လေသည်။ မောင်တင်အုန်းကလည်း အလားတူ ပင် တက်လေသည်။ သစ်ပင်ပေါ် သူတို့ ရောက်သည်ဆိုလျှင်ပင် ထူထပ်သိပ်သည်းသော အမှောင်ထု က တောတောင် တခုလုံးကို ဖုံးအုပ်လိုက်၏။ နှစ်ယောက်သား မြင့်မားသော ဂွဆုံထက်ဝယ် အစာစားခြင်း ရေသောက်ခြင်း စသည်တို့ကို တိတ်ဆိတ်ညင်သာစွာ ကိစ္စပြီးလိုက်ကြ၏။

စမ်းချောင်းဆီမှ တောကောင်တွေ၏ ရုတ်ရုတ်သဲသဲ အသံတွေကို ကြားရသည်။

" ကျွန်တော်တို့ တောထဲရောက်လာတာ နှစ်ဆယ့်ရှစ်ရက်ရှိပြီနော်။ ဒီလိုတောကောင်တွေ အသံ နီးနီးကပ် ကပ်တခါ မှ

မကြားခဲ့ကြရသေးဘူး။ ဝေးဝေးကသာ မထင်မရှား ကြားခဲ့ကြရတယ်။ အခု ပထမဆုံးဘဲ၊ ကျွန်တော် ကြည့်ချင်လိုက်တာဗျာ "

မောင်တင်အုန်း က လေသံဖြင့် ပြော၏။

" ခင်ဗျားအတော် ဆတ်တော့တဲ့လူဘဲ ကိုယ့်အသက်ရန်ရှာမဲ့ သတ္တဝါတွေကို ဘာကြောင့် အရိပ်အရောင် ပြ ချင်ရတာ လဲ ငြိမ်ငြိမ်နေစမ်းပါ၊ ဒီသတ္တဝါတွေထဲမှာ ကျားသစ်ပါလာရင် ဒုက္ခတွေ့နေအုံးမယ်"

" ကျားသစ်က ပိုဆိုးသလား"

" ကျားသစ်က သစ်ပင်တက်တတ်တယ်ဗျ၊ လူရှိမှန်းသိရင် တက်လာလိမ့်မယ်။ ခင်ဗျားငြိမ်ငြိမ်နေနော်"

မောင်တင်ဦး က သတိပေးမှ လှုပ်လှုပ်ရွရွ ဖြစ်နေသော မောင်တင်အုန်းက ငြိမ်သွားသည်။

" ကဲ ... ခင်ဗျား အိပ်တော့ ဆယ့်နှစ်နာရီအထိ ကျွန်တော် စောင့်မယ်"

မောင်တင်ဦးက ပြောပြီး မောင်တင်အုန်းကို အိပ်ခိုင်းလိုက်သည်။ အလေ့အကျင့် ကောင်းကောင်းရပြီးပြီ ဖြစ်သော မောင်တင်အုန်းက သစ်ကိုင်းမှာ သူ့ခါးနှင့်ခြေထောက်ကို ကြိုးနှင့်ပူးချည်ပြီး အိပ်လိုက် သည်။ လိမ့် မကျ စေရန် မောင်တင်ဦးက ထိန်းထား၏။ ဤနည်းဖြင့် သူတို့တယောက်တလှည့် အိပ်ခဲ့ကြသည်မှာ ကျင့် သားရ နေကြလေပြီ။

မောင်တင်ဦးက သတိကောင်းကောင်းထားပြီး ကင်းစောင့်နေသည်။ ညကြည့်လက်ပတ်နာရီက ဆယ့်နှစ် နာရီထိုးနေပြီဖြစ်သော်လည်း မောင်တင်ဦးသည် အိပ်ချင်စိတ် မရှိ၍ မောင်တင်အုန်းကို မနှိုးတော့ဘဲ ဆက်ပြီး စောင့်မြဲတိုင်းစောင့်နေလိုက်သည်။ မောင်တင်ဦး၏စိတ်သည် ရန်ကုန်ပြန်ရောက်ပြီး ကြည်ကြည်နွဲ့ အိပ်ရာ နားမှာ ရစ်ဝဲနေလေသည်။ ချစ်သူကြည်ကြည်နွဲ့ကို လွမ်းဆွတ်သောစိတ် မိခင်ဘခင်တို့ကို လွမ်းဆွတ် သောစိတ် သူ့ဘဝ ရှေ့ရေးအတွက် မည်သို့မည်ပုံ နေထိုင်သွားရမည်ကို တွေးတောသောစိတ် ဖြင့် အချိန်ကုန်မှန်း မသိကုန်သွားခဲ့သည်။

သူတို့နှစ်ယောက်ရှိနေရာ သစ်ပင်ကြီးသည် တော်တော်ပင် မြင့်မားလှသည်ဖြစ်ရာ သူတို့နေရာ ဝွဆုံ သည်ပင် မြေပြင်မှ အထက်ပေ ငါးဆယ်ကျော်မျှမြင့်နေသည်ဖြစ်၍ မောင်တင်ဦး သည် မှောင်ထဲမှာ ကျင့်သား ရနေပြီးသော မျက်လုံးဖြင့် အဝေးကို စီးပြီး ကြည့်နိုင်သည့်အလျောက် လှမ်းမျှော်ကြည့်လိုက် သည်။ အချိန် က နံနက်သုံးနာရီခွဲပြီးနေပေပြီ။

မောင်တင်ဦးသည် အဝေး ပတ်ဝန်းကျင်ကို လှမ်းမျှော်ကြည့်နေရာမှ တနေရာတွင် မီးရောင်လိုလို လင်းလင်း လက်လက် အစက်ပြောက်များကို တွေ့လိုက်ရ၏။ ထိုနေရာသည် မြေပြင် အနိမ့်မဟုတ်ဘဲ တောင်စောင်း တခုလိုလို တောင်ကုန်းထိပ် နေရာလိုလို ဖြစ်သောကြောင့် သာလျှင် ပိတ်ဆီးရှုပ်ထွေးနေသော

သစ်ပင်များ အကြားမှ ကောင်းစွာ မြင်နေနိုင်ခြင်းဖြစ်၏။ မောင်တင်ဦးက အိမ်မြှောင်ကို ထုတ်ယူပြီး မှောင်ထဲမှာ အား စိုက်ကြည့်လိုက်သည်။ အိမ်မြှောင်မှာ ညကြည့် လက်တံတပ်ထားသည်ဖြစ်ရာ မောင်တင်ဦး မီးရောင်လိုလို မြင်ရသော နေရာသည် သူတို့ ခိုလှုံနေသော သစ်ပင်ကြီးမှ အနောက်ဘက် စူးစူးဖြစ်ကြောင်းသိရသည်။ မောင်တင်ဦးက ထိုနေရာကို အသေအချာ အာရုံစိုက်ကြည့်သည်။ မီးရောင်တွေပင် ဖြစ်မည်ဟု စိတ်ထဲမှာ သေချာ လာသည်။

ထိုအခါမှန်ပြောင်းတလက်လောက်ပါလာလျှင် ကောင်းမည်ဟု တွေးမိ၏။ မောင်တင်အုန်းဆီမှာ ပါကောင်း ပါလေမည်လား ဟု တွေးမိသောအခါ မောင်တင်အုန်းကို ပြင်သာစွာ နှိုးလိုက်၏။

" ဘာလဲ ကိုတင်ဦး အချိန်စေ့ပြီလား "

မောင်တင်အုန်းက သတိထားအိပ်သည့် အလျောက် ချက်ခြင်းပင် နိုးလာပြီးမေး၏။

" အရုဏ်တက်တော့မယ် ကိုတင်အုန်း မနက်သုံးနာရီရှိခဲ့ပြီးပြီ"

" အို ... ဟုတ်လား၊ ခင်ဗျား ပင်ပန်းနေပြီပေါ့၊ ဘာကြောင့် မနှိုးတာလဲဗျာ"

မောင်တင်အုန်းက ကြင်နာစိတ်ဖြင့် ပြောသည်။

" ကျွန်တော် အိပ်ချင်စိတ် မရှိလို့ မနိုးတာဘဲ၊ အခုမှ ခင်ဗျားဆီမှာ မှန်ပြောင်းပါလိုပါခြား သတိရပြီး နိုးတာ"

" ဘာတွေလို့လဲ ကိုတင်ဦး မှန်ပြောင်းပါတယ်ဗျ၊ ကျွန်တော်ကလဲ မပြောထားမိဘူး"

မောင်တင်အုန်းက သူ့ကျောပိုးအိတ်ထဲသို့ နှိုက်စမ်းရင်း ပြောသည်။

" ဟောဟို အနောက်ဘက်စူးစူးဆီက မီးရောင်တွေ လိုလို တွေ့လို့"

မောင်တင်ဦးကဖြေသည်။ မောင်တင်အုန်းသည် မွေးပွအဝတ်စ တခုဖြင့် ဂရုတစိုက် ထုပ်ထားသော မှန်ပြောင်းကို အထုပ်ထဲမှ ဖြေထုတ်ပြီး မောင်တင်ဦးကိုပေးသည်။

သူတို့ ပြောဆိုနေကြစဉ်မှာပင် နံနက်လေးနာရီထိုးပြီးသွားပေပြီ။ အရှေ့လောကဓါတ်မှ ရောင်နီပင် ပေါ်လာ၍ အလင်းရောင်က အမှောင်ထုကို ဖြိုခွဲရန် ဟန်ပြင်နေပြီဖြစ်၏။

မောင်တင်ဦးက မှန်ပြောင်းဖြင့် သေချာစွာ ကြည့်သည်။ သူမြင်တွေ့ရသည်မှာ အမိုက်သော်လည်းကောင်း၊ ထင်းပုံ သော်လည်းကောင်း၊ တခုခုကို မီးရှို့ထားဟန်တူသည့် မီးပုံသဏ္ဍာန်မျိုး မှန်ပြောင်းထဲမှာ မြင်နေရသည်။ အရက်ဦး မှိုင်းမှိုင်းမှုံမှုံအလင်းရောင်ဝယ် မီးပုံတွေ့ရသည့် နေရာပတ်ဝန်း ကျင်ကား အိမ်တွေ လိုလို သစ်ပင်အုပ်အုပ်တွေနှင့် ရောထွေး၍ မသဲမကွဲပုံသဏ္ဍာန်များပေါ်နေသည်။

" မီးရောင် ဟုတ်လား - ကိုတင်ဦး"

မောင်တင်အုန်း က စိတ်အားထက်သန်စွာမေး၏။

" မီးရောင်တော့ဟုတ်တယ်၊ လူနေအိမ်ခြေရှိမရှိကို သဲသဲကွဲကွဲမမြင်ရဘူး၊ ခင်ဗျားမှန်ပြောင်းက ဘယ်လောက် အစွမ်းရှိလဲ"

မောင်တင်ဦး က ပြန်မေး၏။

" နည်းနည်းတော့ အားသေးတယ်ဗျ၊ မိုင်နှစ်ဆယ်ပတ်ဝန်းကျင်ဘဲ "

" ဒီလိုဆိုရင် ကျွန်တော့် ခန့်မှန်းချက်အရ ပြောမယ်။ မီးရောင်တွေ့တဲ့နေရာဟာ မိုင်နှယ်ဆယ်ကျော်မယ် ထင်တယ်။ ဘာကြောင့်လဲဆို မှန်ပြောင်းထဲမှာ တွေ့ရတဲ့ မြင်ကွင်းကမှ မသဲကွဲဘဲ"

မောင်တင်ဦး က သေချာစွာကြည့်ပြီး ပြောနေရာမှ မှန်ပြောင်းကို မျက်လုံးမှ ခွာပြီး၊ မောင်တင်အုန်းကို ပြန်ပေး၏။

" ရော့ ... ခင်ဗျား ကိုယ်တိုင် ကြည့်ပါအုံး "

မောင်တင်အုန်းကမှန်ပြောင်းကိုယူပြီးကြည့်သည်။

အရှေ့လောကဓါတ်မှပေါ်လာသော အလင်းရောင်မှာ တဖြေးဖြေး အားကောင်းလာပြီဖြစ်ရာ မောင်တင်အုန်း ကြည့်နေစဉ်အချိန်မှာ တောတောင် တခွင်ဝယ် သဲသဲ ကွဲကွဲ မြင်နိုင်အောင်ပင် လင်းလာပြီဖြစ်၏။

မောင်တင်အုံး က တဖြေးဖြေး အားကောင်းလာသော အလင်းရောင်ဖြင့် မောင်တင်ဦးညွှန်ပြရာကို စိတ်အား ထက်သန်စွာ ဂရုစိုက်ကြည့်သည်။

" သဲသဲကွဲကွဲ မဟုတ်ပေမဲ့ ဒီနေရာဟာ လူနေအိမ်ခြေ တခုဘဲဆိုတာတော့ သေချာတယ် ကိုတင်ဦးရေ"

မောင်တင်အုံး က မျက်လုံးမှ မှန်ပြောင်းကို မခွာဘဲ အားရပါးရ ပြောသည်။

" ဒါပေမဲ့ ကျွန်တော်တို့ ရည်မှန်းတဲ့ရွာတော့ မဟုတ်နိုင်ဘူး"

မောင်တင်ဦး ပြန်ပြောသည်။

" ခင်ဗျားပြောတာ မှန်တယ်။ ကျွန်တော်တို့ရွာက တောင်တွေဆိုင် ကာထားတဲ့ ချိုင့်ဝှမ်းထဲမှာရှိတာဘဲ၊ အခုရွာက တောင်စောင်း တခုလိုလို၊ ခပ်မြင့်မြင့်နေရာမျိုးလို့ မှန်းဆမိတယ်"

မောင်တင်အုံးက ပြန်ပြောသည်။ ထို့နောက် မှန်ပြောင်းကို မျက်လုံး မခွာပြီး ချည်ထားသောသိုင်းကြိုးကို နိုင်မနိုင် စစ်ဆေးကြည့်ရှုပြီး လည်ပင်းမှာ စွပ်လိုက်သည်။

" ဘာလဲဖြစ်ဖြစ်လေ၊ တောကြီးမျက်မဲထဲမှာ စမ်းတဝါးဝါးနဲ့ ကျွန်တော်တို့ ရှာနေကြတာ တလနီးပါးရှိနေပြီ မဟုတ်လား၊ အခုမှလူနေအိမ်ခြေကို တွေ့ရတာ။ အဲဒီ ရောက်အောင်

သွားပြီးမေးမြန်းရင် သဲလွန်စလောက် တော့ ရကောင်းရဲ့လို့ မျှော်လင့်ရတာဘဲ"

မောင်တင်ဦးက ပြောသည်ကို မောင်တင်အုန်းက ငြင်းဆန်ခြင်း မပြုသော်လည်း တခုတော့ စောဒက တက် လိုက် သည်။

" အဲဒီမှာ လူတွေတော့ ရှိမှာ အမှန်ပါဘဲ၊ ဒါပေမဲ့ ဒီလူတွေက လူလူချင်း သတ်ဖြတ်တတ်တဲ့ လူရိုင်းတွေဖြစ် နေမယ်ဆိုရင် ဒါမှမဟုတ် ဗမာစကားရော လုံးဝမတတ်တဲ့ လူတွေဖြစ်နေရင် သို့မဟုတ် သူတို့အနီးအနားကို လူစိမ်း သူစိမ်းအလာမခံဘဲ ရန်ပြုနေတတ်တဲ့ လူတမျိုးတွေဆိုရင်"

မောင်တင်အုန်း က စကားအဆုံးမသတ်ဘဲ ဖြတ်ထားလိုက်၏။

" ဒါဖြင့် ခင်ဗျားက အဲဒီနေရာ မသွားချင်ဘူးဆိုပါတော့"

မောင်တင်ဦးကမေး၏။

" သွားမယ်လေ၊ သို့သော် အခုတင်က ကျွန်တော်ပြောခဲ့တဲ့ လူမျိုးတွေဖြစ်နေရင် ဘယ်လိုရောရမလဲဆိုတာ ကြိုတင်ပြင်ဆင် စီစဉ်မှုလိုလိမ့်မယ်ဆိုတဲ့ သဘောကိုပြောတာ"

" ဒါကတော့ ကိုတင်အုန်းရယ်၊ ဘယ်လိုလူတွေမှန်း မစုံစမ်းဘဲ အရမ်းဝင်ပုံ့မလားဗျာ။ သူတို့နေရာနားကို ကွယ်ဝှက်ပြီး အကဲခတ် လေ့လာလို့ ဟန်ပုံပေါ်မှဝင်ရမှာပေါ့။ ဒါပေမဲ့ ခင်ဗျားသဘောပါ။

အဲဒီကိုသွားဘို့ ခင်ဗျား စိတ် က ထက်သန်မှုမရှိဘဲ ကျွန်တော်တို့ဘာသာ ရှာကြသေးတာပေါ့"

တယောက်ကိုတယောက် ညီအကိုအရင်းလို ခင်မင်တွယ်တာ နေကြပြီ ဖြစ်၍ တယောက်သဘောကို တယောက် က လိုက်လျော အလျော့ပေးပြောနေကြသည်။ သို့ဖြင့် နှစ်ဦးသဘောတူစွာ ထိုနေရာကို အရောက် သွားပြီး စုံစမ်း အကဲခတ်မည်ဟု ဆုံးဖြတ်လိုက်ကြသည်။

ထိုနေရာသည် သူတို့စိတ်ထင် မိုင်နှယ်ဆယ် ကျော်ကျော် ကလေးမျှရှိမည်ဟု ခန့်မှန်းမိကြသော်လည်း ဂနိုင်ပိတ်ဆီး တောကြီးဟောမှာ သေလာတောင်စောင်း ချောင်းမြောင်း လျှိုမြောင် တွေကို ခက်ခဲစွာ ဖြတ်ကျော် ပြီး ကိုယ့်လမ်းကိုယ်ထွင် သွားနေကြရသည်ဖြစ်ရာ ဆယ့်ရှစ်ရက်တိတိကြာမှ ထိုနေရာကို ရောက်ကြလေ သည်။ ထိုနေရာကို ရောက်သည်ဆိုသော်လည်း နီးနီးကပ်ကပ်ကြီး သွားနေဝံ့သည်မဟုတ်၊ သူတို့ တွေးခဲ့သည့် အတိုင်း မိုးထိနီးပါး မြင့်မားလှသော တောင်ကြီး၏ အခြေပေ ငါးဆယ်မျှ အမြင့်ရှိသော တောင်ကုန်း ငယ်လေးထိပ်ဝယ် ကောက်ကွေ့ ချွန်ထက်သော ဆူးတွေ တင်းကြမ်းပြည့်နေသော ကြခတ်ဝါးရုံ ကြီးတွေ ထူထပ်စွာ ကာရံထားသည့် အတွင်းမှာ လူတချို့တဲငယ်များ ဆောက်လုပ်နေထိုင်လျှက် ရှိသည်ကို တွေ့ ရသည်။

မောင်တင်ဦး စတင်တွေ့ရှသည့် အခြေအနေမှာ သူတို့ နှစ်ယောက်အိပ်သည့် သစ်ပင်ကြီးရှိရာ မြေအနေ အထားက ဤတောင်ကုန်းငယ်ထက် မြင့်သည့်တကြောင်း၊ သစ်ပင်ထက်က အပေါ်စီးကြည့်ခဲ့ရသည် ဖြစ်၍ တကြောင်း၊ မျှန်ပြောင်းလဲမှာ ပေါ်လာသရွေ့ မထင်မရှား ပိုးတဝါး မြင်ခဲ့ကြရသော်လည်း ယခုလက်တွေ့ တွင်ကား သူတို့နှစ်ယောက်သည် တောင်ကုန်းငယ် အနား ရုတ်တရက် မကပ်ဝံ့သေးဘဲ တောင်ကုန်းငယ်နှင့် အတန်ငယ်ကွာလှမ်းသည့် ချောင်းငယ်တခု၏ ကမ်းပါးပေါ်ဝယ် ထူထပ်သိပ်သည်းသော ဆူးချုံကြီး တခု ထဲမှာ ငြိမ်သက်စွာ ခိုအောင်းပြီး အရိပ်အခြေ ကြည့်နေကြလေသည်။

သူတို့နှစ်ယောက် ဤနေရာသို့ ရုတ်တရက် မလာဝံ့ကြသေးပေ။ သစ်ပင်အုပ်ထူရာမှာ ပုန်းကွယ်နေပြီး ညမှောင်မျှ ဤချောင်းကမ်းပါး အရောက် လာခဲ့ကြရခြင်းဖြစ်သည်။

" သူတို့ ဒီချောင်းရေကို အားကိုးနေရတာ သေချာတယ် ကိုတင်အုံး၊ ကြည့်ပါလား ချောင်းကမ်းပါးမှာ ရေဆိပ် လုပ်ထားတယ်၊ ရေဆိပ်နဲ့ တောင်ကုန်းကလေးမှာ လူသွားခြေလမ်းကလေးဖြူးလို့ တွေ့လား"

မောင်တင်ဦး က ညွှန်ပြပြောဆိုသည်။

" အင်း ဟုတ်တယ် ... ဘယ်လိုလူတွေလာတယ်ဆိုတာစောင့်ကြည့်အုံးမှ"

မောင်တင်အုန်းက ထောက်ခံ၏။ သူတို့နှစ်ယောက်လုံး၏ ရေဘူးထဲတွင်ကား ရေနှစ်ခါသောက်စီသာ ရှိတော့သည်။ သူတို့ယူလာခဲ့သော စစ်သုံးရိက္ခာ အခြောက်များမှာ ကုန်သင့်သလောက် ကုန်လာခဲ့ပြီဖြစ်၍ ယခု သူတို့ ကျောပိုးအိတ်ထဲတွင် နှစ်ယောက်စလုံးပေါင်း ပိုင်ဆိုင်သမျှ ရိက္ခာမှာ ပလပ်စတစ်အိတ်ဖြင့် ထည့်ထားသော မုံ့ခြောက်အမှုန့်တအိတ် နှင့် အသားခြောက်အမှုန့်တအိတ်သာ ကျန်တော့သည်။

ချွေချွေ တာတာစားလျှင် သုံးရက်စာလောက်တော့ လုံလောက်သေးသည်။ ဤမျှ ကျန်နေသေးသည်မှာ သူတို့ နှစ်ယောက်သည် တောထဲမှာတွေ့သည့် စားကောင်းသော အသီးအနှံမှန်သမျှ ခူးဆွတ် စားသောက်ခဲ့ခြင်းဖြင့် ရိက္ခာကို ချွေတာလာ၍ ဤမျှကျန်နေခြင်းဖြစ်သည်။ တလစာသာ မှန်းပြီးယူလာသော အစာ သည် ယခုသူတို့နှစ်ယောက် ခရီးထွက်လာခဲ့ကြသည့် ရက်ကို တွက်လျှင် သုံးလပြည့်ရန် ကိုးရက်သာလိုတော့သည်။

မိုးရာသီရောက်ပြီဖြစ်၍ တောတောင်အလုံးညိုမှိုင်းမှုံဝေကာ မိုးသက်လေက ပြင်းပြင်းပင် တိုက်နေသည်။ ထက်ကောင်းကင် အာကာတခိုမှာ ပြိုတော့မည့်အသွင် မင်ရောင်မိုးသားတို့က ဂဠုန်ငှက်ကြီးသဖွယ်ကာ လျှင်မြန်စွာ ရွေ့သဖြင့်

မကြာခင်မှာပင် တမိုးလုံးပြည့်သွားသည်။ မိုးသက်လေနှင့်အတူ မိုးက သည်းထန်စွာ ရွာသွန်းချလိုက်သည်။

ထူထပ်သောချုံကြီးမှာ လေဒဏ်ကို ကြံ့ကြံ့ခံနိုင်သော်လည်း သည်းထန်စွာရွာသွန်းသော မိုးရေကိုကား လုံခြုံရန် မစွမ်းနိုင်ရှာချေ။ သူငယ်ချင်းနှစ်ယောက် ပါလာသောပစ္စည်းကလေးတွေကို ကိုယ်စီ ရင်ဝယ် ပိုက်ကာ ကိုယ့်မိုးကာကိုကိုယ့်တကိုယ်စာလုံအောင် ဂရုစိုက် ချုံသိုင်းပြီး ခြုံကြီးထဲမှာ ကုပ်နေကြရသည်။ တနေ့လုံး သဲသဲမဲမဲ ရွာသွန်းနေသော မိုးက မောဟိုက်သွားဟန်ဖြင့် ညနေလေးနာရီ လောက်တွင် စဲ သွားသည်။ မိုးစဲသွားသော်လည်း ချောင်းငယ်၏ ပြင်းထန်သော အဟုန်ဖြင့် စီးဆင်းနေသော ရေအလျင်ကား မစဲ သေးချေ။ တောင်ကျချောင်းလည်းဖြစ်၊ မတ်စောက်သော ကမ်းပါးဖြင့် ကျယ်သည်ဟု မဆိုသာသော ဤချောင်းရေ သည် ကြောက်မက်ဖွယ်ကောင်းအောင်ပင် အဟုန်ပြင်းစွာ စီးဆင်းနေသည်။

" မိုးမရွာခင်က ချောင်းရေ ဒီလောက်မကြမ်းဘူး၊ သူက မိုးရွာမှ အစွမ်းပြတာနဲ့တူတယ်"

မောင်တင်အုံးက ကျွှားထိပ်ချုံဖုတ်ကြီးထဲက စီးကြည့်၍ ကောင်းစွာမြင်နေရသော ချောင်းရေကို ကြည့်ပြီး ပြော၏။

" ကျွန်တော်တို့ ဗမာပြည်တောတောင်ထူရာမှာရှိတဲ့ ချောင်းတွေ မြောင်းတွေကတော့ ဒီအတိုင်းဘဲ ကိုတင်အုံး၊ မိုးရာသီမှာ ကြောက်စရာကောင်းလောက်အောင် ရေတွေရှိနေပေမဲ့ နွေရာသီဆိုရင်

ချောင်းဆို တာ ယုံနိုင်စရာမရှိအောင် ရေတစက်မှ မရှိတော့ဘူး။ သဲသောင်ပြင်ကြီးဖြစ်တဲ့ ချောင်းကဖြစ်၊ ရေရှိတယ် ဆိုရုံ ကလေး ဖြစ်နေတဲ့ ချောင်းကဖြစ် အဲ ... မိုးကျလာပြီဆိုရင်တော့ အခုမြင်တဲ့ အတိုင်းဘဲ"

မောင်တင်ဦးက ရှင်းပြသည်။

" ဒါဖြင့် သည်ချောင်းတွေ နွေမှာသုံးမရဘူးပေါ့၊ ဒီလိုဆိုရင် ဒီရွာကလူတွေ နွေဘက်ရေငတ်ကြမှာဘဲ"

မောင်တင်အုံးက စဉ်းစဉ်းစားစားပြောသည်။

" မဟုတ်သေးဘူး ကိုတင်အုံးရ၊ သဲသောင်ပြင်ကြီး ဖြစ်နေပေမဲ့ သဲအောက်မှာ ရေကရှိနေတယ်။ သဲကို လက် နဲ့ ယက်လိုက်ရင် ရေက စိမ့်ထွက်လာရော။ အဲဒီ လက်ယက်တွင်းက ထွက်တဲ့ရေကမှ တကယ်သန့်ရှင်း ကြည်လင် တာ၊ ရေစစ်ပြီးသား သဘောမျိုးဘဲ"

" အဲဒီရေ ကျွန်တော် သောက်ချင်လိုက်တာဗျာ"

မောင်တင်အုံးကဆိုသည်။

ထိုအခိုက် ရွာရှိနေရာ တောင်ကုန်းဘေး သစ်ပင်အုပ် ထူထူနေရာမှ လူသဏ္ဍာန်တခု ထွက်လာသည်ကို တွေ့ရ ၍ သူငယ်ချင်းနှစ်ယောက် စကားပြောခြင်းရပ်ကာ တယောက်ကို လက်တို့၍ ဆိတ်ငြိမ်စွာ ကြည့်လိုက် ကြသည်။

မိုးစဲသွားပြီဖြစ်၍ ကောင်းကင်မှာ မိုးသားတွေကင်းစင်ပြီး အနောက်ဖက် မိုးကောင်းကင်ဆီမှ ဝင်လုဆဲဆဲ နေခြည်ဖျော့ဖျော့အရောင်က မိုးရေကြောင့် စွတ်ဆိုနေသော သစ်ပင်ချုံနွယ်တွေကို စိန်ရောင်ဝင်းသလို လင်းလင်း လက်လက် တောက်ပနေစေသည်။ သည်းထန်စွာ ရွာသွန်းသောမိုးကြောင့် သစ်ပင်သစ်ကိုင်းရှိရာ အသိုက်ရှိရာမှာ ဆိပ်ငြိမ်စွာ ခိုနေခဲ့ကြသော ကျေးငှက်တွေက ညံညံစီစီ အော်မြည်ဟစ်ကြွေးကာ မိုးရေစိုသော တောင်ပံကို ခါသည့်နှယ် လူးလာပျံသန်းနေကြ၏။ လေမိုးငြိမ်သောအခါ သာယာသော ကျေးငှက် သာရကာ တို့၏ အသံကို ဖေါက်ထွင်း၍ ပေါ်လာသော ချောင်းရေစီးသံက တဟဲဟဲ တဝေါဝေါ မြည်နေသည်။

လှပသာယာသော ဆည်းဆာအချိန် တိမ်ရောင်ကွန့်မြူး တောက်ပ နေသော ဤအခါဝယ် သစ်ပင်အုပ် ထူထူစီ မှ ထွက်ပေါ်လာသော လူ သဏ္ဍာန်ကား ရွှင်မြူးကြည်လင်ဟန် မပေါ်ဘဲ၊ ပူပုံပန်းအမူအရာဖြင့် ချောင်းထိပ် ကမ္ဘားဆီပြေးလာသည်။ မောင်တင်ဦးနှင့် မောင်တင်အုံးတို့ ခိုလှုံနေရာ ဆူးချုံကြီးနှင့် ပေသုံးဆယ် မျှ အကွာသို့ ရောက်လာသောအခါ ဦးခေါင်းပေါ် ခြုံသိုင်းထားသော အဝတ်သည် ရုတ်တရက် တိုက်ခိုက် သော လေညှင်းကြောင့် နောက်ဘက်သို့ လန်ကာ လျှောကျသွားသည်တွင် ... ထိုသူသဏ္ဍာန်ကား မိန်းမရွယ် တယောက်ဖြစ်ကြောင်း မြင်တွေ့ကြရသည်။ ဝတ်ထားသော အဝတ်မှာ ထမီ မဟုတ်၊ ဆာရီ မဟုတ်၊ အဝတ်တခုကို ခါးမှာလုံအောင် ပတ်ထားသည့် အသွင်မျိုး တွေ့ရသည်။

အင်္ကျီကမူ ယောက်ျားဝတ် ရှပ်အင်္ကျီလိုလို လက်တိုအင်္ကျီမျိုးကို ခါးဝတ်လဲထည့်ဝတ်ထားသည်။ မဲနက်တောက်ပြောင် သောဆံပင်တွေက ကျောပေါ်ဖြာကျနေသည်။ အသားအရေနှင့် မျက်နှာသွင်ပြင်မှာ အိမ်တွင်ပုန်း ဟိန္ဒူ အမျိုးသမီးအဆက်အနွယ်ဖြစ်ကြောင်း ခန့်မှန်းနိုင်ပေသည်။ မည်သို့ပင် ဖြစ်စေ၊ ပူပုံပန်းဟန်မူရာဖြင့် အဟုန် ပြင်းစွာ စီးဆင်းနေသော ချောင်းကို ကြည့်ကာ လက်ကို ဆန့်တန်းငိုကြွေးနေသော ထိုမိန်းမရွယ်ကား တော် တော်ပင် ချောမောလှပသူဖြစ်ကြောင်း ထူထပ်သော ဆူးချုံကြားထဲက ချောင်းကြည့်နေသော သူငယ်ချင်း နှစ်ယောက်လုံး သဲကွဲစွာမြင်နေရသည်။

မိန်းမငယ်၏ ငိုကြွေးပုံမှာ အူအသည်း ကြွေပြုန်းလုမျှ ကြေကွဲလှိုက်လှဲလှသည်။ နှုတ်မှ မတိုးမကျယ် ရေရွတ် တမ်းတနေသော စကားတွေကိုကား ချုံထဲက သူငယ်ချင်းနှစ်ယောက်ကြားတချက် မကြားတချက်ပင်၊ သို့သော် ကြားရသည့် စကားလုံးကလည်း သူတို့ နှစ်ယောက်လုံး နားလည်အောင် မသဲကွဲချေ။ ချောင်းရေ ထဲ ကိုများ ခုန်ချတော့လေမည်လားဟု သူငယ်ချင်း နှစ်ယောက်လုံး စိတ်ပူစွာ တွေးမိကြ၏။ သို့သော် အကြောင်းရင်း အမှန်မသိဘဲနှင့် စိတ်မှန်းကာရမ်းပြီး ကယ်တင်မည်ဟူ၍ ချုံထဲကထွက်ရန်ကား မည်သည့် နည်း နှင့်မှ မသင့်လျော်ကြောင်း တွေးမိ၍ သူငယ်ချင်းနှစ်ယောက် ငြိမ်သက်စွာပင် ကြည့်နေကြရသည်။

ဤအခိုက်ဝယ် ရွာဆီမှ လူတယောက် အဆောတလျင် ပြေးထွက်လာသည်။ ကာကီရောင် ရှပ်အင်္ကျီနှင့် ဘောင်းဘီရှည်နှင့်ဖြစ်သည်။ ခါးတွင် ခြောက်လုံးပြူးသေနတ်နှင့် ကျည်ဆန်အိတ်တပ်ထားသော ခါးပက်ကို ပတ်ထားကြောင်း ဆူးချုံထဲက သူငယ်ချင်းနှစ်ယောက်က ကောင်းစွာမြင်လိုက်ကြ၏။ ထိုလူသည် ချောမော လှပသော မိန်းမရွယ်အနားရောက်ပြီး မိန်းမရွယ်ကို ပုခုံးဖက်ကာ ဆွဲခေါ်သည်။ ထိုလူ၏ ကြမ်းတမ်းခက် ထရော် သော မျက်နှာဝယ် မုတ်ဆိတ်မွေး ပါးသိုင်းမွေးတွေက ရှုံ့ရှာဖွယ် တွန့်လိမ် ရှည်လျားရှုပ်ထွေးစွာ ရှိ နေသည်။ တထွာမျှ ဆံပင်တိုတွေက မွဲခြောက်ခြောက်အရောင်ဖြင့် မျက်နှာပေါ် ဖို့ယို့ဖားလျားကျနေသည်။

သူ ဆွဲခေါ်သည်ကို မိန်းမရွယ်က ရုတ်တရက်မလိုက်သေးဘဲ အရှိန်ကောင်းစွာ စီးဆင်းနေဆဲဖြစ်သော ချောင်းရေအလျဉ်ကို ကြည့်မြဲကြည့်ကာ ငိုမြဲငိုနေသည်။

သရဲရုပ် ပေါက်နေသော ထိုလူက ဒေါသ ထွက်ဟန်ဖြင့် စကားတခွန်းမျှ ပြောကာ မိန်းမရွယ်ကို ကြမ်းတမ်းစွာ ဆောင့်ဆွဲခေါ်ယူသွားလေသည်။ သူတို့ နှစ်ယောက်လုံး မျက်စိအောက်က ပျောက်ကွယ်သွားမှ သူငယ်ချင်း နှစ်ယောက် တိုးတိတ်စွာ ပြောလိုက်ကြသည်။

" အခုတင်ကလူ ကြည့်ရတာ လူကောင်းမဟုတ်ဘူး၊ ဒမြဂိုဏ်းဖွဲ့နေတဲ့ လူလား၊ တောခိုသောင်းကျန်းလား တခုခုဘဲ"

မောင်တင်ဦးက ပြောသည်။

" မီဖိုသူပုန်ထဲကနဲ့တူတယ်"

မောင်တင်အုံးက ထင်မြင်ချက်ပေး၏။

" ဖြစ်နိုင်တယ် ကိုတင်အုံး၊ ဘာဘဲဖြစ်ဖြစ်လေ သူတို့အမြင် အတွေ့ကို ခံလို့တော့မဖြစ်ဘူး၊ ဒီလိုလူစားမျိုးက လူကောင်း သူကောင်းတွေ့ရင် ချမ်းသာပေးတတ်တဲ့ လူစိတ်မှ မရှိတာ၊ ကျွန်တော်တို့ရှာနေတဲ့ နေရာက လူတွေရဲ့ ပုံပန်းသဏ္ဍာန်ရုပ်ရည်မျိုးမှ မဟုတ်ဘဲ၊ ကျွန်တော်တော့ ဒီအတိုင်းမှန်းဆမိတာဘဲ၊ ခင်ဗျားရော"

မောင်တင်ဦး က သူ့ယူဆချက်ကို ပြောပြပြီးမေးလိုက်၏။

"ကျွန်တော်လဲ ဒီအတိုင်းဘဲ ယူဆပါတယ်၊ ကျွန်တော်တို့ရှာနေတဲ့ နေရာမဟုတ်မှန်းလဲသိတယ်၊ ဒီလူတွေနဲ့ ဘယ်နည်းနဲ့မှ မဟတ်စပ်ဘူး ဆိုတာလဲတွေးမိတယ်၊ သို့သော် သိမ်သိမ်မွေ့မွေ့ အမူရာမျိုးတွေ့ရရင် မေးစမ်း ကြည့်မလားလို့ ရည်ရွယ်မိပါတယ်။ ဘယ်လို ကြမ်းတမ်းခက်ထန်တာတွေ တွေ့နေမှန်းမသိဘူး"

မောင်တင်အုံး က ထောက်ခံပြောဆို၏။

" တခုတော့ ကျွန်တော် စဉ်းစားမိပါတယ် ကိုတင်အုံး"

" အင်း ... ဆိုစမ်းပါအုံး "

" အခုတင်က ပူပုံပန်းမိန်းမရွယ်ကို ခင်ဗျား သေသေချာချာ ကြည့်လိုက်မိတယ် ဟုတ်လား"

" ကြည့်လိုက်တယ်လေ ... မိန်းမက ချောချော လှလှဘဲ။ အသက်ကတော့ ခင်ဗျားထက်ရော ကျွန်တော့် ထက်ရော ကြီးပုံရတယ်၊ ခင်ဗျား ခန့်မှန်းလိုက်မိလား"

" ဟုတ်ပါတယ် ကျွန်တော်တို့ထက် ကြီးမယ်ဆိုတာတော့ မှန်းမိတယ်၊ ဒီ မိန်းမရွယ်ကို ကျွန်တော် သတိပြုမိ လိုက်တာ တခုရှိတယ်ဗျ"

" ဘယ်လိုလဲ"

" ခင်ဗျား ဒက်ဒီ ပြောသွားတယ်ဟုတ်လား၊ မေရှာပိုက် တွေ့ခဲ့ရတဲ့ လူတွေရဲ့ ရုပ်လက္ခဏာဟာ ယောကျ်ားတွေရော မိန်းမတွေပါ လှတယ် ဆိုတာလေ"

" အင်း "

" အခု ဒီမိန်းမရွယ်ကလှတယ်၊ နောက်ပြီး ... အခုတင်က ဆွဲခေါ်သွားတဲ့ သတ္တဝါကြီးနဲ့ ဘယ်လိုမှ အပ်စပ်တဲ့ ရုပ်ရည် မဟုတ်တော့ ဒီ လူဆိုးအုပ်စုထဲက မိန်းမတော့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး၊ ဒီ အကောင်စား မျိုးတွေက တောအနံ့တောင်အနံ့လျှောက်သွားခိုက် ဟိုနေရာရောက်လို့ တွေ့ပြီး ဆွဲလာတာ လားမှ မသိတာ"

" အိန္ဒိယနယ်ထဲက ဟိန္ဒူအမျိုးသမီးတယောက်ကို ဆွဲလာရင် ကောဗျာ"

" ဖြစ်တော့ ဖြစ်နိုင်တယ်လေ ... ဒါပေမဲ့ ဒီ မိန်းမရွယ်ချောင်းရေကို ကြည့်ပြီး တမ်းတမ်းတတ ငိုကြွေးတာကတော့ ထူးခြားတဲ့ အကြောင်းတခုရှိရမယ်ဗျ"

" ဒါလဲ ခင်ဗျား ပြောသလို ဖြစ်နိုင်တယ်၊ ကဲ မောင်လာပြီဗျ၊ ကျုပ်တို့ ရှိတာကလေးအသင့်စားပြီး ဖြစ်သလို အိပ်လိုက်ကြအုံးစို့၊ ဒီည မိုးမရွာပါစေနဲ့ပ ဆုတောင်းရမှာဘဲ"

မောင်တင်အုန်းက ပြောသည်၊ သူငယ်ချင်း နှစ်ယောက် စားသောက်ပြီးကြသောအခါ မိုးကာကို လုံလုံခြုံပြီး အိပ်လိုက်ကြလေသည်။

တောဆင်ရိုင်း တိရစ္ဆာန်တကောင်၏ အော်သံကဲ့သို့သော အသံတသ ကို ခပ်ဝေးဝေးဆီမှ ကြားလိုက်ရ သလိုလို ကြောင့် မောင်တင်ဦးနှင့် မောင်တင်အုန်းတို့ ပြိုင်တူနိုးလာခဲ့ကြသည်။ အကျင့်ရပြီး ဖြစ်နေကြ၍ နှစ်ယောက် စလုံး ဦးခေါင်းထောင်နားစွင့်လိုက်ကြသည်။ ရန်မူမည့် တောတိရစ္ဆာန်ဖြစ်မည်ဟု ထင်ခဲ့ကြ သော်လည်း အသေအချာ ဂရုစိုက်နားထောင်သောအခါ တောတိရစ္ဆာန်အသံမဟုတ်ဘဲ လူတဦး တယောက် ၏ အသံဖြစ်ကြောင်း သတိပြုမိကြသည်။

အသံသည် အဓိပ္ပါယ်မဲ့အော်ဟစ်နေခြင်း မဟုတ်ဘဲ အမိန့်ပေးနေသည့် သဘောမျိုး သက်ရောက်ကြောင်း စဉ်းစားမိကြသည်။ သူငယ်ချင်း နှစ်ယောက် လဲလျောင်းနေရာမှ ညင်သာစွာ ထလိုက်ကြသည်။ သူတို့ နှစ်ယောက်သည် ညအခါမှာသာ စိတ်ချ လက်ချ အညောင်းဆန့်ခြင်း၊

ချုံအစပ်ဆီသို့ အပေါ့အပါးသွားရန် ထွက်ခြင်း ကို ပြုလုပ်ဝံ့ကြပြီး နေ့အခါတွင်ကား ငြိမ် နိုင်သမျှ ငြိမ်စွာ အထူးသတိထား နေကြရသည်။ မည်ကဲ့ သို့သော လူတွေမှန်းမသိရသည့် လူတွေနေရာက တောင်ကုန်းထိပ်အမြင့်၊ သူတို့နေရာက အနိမ့်ဖြစ်၍ လေမတိုက် ဘဲ ချုံကြီးလှုပ်နေလျှင် သူတို့အဘို့ တွေ့ရမည့် ဘေးဒုက္ခကို စဉ်းစားမိကြသည်။ ထို့ကြောင့် နေ့အချိန် မှာ လေတိုက်မှ လေနှင့်ရော ပုံမှားရိုက်ပြီး ခြေလက်ဆန့်ဝံ့ကြသည်။ လေငြိမ်လျှင် သူတို့ပါ ငြိမ် နေကြရ၏။

မနေ့က သည်းထန်စွာ ရွာသွန်းနေသော မိုးကြောင့် ချုံကြီးထိပ်မှ စီးကျလာသော မိုးရေကို သူတို့ ရေဘူးကလေး ဖွင့်ပြီး ခံထားလိုက်ကြသောကြောင့်သာ သောက်ရေအတွက် စိတ်အေး သွားကြရသည်။

ရေဘူး ကို ဖွင့်ကာ အနည်းငယ်စီ သောက်လိုက်ကြပြီး အသံပေါ်ထွက်လာရာကို စူးစမ်းလိုက်ကြသည်။ အသံ ထွက်ပေါ် လာရာကား တောင်ကုန်းထိပ် အိမ်စုဆီကဖြစ်၏။ နစ်ယောက်လုံး ထိုနေရာကို အာရုံစိုက် ကြည့် နေဆဲဝယ် နောက်သံတချက်က ထွက်ပေါ်လာသည်။

မကြာမီမှာပင် အသက်ရှင်နေသေးလား၊ သေနေပြီလား မသိရသော လူ့ခန္ဓာကိုယ်တခုကို လူတစုက ကြိုးဖြင့်ချည်ကာ ဒရွတ်ဆွဲလာ ကြသည်။ ချောင်းကမ်းပါး ရေဆိပ်လုပ်ထားသော နေရာနှင့် အိမ်စုရှိရာ တောင်ကုန်း ခြေအတိုင်း ဖြူးနေသော လူသွား

လမ်းကလေးတလျှောက် ဆွဲလာကြခြင်းဖြစ်သည်။ ဒရွတ်တိုက် ပါလာသော ခန္ဓာကိုယ်ကား သွေးတွေရော၊ ရွှံ့တွေ မြေကြီးတွေရော ပေလူးကာ လူရုပ်ပင် မပေါ်တော့ချေ။

သူတို့နှစ်ယောက် ကြားလိုက်ရသော သေနတ်သံသည် ဤလူကို ပစ်သတ်ခြင်းပင်ဖြစ်သည်ဟု မောင်တင်ဦး ရော မောင်တင်အုန်းပါ သိလိုက်ကြသည်။ နှစ်ယောက်သား တုတ်တုတ်ပင်မလှုပ်ရဲပေ။ ဆိတ် ငြိမ်စွာသော ကြည့်နေကြဆဲဝယ် ခန္ဓာကိုယ် တခုကို ဒရွတ်တိုက်ဆွဲလာသော လူတစုက ချောင်းကမ်းပါးသို့ ရောက်လာကြသည်။ ရေဆိပ်အောက်ဖက်ဆီသို့ ရှေ့ရှုသွားကြ၏။ ချောင်းရေကား မနေ့ကလောက် အရှိန် အဟုန် မပြင်းထန်တော့သော်လည်း မိုးရာသီဖြစ်သည့် အလျောက် ရေအားကမူ ကောင်းနေသည်၊ ကြမ်းကြုတ် ခက်ထန်ဟန် ထင်ထင်ရှားရှားပေါ်နေသော လူတစုသည် သူတို့ဆွဲယူလာသော မလှုပ်မရှက် တော့သည့် ခန္ဓာကိုယ်ကြီးကို ခပ်စောက်စောက် ကမ္ဘားထိပ်မှ ချောင်းထဲသို့ ကန်ချလိုက်ကြသည်။ ရေယက် ရေပန်း တွေဖြာတက်သွားပြီး အလောင်းကြီးက မြုပ်သွားလေသည်။ ချောင်းရေအတိုင်း စုန်မျောသွားသည့် ဤအလောင်းကြီး ကား မည်သည့်နေရာမှာ သွားပေါ်မည်နည်းဟု ချုံထဲမှ ငြိမ်သက်နေ ကြရသည့် သူငယ်ချင်း နှစ်ယောက်က တွေးလိုက်သည်။

ကိစ္စပြီးသောအခါ ထိုလူငါးသည် ခြေလှမ်းသွက်သွက်ဖြင့် အပြေးကလေး ပြန်သွားကြသည်။ ချုံထဲက သူငယ်ချင်း နှစ်ယောက်ကား မလှုပ်ဝံ့သေးချေ။

ထိုအခိုက်မှာပင် သုံးဆယ်ကျော်မျှ ရှိမည်ထင်ရသော လူတစုသည် သေနတ်ကိုယ်စီဖြင့် ချောင်းကမ်းစပ် ရေဆိပ်ဆီ ဆင်းလာကြသည်။ ရေဆိပ် ရောက်သောအခါ လူတချို့က ချောင်းထဲဆင်းကြသည်။ ကမ်းခြေ နားကပ်ပြီး သစ်ကိုင်းတွေ ရေထိအောင် ညွှတ်ကျ အုပ်ဆိုင်းနေသော သစ်ပင်ကြီးတပင် အောက် ဝင်သွား ကြ၏။ ဆယ်မိနစ်မျှ ကြာသောအခါ နိုင်ခန့် တောင့်တင်းသော လှေလေးစင်းကိုလှော်ပြီး သစ်ပင်အုပ် အောက် မှ ပြန်ထွက်လာကြသည်။

လှေလေးစင်းပေါ်သို့ လူတွေခွဲပြီးတက်ကြသည်း။ အားလုံးကို ခေါင်းဆောင် အမိန့်ပေးနေသူကား မနေ့ညက အရှိန် အဟုန်ပြင်းစွာ စီးဆင်းနေသော ချောင်းရေကို ကြည့်ကာ တမ်းတမ်းတတ ငိုနေသော မိန်းမချောကို ကြမ်းတမ်းစွာ ဆွဲခေါ်သွားသူပင် ဖြစ်ကြောင်းသေချာ မြင်ကြရသည်။ ထိုလူစုသည် လှေပေါ်သို့ တက်ကာ ရေစုံကို လှော်ခတ်သွားကြသည်။ လှော်အားအရှိန် ကြောင့်လည်းကောင်း၊ ရေစီးအရှိန် ကြောင့် လည်းကောင်း၊ လှေလေးစင်းသည် လျင်မြန်စွာ ရွေ့လျားဝေးကွာ ကာချောင်းကွေ့ကလေး အလွန်ဝယ် ပျောက်ကွယ် သွားကြသည်။

" ရှာတခုခုသွားစီးပြီး သတ်ကြ ဖြတ်ကြမလို့လား ခါးပြသွားတိုက်ကြတာလားတော့ မသိဘူး၊ သူတို့ သါးတာ အကောင်းသွားတော့ မဟုတ်ဘူးနော် ကိုတင်အုံး"

မောင်တင်ဦးက လေသံဖြင့် ပြော၏။

" လူကောင်းတွေတော့ မဟုတ်ဘူး ဒါပေမဲ့ ကျွန်တော် တခုစဉ်းစားမရတာရှိနေတယ်"

မောင်တင်အုံးက တွေးတွေးဆဆ ပြောသည်။

" ဘာများလဲဗျာ"

" ဒီလိုလက်နက်ကိုင် အလုပ်ကို လုပ်နေရက်နဲ့ သူတို့နေရာတောင်ကုန်းပတ်ဝန်းကျင်မှာ ဘာကြောင့် ကင်းစောင့် မထားသလဲ။ သူတို့ထွက်သါးတာ လူကုန်ဟုတ်မယ် မထင်ဘူး"

" အင်း စဉ်းစားစရာပါဘဲ။ ဒါပေမဲ့ ကင်းစောင့် မထားတာက သူတို့နေရာကို အနားကပ် မလာနိုင်အောင် လုံခြုံစိတ်ချ ရတဲ့ အရံအတားတခုခု လုပ်ထားလို့သာ လူအပင်ပန်းခံ ကင်းစောင့်နေရတဲ့ အလုပ်ကို မလုပ်ဘဲ လွှတ်သား တာဖြစ်လိမ့်မယ်"

" ဘယ်လို အရံ အတားမျိုးလဲ"

ထိုအခါ ဗမာ့တပ်မတော်သား စစ်ဗိုလ်တယောက်၏ သားဖြစ်သော မောင်တင်ဦးက ဖခင်ဦးအောင် ပြောခဲ့ ဘူးသော စကားကို သတိထားမိသည့်အတိုင်း ပြောပြသည်။

" ကျွန်တော့်အဖေ ဂျပန်တွေကို တိုက်ထုတ်စဉ်က ဗမာ့တပ်မတော်သားတွေက နဲနဲနဲ့ ကျဲကျဲပိုင်းခဲ့ ကြတယ်ဗျ၊ တပ်စခန်း ချထားတဲ့နေရာကို ရန်သူ လာမလာ စောင့်ကြည့်ဘို့အတွက် လူအင်အား ပြည့်ပြည့် စုံစုံ မရှိတဲ့အခါဆိုရင် တပ်စခန်းပတ်ဝန်းကျင် သင့်လျော်တဲ့ အကွာအဝေးမှာ မိုင်းဗုံးတွေ မြှုပ်ထားရတယ်တဲ့၊ အဲဒီခေတ်က ဗမာ့တပ်မတော်က မြှုပ်တဲ့ မိုင်းဗုံးက ပေထုပ်သဘောမျိုးပေါ့၊ ဒါပေမဲ့ ပေ ထုပ်ကပြင်းတော့ နင်းမိလို့ ပေါက်ကွဲရင် မသေတောင်မှ ဒဏ်ရာလဲရ တပ်မတော်သားတွေကလဲ ရန်သူလာပြီ ဆိုတာ သိရတယ်လေ၊ အဲဒီလို သူတို့တောင်ကုန်းပတ်လည်မှာ ဗုံးမြှုပ်ချင်မြှုပ်ထားမှာပေါ့ "

မောင်တင်အုံး က ဦးခေါင်းညိတ်ထောက်ခံလိုက်သည်။

" ဖြစ်နိုင်တယ်၊ သူတို့စခန်း အနေအထားကိုလဲ ကြည့်လေ ဒီတဘက်က ချောင်းဆိုတော့ ရန်သူလာရင် ချောင်းကို ကူးနေရတာနဲ့ သူတို့မြင့်မယ်၊ ဒီတော့ ချောင်းရှိတဲ့ဘက်က မမြှုပ်ရင်တောင် ဟိုဘက်ကတော့ မြှုပ်ချင်မြှုပ်ထားမှာ"

" ကျွန်တော် တို့ အခုနေရာ ချုံဖုတ်နဲ့ သူတို့စခန်းတောင်ကုန်းနဲ့က ပေတထောင်ကျော်လောက် ကွာနေတယ်၊ ဒီကြားမှာ မိုင်းမရှိဘူးလို့ ပြောနိုင်မလား"

" ဟုတ်တယ်လေ"

" ဘာဘဲ ဖြစ်ဖြစ်ပေါ့ဗျာ၊ ဘယ်လိုမှ အကူအညီမရနိုင်တဲ့ ဒီနေရာက မြန်မြန်ခွာတာ ကောင်းတယ်၊ ညဘက် ထွက်ကြ ရအောင်လား"

" ကောင်းပါတယ်၊ သွားတာပေါ့"

သူငယ်ချင်းနှစ်ယောက် ညအမှောင်ကိုအားကိုးပြီး ထွက်ခွာရန် အချိန်ကို ငြိမ်သက်စွာ စောင့်ဆိုင်း နေ ကြသည်။ နံနက်ပိုင်းက မိုးသားများ အုံ့မှိုင်းနေသော်လည်း မိုးကမရွာခဲ့ချေ။ ညနေ နားနာရီ လောက်တွင်မှ တနေ့လုံး ငြိမ်နေခဲ့သမျှ လေရော မိုးရော ပြင်းထန်စွာ ရွာသွန်းချလေတော့သည့် ချောင်းရေ အလျဉ်သည် ကြည့်နေရင်း ပင် ကြောက်မက်ဘွယ်ရာ အရှိန်အဟုန်ပြင်းထန်လာသည်။ လေနှင့်မိုးသည် မနေ့ကထက် ပြင်းထန် သည်ဖြစ်ရာ ချောင်းရေထဲတွင် ရေညာဘက်မှ ကမ်းပြို၍ပေလား၊ လေဒဏ်ကြောင့် ပေလားမသိ၊ ကြီးမား သော သစ်တုံးကြီးတွေ အမြစ်က ကျွတ်လဲသော သစ်ပင်ကြီးတွေမှာ ချောင်းမျက်နှာပြင် ပြည့်မျှ ရေစီး တွင် မျောပါလာကြသည်။

" ညမှောင်တဲ့အထိ မိုးရွာစမ်းပါစေဗျာ "

သူတို့ထွက်လမ်း လွယ်ကူစေရန် မောင်တင်ဦးက ဆုတောင်း၏။

" မိုးမှောင်မျောင်ထဲ မိုင်းထိနေပါဒအုံးမယ်ဗျာ၊ သတိတော့ အတော်ထားရမှာ "

မောင်တင်အုံးက ဆိုသည်။

သည်းထန်စွာ သည်းသည်းမည်းမည်း ရွာသွန်းတိုက်ခတ်သော မိုးနှင့်လေသည် ည ခုနစ်နာရီလောက်တွင် စဲ သွားသည်။ မိုးစဲသွားသော်လည်း ချောင်းရေကား ကြောက်မက်ဖွယ် စီးဆင်းနေဆဲပင်။

" ထွက်ဘို့ အချိန်တန်ပြီဗျို့ "

မောင်တင်ဦးကပြော၏။ ညခုနစ်နာရီ အချိန်သည် မိုးရော လေပါ စဲသွားသည် ဆိုသော်လည်း ကောင်းကင် တပြင်လုံး ပိတ်ဆီးနေသော မိုးသားများကြောင့် အမှောင်ထုက အားကောင်းလှချေသည်။ သူတို့ နှစ်ယောက် အဘို့ ဘေးကင်း ရန်ကင်းထွက်ခွာနိုင်မည်ကို စဉ်းစား၍ မောင်တင်ဦးက သတိပေးခြင်းဖြစ်၏။

" အေးဗျာ လေရော မိုးရောထန်ပြီး ချောင်းရေက ကြောက်စရာ ဖြစ်နေတော့ မနက်က ထွက်သွားတဲ့ သတ္တဝါ တွေဒီည ဘယ်နည်းနဲ့မှ ပြန်ရောက်နိုင်မှာ မဟုတ်ဘူး၊ ကျွန်တော် စခန်းထဲ ဝင်စူးစမ်းချင်တဲ့ စိတ်တောင် ပေါ်လာတယ်"

မောင်တင်အုံး က မကျေမနပ်ဆို၏။

" စခန်းစောင့်တော့ ထားခဲ့မှာပေါ့ ကိုတင်အုံးရာ ကြောင့်ကြမဲ့တော့ ဘယ်ပစ်ထားခဲ့မလဲ၊ ဒီလို လူစားတွေဆိ ဖွတ်တိုးသွားရင် ကိုယ့်သေတွင်း ကိုယ်တူးတာနဲ့ အတူတူပေါ့။ ကျွန်တော် သတ္တိကြောင်လို့ ပြောတာမဟုတ်ဘူး။ ကျွန်တော်တို့က နှစ်ယောက်ထဲ လက်နက်က အငယ်စားတွေ သူတို့က နှစ်ယောက် ထက်တော့ များမှာ

သေချာတယ်။ နောက်ပြီး ထွက်လမ်း ဝင်လမ်းမသိဘဲ စမ်းတဝါးဝါး သွားလို့မဖြစ်နိုင်ဘူး ကိုတင်အုံး"

" ခင်ဗျားပြောတာ ဟုတ်ပါတယ်။ ကျွန်တော်ကလဲ မိုက်ရူးရဲ မဆံချင်ပါဘူး "

သူငယ်ချင်း နှစ်ယောက်ပြောကာ ကိုယ့်ပစ္စည်း ကလေးတွေ ကိုယ်ပြင်ပြီး သတိကြီးစွာထားကာ ချုံထဲမှ ထွက်တော့မည့် ဆဲဆဲဝယ် တောင်ကုန်းအခြေဆီမှ ခပ်သွက်သွက် ပြေးထွက်လာသော မဲမဲ သဏ္ဍာန် တခုကို တွေ့ရ၍ တယောက်ကို တယောက် လက်တို့ပြလိုက်ကြသည်။ ချုံထဲမှ မထွက်ဝံ့သေးဘဲ ငြိမ်သက်စွာ စောင့်ကြံ့နေကြ၏။ မှောင်ထဲမှာ မျက်စေ့ ကျင့်သားရပြီးဖြစ်သော သူတို့နှစ်ယောက်လုံးသည် ပြေးလာသော ထိုသဏ္ဍာန် မှာ လူတယောက်ဖြစ်ပြီး ချောင်းထိပ်ကမ်းနဖူးဆီသို့ ပြေးသွားနေကြောင်း တွေ့ရ၏။

" မနေ့ညနေက ငိုတဲ့ မိန်းမချောများဖြစ်နေမလား"

မောင်တင်ဦးက မှောင်ထဲမှ အားစိုက်ကြည့်ရင်း ပြော၏။

" ဟုတ်တယ်၊ ကျွန်တော်လဲ ထင်တယ်"

မောင်တင်အုံးက ထောက်ခံလိုက်သည်။

သူတို့နှစ်ယောက်လုံး၏ ထင်မြင်ယူဆချက်မှန်ကန်ကြောင်းကို ထိုလူသဏ္ဍာန်က အဖြေပေးလိုက်၏။

" ဟော ဟုတ်တာပေါ့၊ ကြည့်စမ်း ကိုတင်အုံး မနေ့က အတိုင်းဘဲ"

မောင်တင်ဦးက ဆိုသည်။ ထိုသဏ္ဍာန်သည် ချောင်းကမ်းထိပ် မနေ့ညက နေရာမှာပင်ရပ်ကာ အဟုန်ပြင်းစွာ စီးဆင်းနေသော ချောင်းရေလျဉ်ကိုကြည့်၍ လက်ကို ဆန့်တန်းပြီး ကြေကွဲလှိုက်လှဲစွာ ငိုကြွေး နေလေ သည်။

" ဒီ မိန်းမကတော့ ဘယ်နည်းနဲ့မှ ကျွန်တော်တို့ကို ဒုက္ခပေးမယ်မထင်ဘူး၊ သူကိုယ်တိုင်က ဟိုလူတွေကိုမှ မနစ်မြို့ဘဲ၊ ကျွန်တော်တို့ အဲဒီမိန်းမနား သွားကြရအောင်လား၊ ကယ်သင့်လဲ တခါထဲခေါ်လာတာပေါ့"

မောင်တင်ဦး က ပြောသည်ကို မောင်တင်အုံးက သဘောတူသည်။

" ကောင်းပါတယ် သူက မလိုက်နိုင်ဘူး ဆိုရင်တောင် မိတ်ဆွေ ဖြစ်သွားကြရင် ဒီသတ္တဝါတွေဟာ ဘာလဲဆိုတာ သိရတာပေါ့ဗျာ"

သူငယ်ချင်းနှစ်ယောက် စိတ်တူကိုယ်တူဖြင့် ချုံထဲမှ ငြင်သာစွာ ထွက်လာခဲ့ကြသည်။ ထိုမိန်းမ ရှိနေရာမှာ အကွယ် အကာ သစ်ပင်ချုံနွယ်ဟူ၍ လုံးဝမရှိချေ။ သူတို့ကို မြင်၍ တောင်ကုန်းထိပ် စခန်းမှရန်မူမည်ဆိုလျှင် မှောင်မှောင် မည်းမည်းထဲမှာဖြစ်၍ ရှောင်နိုင်တိမ်းနိုင်ပေမည်ဟု နှစ်ယောက်လုံးတွေးသည်။ သို့သော် သတိ ကို ကြီးစွာထားကာ ထိုမိန်းမ၏ နောက်သို့ရောက်အောင် လာခဲ့ကြသည်။

ထိုမိန်းမ ငိုကြွေးနေသောအသံကို ကြားရသောအခါ သူငယ်ချင်း နှစ်ယောက်သည် ခပ်ကုန်းကုန်း အနေ အထားဖြင့် ချဉ်းကပ်လာရာမှ ခုန်ပျံလိုက်လုနီးအောင်ပင် အံ့သြခြင်းဖြစ်ကြရသည်။ ထိုမိန်းမကား သူငယ်ချင်း နှစ်ယောက် သူ့နောက်ရောက်နေသည်ကို မသိရှာပေ။

" အမေရေ... အမေ့နောက်ကို အဖေလိုက်လာပြီ၊ သမီးကို လူ့တိရစ္ဆာန်တွေလက်ထဲမှာ မထားခဲ့ပါနဲ့၊ အဖေနဲ့ အမေက မြန်မြန်ခေါ်ပါ"

ဤစကားတွေကို အပူသည်မချောက အင်္ဂလိပ်ဘာသာဖြင့် ပြောဆိုငိုကြွေးနေခြင်းဖြစ်သည်။ သူငယ်ချင်း နှစ်ယောက် စိတ်ထဲမှာ သနားခြင်း၊ ဝမ်းမြောက်ခြင်းဖြင့် မောင်တင်အုန်းက စတင်အသံပေးလိုက်သည်။ အင်္ဂလိပ် ဘာသာစကားကို တတ်နေသော မိန်းမချောကို အင်္ဂလိပ်ဘာသာစကားဖြင့် ပြော၏။

" မမ ကျွန်တော် တို့ကို မကြောက်နဲ့နော် "

သိမ်မွေ့ ညင်သာစွာ ပြောလိုက်သည့် အသံကြောင့် ငိုကြွေးနေသော မိန်းမချောသည် အံ့အားသင့်ဟန်ဖြင့် သူ့နှုတ်ခမ်းမှ တမ်းတနေခြင်းကို ရပ်ဆိုင်းလိုက်သည်။ အသံထွက်ပေါ်လာရာ နောက်ဖက်ဆီသို့ ဖြေးလေးစွာ လှည့်ကြည့်သည်။ သူ့အမူအယာမှာ ကြောက်ရွံ့ထိတ်လန့်ခြင်း လုံးဝမရှိချေ။ ဘီလူးသရဲမှာ ကြမ်းကြုတ်ခက် ထန်သော လူတွေ နှင့် အနေကြာသာခဲ့သူအဖို့ သူတတ်သိနားလည်သော ဘာသာစကားဖြင့် သိမ်မွေ့ ပြင်သာစွာ

ပြောသံကိုကြားရခြင်းကား အဘယ်မှာ ကြောက်ရွံ့ ထိတ်လန့် ပါမည်နည်း။

" အို ... ရှင်တို့ ဘယ်သူလဲ "

မိန်းမချောက ရှိုက်သံဖြင့် မေး၏။

" မမရဲ့ ရန်သူမဟုတ်ပါဘူး၊ မိတ်ဆွေတွေပါ၊ တောထဲမှာ မျက်စေ့လည်ပြီး ရောက်လာတာပါ"

မောင်တင်အုံးကဖြေသည်။ ထိုအခါ မောင်တင်ဦးက အလျင်စလိုဝင်ပြောသည်။

" မမ ပူဆွေးသောက ဖြစ်တာကို မြင်တယ်။ မနေ့ညက ဟိုလူ့သရဲကြီးက ပြန်ဆွဲခေါ်သွားတာလဲ မြင်တယ်၊ မမ ဒီနေရာမှာ မနေချင်ရင် အခုချက်ခြင်း ကျွန်တော်တို့နဲ့ လိုက်ခဲ့မလား၊ ကျွန်တော်တို့ ဒီနေရာမှာ ကြာကြာ နေလို့ မကောင်းဘူး၊ သူတို့နဲ့ ပစ်ခတ်သတ်ဖြတ် နေရလိမ့်မယ်၊ အခုချက်ခြင်း ကျွန်တော်တို့ သွားတော့မှာ မမ ကို သနားလို့ လာပြောတာ လိုက်မလား"

မောင်တင်ဦးက တက်သုတ်ရိုက်ပြော၏။ မောင်တင်ဦးပြောသည့်အတိုင်း ဤနေရာမှာ ကြာရှည်နေ၍ မသင့် ကြောင်း ကို သုံးယောက်လုံး စဉ်းစားမိကြသည်။

" လိုက်မယ် ... လိုက်မယ် ... အခုချက်ခြင်း ကျမကိုခေါ်သွားပါ ... "

အပူသည် မိန်းမချောသည် မတွန့်မဆုတ် စဉ်းစားတွေဝေခြင်းမရှိဘဲ ချက်ခြင်း အဖြေပေးသည်။

" ကဲ ဖြစ်ကြောင်း ကုန်စင်ကိုတော့ ဘေးကင်းရာ ရောက်မှ ဇာတ်စုံခင်းပေတော့ မမရေ သွားကြစို့"

" ဟုတ်တယ် သွားတာကအရေးမကြီးဘူး ကိုတင်ဦး၊ ခင်ဗျာပြောတဲ့ အရံအတားတွေနဲ့ တွေ့နေအုံးမယ်၊ ဒီနေရာ က မြန်မြန်ခွာဘို့ ဘေးကင်းရန်ကင်းလမ်းကို မမသိလား၊ သိရင်ရှေ့ကသွား၊ ကျွန်တော်တို့ နောက် က လိုက်မယ်"

မောင်တင်ဦးက သတိပေးသည်။

အပုသည် မိန်းမချောက မောင်တင်ဦး ကြိုတင်တွေးသည့်အတိုင်းပင် မိုင်းမြှုပ်ထားသည့် နေရာတွေ ရှိကြောင်း မည်သည့် နေရာတွေဟု သူမသိကြောင်း ဘေးအကင်းဆုံးမှာ ချောင်းကမ်းပါးမှ ကပ်ပြီး သွားခြင်း သာ ဘေးကင်းနိုင်ကြောင်း ပြောပြ၏။ ချောင်းကမ်းပါးမှာ ရေစီးအုလွန် ကြမ်းသောကြောင့် မိုးဥတု ရောက်ပြီ ဆိုလျှင် အမြဲ ကမ်း ပြိုတတ်သည်။ ထို့ကြောင့် ချောက်ကမ်းပါးမှာ မိုးရာသီဆိုလျှင် မိုင်းမမြှုပ်ဘဲ မိုးကုန်၍ ချောင်းရေ ကျကာ သဲသောင်ပြင်ပေါ်လာမှ မိုင်းမြှုပ်လေ့ရှိကြောင်းလည်း ပြောပြသည်။

အပုသည် မိန်းမချောနှင့် သူငယ်ချင်းနှစ်ယောက်တို့ ချောင်းကမ်းပါးနား ကပ်နိုင်သမျှကပ်ကာ သတိကြီးစွာ ထားပြီး အတတ်နိုင်ဆုံး လျှင်မြန်စွာ ထိုနေရာမှ ထွက်ခွာလာခဲ့ကြ၏။

မှောင်ထဲတွင် ရွံ့နွံဗွက်အိုင်တွေ ဆူးချုံတွေ ကျင်းချိုင့်တွေကို ခက်ခက်ခဲခဲ ကျော်လွှားခြင်း၊ ရှောင်ရှားခြင်းဖြင့် လာခဲ့ရသည်။ ထိုသို့လာရင်းပင် သူငယ်ချင်းနှစ်ယောက်လုံး စိတ်ထဲမှာ သူတို့ ဤနေရာသို့ လာကြစဉ်က သတိ ရှိမိကြ၍ ချောင်းကမ်းပါးစွန်းမှ ကပ်လာခဲ့ကြသည်ကို ပြန်သတိရကြသည်။

သူတို့နှစ်ယောက်ကယောက်ျားတွေဖြစ်သည်ကတကြောင်း ကြမ်းတမ်းသော တောတောင်ခရီးကို နှစ်လ နီးပါး ဖြတ်ကျော်လာခဲ့ကြ၍ အလေ့အကျင့် အတော်အတန် ရပြီးဖြစ်၍ တကြောင်း ဖြတ်သန်းကျော် လွှားလာ နိုင်သော်လည်း အပုသည် မိန်းမချောအဖို့ မကြာခဏ လဲပြိုခြင်း၊ ခြေချော်ခြင်း၊ ယိမ်းယိုင်ခြင်းများ ဖြစ်ရသည်။ သူငယ်ချင်း နှစ်ယောက်က သနားကြင်နာစွာဖြင့် ဖေးမတွဲခေါ်ကြရသည်။ တညလုံး အနားမယူ ဘဲ တတ်စွမ်းသ၍ ခရီးပြင်းနှင်ခဲ့ကြရာ နံနက်အရုဏ်တက်အချိန်လောက်တွင် သုံးယောက်လုံး မလှုပ်ချင် မရှားချင် အောင်ပင် နွမ်းနယ်မောပန်းနေကြလေပြီ။ သူတို့အဖို့ ကုသိုလ်ကံလေးက ဖေးကူသည်ထင်သည်။ တညလုံး မိုးက တခါတရံ ဖွဲဖွဲကလေးကျသည်ကလွဲပြီး ရွာသွန်းခြင်းမရှိပေ။ လေကလည်း အထူးငြိမ်နေ သည်။

သူတို့နှစ်ယောက် မောပန်းသည်ထက် အပုသည် မိန်းမချော၏ အလွန်အမင်း ပင်ပန်းနွမ်းနယ်နေခြင်းက အနားမယူလျှင် မဖြစ်အောင်

အခြေအနေမှာ ရှိနေသည်။ အရွက်ဖားဖားကြီးများဖြင့် အုပ်အုပ်ဆိုင်းဆိုင်း ရှိ နေသော သစ်ပင်ကြီး တပင်အောက်မှာ သုံးယောက်လုံး ခြေပစ်လက်ပစ် ထိုင်လိုက်မိကြသည်။ မောလွန်း ပင်ပန်းလွန်း၍ တယောက်ကို တယောက် စကားမစနိုင်သေးဘဲ အသက်ရှူမှန်အောင် ကြိုးစားနေကြရ၏။ လင်းရောင်ခြည် ပေါ်စပြုသော အချိန်ရောက်မှ သုံးယောက်စလုံး နေသာထိုင်သာ ဖြစ်သွားကြသည်။

" သူတို့နေရာနဲ့ လွတ်မှလွတ်ကဲ့လားလို့ ကျွန်တော် သစ်ပင်ပေါ်က တက်ကြည့်အုံးမယ် "

မောင်တင်ဦးကပြောပြီး မောင်တင်အုံးလည်မှာ ဆွဲထားသော မှန်ပြောင်းကို တောင်းယူကာ သူ့လည်တွင် စွပ်လိုက်ပြီး သစ်ပင်ကြီးပေါ်သို့ တက်သွားသည်။ အပုသည် မိန်းမချော နှင့် မောင်တင်အုံးက သစ်ပင် အောက်မှာပင် ငြိမ်သက်စွာ ကျန်ခဲ့သည်။ မောင်တင်ဦးသည် သစ်ပင်ကြီး၏ ထိပ်ဖျားသို့ ကျန်ခဲ့ သည်။ မောင်တင်ဦးသည် သစ်ပင်ကြီး၏ ထိပ်ဖျားသို့ ရောက်နိုင်သမျှ ရောက်အောင် တက်သွားပြီး မှန်ပြောင်းဖြင့် သူတို့ လာခဲ့ရာလမ်းကို နောက်ကြောင်း ပြန်ကြည့်လိုက်သည်။ မှန်ပြောင်းထဲတွင် ပေါ်လာသော မြင်ကွင်း ကြောင့် မောင်တင်ဦး မျက်လုံးဝိုင်းသွားသည်။

တညလုံး ခရီးပြင်းနှင်လာခဲ့သည်ဆိုသော်လည်း အပုသည် မိန်းမချောကို စောင့်ဆိုင်း ဖေးကူရ၍တကြောင်း၊ ခရီးလမ်းက ကြမ်းတမ်းပိတ်ဆီးလှ၍တကြောင်း ထင်သလောက် ခရီးမရောက်ဘဲ

အလွန်ရှိမှ လူဆိုးတွေ စခန်းတောင်ကုန်း နှင့် ခုနစ်မိုင်ကျော် ရှစ်မိုင်မျှသာ ရှိပေမည်။ ဤမျှလောက်သော အကွာအဝေး မြင်ကွင်းကား မှန်ပြောင်းထဲတွင် ကြည်လင်ပြတ်သားစွာ ပေါ်နေသည်။

ခေါင်းဆောင် လူ့သရဲကြီးနှင့် နောက်လိုက် အချို့သည် ချောင်းကမ်းနဖူးထိပ် အပူသည် မိန်းမချော နှင့် မောင်တင်ဦး တို့ နှစ်ယောက် ရပ်ပြီး စကားပြောခဲ့သည့်နေရာမှာ မြေပြင်ကို ငုံ့ကြည့်ကြ၊ ညွှန်ပြနေကြသည် များ ကိုလည်းကောင်း၊ မောင်တင်ဦးတို့ နှစ်ယောက် ခိုလှုံနေခဲ့ရာ ချုံကြီးဆီသို့ ခြေရာတွေ ကြည့်ပြီး ဆောလျှင်စွာ သွားကြသည်များကိုလည်းကောင်း မှန်ပြောင်းထဲတွင် ကြည်လင်ပြတ်သားစွာ တွေ့နေ ရသည်။ မောင်တင်ဦးတို့ သုံးယောက်စလုံး၏ ခြေရာတွေကို အသေအချာ ကောက်မိနေပြီဖြစ်ရာ ခြေရာ အတိုင်းလိုက်လာကြတော့မည်မှာ မလွဲပေ။

မောင်တင်ဦးသည် သစ်ပင်ထိပ်ဆီမှ အောက်သို့ အတန်ငယ် ဆင်းလာပြီး သစ်ပင်ရင်းမှာ ရှိနေသူ နှစ်ယောက် ကြားအောင် အသံအုပ်ပြီး သူမြင်တွေ့ခဲ့ရသည်များကို ပြောပြလိုက်သည်။

" ဗုဒ္ဓဘုရား ကယ်တော်မူပါ "

အပူသည် မိန်းမချောက တုန်ရီ ထိတ်လန့်သော အသံဖြင့် နဖူးပေါ် လက်အုပ်ချီတင်ကာ တမ်းတ ရေရွတ် လိုက်သည်။ မိန်းမချောအသံကို ကြားရသော မောင်တင်ဦးက ဤအပူသည် မိန်းမချောသည် သူ့ဘခင်နှင့် မေဂျာပိုက်တို့ တွေ့ခဲ့ရသော ချိုင့်ဝှမ်းထဲမှ

ထူးဆန်းသောလူတွေ၏ အဆက်အနွယ်များ ဖြစ်နေ လေသလား ဟု ဖျတ်ကနဲ တွေးလိုက်မိသည်။ သို့သော် ဤကိစ္စကား ယခုလောလောဆယ်မှာ ဘေးချိတ်၍ သုံးယောက် လုံး အသက်ချမ်းသာဘို့က အရေးကြီးနေသည်။

" သူတို့ လိုက်လာသလား "

မောင်တင်အုံးက မေး၏။ သူငယ်ချင်း နှစ်ယောက်သည် ဗမာလို မပြောကြတော့ချေ။ အပူသည် မိန်းမချောပါ သိရအောင် အင်္ဂလိပ်လိုပင် ပြောကြသည်။ မောင်တင်ဦးက မှန်ပြောင်းဖြင့် သေချာစွာ ပြန်ကြည့်၏။

" အားလုံး လူဆယ့်ရှစ်ယောက်၊ သေနတ်ကိုယ်စီနဲ့ဘဲ ခြေရာတွေ ကြည့်ပြီးလာနေကြပြီ"

မောင်တင်ဦးက ပြောပြီး မှန်ပြောင်းကို မျက်လုံးမှခွာကာ သစ်ပင်ကြီး၏ ပတ်ဝန်းကျင် အနေအထားကို မျက်လုံး ဖြင့် လှည့်လည် စူးစမ်းနေသည်။

" ပြေးလို့ လွတ်နိုင်ပါ့မလား ခင်ဗျား ဆင်းခဲ့လေဗျာ " မောင်တင်အုံးက ခေါ်ချ၏။

" ပြေးလို့ မလွတ်နိုင်ဘူး၊ သူတို့က တောကျွမ်းပြီး သားတွေဘဲ။ ဒီသစ်ပင်ပေါ် တက်ပုန်းလို့လဲ မလွန်နိုင်ဘူးဗျ။ ကျုပ် တို့ သုံးယောက်လုံးက တကိုယ်လုံး ရွှံ့တွေလူးနေတော့

သစ်ပင်ပေါ်တက်တဲ့ စွပ်ကြောင်းရာကြီးရော သစ်ပင် အောက် မှာ ထိုင်နေခဲ့တဲ့ ခြေရာလက်ရာရော ထင်းထင်းကြီးပေါ်နေတာဘဲ။ အဲဒီတော့ ကျွန်တော် တို့ စွန့်စားရလိမ့်မယ်" မောင်တင်ဦးက သစ်ပင်ပေါ်က ပြော၏။

" ဘယ်လိုလဲ " မောင်တင်အုံးက မေးသည်။

" ခင်ဗျားတို့ နှစ်ယောက်လုံး သစ်ပင်ပေါ် မြန်မြန်တက်ခဲ့ကြ၊ ဟိုဘက်အပင်ကြီးကို ကူးစရာလမ်းရှိတယ်။ မြန်မြန် ... မြန်မြန်" မောင်တ်ငဦးက ခေါ်သည်။

မောင်တင်အုံးက မိန်းမချောကို အလျှင် တက်စေသည်။ သူက မိန်းမချောအောက်ကနေပြီး လက်တဖက်က သစ်ပင်ကို ဖက်တွယ်ကာ၊ လက်တဘက်က မိန်းမချော ပြန်လျှောမကျအောင် ဖေးမပေးသည်။ မောင်တင်ဦး က ဆင်းလာပြီး မိန်းမချောအား သူ့ခြေကိုဆွဲပြီး အားပြုတက်စေသည်။ ဤသို့ဖြင့်ပင် သစ်ပင် အမြင့်ခွဆုံသို့ သုံးယောက်လုံး ပင်ပန်းကြီးစွာ ရောက်သွားကြ၏။

" ခင်ဗျား ဘိနပ်ကြီး ပါရဲ့လား" မောင်တင်ဦးက သူ့ခါးမှာ ကြိုးနှင့်ဆွဲထားသော တောစီးဘိနပ်ကို နေရာ တကျ ပြန်ချည်ရင်း ပြော၏။

" ပါ ပါတယ်ဗျ" မောင်တင်အုံးက သူ့ခါးမှ ဘိနပ်ကို ပြသည်။

" သစ်ပင်အောက် ချွတ်မထားခဲ့မိလို့ တော်သေးတာပေ့ါဗျာ "

မောင်တင်ဦး က ပြောပြီး သူတို့ရှိနေသော သစ်ပင်ကြီး၏ အကိုင်းတကိုင်းမှ မြွေပတ်ထားသလို နိုင်မြဲစွာ လိမ်ယှက် နေသော ယောက်ျားကြီး တယောက်၏ လက်မောင်းလုံးသာသာမျှ အလုံးရှိသည့် နွယ်ကြီးကိုပြ သည်။

" ဒီနွယ်ကြီးက ဟိုဘက် အပင်နဲ့ဆက်ပြီး လိမ်ပတ်နေတယ်၊ ကျွန်တော် ခိုကြည့်ပြီးပြီ၊ သေသေချာချာ ခိုင်တယ်။ အဲဒီနွယ်ကြီးကိုခိုပြီး ဟိုဘက်က သစ်ပင်ကြီးကိုကူး နောက်ပြီးနွယ်ကို ဒါးနှင့် ကြိတ်လှီး ဖြတ်လိုက် တာပေါ့။ တကယ်လို့ သူတို့ ဒီသစ်ပင် ရောက်လာပြီး တက်ကြည့်လဲ နွယ်ကို ဖြတ်ထားတော့ ဟိုဘက်အပင် ကူးမှန်း လဲ သူတို့မသိဘူး"

မောင်တင်ဦးက ပြောသောအခါ မိန်းမချောက ထောက်ခံသည်။

" ဟုတ်တယ် သူတို့က ခြေရာကောက် သိပ်ကောင်းတာ။ မြေပေါ်က သွားလို့တော့ ဒီလောက် အကွာအဝေး မှာ ဘယ်လိုမှ ရှောင်တိမ်းလို့မရဘူး "

မောင်တင်ဦးက မှန်ပြောင်းဖြင့် ကြည့်လိုက်ပြန်သည်။

" လာနေကြပြီဗျ၊ ကျွန်တော်တို့ ခြေရာအတိုင်း တသွေမတိမ်းဘဲ။ ကဲ ... မြန်မြန်ကူးကြ "

" မောင်တင်အုံးက အရင်ကူးသည်။ တောထူ လှသဖြင့် သစ်ပင်ကြီးတွေမှာ တပင်နှင့်တပင် ယှက်သိုင်း အုပ်ဆိုင်း နေသည်ဖြစ်ရာ သူတို့ ကောင်းကင် နွယ်တန်း ခိုနေကြသည်ကို လူသရဲတွေ မြင်နိုင်မည် မဟုတ်ချေ။ နောက်တချက်ကလည်း သူတို့သည် မြေပြင်ပေါ်က ခြေရာကိုသာ အထူးဂရုစိုက်၍ ကြည့်သူက ကြည့်သည်။ ကောင်းကင် အမြင့်ဆီကိုကား မည်သူမျှ မကြည့်ကြချေ။

ဟိုတဘက် သစ်ပင် သို့ မောင်တင်အုံး ရောက်သွားသောအခါ မိန်းမချောကို လိမ့်မကျစေရန် မောင်တင်ဦး ကဖေးမပြီး နွယ်တန်းကို လက်နှစ်ဘက်ဖြင့် ခိုမိသည့်တိုင် ကူညီလိုက်သည်။

" မမ နွယ်ကို မြဲမြဲကိုင် အောက်ငုံ့မကြည့်နဲ့ စိတ်ရဲရဲထားပြီး ကူး "

မောင်တင်ဦးက အားပေးပြီး လွှတ်လိုက်၏။ မိန်းမချော၏ မျက်နှာသည် ဖြူယော်နေသည်။ ကြောက်စိတ်ကို အားတင်းဖြေဖျောက် ထားရဟန်က ပေါ်နေသည်။ သို့သော် ... နွယ်တန်းကိုကူးရင်း လိမ့်ကျသေရခြင်းက သရဲတွေ လက်ထဲ ပြန်ရောက် သွားခြင်းထက် ကောင်းသေးသည် ဟူသော စိတ်ဓါတ်ဖြင့် ကြိုးစားပြီး ကူး သွား ရှာသည်။ တဘက်စ်ပင်မှာ ရောက်နှင့်နေသော မောင်တင်အုံးက ဆီးကြို လက်ကမ်းပြီး သစ်ပင်ပေါ် ဆွဲတင် လိုက်သည်။ သူတို့နှစ်ယောက်လုံး နေသားတကျ ဖြစ်သောအခါ မောင်တင်ဦးက သွက်လက် လျှင်မြန်စွာ ကူးလာသည်။

သစ်ပင်ပေါ် ရောက်ပြီးသောအခါ မောင်တင်ဦး နှင့် မောင်တင်အုံးတို့သည် သူတို့ရှိနေရာ သစ်ပင်၏ အကိုင်း တွင် လိမ်ပတ်နေသော နွယ်ကြီးကို ဒါးဖြင့် တယောက်တလှည့်ကြိတ်လှီးကြသည်။ အသံထွက်မည် စိုး၍ မခုတ်ဝံ့ ချေ။ တောကျွမ်းသူများသည် နားလျှင် နားပါးသူများဖြစ်ကြ၍ ဒါးခုတ်သံကြားရာ လိုက်လာပါက ကိုယ့် သေမင်း ကိုယ်ခေါ်သည်နှင့်ပင် တူနေပေမည်။ ချွေးကျအောင် အားသွန်ခွန်စိုက်ပြီး လှီးရသည်။

နွယ်ပင်ဆိုသော်လည်း မည်မျှနှစ်ချို့နေသည်မသိ၊ အသားမှာ သစ်သားတမျှ မာကြောလှ၏။ အသက်ဘေး ကြောင့် အနားမယူနိုင်ဘဲ တယောက်တလှည့်လှီးကြရာ ဆယ့်ငါးမိနစ်သာသာတွင် နွယ်ကြီး သည် ပြတ်ကျ သွားလေတော့၏။ ပြတ်ကျသွားသော နွယ်စက ဆူးတွေ ပြည့်ဖုံးနေသော ချုံကြီးတွေအကြား ကျသွားသည်။

နွယ်စ ကျသွားသော နေရာမှာ မူလ သူတို့ ခိုနားခဲ့ရာ သစ်ပင်ကြီးအနီးမှာပင်ဖြစ်၍ သာမန်ကြည့်လျှင် ဆူးချုံကြားထဲ ပေါက်နေသော နွယ်ပင်ကြီးက ထိုသစ်ပင်ကြီးပေါ် တက်သွားသည့် သဏ္ဍာန်မျိုးဖြစ်နေသည်။

သူတို့သုံးယောက် ရောက်နေသော သစ်ကိုင်းကြီး၏ အခြေဂွဆုံတွင်ကား သစ်ခေါင်းလိုလို ချိုင့်ကြီးကိုတွေ့ရ သည်။ မလုံမခြုံဖြစ်သော သစ်ကိုင်းပေါ်မှာ မျောက်များသဖွယ်

ငုတ်တုတ်ထိုင်နေခြင်းထက် ဂူဆုံချိုင့်ထဲ ဆင်းဝပ် နေခြင်းက အကာအကွယ်ကောင်းမည်ကို တွေးမိကြ၍ သတိကြီးစွာ ထားကြကာ ဂူဆုံသို့ ဆင်း လာခဲ့ကြသည်။ မောင်တင်ဦးက မှန်ပြောင်းဖြင့် ကြည့်နေရစ်ပြီး နောက်ဆုံးမှ ဆင်းလိုက်လာသည်။

ဂူဆုံချိုင့်ကြီးမှာ လူသုံးယောက်အတွက် ကောင်းစွာ အကာအကွယ် ပေးနိုင်လောက်သည့် အနေအထားမျိုးဖြစ် ကြောင်း ဝမ်းမြောက်စွာ တွေ့ရ၏။ သုံးယောက် ကျပ်ကျပ်တည်းတည်းထိုင်နိုင်ပြီး၊ လူတထိုင်စာလွတ်အောင် ချိုင့်ဝင်နေသည်။

" မှန်ပြောင်းတဲ အမြင်မှာတော့ ဟောဒီ အမ နောက်ဆုံးချော်လဲခဲ့တဲ့ ကမူစောင်းကလေး ရောက်ကုန်ကြပြီ "

နေရာတကျ ထိုင်မိသောအခါ မောင်တင်ဦးက ကြားလောက်ရုံ လေသံဖြင့် ပြော၏။

" ဟာ ... ဒီနေရာဆိုရင် ဘာဝေးတော့မှာလဲ၊ နှစ်မိုင်လောက်ဘဲ ရှိတော့တာ" မောင်တင်အုံးကဆိုသည်။

" ဟုတ်တယ် မမကို ဆွဲထားတဲ့ အကောင်ကြီး မျက်နှာကြည့်ရတာလေ ကျွန်တော်တို့ကို မြင်ရင် အစိမ်း ဝါးစား မလား မသိဘူး "

မောင်တင်ဦးက ပြောပြီး မိန်းမချောဘက် လှည့်ကာ " မမ နာမည် ဘယ်သူလဲ" ဟု မေး၏။

" မာလာဒေဝီ "

မိန်းမချောက ပြန်ပြောသည်။ ထို့နောက် မာလာဒေဝီသည် နားစွင့်သလိုလို အမူအယာဖြင့် ငြိမ်နေပြီးမှ ...

" စကားမပြောကြနဲ့တော့ သူတို့က သိပ်နားလျင်တာ လေသံနဲ့ရောပါလာတဲ့ သက်ရှိအသံ၊ သက်မဲ့အသံကို ခွဲခြား သိတဲ့နေရာမှာ အံ့သြလောက်တယ်။ တိတ်တိတ် နေကြတော့ " ဟု လေသံဖြင့် သတိပေးသည်။ သုံး ယောက်လုံး မလှုပ်ဘဲ ငြိမ်သက်စွာ နေကြရာမှ နာရီဝက်မျှ အကြာတွင် မောင်တင်ဦးနှင့် မောင်တင်အုံးက သစ်ခေါင်း အဝမှ မျက်လုံးမျှကိုသာ ဖော်ပြီး ချောင်းကြည့်လိုက်ကြ၏။

သူတို့ ပထမဦးစွာ နားနေခဲ့သော အရွက်ဖားကြီးများအုပ်ဆိုင်းနေသည့် သစ်ပင်အောက်တွင် သူရဲတစု ရောက် နေကြလေပြီ။

စကားသံလည်းမကြားရ၊ ခြေသံမျှကိုပင် ညင်သာစွာ နင်းပြီး၊ ဤမျှ ကြမ်းတမ်းသော ခရီးကို ဤမျှ တိုတောင်း သော အချိန်မှာ တန်းတန်းမတ်မတ် ရောက်လာသော ဤလူစုကို မောင်တင်ဦးနှင့် မောင်တင်အုံးတို့ အမှန် တကယ်ပင် ချီးကျူးမိကြပါသည်။

သူတို့ လူစုသည် သစ်ပင်ခြေရင်းမှာ မောင်တင်ဦးတို့ သုံးယောက်ထိုင်နေခဲ့သော ခြေရာလက်ရာ များကို လည်းကောင်း၊ သစ်ပင်ပေါ် တွယ်တက်ရာတွင် ပင်စည်မှာ ပေကျံနေခဲ့သော မြေကြီးတွေ ရွှံ့တွေကို လည်းကောင်း၊ စစ်ဆေးကြည့်ရှုကြသည်။

ထို့နောက် သစ်ပင်ပေါ် မော့ကြည့်ကာ ခေါင်းဆောင်ဖြစ်သူက မတိုးမကျယ် အသံဖြင့် တစုံတရာပြောလိုက်၏။ အပေါ်မှာရှိလျှင် ဆင်းခဲ့ကြဘို့ ခေါ်ဟန်တူသည်ဟု မောင်တင်ဦး နှင့် မောင်တင်အုံး တို့က ယူဆကြသည်။

မာလာဒေဝီကား သူတို့စကားကို နားလည်ဟန်တူသည်။ နားစွင့် ထောင်နေ၏။ မာလာဒေဝီ၏ မျက်နှာမှာ ကြောက်ရွံ့ထိတ်လန့်ဟန် မပေါ်ချေ။ သူတို့ ဘေးကင်းရန်ကင်း နေရာရောက်နေပြီဖြစ်ကြောင်း စိတ်ချ နေဟန် တူသည်။

ခေါင်းဆောင်သူနှင့် ငယ်သားများသည် သုံးမိနစ်မျှ ကြာအောင် ငြိမ်သက်စွာ သစ်ပင်ပေါ် မော့ကြည့်နေကြ သည်။ သစ်ပင်မှာ အရွက်ဖားဖားကြီးများ ဝေဆာပြည့်နှက်စွာဖြင့် အလွန်ထူထပ်စွာ အုပ်ဆိုင်းနေသဖြင့် သစ်ပင်အောက် မှ မော့ကြည့်လျှင် သစ်ကိုင်းတွေကိုပင် သဲကွဲစွာမမြင်ရချေ။ ထို့ကြောင့် "အပေါ်မှာ လူရှိသည်"ဟု ယူဆကာ ဆင်းလာခဲ့ရန်ခေါ်နေဟန်တူသည်။ သစ်ပင်ထက်မှ မည်သည့် လှုပ်ရှားသံကိုမှ မကြား ရသောအခါ ခေါင်းဆောင်လုပ်သူသည် သူတို့ ဘာသာစကားဖြင့် တစုံတရာ အမိန့် ပေးလိုက်၏။

ထိုအခါ သူ့ တပည့်ငယ်သားများက ကိုယ်စီ ကိုယ်ငှ သေနတ်တွေကို သစ်ပင်ပေါ်သို့ ပတ်ပတ်လည် ဝိုင်းပြီး ချိန် လိုက်ကြသည်။ ထို့နောက်

ဆက်တိုက် ထွက်ပေါ်လာသော သေနတ်သံတို့က တတောလုံး တတောင် လုံး ကြောက်မက်ဖွယ်ရာ မြည်ဟီးသွားလေတော့၏။

သစ်ခေါင်းဝမှ မျက်လုံးမျှသာခေါ်ပြီး ချောင်းကြည့်နေကြသော မောင်တင်ဦး နှင့် မောင်တင်အုံး တို့ သည်လည်း ထိုလူ သရဲများ သေနတ်ချိန်စဉ်ကပင် ချောင်းကြည့်နေခြင်းကို လျင်မြန်စွာ ရုပ်သိမ်းကာ သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး ပုနေအောင် ဝပ်လိုက်ကြပြီးဖြစ်၏။ အရမ်းကာရော ပစ်နေ သော သေနတ်သံ များကို ကြားရသော မောင်တ်ငဦးတို့ သုံးယောက်သည် နွယ်တန်းကြီးသာ မကယ်လျှင် တွေးဝံ့ဘွယ် မရှိသော အဖြစ်ကို ရောက်နေပေရော့မည်ဟု အသီးသီး စိတ်ထဲက စဉ်းစားရင်း ဤလူသရဲများ စိတ်မကျေနပ် ဘဲ အနီးအနားက သစ်ပင်တွေကို လိုက်လံရှာဖွေမည်ကို စိုးရိမ်မိကြသည်။

သို့သော် ကံတရားက ဆန်းကြယ်လှပေသည်။

ကြောက်မက်ဘွယ် မြည်ဟီးထွက်ပေါ်လာသော သေနတ်သံများ၏ နောက်မှဆက်တိုက် ပေါ်လာသော ကျား ဟိန်းသံကြီးများကို မောင်တင်ဦးတို့ ခိုလှုံနေရာ သစ်ပင်အောက်ဆီမှ နီးကပ်စွာ ကြားလိုက်ရသည်။ ထို့နောက် သေနတ်ကိုင်လူတစု၏ ထိတ်လန့်စွာ အော်ဟစ်သံများမှာ ဆူညံသွားလေတော့သည်။

မောင်တင်ဦး မောင်တင်အုန်း နှင့် မာလာဒေဝီတို့က သတိကြီးစွာထားပြီး ချောင်းကြည့်လိုက်ကြသည်။ လူသရဲ တသိုက် နှင့် ကြီးမားသော ကျားကြီးသုံးကောင်တို့ ထွေးလုံးရစ်ပတ်ဖြင့် တိုက်ပွဲဖြစ်နေကြသည်မှာ အသဲနလုံး တုန်လှုပ်ဘွယ် တွေ့မြင်နေရသည်။ ကြောက်မက်ဘွယ် တိုက်ပွဲကြီး ပြီးဆုံးသောအခါဝယ် ကျား သုံးကောင်လုံး သေနတ်ဒဏ်ရာဖြင့် သေသည်။ လူသရဲတသိုက်မှ လေးယောက်သေသည်။ ခေါင်းဆောင် သရဲကြီး နှင့် လူ ငါးယောက် ဒဏ်ရာရသည်ကို တွေ့ရသည်။

သူတို့ လူစုသည် ကျားသေ နှင့် လူသေတွေကို ဤအတိုင်း ထားခဲ့ပြီး ဒဏ်ရာရသူတွေကို တွဲယူဖေးမကာ လာလမ်းအတိုင်း ပြန်သွားကြသည်။ ဒေါသကြီးစွာ ကြိမ်းမောင်း ရေရွတ်ပြောဆိုသွားကြသည်၊ မောင်တင်ဦး တို့ ပထမဦးစွာ ခိုလှုံနားနေခဲ့သော သစ်ပင်ကြီးကား သေနတ်ဒဏ်ရာကြောင့် အရွက်တွေ ကြွေပြတ် သစ်ကိုင်း တွေကျိုးကာ ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး သစ်ပင်အောက်တွင်ကား လူသေ နှင့် ကျားသေ တွေက စိတ်ချောက်ချား ဘွယ် မြင်ကွင်းဖြစ်နေကြသည်။

" ဒီ ကျားတွေ ဘယ်ကရောက်လာပါလိမ့် "

မောင်တင်ဦးက လူဆိုးတသိုက် တော်တော်ဝေးကွာသွားလေသံဖြင့် ပြော၏။

" ကျားဟိန်းသံကို ဒီသစ်ပင်ခြေရင်းက ကပ်ကြားရတာဘဲ သစ်ပင်ခြေရင်းက ချုံထဲမှာ အစထဲက ကျားတွေ ရှိလိမ့်မယ် သူတို့ အိပ်ပျော်နေလားမှ မသိတာ၊ သေနတ်သံတွေကြောင့် လန့်နိုးပြီး ဟိုလူအုပ်ကို တွယ်တာနဲ့ တူတယ်"

မောင်တင်အုန်းက ထင်မြင်ချက်ပေးသည်။

" ကျွန်မတို့ကို ခုန်မဆွဲတာ ကံကောင်းတယ်နော်" မာလာဒေဝီ ကပြော၏။

" ဟာ ဘယ်ခုန်နိုင်မလဲမမ ကျွန်တော်တို့ ရှိနေတဲ့နေရာဝွဆုံက မြေပြင်ထက် ပေလေးဆယ် ကျော် လောက် ကို မြင့်နေတာဘဲ"

မောင်တင်ဦး က သစ်ပင်ခြေရင်း ငုံ့ကြည့်ပြီး ပြော၏။

" မနက်က ကျွန်တော်တို့ကလဲ ဟို သစ်ပင်ကြီးအောက်ရောက်လာတာ တိတ်တိတ် ဆိတ်ဆိတ်နေပြီး သစ်ပင်ပေါ်ချက်ခြင်းလိုလို တက်ခဲ့ကြတာကိုး၊ ကြာကြာနေမိရင် ဒါမှမဟုတ် ဆက်ပြေးမိရင် သေနတ်စာနဲ့ ကျားစာ တခုခုဘဲဗျ"

မောင်တင်အုံးကပြော၏။

" သူတို့သွားတာ ဘယ်လောက်ဝေးပြီလဲ ကြည့်စမ်းပါအုံး"

မာလာဒေဝီ က ပြောရာ မောင်တင်ဦးက မှန်ပြောင်းဖြင့် အသေအချာ လှမ်းကြည့်ပြီး ...

" မမ ချော်လဲခဲ့တဲ့ ကမူနား ရောက်လုနေပြီ" ဟု ပြောသည်။

" ကျားရန် မရှိတော့ရင် ဒီနေရာက ကျမတို့ မြန်မြန်ခွာမှဖြစ်မယ်၊ ကျားသေကို ဖျက်ပြီး အရေရော အသားရော ယူလို့ သူတို့ နောက်တခေါက် ပြန်လာမယ်ဆိုတာရော ဒီသစ်ပင်ကြီးမှာ ကျမတို့ ခြေရာပျောက် သွားတာ မကျေနပ်ဘူး၊ ကျားခြေရာလဲ မတွေ့ဘူး၊ နောက်တခေါက် လူ များများ စုလာပြီး ဒီ ပတ်ဝန်းကျင်မှာ သစ်ပင်တွေပေါ်ပါ တက်ရှာမယ်လို့ ပြောသွားကြတယ်။ ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဖူး ပြေးကြပါစို့"

မာလာဒေဝီ က တီးတိုးလေသံဖြင့် သတိပေးသည်။

မောင်တင်ဦး နှင့် မောင်တင်အုံးတို့က ဘာမှ ပြန်လှန်ဆင်ခြေကန် မနေကြတော့ဘဲ သစ်ပင်ပေါ်မှ အမြန်ဆုံး ဆင်းကြ ရလေသည်။ အောက်မြေပြင် ရောက်သည်တွင် မောင်တင်ဦးနှင့် မောင်တင်အုံးက သူတို့ တောစီး ဘိနပ်ကြီးတွေကို ကပျာကသီစီးကြသည်။ သူတို့မှာ ပါလာသော ရုပ်အင်္ကျီတထည်ကို ထက်ပိုင်းဖြတ်ကာ မာလာဒေဝီ ၏ ခြေထောက်ကို စီးရန် ပေးသည်။ တော်သင့်ရုံမျှသော ဆူးခလုတ်ကိုခံနိုင်အောင် စီမံခြင်း ဖြစ်၏။ မာလာဒေဝီကလည်း သူ့ခြေနစ်ဖက်ကို လျှင်မြန်စွာ ခိုင်ခိုင် ပတ်စည်းချည်နှောင်လိုက်၏။

" သွားကြစို့ "

မောင်တင်အုံး က နှိုးဆော်၏။

သုံးယောက်သား သစ်ပင်အောက်မှ ထွက်လိုက်ကြသည်။ အိမ်မြောင်ကိုကြည့်ပြီး အရှေ့အရပ်သို့ ဦးတည် လာခဲ့ကြသည်။ အသက်ဘေး လွတ်လိုသည့်စိတ်ဇောကြောင့် မောရပန်းရမည်ပင် သတိမထားကြတော့ဘဲ တတ်နိုင် သမျှ ခြေကုန်သုတ်လာခဲ့ကြ၏။ ကံအားလျော်စွာ မိုးကမရွာဘဲ အုံ့မှိုင်းရုံမျှသာဖြစ်၍ ခရီး တော်တော် တွင်ခဲ့ကြသည်။ မာလာဒေဝီသည် သူ့ကို ကူညီခေါ်လာသူ မောင်တင်ဦး နှင့် မောင်တင်အုံးတို့ နှစ်ယောက် အား စိတ်ဓါတ်ပျက်စေမည့် အားနွဲ့ခွေယိုင်မှုကို မပြလို အံကြိတ်ကာ ကြိုးစားပြီး သူတို့ နှစ်ယောက်ခြေကို အမီလိုက်ရှာသည်။

"ခြေရာခံ လိုက်ရင်တော့ လွတ်ဘို့ခဲယဉ်းတယ်၊ ချောင်းတခု လောက်တွေ့ရင် ကောင်းမှာ"

ခြေကုန်နှင်နေရာမှ မာလာဒေဝီက ပြော၏။

" ချောင်းတွေ့တော့ ရေထဲဆင်း ကူးရမှာလားမမ" မောင်တင်ဦးက မေး၏။

" ဟုတ်တယ် သူတို့က ခြေရာပျောက်ရင် ဆက်လိုက်မှာ မဟုတ်တော့ဘူး၊ ချောင်းတခု လောက်တွေ့လို့ ဟိုဘက်ကမ်းမြန်မြန်ကူးနိုင်မှ လွတ်မှာ "

ထိုအခါ မောင်တင်အုံးက ပြော၏။

" တိရစ္ဆာန်တွေလိုပေါ့ အနံ့ခံလိုက်တတ်ပြီး အနံ့ပျောက်တော့ လက်လျှော့သွားတဲ့ သဘောနဲ့တူပါတယ်"

" ဘာလဲ ဖြစ်ဖြစ်လေ ချောင်းတခုလောက် တွေ့ဘို့အရေးကြီးတယ် မောင်ငယ်တို့"

မာလာဒေဝီက မောင်တင်ဦး နှင့် မောင်တင်အုံးကို ပထမဆုံး အကြိမ်အဖြစ် " မောင်ငယ်တို့" ဟူသော အသုံးအနှုန်းကို သုံးလိုက်သည်။ မောင်တင်ဦးနှင့် မောင်တင်အုံးတို့ စိတ်ထဲမှာ ယခုကဲ့သို့ မာလာဒေဝီက ခေါ်ဝေါ်သုံးနှုန်းသည်ကို စိတ်ထဲမှာ အလွန်ပင် ကျေနပ်မိသည်။

ချောင်းကမ်း နဖူးထိပ်ဝယ် မာလာဒေဝီ ပထမဆုံးငိုကြွေးနေသည်ကို တွေ့ရစဉ်ကပင် သူတို့နှစ်ယောက်လုံး စိတ်ထဲမှာ စင်ကြယ် သန့်ရှင်းသော ကြင်နာစိတ် ပေါ်လာခဲ့ကြ၏။ ယခုသူတို့ ထွက်ခွာရာကို အကြွင်းမဲ့ ယုံကြည် အားကိုးသောစိတ်ဖြင့် မာလာဒေဝီ လိုက်လာသောအခါ ကြင်နာရင်းစွဲရှိရာမှာ ပိုပြီး သနားကြ ရသည်။

နီးနီးကပ်ကပ်ကြည့်မျှ တစိမ့်စိမ့်အကြည့်ခံနိုင်အောင် ချောမော လှပသည့် ရုပ်ရည်ပိုင်ရှင်မာလာဒေဝီကား သူတို့နှစ်ယောက်လုံးထက် အသက်ကြီးရင့်ဟန်ကို အကဲခတ်မိသော်လည်း အလွန်ဆုံးပိုလွန်းပါမှ ငါးနှစ်မျှသာရှိပေမည်။ ထိုမျှ အသက်အရွယ် ကွာခြားရုံဖြင့် မာလာဒေဝီ၏ ရုပ်ရည်ကား ရင့်ရော်ခြင်းမဖြစ်ပေ။ သူတို့နှစ်ယောက်နှင့် ရွယ်တူလိုပင် နုပျို လန်းဆန်းလှ၏။

သို့သော် သူတို့နှစ်ယောက် လက်ခုပ်ထဲကရေ၊ သူတို့နှစ်ယောက် ပြုသမျှ နရမည်ဖြစ်သော မာလာဒေဝီကို သူတို့ နှစ်ယောက်က စိတ်နှင့်ပင် မပြစ်မှားကြပေ။ ဖြူစင်သန့်ရှင်းသော မေတ္တာ စေတနာကိုသာ ထားလာ ခဲ့ကြ သည်။

သူတို့နှစ်ယောက်၏ အတွင်းစိတ် သဘောထားကိုလည်း မာလာ ဒေဝီက ရိပ်စားမိဟန်ပေါ်သည်။ ထို့ကြောင့် သာလျှင် တုန့်ပြန်သော မေတ္တာဖြင့် သူတို့ နှစ်ယောက်အား " မောင်ငယ်တို့ " ဟူသော အသုံးအနှုန်းကို အသဲနှလုံးထဲမှ ဖြစ်ပေါ်လာသည့် စေတနာဖြင့် ခေါ်ခြင်းဖြစ်ပေသည်။

" ကြိုးစားကြတာပေါ့ မမရယ်၊ တွေ့လိမ့်မယ်ထင်ပါတယ်"

မောင်တင်ဦးက ဖြေ၏။

" မြန်မြန်လှမ်းကြပေ့ သူတို့က ဒို့ထက် ခြေသာတယ်နော်"

မောင်တင်အုံးက နှိုးဆော်သည်။

သုံးယောက်လုံး စကားတခွန်းမှ မပြောကြတော့ဘဲ အားခွန်ရှိသမျှ ခြေကုန်နှင်ကြရသည်။

အချိန်မှာ နံနက် ဆယ့်တစ်နာရီ ထိုးလုနေပေပြီ။ မနေ့ညကစ၍ အစားအစာတစုံတရာမှ ဝမ်းထဲမသွင်းခဲ့ရဘဲ အသက်ဘေးကြောင့် ပြေးလမ်းလုလာခဲ့ကြရသည်ဖြစ်ရာ သုံးယောက်လုံး အာခံတွင်းတွေပင် ခြောက်ကာ အသက်ရှူမှားလုမျှဖြစ်နေကြသည်။

မောင်တင်ဦးက မာလာဒေဝီကို လှည့်ကြည့်၏။ မာလာဒေဝီသည် သူတို့နှစ်ယောက်ခြေလှမ်းကို မှီအောင် အားတင်းအံခဲပြီး လိုက်လာသော်လည်း သူ၏ ချောမောလှပသော မျက်နှာမှာ မောပမ်းနွမ်းနယ်ခြင်း၊ အား အင်ကုန်ခမ်းခြင်း၊ ဆာလောင်မွပ်သိတ်ခြင်းတို့ကြောင့် ရုပ်ဆင်းပျက်လုပင် ဖြစ်နေသည်ကို မောင်တင်ဦးက ကောင်းစွာ အကဲခတ်လိုက်မိ၏။ ထို့ကြောင့် ကြီးမားသော သစ်ပင်ကြီးတပင် အခြေရောက်အောင်သွားပြီး ရပ်တန့်လိုက်၏။

" ကိုတင်အုံး မုံ့မှုန့်နဲ့ အသားမှုန့်နဲ့နဲတော့ စားလိုက်ကြရအုံးမှ၊ ခြေမသယ်ချင်အောင် အခြေအနေမျိုး ရောက်လာရင် ဒုက္ခတွေ့လိမ့်မယ်"

မောင်တင်ဦးက ပြောပြောဆိုဆို သူ့ကျောပိုးအိတ်ထဲက မုံ့ခြောက်အမှုန့်အိတ်ကို လျင်မြန်စွာ ယူထုတ်ပြီး မောင်တင်အုံး နှင့် မာလာဒေဝီကို သင့်လျော်သလောက် အညီအမျှ ဝေပေးသည်။ သူကိုယ်တိုင်လည်း ဝေစု အညီအမျှ အတိုင်းကဗျာအခြေအနေကို သိကြပြီးဖြစ်၍ စကားတခွန်းမှ ပြောဆိုမေးမြန်းခြင်းမပြုဘဲ မုံ့ခြောက်မှုန့်ကို ကဗျာကသီစားကြ၏။ ထို့နောက် မောင်တင်အုံးက သူ့ကျောပိုးအိတ်ထဲက အသားခြောက် အမငန့်ထုတ်ကို ယူပိတ်ပြီး သုံးယောက်သင့်လျော်သလို အညီအမျှ ခွဲဝေစားကြသည်။ ရေဘူးထဲကရေကို ချွေတာ သောက်လိုက်ကြသည်။

ထို့နောက် မောင်တင်ဦးက သူ့တောစီးဘိနပ်ကို လျှင်မြန်စွာ ချွတ်ကာ သစ်ပင်ကြီးပေါ်သို့ မျောက် တကောင်၏ လျင်မြန် ပေါ့ပါးခြင်းမျိုးဖြင့် တက်သွားကာ အရပ်လေးမျက်နှာကို မှန်ပြောင်းဖြင့်ကြည့် လိုက်သည်။ မှန်ပြောင်းထဲမှ မြင်ရသော မြင်ကွင်းကို အသေအချာ မှတ်သားကာ သစ်ပင်ပေါ်မှ လျှင်မြန်စွာ လျှော့ဆင်း လာခဲ့သည်။

" မြန်မြန်ပြေးကြမှ "

မောင်တင်ဦးက တောစီးဘိနပ်ကို လျှင်မြန်စွာ ပြန်စီးရင်းပြော၏။

" ဟိုလူသရဲတွေ လိုက်လာတာ မြင်ရတယ် "

မာလာဒေဝီရော မောင်တင်အုံးပါ မျက်လုံးပြူးသွားကြသည်။

" သူတို့ ခြေရာကောက်မိကြပြီလား သိပ်နီးနေပြီပေါ့ "

မာလာဒေဝီက ခြေလှမ်းသွက်သွက်ဖင့် အပြေးကလေး သွားရင်း ကမေးသည်။

" တနာရီလောက်ကြာရင် မှီနိုင်မယ်ထင်တယ်၊ မမ ဟိုဘက်ကို မပြေးနဲ့ ဒီဘက်ကိုလာ "

သူတို့နှစ်ယောက်ရှေ့က ထိတ်လန့်စိုးရိမ်စွာ အပြေးသွားနေသော မာလာဒေဝီကို မောင်တင်ဦးက အသံတိုးတိုး ဖြင့်ပြောသည်။

" ခင်ဗျား သစ်ပင်ပေါ် တက်ကြည့်တာချောင်းတခုခုများ မတွေ့ဘူးလား "

ပြေးလွှားနေကြရင်းကပင် မောင်တင်အုံးက အသံအုပ်ပြီးမေးသည်။

" တွေ့တယ် ကျွန်တော့်နောက်သာ လိုက်ခဲ့ကြပါ"

သုံးယောက်စလုံး စကားမပြောနိုင်ကြတော့ချေ။ အသက်ကို လုရတော့မည်ဖြစ်ရာ မောင်တင်ဦး နောက်သို့သာ မောင်တင်အုံးရော မာလာဒေဝီပါ အပြေးကလေး လိုက်ကြရသည်။ ပိတ်ဆီးနေ သော တောချုံ သစ်ပင်တွေကို ခက်ခဲပင်ပန်းစွာ တိုး၍ စူးမိ ထိမိ ခြစ်မိသည့် ဒဏ်ရာ ဒဏ်ချက်တွေကို ဂရုစိုက် မနေအားကြတော့ဘဲ ရှေ့ကိုသာ အတင်းတိုးနေကြရသည်။ တိုးရင်းသွားရင်း နှင့်ပင် နောက်က လိုက်လာသူတွေက နီးသည်ထက် နီးလာနေပြီဖြစ်ကြောင်းကို ကျေးငှက်တွေ၏ လန့်ဖျတ်ပျံသန်းလာသံတွေကို ထောက်ပြီး သုံးယောက်လုံး စဉ်းစားမိကြသည်။

သို့သော် ကုသိုလ်ကံသည် သူတို့သုံးယောက် ဘက်မှ ဖေးကူ ဟန်တူသည်။ မကျဉ်းလွန်း မကျယ်လွန်းသော တောင်ကျ ချောင်းငယ်တခုက သူတို့ရှေ့မှာ မြင်နေရပြီဖြစ်သည်။ သုံးယောက် စလုံး သဘောက " လွတ် တော့မည်" ဟူသော စိတ်ဇောဖြင့် ချောင်းထဲကို အပြေးအလွှား ဆင်းလိုက်ကြ၏။

" ဟိုဘက်ကမ်း မကူးနဲ့အုံး မောင်ငယ်တို့၊ ရေထဲဆင်းပြီး ရေစုန်မျောလိုက်ကြ၊ မမနောက် လိုက်ခဲ့မြန်မြန်"

ရေစပ်မှာ တောစီးဘိနပ်တွေ့လျှင် မြန်စွာချွတ်ခါး၌သိုင်းချီပြီး တဖက်ကမ်းသို့ ကူးတော့မည့် ဟန် ပြင်နေသော မောင်တင်ဦး နှင့် မောင်တင်အုံးကို မာလာဒေဝီက အရေးတကြီးတားမြစ်သည်။

မာလာဒေဝီသည် ပြောပြောဆိုဆိုပင် ရေထဲလျှင်မြန်စွာ ခုန်ဆင်းကာ ရေစုန်မျှောချသွားသည်။ မောင်တင်အုံးနှင့် မောင်တင်ဦးတို့သည် ရေကူးရန် အရှိန်ပြင်ထားသည်ကို တုံ့ဆိုင်းပြီး စကားသံနှင့်အတူ လျှင်မြန်စွာ ပြုမူသွားသော မာလာဒေဝီကို လှမ်းကြည့်လိုက်ကြ၏။ တယောက်ကို တယောက် စောဒကတက်နေရန် အချိန်မဟုတ်ဘဲ အသက်ဘေးလွတ်ရန် တယောက်ပေးသည့် အကြံဉာဏ်ကို နှစ်ယောက်က လိုက်နာကြရမည်ဖြစ်၍ မောင်တင်ဦး နှင့် မောင်တင်အုံးတို့သည် ရေထဲသို့ လျှင်မြန်စွာ ခုန် ဆင်းကာ မာလာဒေဝီနောက်သို့ ရေစုန်မျှောလိုက်ခဲ့ကြသည်။

ချောင်းငယ်သည် တောင်ကျချောင်းဖြစ်သည့်အလျောက် ရေစီးက မြန်သည်ဖြစ်ရာ ကိုယ်ကို ဖော့ပြီး ရေစုံ မျှော်လိုက်ခဲ့ကြသော သူတို့သုံးယောက်သည်။ ဆယ်မိနစ်မျှ အကြာတွင် သူတို့သုံးယောက်ရပ်နေခဲ့သော နေရာမှ တော်တော်ပင်ကွာသော နေရာ ချောင်းအကွေ့တခုသို့ ရောက်လာကြသည်။

ထိုနေရာမှာ ကမ်းစပ်တွင်ပေါက်သော သစ်ပင်ကြီးတပင်မှ ဝေဆာပိတ်ဆီးနေသော အရွက်တွေအပြည့်ဖုံး နေသည့်

သစ်ကိုင်းများသည် ချောင်းရေကိုထိအောင် ကိုင်းညွှတ်အုပ်မိုးနေသည်။ တသွင်သွင်စီးနေသော ရေအလျဉ်က သစ်ကိုင်းတွေကို တိုက်ခတ်စီးဆင်းနေသည် ဖြစ်ရာ သစ်ကိုင်းတွေက သွက်သွက်ခါ လှုပ်ရမ်း နေသည်။ ချောင်းရေဘက်မှာ ရှိနေသော သစ်မြစ်တွေက ရေတိုက်စားထားသည့်အတွက် ကိုင်တွယ်စရာ မြေကြီး မရှိတော့၍ ရေမျက်နှာပြင်ပေါ်မှာ လက်တွေ ယှက်ဖြန့် အုပ်မိုးထားသလိုဖြစ်နေသည်။

ထိုသစ်ပင်အောက်သို့ မာလာဒေဝီ က ဝင်သွားသည့်အတိုင်း မောင်တင်ဦး နှင့် မောင်တင်အုံးတို့က ဝင်လိုက် ခဲ့ကြရသည်။ သစ်မြစ်တွေကို ကိုင်တွယ်ကာ ကိုယ်ကို ရေပေါ်ဖော့ပြီး ရပ်တည်လိုက်သည့် အချိန်မှာပင် သူတို့သုံးယောက် ရပ်နေခဲ့ရာ ချောင်းရေစပ်တွင် လူသရဲတအုပ်က ရောက်နေကြလေပြီ။

" ဟောဟိုမှာ တွေ့လား၊ လွတ်ရုံဘဲရှိတယ် မောင်ငယ်တို့"

မာလာဒေဝီက ရေပေါ်တွင် ဖော်ထားသော ဦးခေါင်းကို သစ်မြစ်ကြီးတခု နှင့့်ကွယ်ကာ သူတို့သုံးယောက် ရပ်နေခဲ့သည့် ရေစပ်နေရာကို ကြည့်ပြီး ပြောပြသည်။ ထိုနေရာမှာ စကားတိုးတိုး ပြောလျှင် ထိုလူတွေ မည် သည့် နည်းနှင့်မှ ကြားနိုင်မည် မဟုတ် အောင် ကွာလှမ်းသည်ကတကြောင်း ချောင်းရေစီးသံ က မြည်ဟီး နေ၍ တကြောင်း ထိုလူတွေက လေညာမာလာဒေဝီတို့က လေအောက် ဖြစ်နေ၍တကြောင်း တိုးတိုးမျှသော လေသံဖြင့် စကားကို စိတ်ချလက်ချ ပြောနိုင်ကြသည်။

မောင်တင်ဦး နှင့် မောင်တင်အုန်းက မာလာဒေဝီစကားကြောင့် သူတို့သုံးယောက် ရပ်နေခဲ့ရာကို ပြန်ကြည့် လိုက်ကြသည်။ ချောင်းက ကွေ့ဝိုက်နေသည်ဖြစ်ရာ လက်နက်ကိုင် လူဆိုးတွေ ရပ်နေသည်ကို ကောင်းစွာ မြင်နေရသည်။

" အမဲလိုက်ခွေးတွေ အနံ့ခံကောင်းသလို ခြေရာကောက် တကယ် ကောင်းတဲ့ အကောင်တွေပါလား"

မောင်တင်အုံးကပြော၏။

" သူတို့ဘာလုပ်မယ်ဆိုတာ စောင့်ကြည့်ပါအုံး"

မာလာဒေဝီကပြောသည်။

သုံးယောက်စလုံးသည် တကိုယ်လုံး ရေထဲမှာနစ်မြုပ်ကာ ဦးခေါင်းမျှကိုသာ ဖော်ထားကြသည်။ ရေပေါ်မှာ မိုးနေသော သစ်မြစ်ကြီးများကို မြဲမြံစွာ ဖက်တွယ်လျက် ဦးခေါင်းကို သစ်မြစ်ကြီးများဖြင့် အကွယ် အကာပြု၍ လက်နက်ကိုင် လူသရဲတစုကို အာရုံစိုက် ကြည့်နေကြသည်။

ထိုလူစုသည် မာလာဒေဝီတို့ ရပ်နေခဲ့ရာမှာ စုရုံးရပ်နေကြပြီး ခြေဟန် လက်ဟန် ပြသူကပြ ဒေါသမာန် တွေဖြင့် စကားပြောသူက ပြောပြီး ချောင်းရေကို လက်ညှိုးထိုးကာ ပြောဆိုနေကြသည်ကို တွေ့ရသည်။

" ချောင်းကမ်းပါး အတိုင်း လိုက်လာဘို့ မလွယ်ဘူးဗျ။ ကမ်းပါးတလျှောက် ဆူးပင်တွေချည်းဘဲ။ လူတိုးလို့ မရနိုင်ဘူး။ သူတို့

မသက်ာရင် ကျွန်တော်တို့ ရေစုန်မျှောသလို မျှောပြီး လိုက်ရှာမယ်ဆိုရင်တော့ ဒီ သစ်မြစ် တွေခိုနေတာကို တွေ့မှာပေါ့"

မောင်တင်အုံးက ထင်မြင်ချက်ပေးသည်။

" ရေထဲကမျှောလိုက်ပြီး ရှာမယ်လို့တော့ မထင်ပါဘူးလေ"

မောင်တင်ဦးကဆိုသည်။

မာလာဒေဝီကမူ ဘာမျှမပြောဘဲ လက်နက်ကိုင် လူသရဲတွေကိုသာ စူးစူးစိုက်စိုက် ကြည့်နေသည်။

လူသရဲတအုပ်လည်း ထိုနေရာမှ တော်တော် နှင့် ထွက်ခွာသွားခြင်းမပြုဘဲ အချင်းချင်း ငြင်းခုန် နေကြဟန် ကို တွေ့ရသည်။ ဒို့သုံးယောက်ကို မတွေ့မချင်း လိုက်ရှာလိုသူတွေနဲ့ မရှာဘဲ လက်လျှော့ ပြန်ချင်သူ တွေရယ် လို့ နှစ်စုကွဲပြီး ငြင်းခုန်နေကြတာထင်ပါရဲ့၊ လိုက်မရှာဘဲ မြန်မြန်ပြန်ကြပါစေ ဘုရား ကယ်တော်မူပါ" ဟူသော ပူပန်စိုးရိမ်သည့် ဆုတောင်းကို မာလာဒေဝီရော မောင်တင်ဦး နှင့် မောင်တင်အုံး ရော စိတ်ထဲက ကျိတ်ပြီး ဆုတောင်းနေကြသည်။ ရေထဲမှာ စိမ်နေကြရသည်မှာလည်း သက်သာ သည် မဟုတ်။ တောင်ကျချောင်းပြီပြီ ရေစီးအဟုန်က ငြင်သာသည်ဟု မဆိုနိုင်ချေ။ ရေစီးတွင် မျောပါ မသွားစေရန် သစ်မြစ်ကို မြဲမြဲဆွဲကိုင်ထားရသည်မှာလည်း လက်အံသေလုနေပေပြီ။ ရေထဲမှာ စိမ်နေရ၍ ချမ်းကလည်း ချမ်းနေကြပေပြီ။ သူတို့အဖို့

ကံကောင်းနေသည့်အချက်ကလေးတခုကမူ ရှိနေ သည်၊ ထိုအချက်မှာ မိုးမရွာဘဲ နေရောင်ခြည် ဖျော့ဖျော့လင်းနေသည်၊ လေငြိမ်နေသည်။

အကယ်၍သာ နေရောင်မပြဘဲ တမိုးလုံး မှိုင်းမှောင်ပြီး လေရောမိုးရော ရွာသွန်းတိုက်ခိုက်မည်ဆိုပါက တောင်ကျချောင်း ၏ ကြောက်မက်ဖွယ် ရေအဟုန်ကို သူတို့သုံးယောက်စလုံး ခံနိုင်မည်မဟုတ်တော့ဘဲ တကွဲစီ တခြားစီ ချောင်းရေစီးရာ မျောပါသေကြေပျက်စီးခြင်း ကြုံကောင်းကြုံပေလိမ့်မည်။

ရေထဲတွင် သုံးယောက်လုံး နာရီဝက်ကျော်ကျော် ကြာအောင် ရေစိမ်ခံနေရပြီးမှ လူသရဲတသိုက်သည် စိတ်ပျက်လက်လျှော့ဟန်ဖြင့် ပြန်သွားကြလေသည်။ ကမ်းပါးရေစပ်မှ သူတို့ တတွေက အရိပ်အရောင် ပျောက်ကွယ် သွားသည့်တိုင် စောင့်ကြည့်နေကြရပြီး သူတို့ မည်သည့်နည်းနှင့်မှ မမြင်နိုင်တော့ဟု ယူဆ ရသောအခါမှ သုံးယောက်သား စိမ်နေသော ရေထဲမှ သစ်မြစ်ပေါ်တွယ်တက်ကာ သစ်ပင်ရင်းမှာ ထိုင်ကြ ရသည်။

သူတို့ ထိုင်နေရာကို မြစ်ကမ်းပါးပေါ်မှ ရုတ်တရက်ကြည့်လျှင် မမြင်နိုင်အောင် ထူထပ်သော ဆူးပင်တွေက ပိတ်ဖုံးနေသည်။ သို့သော် လူသရဲတသိုက် ရပ်နေခဲ့ရာမှ တစုံတယောက် ကျန်ခဲ့ပြီး ကြည့်မည်ဆိုက သူတို့ သုံးယောက် ငုတ်တုတ်ကလေးတွေ ထိုင်နေသည်ကို ကောင်းစွာ မြင်နိုင်မည်ဖြစ်၏။

" စိတ်ချ လက်ချနေလို့ မဖြစ်ကြသေးဘူး မောင်ငယ်တို့၊ ချောင်းဟိုဖက်ကမ်းကို ဖြစ်နိုင်တဲ့နည်းနဲ့ အမြန်ဆုံး ကူးကြ ရအောင် "

မာလာဒေဝီက သတိပေးသည်၊ သူတို့ သုံးယောက်ကုသိုလ်ကံပင် ထင်သည်။ ကောင်းကင်ပြင်မှာ ခပ်မှိုင်းမှိုင်း ဖုံးနေသော မိုးတိမ်တွေက လေယူရာသို့ လျှင်မြန်စွာ ရွေ့လျားလွင့်ပါသွားကြရာ၊ ဖုံးကွယ်နေခဲ့သောနေမင်းက ဝင်းတောက်သော အရောင်ဖြင့် ထွက်ပြူလာသည်။

မိုးထဲလေထဲ ရွံ့ရေထဲမှာ ဖြစ်ချင်တိုင်း ဖြစ်လာခဲ့ရသော လက်ပတ်နာရီတွေက ရပ်နေကြပြီဖြစ်ရာ မောင်တင်ဦး နှင့် မောင်တင်အုံးက လက်ပတ်နာရီအားကိုး၍ မဖြစ်တော့ချေ။ ထွက်လာသော နေကို မော့ ကြည့်ကာ အချိန်ကို မှန်းလိုက်ကြသည်။ နေလုံးက အနောက်ဖက်သို့ တော်တော်ပင် စောင်းနေလေပြီ၊ ညနေ သုံးနာရီကျော် လောက်တော့ ရှိလေပြီဟု ခန့်မှန်းမိကြ၏။

" ဘယ်လို ကူးမလဲ ကိုတင်အုံး "

အကြံထုတ် စဉ်းစားနေဟန်တူသော မောင်တင်အုံးကို ကြည့်ပြီး မောင်တင်ဦးက မေးလိုက်၏။

" ကျွန်တော်တော့ ရေကောင်းကောင်း ကူးတတ်တယ်၊ ကိုတင်ဦးနဲ့ မမရော"

" ကျွန်တော် ကူးတတ်ပါတယ်"

" မမလဲ ကူးတတ်တယ်"

မာလာဒေဝီ နှင့် မောင်တင်ဦးက ပြိုင်တူလိုပင် အဖြေပေးကြသည်၊ မောင်တင်အုံးက ဆက်ပြော၏။

" ရေကူးတတ်ကြတယ်ဆိုပေမဲ့ လူတွေက သိပ်ပန်းနေကြပြီ။ ချောင်းရေကလဲ ရေစီးမြန်တယ် မဟုတ်လား။ အဲဒီတော့ တယောက်အကွဲ ချောင်းထဲမြောပါ မသွားရအောင် ကျွန်တော်တို့မှာ ပါလာတဲ့ နိုင်လွန်ကြိုးနဲ့ တယောက်နဲ့ တယောက် ရေကူးသာရုံခွာပြီး ခါးကိုချည်ပြီးမှ ကူးရအောင်။ ဒါမှ တယောက်ယောက် လက်ပန်း ကျရင် ကျန် နှစ်ယောက်က ဖေးမပြီး မနစ်အောင် မြောပါမသွားအောင် ထိန်းနိုင်မယ် မဟုတ်လား ကိုတင်ဦး၊ မမရော သဘောတူလား"

ထိုအကြံကို မောင်တင်ဦးရော မာလာဒေဝီပါ သဘောတူကြသည်။ အချိန်ကုန်မခံဘဲ ထိုအကြံအတိုင်း လျင် မြန်စွာ အကောင်အထည် ဖော်ကြ၏။ ရေနစ်စိုရွှဲနေသော ကျောပိုးအိတ်ထဲမှ တယောက် တချောင်း စီ ဆောင် လာသော နိုင်လွန်ကြိုး နှစ်ခွေကို နှစ်ယောက်လုံး ပြိုင်တူ ထုတ်ယူ လိုက်သည်။ ကြိုးကို နှစ်ပင်ပူးပြီး တယောက် နှင့် တယောက် ရေကူးရာ၌ ငြိမိ၊ ထိခိုက်မိခြင်း မရှိစေရန် ခြောက်ပေသာခွာပြီး ခါးမှာ ချည်လိုက် ကြသည်။ ထို့နောက် သုံးယောက်လုံး ပြိုင်တူ ရေထဲခုန်ဆင်းကာ၊ ချောင်း ဟိုဘက်ကမ်းရောက်အောင် ကြိုး စားကူး ကြသည်။ တနေ့လုံး မိုးမရွာဘဲနေပြီး ယခုညနေ စောင်းမှာ နေကလည်း ပူလိုက်သည်ဖြစ်၍ ချောင်း ရေစီးက အတန်ငယ် အရှိန်လျော့နေသည် ဖြစ်၍သာလျှင်

သူတို့သုံးယောက်သည် ချောင်းရေစီးရာ မျောပါ မသွားဘဲ ချောင်းဟိုဘက်ကမ်းသို့ ရောက်သွားကြလေတော့သည်။

စိတ်ဆောင်ခြင်းဖြင့် ချောင်းကမ်းပါးပေါ် တက်ကာ ကမ်းပါးနှင့် ခပ်လှမ်းလှမ်းမှာရှိသော အုပ်အုပ် ဆိုင်းဆိုင်း သစ်ပင်ကြီးတပင်အောက်ရှိ ထူထပ်သော ချုံတချုံသို့ ရောက်အောင် ကြိုးစားသွားကြသည်။ ချုံကြီးထဲကို သူတို့ သုံးယောက်တိုးဝင်မိသည့် အချိန်တွင်ကား မိုးစုပ်စုပ် ချုပ်နေလေပြီ၊ မိုးရောလေပါ မည်သို့ စိတ်ကောင်း ဝင်နေသည်မသိ ငြိမ်ချက်သားကောင်းနေသည်။

ချုံကြီးထဲ ရောက်လျှင်ပင် သေဘေးမှ အခိုက်အတန့် လွတ်လေပြီဟု စိတ်ချကာ သုံးယောက်လုံး စိတ်ကို လျှော့ လိုက်ကြသည်တွင် ထိုင်ပင်မထိုင်နိုင်ကြတော့ဘဲ ခြေပစ် လက်ပစ် လှဲလျောင်း လိုက်ကြသည်။ စိုရွှဲနေ သော အဝတ်တွေကြောင့် သုံးယောက်လုံး မှာ ခိုက်ခိုက် တုန်အောင် ချမ်းနေကြသည်။

" အအေးမိပြီး ဒုက္ခတော့ ဖြစ်ကုန်ကြတော့မယ် ထင်တယ်၊ တခုခုတော့ လုပ်အုံးမှ ကျွန်တော်တို့ လိုလို မယ်မယ် ယူလာတဲ့ အအေးမိ ကာကွယ်ဆေး၊ အဖျား ကာကွယ်ဆေးတွေ ပုလင်းအဆို့ လုံအောင် လုပ် လာတာ ဘဲ၊သုံးလို့ ရပါလိမ့်မယ်ထင်တယ်"

အနည်းငယ် အသက်ရှူမှန်လာသည့်တွင် မောင်တင်အုံးက ပြောရင်း သူ့ကျောပိုးအိတ်ထဲကို မှောင်မှောင် မဲမဲ ထဲ မှာ လက်နှင့်နှိုက်စမ်းနေသည်။

" ဝမ်းထဲကို ဆေးရောအစာရော ရောက်သွားရင်တော့ ခံနိုင်ရည် ရှိလိမ့်မယ်လို့ မြော်လင့်ရတာဘဲ၊ ရိက္ခာ ထုပ် ကလေးတွေ စမ်းကြည့်ရအုံးမယ်"

မောင်တင်ဦးကပြောပြီး အသားခြောက် မှုန့်အိတ်နှင့် မုံ့ခြောက်မှုန့် အိတ်ကို ယူထုတ်လိုက်သည်။ စားစရာ ထည့်ထားသောအိတ်မှာ ပလပ်စတစ် အထူစား အိတ်ဖြစ်ပြီး သေချာစွာ စည်းနှောင်ပိတ် ထားခဲ့သဖြင့် လေလုံ မိုးလုံဖြစ်၍ စားစရာအမှုန့်တွေမှာ လုံးဝ မပျက်စီးခဲ့ပေ။

" စားစရာတွေ ဘာမှမဖြစ်ဘူး၊ တော်သေးရဲ့"

မှောင်ထဲမှာ လက်ဖြင့် စမ်းသပ်ကြည့်ပြီး၊ မောင်တင်ဦးက ဝမ်းသာ အားရပြောသည်။

" ဟုတ်လား ... ကဲ ပေးစမ်းဗျာ မြန်မြန်၊ ဆာလိုက်တာ "

မောင်တင်အုံး ကပြောသည်။ မာလာဒေဝီကမူ မိန်းမသားက လည်းဖြစ်၍ ပိုပြီးပင်ပန်း နွမ်းနယ်ဟန်တူသည်။ နှုတ်ဆိတ်စွာဖြင့် ငြိမ်နေသည်။

" မမ အိပ်ပျော်နေသလား ဖျားနေသလား "

မောင်တင်အုံးက မေးသည်။

" မအိပ်ပါဘူး မောင်ငယ်၊ မောလွန်းလို့ပါ။ အဝတ်တွေ ရေစိုတော့ ချမ်းတာက အလွန်ပါဘဲ"

အားနည်းသော အသံဖြင့် မာလာဒေဝီက ပြန်ပြောသည်။

" အမော ပြေအောင် အစာကို အရင်စားလိုက်အုံး မမ။ ဝမ်းထဲကို အစာရောက်ရင် အအေးဒဏ် အတော် အသင့် ခံနိုင်ပါလိမ့်မယ်"

" ဟုတ်တယ်ရော့ ... မမ စား"

မောင်တင်ဦး နှင့် မောင်တင်အုံးက မုံ့ခြောက် မှုန့်နှင့် အသားခြောက်မှုန့်ကိုပေးသည်။ မောင်ထဲမှာ မျက်စေ့ က အတော်အတန် အကျင့်ရနေပြီဖြစ်၍ စားသောက်ရာမှာ မဖိတ်မစင်ဘဲ ချောချော မောမောပင် စားသောက်၍ ဖြစ်သွားကြသည်။ စားသောက်ပြီးသောအခါ မောင်တင်ဦးက ပြန်လည်သိမ်းဆည်း နေစဉ်မှာ မောင်တင်အုံး က သူ့ မိုးကာအင်္ကျီကို မာလာဒေဝီအား လှမ်းပေးသည်။

" ဘာလုပ်ဘို့လဲ မောင်ငယ် " မာလာဒေဝီက မေး၏။

" မမ အဲဒီ မိုးကာကိုဘဲ ဝတ်ထားပြီး မမကိုယ်က ရေစိုအဝတ်တွေကို ရေညှစ်ပစ်လိုက်ပါလား။ ရေစင်သွား ရင်ရွှဲရွှဲစိုနေတာထက်တော့ တော်သေးတာပေါ့။ ကျွန်တော်တို့ ချုံအပြင်ထွက်နေပါ့မယ်။ မမ အားနာမနေနဲ့"

စကားဆုံးလျှင်ပင် မောင်တင်အုံးက ...

" လာဗျာ ကိုတင်ဦး" ဟု ခေါ်ကာ ချုံပြင်သို့ ထွက်လာခဲ့ကြသည်။

အမှောင်ထဲမှာဖြစ်၍ သူတို့နှစ်ယောက် သည်လည်း သူတို့ကိုယ်မှ အဝတ်တွေကိုချွတ်ကာ ရေစင်စင် ညှစ်ပြီးမှ ပြန်ဝတ်လိုက်ကြသည်။ မဝတ်၍မဖြစ်ချေ။ သွေးစုပ်မည့် တောခြင်ရိုင်းကြီးတွေ၏ ရန်က တမှောင့် ဖြစ်နေသည်။ ကျောပိုးအိတ်တွေထဲမှ အပိုထည့်ယူလာသော အဝတ်ကလေးများကို ရေညှစ်ဖြန့်ခါ ပြီး ကျောပိုးအိတ်ထဲ ပြန်မထည့်သေးဘဲ လေသလပ်ပြီး ခြောက်တန်သရွေ့ ခြောက်အောင် ချုံပေါ်မှာပင် ဖြန့် လှန်း ထားလိုက်ကြသည်။

" မမရေ ကိစ္စအားလုံး ပြီးပြီလား " မောင်တင်ဦးက အသံပေး၏။

" ပြီးပြီ မောင်ငယ်တို့ လာနိုင်ကြပါပြီ" မာလာဒေဝီက တုံ့ပြန်သည်။

" ဒီညတော့ ကင်းတွေဘာတွေ ထားမနေကြပါနဲ့တော့ဗျာ၊ ပင်ပန်းလွန်းအားကြီးတယ်။ ဖြစ်ချင်ရာဖြစ် ပြိုင်တူ ဘဲ အိပ်လိုက်ကြပါစို့"

မောင်တင်ဦးက အဆိုသွင်းသည်။ ကိုတင်အုံးက ထောက်ခံသည်။ ထို့နောက် မိုးကာ တထည်ကို မာလာဒေဝီ အား တပိုင်းခင်း တပိုင်းခြုံအိပ်စက်ရန် ပေးလိုက်သည်။ ကျန်မိုးကာ တထည်ကို၊ မောင်တင်ဦး နှင့် မောင်တင်အုံး က မခင်းဘဲ နှစ်ယောက်သား ပူးခြုံလိုက်သည်။

" ဘုရားတန်ခိုးတော် အနန္တကြောင့် ဒီည မိုးမရွာ ပါစေနဲ့ဘုရား"

မောင်တင်ဦးက ဆုတောင်း၏။

" လေတော့ တိုက်ချင်တိုက်ပါ၊ လေတိုက်မှ ချုံပေါ်လှန်းထားတဲ့ အဝတ်တွေ ခြောက်မယ်"

မောင်တင်အုံးက ဆန္ဒပြုလိုက်သည်။

ထို့နောက် အလွန်အမင်း ပင်ပန်းလာသော သူတို့ သုံးယောက် လုံးသည် ဖြစ်ချင်ရာဖြစ် ဟူသော စိတ်ကို ထားကာ အိပ်လိုက်ကြရာ၊ အိတ်လျော့လိုက်သည်နှင့် တပြိုင်တည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားကြ လေတော့သည်။

နောက်တနေ့ သူတို့ အိပ်ရာက နိုးလာသော အချိန်ဝယ် မိုးကောင်းကင်သည် ကြည်လင်သာယာလျက် ပူနွေး သော နေရောင်ခြည် က ချစ်စဖွယ် တောက်ပနေသည်ကို တွေ့ရသောအခါ များစွာ ဝမ်းသာမိကြလေ သည်။

" ဒီနေရာမှာ သိပ်ကြာကြာ မနေချင်ကြနဲ့ မောင်ငယ်တို့၊ သူတို့တတွေက ယုံရတာ မဟုတ်ဘူး၊ ချောင်းကူး လိုက်လာ လို့ ဒုက္ခဖြစ်ကြမယ်။ ဝေးဝေးလံလံ မလိုက်ရင်တောင် ရာသီဥတုသာတော့ ဒီဘက် ချောင်းကမ်းပါး လောက် ရောက်ချင်ရောက်လာမှာ ရေကူးသိပ်သန်တဲ့လူတွေ"

မာလာဒေဝီ က သတိပေးသည်။

တညတာ နှစ်ခြိုက်စွာ အားပါးတရ အိပ်စက်အနားယူလိုက်ရပြီဖြစ်၍ သုံးယောက်လုံး လန်းဆန်း နေကြသည်။ အအေးမိ ကာကွယ်ဆေး သောက်ထား၍လား မသိပေ။ သုံးယောက်လုံး နေထိုင်ကောင်း နေကြသည်။ ညကချုံပေါ်လွှားထားသည့် အဝတ်တွေက တညလုံး လေသလပ်ခြင်းဖြင့် အတော်အသင့် အခြေအနေ ကောင်းနေသည်။ ရေစင်စင်ညှစ်ပြီး ပြန်ဝတ်ထားသော သူတို့ကိုယ်ပေါ်မှ အဝတ်တွေကလည်း တညလုံး သူတို့ကိုယ်ငွေ့ကြောင့် အတော်အသင့် ခြောက်နေပေပြီ။

ခရီးထွက်ရာမှာ ခြေလှမ်းသွက်စေရန် မုံ့ခြောက်မှုန့်နှင့် အသားခြောက်မှုန့် သောက်ရေကို သုံးယောက်သား ဝေပုံကျစံနစ်ဖြင့် သင့်တင့်ရုံ စားသောက်ပြီး လျင်မြန်စွာ သိမ်းဆည်းထည့်သိုကြသည်။ ထို့နောက် နေရောင် ပွင့်ချိန်မှာ ထိုနေရာကို စွန့်ခွာ၍ ခြေလှမ်းသွက်သွက် ခရီးပြင်းနှင်ခဲ့ကြ၏။

နေမွန်းတည့်ချိန်တွင်ကား တမနက်လုံး သာယာကြည်လင်ခဲ့သော မိုးကောင်းကင်သည် ချက်ခြင်းပင် မင်အိုး မှောက်ချ လိုက်သလို တမိုးလုံးမဲလာသည်။ တက်လာသော မိုးတိမ်တွေနှင့်အတူ မိုးသက်လေပြင်းကပါ အစွမ်းပြလာသည်။

" ခိုလှုံစရာတော့ အမြန်ဆုံးရှာမှ၊ ဒီတခါ ခြောက်ပြီးသားလေးတွေ ပြန်စိုရင်ခက်မယ်"

" ဟုတ်တယ် ... ဟောစို တောင်ကျွန်းမျှားယံ ကလေးကို ကပ်ရင် မကောင်းဘူးလား "

သူငယ်ချင်းနှစ်ယောက် တောင်ကျွန်းမျှားယံဆီ လှမ်းကြည့်ပြီး ...

" မမရေ ... မြန်မြန်လာ ... "

ဟု ခေါ်ကာ တောင်ကျွန်းမျှားယံဆီ အပြေးလာခဲ့ကြသည်။ မာလာဒေဝီကလည်း သူတို့ ခြေမှီအောင် ပြေးလိုက် ရှာပါသည်။

" အောက်ခြေမှာ မနေနဲ့ မောင်ငယ်တို့ အပေါ်ရောက်အောင်တက်ကြ"

တောင်ကျွန်းမျှားယံ အခြေမြေကြီးကိုကြည့်ပြီး မာလာဒေဝီကပြောသည်။ အကြောင်းရှိ၍ ပြောခြင်းဟု စဉ်းစား မိသော မောင်တင်ဦး နှင့် မောင်တင်အုံးတို့ကလည်း ပြန်မေးမနေတော့ဘဲ တောင်စောင်း တလျှောက် ပေါက် နေသော သစ်ပင်များကို ဆွဲကိုင်အားပြုကာ ကျွန်းမျှားထိပ်ပေါ် ရောက်အောင်တက်ကြသည်။

" အပေါ်ကနေပြီး ကြိုးချပေးမယ် မမ "

မောင်တင်ဦးက တွယ်တက်နေရာမှပြော၏။

" ကိစ္စမရှိဘူးမောင်ငယ် မမ လိုက်နိုင်တယ် "

မာလာဒေဝီက ပြောကာ သူ့မောင်ငယ် နှစ်ယောက်နည်းတူ သစ်ပင်တွေကို ဖက်တွယ်ဆွဲကိုင်ကာ တက် လိုက်လာသည်။ ကျွန်းမျှားယံထိပ် ရောက်ကြသောအခါ မိုးလုံမည့်နေရာကို

ကပျာကသီရောက်ကြသောအခါ မိုးလုံမည့် နေရာကို ကပျာကသီရွေးကြရသည်။ ကျွန်းအစွန်းတွင် ကြီးမားသော ကျောက်တုံးကြီးနှစ်တုံးက ကျွန်းအစွန်းတွင် ကြီးမားသော ကျောက်တုံးကြီးနှစ်တုံးက ကျွန်းအောက်ဖက်ကို ခပ်မိုးမိုး အနေအထားဖြင့် တဖက်ရပ် တဲငယ်အမိုးသဖွယ် ဖြစ်နေသည် ကိုတွေ့ရ၍ ထိုကျောက်တုံးကြီးနှစ်ခု ဆိုင်နေသော အောက်သို့ သုံးယောက် စလုံး ဝင်လိုက်ကြသည်။

သူတို့သုံးယောက် ကျောက်တုံးကြီးအောက် ရောက်မိသည်ဆိုလျှင်ပင် တဝေါဝေါ မြည်လာသည် မိုးသက် လေပြင်းအသံနှင့်အတူ မိုးက သည်းထန်စွာ ရွာချလိုက်၏။ ကျောက်တုံးကြီးနှစ်တုံး အကာအကွယ် ကြောင့် တကြောင်း၊ မိုးကာတွေ ခေါင်းမြီးခြုံထား ၍တကြောင်း သူတို့သုံးယောက်လုံး မိုးလုံးဝမစိုကြပေ၊သူတို့နေရာ ကား ကျွန်း အောက်ခြေမှ အထက်ပေသုံးဆယ်နီးပါးမျှမြင့်၍ ပတ်ဝန်းကျင်တဝိုက် ကို အထက်စီးအနေဖြင့် အတော် လှမ်းလှမ်း ကြည့်နိုင် မြင်နိုင်၏။

ညနေစောင်းလော်တွင် မိုးစဲသွားပြီး နေခြည်ဖျော့ဖျော့ကလေးက ဖြာဆင်းလာသည်။

" ကဲ အခုစားမဲ့ ညစာကတော့ ရိက္ခာအကြွင်းအကျန်အကုန်ဘဲ"

မိုးစဲသွားပြီဖြစ်၍ မိုးကာကို ဘေးဖယ်ကာ မောင်တင်ဦးက ကြွင်းကျန်သရွေ့ စားစရာကလေးကို ထုတ်ပေး လိုက်၏။ မောင်တင်အုံးက စားသောက်စရာကို မကြည့်သေးဘဲ မှန်ပြောင်းဖြင့် ပတ်ဝန်းကျင်ကို လှမ်းကြည့် နေရာမှ -

" ကိုတင်ဦး ဟောဟိုမှာ ရွာကလေးတရွာတော့တွေ့တယ်။ ဒီနေရာကဆိုရင် ဆယ့်ငါးမိုင် ကျော်ကျော် လောက်ဘဲရှိမယ်ထင်တယ်၊ ခင်ဗျားအိမ်မြှောင်ထုတ်စမ်းဗျာ၊ အရပ်လေးမျက်နှာသိရအောင် "

ဟုပြော၏။ မောင်တင်ဦးက အိမ်မြှောင်ကို ထုတ်သည်။ မောင်တင်အုံးတွေ့သည်ဆိုသော ရွာကလေးမှာ သူတို့ရှိနေရာ အရှေ့မြောက်ဆီလောက်မှာ တွေ့နေရသည်။

" ကျွန်တော် သစ်ပင်ပေါ် က တွေ့ခဲ့ရဘူးတဲ့ မမတို့ စခန်းမျိုးဖြစ်နေပါအုံးမယ်" ဟု မောင်တင်ဦးကဆိုသည်။

" ဒါကတော့ အကောင်းနဲ့ဘဲ တူပါတယ်လေ"

မောင်တင်အုံးက ပြန်ပြောသည်။

" အင်း အရှေ့ မြောက်ဘက်မှာ ဆိုတော့ ကျွန်တော်တို့ တိုင်းပြည် အတွင်းထဲမှာဘဲ၊ နယ်စပ်နဲ့ဝေးတော့ အကောင်းဖြစ်နိုင်ပါတယ်။ ဘယ်လို သဘောရလဲ၊ အခု ခရီးဆက်ချင်သလား"

မောင်တင်ဦးကမေး၏။

" ဆက်ရင် ဘယ်လိုနေမလဲ" မောင်တင်အုံးက ပြန်ပြီးမေးခွန်းထုတ်၏။

ထိုအခိုက် သူတို့စကားကို ငြိမ်သက်စွာ နားထောင်နေသော မာလာဒေဝီက ပြောသည်။

" အခု နေဝင်တော့မယ် မောင်ငယ်တို့၊ ဒီညအဖို့ ဒီနေရာက အောက်ကိုဆင်းဘို့ လုံးဝမသင့်လျော်ဘူး၊ မောင်ငယ် တို့ကို ကျွန်မ့ားယံ အခြေမှာ မနေဘဲ ကျွန်မ့ားထိပ် ရောက်အောင် တက်ကြလို့ မမပြောခဲ့တာ အဓိပ္ပာယ် ရှိတယ်"

" ဘယ်လိုအဓိပ္ပာယ်လဲမမ" ဟု မောင်တင်ဦးကမေး၏။

" ဒီ ကျွန်မ့ားယံ အောက်ခြေက ဆားပေါက်တဲ့ မြေကြီးဖြစ်နေတာ မမမြင်ခဲ့တယ်။ တိရစ္ဆာန်မျိုးစုံလာပြီး လျှာ နဲ့ လျက်တဲ့ နေရာတွေမှန်း ခြေရာမထင်မရှားတွေလဲ တွေ့တယ်။ အဲဒီတော့ ညဘက်မှာ သားစား သတ္တဝါတွေလဲ လာမှာဘဲ ဒါကြောင့် တောကောင်အန္တရာယ်ကို ရင်မဆိုင်စေချင်ဘူး၊ မောင်ငယ်တို့ ဒီကျွန်မ့ား ထိပ်ပေါ်က တိတ်တိတ် ငြိမ်ငြိမ်ကလေးစောင့်ကြည့်ကြပေ့ါ။ ခရီးဆက်ချင်ရင် နက်ဖန်မနက်မှသွားကြ၊ ဟို အကောင် တွေ ခြေရာခံလိုက်လာရင်လဲ မမတို့ဆီ မရောက်ခင်သားရဲတိရစ္ဆာန်တွေနဲ့ အရင်တွေ့မှာ စိတ်ချ နေကြ"

မာလာဒေဝီ စကားက လိုက်နာသင့်သော စကားဖြစ်၍ မောင်တင်ဦးရော မောင်တင်အုံးပါ မလွန်ဆန် ကြချေ။

ကျန်သမျှ စားသောက်စရာကလေးများကို ဝေမျှစားလိုက်ကြပြီး သုံးယောက်စလုံး ပင်ပန်းခြင်းအရှိန်ကြောင့် အိပ်ချင်လာကြသည်။ သို့သော် အခြေအနေကို စောင့်ကြည့်ရအုံးမည်ဖြစ်၍ အိပ်ချင်သော

စိတ်ကို ဖွတ်အတင်း ဖြေဖျောက်ကာ သတိထားနေကြရ၏။ နေဝင်သွားပြီး မှောင်လာပြီဆိုလျှင်ပင် တောတိရစ္ဆာန် တွေအသံက ကြားလာရသည်။ ကျွန်းအောက်ခြေ ဆားပေါက်သည့်မြေမှာ ကျားသားအုပ်မကြီးနှင့် ကျား ကလေးသုံးကောင် ရောက်လာသည်ကို မသဲမကွဲမြင်နေရ၏။

"စိတ်ချလက်ချ အိပ်ကြပေတော့ မောင်ငယ်တို့။ ဒီနေရာကို သားရဲတိရစ္ဆာန်တွေ တက်လာဘို့ မလွယ်ဘူး။ ဟို လူ တွေ လိုက်လာဘို့ အချိန်လဲ မဟုတ်တော့ဘူး။ ကျွန်းအောက်ခြေမှာ သက်တော်စောင့်တွေ ရောက် နေကြပြီလေ"

မာလာဒေဝီက ပြောသည်။

သုံးယောက်လုံး မောမောဖြင့် အိပ်လိုက်ကြသည်မှာ နောက်တနေ့ မိုးစင်စင်လင်းမှ နိုးလေတော့သည်။

စားသောက်စရာ ရေမျှလွဲ၍ ဘာမှမရှိသော်လည်း အိပ်ရေးဝအောင် အိပ်လိုက်ကြရခြင်း ရန်သူ့ဘေးမှ ကင်းကွာပြီဟု စိတ်ချရခြင်းတို့ကြောင့် သုံးယောက်လုံး စိတ်ဓါတ်တက်ကြွကာ လန်းဆန်းနေကြသည်။

" ခရီးဆက်ကြစို့" ဟု မောင်တင်ဦးက နှိုးဆော်၏။

" မနေ့ က တွေ့တဲ့ ရွာငယ်ကိုဘဲ ဦးတည်သွားမလား၊

မောင်တင်အုန်း က မေးသည်။

" ဆိုးဆိုးဝါးဝါးတော့ ဖြစ်နိုင်မယ် မထင်ပါဘူး၊ နယ်စပ်နဲ့ တော်တော်ဝေးနေတာ၊ တိုင်းရင်းသားတမျိုးမျိုး နေ တဲ့ ရွာဘဲဖြစ်မယ်လို့ မျှော်မှန်းရတာဘဲ။ အဲဒီကိုဘဲ သွားကြရအောင် ... "

မောင်တင်ဦးစကားကို အားလုံးက သဘောတူသည်။ သုံးယောက်လုံး ခြေသွက်သွက်ဖြင့် ခရီးထွက်ခဲ့ကြ၏။ သူတို့ ကုသိုလ်ကံပင် ထင်သည်။ လမ်းခရီးတလျှောက် ဘေးရန် အနှောက်အယှက်မရှိဘဲ လာခဲ့ကြရာမှာ တပင်လုံးအိနေအောင် သီးပြီး ဝင်းမှည့်နေသော သရက်ပင်ကြီးတပင်ကို တွေ့သည်။ ဝမ်းသာအားရဖြင့် ဝအောင် စားကြသည်။ နိုင်သလောက် သယ်ယူခဲ့ကြသည်။ ချုံနွယ်ပိတ်ပေါင်းထူထပ်၍ တောကြီးလှသဖြင့် သူတို့ မြင်ထားသော ရွာကလေးရှိရာကို လမ်းလွဲသွားမည်စိုး၍ သစ်ပင်ပေါ်မှ မကြာခဏ မှန်ပြောင်းဖြင့် တက် ကြည့်ကြရသည်။ လမ်းခရီးဖြောင့်ဖြူး လျှင် တနေ့ခရီးမျှသာ ရှိမည်ဖြစ်သော ဤရွာကလေးကို နောက် တနေ့ ညနေစောင်းလောက်မှ ရောက်ကြလေတော့သည်။

အိမ်ခြေငါးဆယ်မျှသာရှိသော ချင်းရွာကလေးတရွာ ဖြစ်ပြီး ရွာလယ်တွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် သာသနာပြု မျက်နှာဖြူ ဘုန်းတော်ကြီးတပါး ရှိနေသည်ကို တွေ့ရသော မောင်တင်အုံး-မောင်တင်ဦးနှင့် မာလာဒေဝီတို့မှာ များစွာ ဝမ်းမြောက်ခြင်း ဖြစ်ကြရသည်။ စုတ်ပြတ် ပေရေနေသော အဝတ်အစားဖြင့် အင်္ဂလိပ်စကား ကို ရေလည်စွာ ပြောတတ်သူ ဗမာအမျိုးသား

တယောက်၊ အိန္ဒိယတိုင်းသွေးပါသူ အမျိုးသမီး တယောက်နှင့် မျက်နှာဖြူ အစစ်ဖြစ်သူ အမျိုးသားတယောက်တို့ ထူးထူးဆန်းဆန်း ရောက်လာခြင်းကို ချင်းရွာသူကြီးရော၊ ရွာသူရွာသားတွေရော၊ ဘုန်းတော်ကြီးပါ များစွာ အံ့သြကြရလေသည်။

" လူမျိုးချင်းမတူတဲ့ မင်းတို့သုံးယောက် ဘယ်လိုပေါင်းမိပြီး ဘယ်လိုအဖြစ်မျိုးနဲ့ ရောက်လာကြတာလဲ"

ခရစ်ယန် ဘုန်းတော်ကြီးကမေး၏။

မောင်တင်အုံးက ပြန်ပြောသည်။

" ဒါတွေ နောက်မှ မေးပါဘုရား၊ တပည့်တော်တို့ လူဆိုးတွေမဟုတ်ပါဘူး၊ အခုချက်ခြင်း တပည့်တော်တို့ကို ကူညီဘို့က ခြောက်သွေ့တဲ့ အဝတ်ရယ်၊ စားသောက်စရာရယ်ပါ။ အမောပြေတော့ တပည့်တော်အားလုံး ပြောပြပါမယ်ဘုရား "

မျက်နှာဖြူ အချင်းချင်းဖြစ်၍ မောင်တင်အုံး စကားကို ဘုန်းတော်ကြီးက ယုံကြည်သည်။ ထို့ကြောင့် ရွာသူ ကြီး ကို အဝတ်နှင့် အစားအစာ အကူအညီပေးရန် ပြော၏။ သူတို့ တရွာလုံး များစွာ ကြည်ညိုအားထားသော ဘုန်းတော်ကြီး ၏ စကားဖြစ်၍ ရွာသူကြီးရော ရွာသားတွေပါ တစုံတရာ စောဒကတက်ခြင်း၊ ကန့်ကွက်ခြင်း မပြုဘဲ ကောင်းနိုးရာရာ အဝတ် နှင့်

အစားအသောက်ကို လုံလောက်အောင် ယူလာပြီး ပေးကမ်းကျွေးမွေးကြသည်။

ထူထဲသော ဂျပ်ခုပ်ထည်ချင်း ဝတ်စုံကို သုံးယောက်သား ဝတ်ဆင်ပြီးသောအခါ တယောက်ကို တယောက် ကြည့်ပြီး ပြုံးမိကြလေသည်။

ကျွေးမွေးသော အစာအဟာရများကို ဝလင်စွာ စားသောက်ပြီး၍ သုံးယောက်လုံး လေမိုး လုံခြုံသော ဘုရား ရှိခိုးကျောင်းထဲမှာ နွေးထွေးစွာ နေရသောအခါ ငယ်ရွယ်သန်စွမ်းသူများပြီပြီ ချက်ခြင်းပင် အားအင်ပြည့်ဖြိုး လာခဲ့ကြသည်။ ထိုအခါမှ ဘုန်းတော်ကြီးအား မောင်တင်အုံးက သူနှင့် မောင်တင်ဦးတို့က ရန်ကုန်မှ မည်သည့် ရည်ရွယ်ချက်ဖြင့် ထွက်ခွာလာခဲ့ရသည်ကို ရှင်းလင်း ပြတ်သားစွာ ရာဇဝင်ခင်းပြလိုက်လေသည်။

မောင်တင်အုံး ပြောနေစဉ်မျာပင် လိုနေသည့် အကြောင်းအရာ အနည်းငယ်ကို မောင်တင်ဦးက ဖြည့်စွက် ပြောဆိုသည်၊ မာလာဒေဝီကမူ မျက်လွှာချကာ ဆိတ်ငြိမ်စွာဖြင့် သေသေချာချာ နားထောင်နေသည်။ မောင်တင်အုံး ပြောပြသော ရာဇဝင် ဆုံးသောအခါ ဘုန်းတော်ကြီးက …

" ဩော် … လက်စသတ်တော့ မင်းတို့ နှစ်ယောက်က တန်ဘိုးမဖြတ်နိုင်တဲ့ ဗုဒ္ဓဆင်းတုတော်ကြီးကို လိုက်ရှာဘို့ ကိုး ငါကိုယ်တိုင်လဲ ရှာမယ်စိတ်ကူးမိတယ်။ ဒါပေမဲ့ ဟောဒီ

ရွာကလေးရောက်လာလို့ စနည်းနာ ကြည့်တော့ မျှော်လင့်ချက်မရှိတော့ဘူးဆိုတာ သိရတယ်လေ" ဟု မိန့်ကြားသည်။

" အရှင်ဘုရားက ဘယ်လို သတင်းမျိုးရပါသလဲ" ဟု မောင်တင်အုံးက မေး၏။

" ငါက အဲဒီအချိန်မှာ တိုက်လေယာဉ်တစင်းရဲ့ လေယာဉ်မှူးလေ၊ မေရျာပိုက်ကို ရှာကြတဲ့အုပ်စုမှာ ငါလဲ ပါတာပေါ့၊ မေရျာပိုက်တွေ့ကြုံခဲ့ရတာတွေကို ငါလဲ စိတ်ဝင်စားနေခဲ့တယ်။ နောက် စစ်တပ်ကထွက်ပြီး သာသနာရေး မှာ ဆောင်ရွက်၊ ဘုန်းကြီးဝတ်ပြီး သာသနာပြုလုပ်ငန်းလဲ အောင်စေ၊ ငါ့ရည်ရွယ်ချက်လဲ ပြည့်မြောက် စေဆိုပြီး ဒီတော ဒီတောင်ဘက်ထွက်လာတာ၊ ဒီ ချင်းရွာကလေး ရောက်တော့ တထောက် နားပြီး စနည်းနာကြည့်လိုက်တယ်။ အဲဒီတော့မှ ဒီချင်းရွာက အသက်ခုနစ်ဆယ်နီးပါးရှိနေတဲ့ ချင်း အဖိုးအို တယောက်က ခရေစေ့ တွင်းကျ ပြောပြမှ ငါရှာဖွေမဲ့ အစီအစဉ်ကို လက်လွှတ်ပြီး အေးအေးဘဲ သာသနာ ပြုနေခဲ့တယ် ကွဲ့."

မောင်တင်အုံးနှင့် မောင်တင်ဦးတို့က အထူးပင် စိတ်ဝင်စား လာကြသည်။ မာလာဒေဝီကား ဘာစကားမှ ဝင်ရောက် မေးမြန်းခြင်းမရှိဘဲ ဆိတ်ငြိမ်စွာပင် နားထောင်နေသည်။

"ဘယ်လိုပါလဲဘုရား ... သိပါရစေ "

" အေး ... ရည်ရွယ်ချက်ချင်းတူပြီး ဒီတော ဒီတောင်ထဲရောက်လာခဲ့တဲ့ လူချင်းဆိုတော့ ငါပြောပြရမှာပေါ့"

ဟု အစရီကာ ဘုန်းတော်ကြီးက ပြောပြသည်။

ဤချင်းရွာမှ ချင်းအဖိုးကြီး ထောင်ဇာခိုင် အသက်ငါးဆယ် အရွယ်လောက်ကဆိုလျှင် အလွန်ပင် အားခွန် ဗလ ပြည့်ဝ သန်မာသူတယောက်ဖြစ်ခဲ့သည်။ တော်ရုံ အားခွန်ဗလ ရှိသူ လူငယ်လူရွယ်ဆိုလျှင် တချက်တည်းဖြင့် အလဲထိုးချနိုင်ခဲ့သည်။ လက်ဖျံ တလုံးတည်းရှိသူ ဖြစ်၍တကြောင်း၊ ကိုယ်ခန္ဓာကြီးမား ထွားကျိုင်း၍လည်းကောင်း၊ တောထဲ သွားရင်း ဝက်ဝံ တကောင်လောက်တွေ့လျှင် ထောင်ဇာခိုင် လုံးဝ တချက်တည်းနှင့် ကျိုးပြီး ဦးခေါင်းလည်ထွက်သွားအောင် လက်သီးဖြင့် ထိုးချနိုင်ခဲ့ဘူးသည်။ သူ့ကိုယ်မှာတော့ ဝက်ဝံကုတ်ရာ နည်းနည်းပါးပါးရခဲ့၏။

ကြီးမားသော ခွန်အားဗလ လက်ဖျံတလုံးတည်းဖြင့် သန်စွမ်း မြဲမြံလှသော သူ့လက်၊ တောရိုင်း၊ တိရစ္ဆာန်နှင့် သတ်ပုတ်ရာမှာ ထောင်ဇာခိုင်သည် အခြားရွာသူ ရွာသားတွေလို သီးနှံစိုက်ခြင်းအလုပ်၊ ကြက်ဝက် မွေးမြူခြင်း အလုပ်ကို မလုပ်ဘဲ၊ တောလည်၊ အမဲကောင် ဖမ်းဆီး၊ အသားအရေ ရောင်းစားခြင်းဖြင့် အသက် မွေးသူဖြစ်သည်။ ထောင်ဇာခိုင် အထူးကျင်လည်သော အလုပ်မှာ " ကျားဖမ်းခြင်း" ပ်ဖြစ်၏။

ထောင်ဇာခိုင် ကျားဖမ်းသည်ဆိုရာမျာ သူ့တွင် သေနတ်နှင့်တူသော ပစ္စည်းဟူ၍ လောက်လေးဂွပင် မရှိချေ။ ထောင်ချောက်လည်းမသုံး၊ ခြောင့်တွင်းလည်းမလုပ်ဘဲ၊ သူ ကျားဖမ်းသော လက်နက်မှာ အကြောင်း မသိသူ အဖို့ ရယ်စရာ၊ ကလေးကစားစရာ ပစ္စည်းကဲ့သို့ ဖြစ်နေသည်။

ထိုပစ္စည်းမှာ အလွန်မာသော ရှားသားအနှစ်ကို အရှည်တထွာနှင့် တလက်မ လုံးပတ် ဒင်္ဂါးဝိုင်းလောက် သုံး ချောင်းကို ဟိုဘက်လည်ဘက်ချွန်မြနေအောင် သေချာစွာ သပ်ထားသည်။ ထိုသုံးချောင်းကို ကြက်ခြေခတ် အနေအထား စရွေးကိုက်အောင် တခုနှင့်တခုခွပြီး ခိုင်မြဲစွာ ကြိုးဖြင့် သေချာစွာ ချည်ထားသည်။ ကြက်ခြေ ခတ်ဂွကြား မှာ လက်ဖြင့် ကိုင်လျှင် မြဲမြံအောင် နေရာတကျလုပ်ထားသည်။ ထိုရှားသားနှစ် ကြက်ခြေခတ်ဂွ တခု။

ရှားသားအနှစ်ကိုပင် သူ၏ တုတ်ခိုင်သော လက်ကောက်ဝတ် အလုံးအနေလုံးပတ် အရှည်တတောင်ရှိသော တုတ်တိုကို လက်ကိုသည့် နေရာလွှတ်ပြီး ထက်မျက်သော သံချွန်တွေ တပ်ထားသည်။ ဤ ရှားသားနှစ် တုတ်တချောင်း။

ခိုင်ခန့်သော ကြိုးတခွေ။

ဤပစ္စည်းလက်နက် သုံးခုသည် ထောင်ဇာလိုင် ကျားဖမ်းသော ပစ္စည်းများဖြစ်သည်။

တောထဲသွား၍ ကျားကို တွေ့ရတော့မည်ဆိုလျှင် တောကျွမ်းပြီးသော ထောင်ဇာခိုင်အဖို့ ကျားဘယ်နေရာ အကွာအဝေး လောက်မှာ ရှိနေမည်ကို မှန်းမိသည်၊ ထိုအခါ သူ့နောက်ကျောဖက်မှ ရန်သူ မဝင်နိုင်အောင် ခိုင်ခန့် ကြီးမားသော သစ်ပင်ကို ဦးစွာရှာသည်။ သစ်ပင်ကို ကျောမှီရပ်နေခြင်းဖြင့် နောက်ကျောဖက်မှ ရန်သူ လည်း မလာနိုင် အားမာန်ကြီးစွာ ခုန်အုပ်သော ကျားအရှိန်ကြောင့် ပက်လန်လဲသွားခြင်းမှလည်း ကာကွယ်နိုင်သည်။

သစ်ပင်ကိုကျောမှီကာ ကြံ့ကြံ့ခံ၍ ကျားကို ရင်ဆိုင်လိုက်သည်။ ဘယ်ဘက်က ရှားသားနှစ် ကြက်ခြေခတ်ဂွ၊ ယာဘက်လက်က ထက်မျက်သော သံချွန်တွေ တပ်ထားသည့် ရှားသားနှစ်တုတ်တိုတို့ကို မြဲမြံစွာ ကိုင်ထား၏။ ကျားက ခုန်အုပ်လိုက်လျှင် ကျင်လည်လျင်မြန်သော ထောင်ဇာခိုင်က ရှားသားနှစ် ကြက်ခြေခတ် ဂွကို ကျားပါးစပ်ထဲသို့ ထိုးထည့်လိုက်သည်။ ကြောက်ရွံ့စိတ် လုံးဝမရှိဘဲ ခေါင်းအေးအေး ထား၍ သတိရှိစွာ ချိန်သားကိုက်အောင် လုပ်သည်ဖြစ်ရာ၊ ပါးစပ်ထဲ ရောက်လာသော ချွန်ထက်သည့် ရှား သားနှစ်ဂွက ကျားအာခေါင်တွင် စူးလိုက်သည်နှင့် တပြိုင်နက် ယာဘက်လက်မှာ ကိုင်ထားသော ရှားသား နှစ်တုတ်ကတိုဖြင့် ကျား၏ နာခေါင်းရိုး ကျိုးသွားသော ကျားကြီး၊ အာခေါင်ကို ဖြောင့်စူးနေသော ကျားကြီးက မည်သို့မှ မခံတော့ဘဲ နောက်ကြောင်းပြန်လှည့်သည်တွင် အသင့်ဂွင်းလျှော့လုပ်ထားပြီးသော ကြိုးဖြင့် ကျားဝေးဝေး မရောက်အောင်ပစ် ဖမ်းထားပြီး သစ်ပင်မှာ ပတ်ချည်ထားခဲ့၍ ရွာပြန်လာ၏။ ရွာသူ ရွာသား တွေ ပြန်ခေါ်လေ့ရှိသည်။

ဤကား ထောင်ဇာခိုင် ကျားဖမ်း နည်းတည်း။ အနည်းအကျဉ်း ကျားကုတ်ခံရမှု လောက်ကိုကား ထောင်ဇာ ခိုင် က ဂရုမစိုက်ချေ။

ထောင်ဇာခိုင်ဖမ်းသော သားကောင်မှာ ကျား၊ ကျားသစ်နှင့် မြွေကို အဖမ်းများ၏။ ဤ အကောင်တွေ မရမှ တခါတရံ အသက်မွေးမှုကြောင့် ချေတကောင်လောက် ဆတ်တကောင်လောက်ကို ကြိုးကွင်းပစ် ဖမ်း တတ်သည်။

"ငါက ချေကလေးတွေ၊ ဆက်ကလေးတွေကို မသတ်ချင်ဘူး၊ သူတို့က လူကို ဘာဒုက္ခမှပေးတာ မဟုတ်ဘူး။ ကျား ကျားသစ်၊ မြွေကသာ လူတွေကို ဒုက္ခပေးတာ၊ အဲဒီတော့ လူကို သတ်မဲ့ အကောင်တွေ ကိုသာ ငါက ရွေးသတ်တာ၊ တခါတလေ စားစရာမရှိလို့သာ ချေကလေး ဆတ်ကလေးတွေဖမ်းရတာ သူတို့ ကိုငါ သိပ် သနား တယ်"

ဤကား ... ထောင်ဇာခိုင်၏ တယောက်တနေ့တွင် ကျားရှာ၊ မြွေရှာ တောထဲ ထွက်သွားခဲ့ရာ ထူးဆန်းသော သတ္တဝါ တကောင်ကို ထောင်ဇာခိုင်တွေ့လိုက်ရသည်။ ထိုသတ္တဝါကဲ့သို့ ထူးဆန်းလှပသော သတ္တဝါများကို တောထဲတောင်ထမြှာ နှစ်ရှည်လများ ကျင်လည် ကျက်စား နေခဲ့သော ထောင်ဇာခိုင်တကြိမ်တခါမှ မတွေ့ ခဲ့ဘူး၊ မမြင်ခဲ့ရဘူးချေ။

ထိုသတ္တဝါကား မတ်တတ် ရပ်နေခိုက် အမှတ်မဲ့ ကြည့်သော် သက်ရှိ သတ္တဝါဟူ၍ မထင်ရအောင်ပင် တည်တံ့ ငြိမ်သက်လှသည်။

တောင်ကမူစွန်း တေ့တေ့ကလေးပေါ်မှာ ရပ်နေပြီး၊ မျက်နှာက ထောင်ဇာခိုင် ဘက် လှည့်နေသည်။ လုံးရပ်သဏ္ဍာန်မှာ ချေတကောင်နှင့်တူမျှသောပမာဏ ရှိသော်လည်း ကိုယ်လုံးကိုယ်ထည် ပြည့်ဖြိုးသည်။ ခြေလက် တုပ်ခိုင်သည်။ ဦးခေါင်းဖွံ့ထွားသည်။ အမွေးရောင်မှာ စိမ်းရောင်လိုလို၊ ဝါရောင် လိုလို ပြေးနေပြီး ဝိုင်းစက်လှပသော မျက်လုံးနှစ်လုံးက ပတ္တမြားခဲ့တမျှ ရဲရဲတောက်ပနေသည်။

ထောင်ဇာခိုင်က တကြိမ်မှ မမြင်ဘူးသော ထိုသတ္တဝါကို အံ့သြစွာ ကြည့်နေသည့်နည်းတူ ထိုသတ္တဝါ ကလည်း ထောင်ဇာခိုင်ကို စူးစူးစိုက်စိုက် ကြည့်နေသည်။ ထောင်ဇာခိုင်သည် ထိုသတ္တဝါကို ဖမ်းယူပြီး အသေအချာကြည့်လိုသောစိတ် ပေါ်လာ၏။ ထို့ကြောင့် ကြိုးကွင်းပစ်မည် အကြံဖြင့် လက်ကို လှုပ်ရှား လိုက်သော ခဏဝယ် ထိုသတ္တဝါသည် လေ၏ လျင်မြန်ခြင်းကဲ့သို့ တဖက်သော လျှိုထဲသို့ ခုန်ချ သွားလေသည်။ ထိုသို့ ခုန်ချလိုက်သည့် အခါ လေရှိန်က ဟပ်သဖြင့် ထိုသတ္တဝါ၏ ကိုယ်မှ ဖွားရရှားဖြင့် ရှည်လျား သော အမွေးတို့သည် ရွှေရောင် မြရောင် ရောထားသလို နေရောင်ခြည်ဝယ် ဝင်းဝင်း လက်လက် လျှပ်ပြက် သကဲ့သို့ တောက်ပစွာ ဖွားဖွားကြီး လှုပ်ရှားသွားသည်မှာ ရှုမငြီးနိုင်အောင် ဖြစ်ရလေသည်။

ထောင်ဇာခိုင်စိတ်မှာ ကြိတ်မနိုင်ခဲမရဖြစ်သွားသည်။ ဤမျှလောက် ထူးဆန်းလှပသော သတ္တဝါကို လက်လွတ် မခံလို အရှင်လက်ရဖမ်းပြီး

မွေးထားလိုသောစိတ်က တားမနိုင်ဆီးမရပေါ်လာသည်။ ထို့ကြောင့် ထို သတ္တဝါ ခုန်ချသွားသော ျုံထဲသို့ ခြေသံမကြားအောင် လိုက်သွားသည်။ လျှို၏ တဘက်မြေကွက်လပ် ကလေး တခုကား ထောင်ဇာခိုင် နှင့် ပေလေးရာကျော်မျှ ဝေးကွာပေမည်။ တောက်ပသော နေခြည်ဖြာကျနေသည့် ထိုကွက်လပ်ကလေးဝယ် ထိုကဲ့သို့သော သတ္တဝါတွေ ဆယ်ကောင်လောက် အုပ်စု ဖွဲ့ပြီး ခုန်ပေါက်မြူးထူးနေကြသည်ကိုတွေ့ရသည်။ ရွှေရောင် မြရောင်ရော နေသည့် အမွေး ဖွားဖွားကြီး များက လေအရှိန် နေအရောင်ဖြင့် လှုပ်ရှား တောက်ပနေကြသည်မှာ ကြည့်မဝနိုင်အောင်ပင် လှပ တင့်တယ် ချစ်စဖွယ်ကောင်းလှ၏။

ထောင်ဇာခိုင်သည် ကြိုးကွင်းကို သေချာစွာပြင်ကာ သူတို့ အနားရောက်အောင် တဖြည်းဖြည်း သွားခဲ့သည်။ ကြိုးကွင်း မှီလောက်သည့် နေရာရောက်သောအခါ သေချာပေါက် မိမည့် အကောင်၏ အနေအထားကို ရွေး နေစဉ်မှာပင် သူ့အကာအကွယ်ယူထားသည့် သစ်ပင်ထက်မှ ငှက်တကောင်က စူးရှကျယ်လောင်စွာ ဆက်ခါ ဆက်ခါ အော်မြည်လိုက်၏။

ငှက်အော်သံကြားလိုက်သည် နှင့် တပြိုင်နက် ပျော်ရွှင်မြူးထူးခုန် ပေါက်နေကြသော ထူးဆန်းလှပသည့် သတ္တဝါ အုပ်သည် အကောင်အထည် နှင့် မလိုက်အောင် လျင်မြန်စွာ ကွက်လပ်ကလေး၏ ပြေးဝင် ပျောက် ကွယ်သွားကြလေတော့သည်။ ထောင်ဇာခိုင်သည်

စိတ်ထဲမှာ များစွာ မချင့်မရဲ ဖြစ်ရသည်။ လွတ်သွားရသဖြင့် မခံချိမခံသာဖြစ်သည်။ သစ်ပင်ထက်မှ အော်မြည်သော ငှက်ကို ဒေါသဖြစ်စွာ မော့ကြည့် လိုက်၏။ အဝါ နှင့် အနက်ကျားထားသော နှုတ်သီးကောက်ကောက် နှင့် သိန်းငှက် ပမာဏရှိသော ငှက်သည် အော်မြည်သံ ရပ်ပြီး တောင်ပံ တဖြန်းဖြန်းခတ်ကာ သစ်ကိုင်းပေါ်မှ ကောင်းကင်သို့ တရှိန်ထိုး ပျံတက် သွားလေသည်။

" ဒီငှက်က ထိုသတ္တဝါတွေရဲ့ မိတ်ဆွေဖြစ်လို့ ငါ့ချောင်းတာမြင်ပြီး သတိပေးတာလား၊ သူ့သဘာဝ အော်မြည်တာကို ဟိုအကောင်တွေက လန့်ပြီးပြေးတာလား၊ တိုက်ဆိုင်မှုကတော့ အဖြစ်သား၊ ဘာဘဲ ဖြစ်ဖြစ်လေ ဒီအကောင် တကောင်လောက်သာ ဖမ်းမိမယ်ဆိုရင် မြို့တက်ပြီးရောင်းရင်လဲ ပိုက်ဆံ ရမယ်၊ မရောင်းရင်လဲ မွေးထားပြီး သူ့အမွေးတွေဖြတ် အကျီချုပ် တပ်ဝတ်ရင်လှမှာဘဲ၊ တကောင်လောက်တော့ ငါ မိအောင်ဖမ်းမယ်"

ဟူသော စိတ်ဆုံးဖြတ်ချက်ဖြင့် ထောင်ဇာခိုင်သည် ထိုသတ္တဝါတွေ ဝင်သွားသော တောင်ကြားဆီသို့ သတိ ထားပြီး ဝင်လိုက်သွားလေသည်။ သူ့ထံတွင် ကျားဖမ်း လက်နက်အပြင် ဓါးလွယ်တချောင်း၊ ဆယ်ရက်စာ အသားခြောက် နှင့် ရေဘူးတဘူးပါသည်။ ညအိပ်ညနေ စောင့်ဖမ်းမည်ဟု စိတ်ကူးသည်။ ထိုသတ္တဝါကို မဲပြီး လိုက် နေခဲ့သော ထောင်ဇာခိုင်အဘို့ သူ့ရွာ နှင့် အတော်ပင် ဝေးကွာခဲ့ပြီကို သတိမထားမိချေ။

တောင်ကြားထဲသို့ သူရောက်သောအချိန်မှာ နေဝင်သွားပြီဖြစ်၍ တောရိပ် တောင်ရိပ် တို့ကြောင့် အမှောင်ထုက လျှင်မြန်စွာ ရောက်လာသည်။ ထောင်ဖာခိုင်အဘို့ ခရီးဆက်ရန် မဖြစ်တော့၍ တောင်စောင်း တနေရာရှိ မြင့်မားသော သစ်ပင်ကြီး တပင်ပေါ်တက်ကာ အကိုင်းခွဆုံ ကောင်းကောင်းကို ရွေးပြီး နေရာ တကျ ဖြစ်သောအခါ ညစာအဖြစ်အသားခြောက်နှင့် ရေကို စားသောက်ရသည်။

တောင်ကြားထဲသို့ သူရောက်ခါစ အချိန်က ဘေးပတ်ဝန်းကျင်ကို လုံးဝသတိမထားခဲ့နိုင်သေးဘဲ အားကောင်း လာသော အမှောင်ထုထဲမှာ တောရိုင်း တိရစ္ဆာန်တွေ နှင့် ဆုံနေမိမည်စိုးသောကြောင့် အိပ်စက် ခိုလှုံရမည့် သစ်ပင်ကိုသာ အရေးတကြီး ရှာဖွေရသည်။ ကျားကိုပင် ရဲဝံ့စွာ ရင်ဆိုင်ပြီး ဖမ်းဝံ့သော သတ္တိ ရှိသော်ငြားလည်း အမှောင်ထုမှာ အခြားတိရစ္ဆာန် နှင့် ရင်ဆိုင်ရမည်က အရေးမကြီး အမှောင်ကို စူးရှ ဖေါက်ထွင်း မြင်နိုင်သော ကျားမျက်လုံး နှင့် ကျားသစ် မျက်လုံးကို ယှဉ်ပြိုင်ရန် မဖြစ်နိုင်မှန်းသိ၍ ညအမှောင်တွင် ဘေးကင်းအောင်သာ ထောင်ဖာခိုင်ရှောင်သည်။ သစ်ကိုင်းဂွဆုံမှာ မှေးရင်း ရွာက သူ ထွက်လာခဲ့သည်မှာ ခြောက်ရက်ရှိပြီဖြစ်ကြောင်း စဉ်းစားမိသည်။

သူ့အိမ်သားတွေကမူ သူ့အကြောင်းသိ ပြီး ဖြစ်ကြ၍ စိတ်ပူကြမည်မဟုတ်ချေ။ ယခုလိုပင် လေးငါးရက်စာ တပတ်စာ

ရိက္ခာအခြောက်ယူ၍ တောထဲ သွားနေကျဖြစ်သည်။ အကောင်ငယ်ငယ်ရလာလျှင် အကောင် မပျက် ထမ်းပိုး၍ ရက်မကြာခင် ပြန်ရောက် လာတတ်သည်။ ကြီးမားသော ကျားကြီးများ၊ ကျားသစ်ကြီးများ၊ မြွေကြီးများ ရနေလျှင် ထမ်းပိုးယူသွားရန် မနိုင်သည့် အလျောက် တောထဲမှာပင် အမဲဖျက်၊ အသားညှင်း လုပ်၊ အခြောက်လှမ်းပြီး သူထမ်းပိုးနိုင်သည့် အလေးချိန် အခြေအနေရောက်မှ ယူဆောင်ပြီး ပြန်လာ တတ်သည်။ ထို့ကြောင့် တောထွက်သွားသော ထောင်ဇာခိုင်လေးငါးခြောက်ရက်မျှဖြင့် အိမ်ပြန် မလာသည် ကို သူ့အိမ်သားများက အဆန်းမဟုတ်ကြတော့ချေ။

သို့သော် ယခုရက်ကြာသည်မှာ ယခင်က ကြာနည်းမျိုး မဟုတ်ချေ။ ယခင်က ကြာသည်မှာ အမဲကောင်ကို ဖျက်ဆီးပြုပြင်နေရ၍ ကြာခြင်းဖြစ်သည်။ ယခု ကြာသည်မှာ အမဲကောင်တွေ့နိုးနိုးဖြင့် နယ်ကျွံ ခရီးလွန် လာပြီး ကြာခြင်းဖြစ်သည်။

ခရီးပန်းခြင်းဖြင့် သစ်ကိုင်းခွဆုံပေါ်မှာ အိပ်ပျော်လုလုဖြစ်နေသော ထောင်ဇာခိုင်သည် ကြောက်မက်ဖွယ် ကောင်းသော အသံတွေကြောင့် မေးနေသော မျက်လုံးကပြူးကျယ်လာသည်။ အသံတွေက သူနားမလည် သော ဘာသာတမျိုးဖြင့် အော်ဟစ်နေကြသည့် လူသံတွေဖြစ်သည်။ မည်ကဲ့သို့သော ဘာသာတမျိုးဟု သူမသိသော်ငြားလည်း အချို့ အသံတွေက စိတ်ဆိုးမာန်ဆိုး

အသံတွေအကြားမှာ စူးရှမြည်ဟီးစွာ ထွက်ပေါ် လာသော သေနတ်သံတွေက ဆူညံနေသည်။

ထောင်ဇာခိုင် အကြီးအကျယ် အံ့အားသင့်သွား၏။ ဤမျှ နက်ခေါင်သော တောတောင်အတွင်း၌ သူကလွဲလျှင် ရှိမည်မဟုတ်ဟု ထင်မြင်ခဲ့ရာမှ ယခုလို လူသံ သေနတ်သံတွေ ကြားလာရသောအခါ စိတ်ထဲမှာ များစွာ သိချင်လာသည်။ သူရှိရာနေရာသည် အတော်အတန်မြင့်သည့် တောင်စောင်းတခုမှာ ပေါက်နေသော ကြံ့ခိုင်မြင့်မားသည့် သစ်ပင်ကြီးတပင်၏ ထိပ်ဖျားဂွဆုံဖြစ်နေပြီး ကြားရသည့် အသံတွေက သူ့အောက်အနိမ့်ပိုင်းဆီမှ ထွက်ပေါ်လာနေခြင်းဖြစ်သည်။

ကြားရသည့် သေနတ်ကျည်ဆန်တွေ သူ့ဆီမလာအောင် သတိထားကာ ထောင်ဇာခိုင်က သစ်ကိုင်းကို မြဲမြဲ ဖက်တွယ်ပြီး အသံတွေ ထွက်ပေါ်လာရာ အောက်ဆီသို့ ငုံ့ကြည့်လိုက်၏။

တောင်ကြားချိုင့်ဝှမ်း အောက်ခြေတွင်ကား ရွာတရွာ မီးလောင်နေသလို တွေ့ရသည်။ ထိုမီးရောင်ဖြင့် လူတွေ တဘက်နှင့် တဘက် ပစ်ခတ် တိုက်ခိုက်နေကြသည့် သဏ္ဍာန်ကို တွေ့ရသည်။ တဘက်သော လူစုမှာ သေနတ်တွေရှိပြီး တဘက်သောလူစုမှာကား လေးမြားနှင့် ဒါးလှံသာရှိနေကြသည်။ အနိမ့်ပိုင်းမှာ အချင်းချင်း ပစ်ခတ်ထိုးကြိတ် နေကြသည့် လက်နက်ကျည်ဆန် များတံတို့က

ထောင်ဇာခိုင်ရှိရာကို ဘယ်နည်း နှင့်မျှ မရောက်နိုင်ဟု စဉ်းစားမိသော ထောင်ဇာခိုင်က သေသေချာချာပင် ငုံ့ကြည့်နေလေသည်။

တဘက်နှင့်တဘက် အလျော့မပေးဘဲ တိုက်ခိုက်နေရာမှာ သေနတ်ရှိသူက တပန်းသာနေသဖြင့် လေးမြား နှင့် ဒါးလှံသာ ရှိသူဘက်မှာ အကျအဆုံးများလာသည်။ သေဆုံးသူတွေထဲတွင် ခလေးတွေရော၊ မိန်းမတွေပါ တွေ့ရသည်။ နောက်ဆုံးတွင် ဒါးလှံကိုင် ရှုံးနိမ့်သူတို့ဘက်မှ အကြီးအကဲသဏ္ဌာန်တူသော လူသည် သေနတ် မှန်သော ရင်ဝကို လက်နှစ်ဖက်ဖြင့် တင်းကြပ်စွာ ဖိထားသည်။ ဖိထားသော လက်အောက်မှ သွေးတွေက ယိုစီး ကျနေသည်။ ထိုလူသည် တခုသောနေရာကို မျှော်ကြည့်ကာ စူးရှသော အသံဖြင့် အမိန့်ပေးသလို အော်ဟစ်ပြောဆိုလိုက်၏။ ဘာပြောသည်ကို ထောင်ဇာခိုင် နားမလည်သော်လည်း ထိုသူ၏ အသံက အောင်မြင်ခန့်ငြား၍ အသံသြဇာ နှင့် ပြည့်စုံသည်ကိုကား ထောင်ဇာခိုင်သိ၏။

" ဒီလူ့အသံ သိပ်ကောင်းပါလား "

ထောင်ဇာခိုင်က တီးတိုးရေရွတ်ရင်း ထိုလူ့ မျက်နှာ အော်ဟစ် မျှော်ကြည့်နေရာကို ငုံ့ကြည့်လိုက်သည်။ ထိုနေရာကား ကြီးမားသော သစ်သား အဆောက်အဦကြီးတခု ဖြစ်သည်။ ထိုအဆောက်အဦး ကြီးကိုလည်း မီးစွဲ လောင်စ ပြုနေလေပြီ။

ထိုလူ အော်ဟစ်လိုက်သည် နှင့် တပြိုင်တည်းလိုလိုပင် မိုးချုန်းသံလိုလို တောင်ပြိုသံလိုလို ကြောက်မက်ဖွယ် ကောင်းသော အသံကြီး ရုတ်ခြည်းထွက်ပေါ်လာသည်။ အဆောက် အဦကြီးနှင့် ကပ်လျက် ရှိသော တောင်ကြီး သည် ထောင်ဇာခိုင်မျက်မြင်မှာပင် ယုံနိုင်ဖွယ် မရှိအောင် ကြောက်မက်ဖွယ် ပြိုကျလာပြီး တပိုင်းတစ မီးလောင်နေပြီဖြစ်သော အဆောက်အဦကြီးကို လည်းကောင်း ထိုအဆောက်အဦ ကြီးကို အသည်း အမည်းကြီးစွာ ဝိုင်းအုံ ဖျက်ဆီးနေကြသော သေနတ်ကိုင် လူများကိုလည်းကောင်း တောင်ချိုင့်ဝှမ်း တခုလုံးကိုလည်းကောင်း ဝါးမျိုဖုံးအုပ်လိုက်လေတော့သည်။ ထိုသို့ တောင်ကြီးပြိုကျပြီး ချိုင့်ဝှမ်းတခုလုံးကို ဖုံးမိသည်နှင့် တပြိုင်နက် ကြောက်မက်ဖွယ်ရေလုံးကြီးတခုသည် တာတမံကျိုး၍ ပေါက်ကျလာသည့်နှယ် ပြင်းထန်စွာ စီးကျလာသံကို ထောင်ဇာခိုင် ကြားရသည်။

မကြာသေးမီအချိန်ကလေးကပင် လောင်နေသော မီးရောင်ပစ်ခတ်သတ်ဖြတ်သံ၊ အော်ဟစ် ကြိမ်းမောင်းသံ ညည်းငြူငိုယိုသံတို့ဖြင့် ပြည့်လျှံဆူညံနေသော တောင်ချိုင့်ဝှမ်းကြီးတခုလုံးကား အလင်းရောင် ရောာ အသံပါ လုံးဝ ဆိတ်သုဉ်းပျောက်ကွယ်သွားပြီး ရေတံခွန်တခုမှ ရေကျသံ ကဲ့သို့သော အသံကိုသာ ကြားရသည်။ ပတ်ဝန်းကျင် တခုလုံးကား မှောင်မဲတိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

" တောကြမ်းလို့များ ငါ့ကို သရဲတွေတစ္ဆေတွေ ချောက်လေရော့လား "

ဟူ၍ပင် ထောင်ဇာခိုင် စဉ်းစားမိသည်။ သည်တညလုံး အိပ်မပျော်တော့ချေ။ စိတ်နလုံး ချောက်ချားဖွယ် ကောင်းသော ဤနေရာမှ အမြန်ဆုံး ထွက်ခွာသွားလို ပါသော်လည်း မဖြစ်နိုင်လွန်းသောကြောင့် စိတ်ညစ် ညစ်ဖြင့် သစ်ပင် ဂွဆုံမှာ ထိုင်နေရလေသည်။

နံနက်မိုးလင်းသည်ဆိုလျှင်ပင် ထောင်ဇာခိုင်က တောင်ချိုင့်ဝှမ်းကို မမြင်ရတော့ချေ။ ကြီးမားသော ရေအိုင် ကြီးတခု အဖြစ်သို့ အသွင်ပြောင်းသွားလေပြီ။ ထောင်ဇာခိုင်သည် သစ်ပင်ပေါ်မှ ကဗျာကသီဆင်းသည်။ မနေ့က သူတွေ့မြင်ရ၍ အလွန်လိုချင်လှသော ထူးဆန်းလှပသည့် သားကောင်ကိုပင် ရှာချင်စိတ် မရှိ တော့ဘဲ ထိုနေရာမှ ခြေလှမ်း သွက်သွက်ဖြင့် အမြန်ဆုံး ထွက်ခွာလာခဲ့ရာ ရှစ်ရက် နှင့် တမွန်းတည့် အကြာ တွင် သူ့ရွာသို့ပြန်ရောက်လာခဲ့သည်။

ဤမျှလောက် ရက်တွေကြာအောင်းပြီး ဘာအသားမျှ မပါဘဲ တုန်လှုပ်သော အမူအယာဖြင့် ပြန်လာသော ထောင်ဇာခိုင်ကို ဘုန်းတော်ကြီးက ခေါ်ပြီး မေးမြန်းလေသည်။

" အဲ - ထောင်ဇာခိုင့်ဆီက အကြောင်းစုံ ကြားရတော့ ငါ ဆက်မကြိုးစားဘဲ အေးအေးနေလိုက်တာ အခု အချိန် အထိပေ့ါ ... "

ဘုန်းတော်ကြီးက သူ့စကားကို နိဂုံးချုပ်သည်။

" ထောင်ဇာခိုင် ပြောပြတာ ကြားရုံနဲ့အရှင်ဘုရားကဘယ်လိုကြောင့် ဗုဒ္ဓဆင်းတုရှိတဲ့ နေရာကို အတပ်သိရ တာလဲ ဘုရား ... "

မောင်တင်အုန်းက မေး၏။

" မေရျာဝိုက် ပြောခဲ့တာတွေ ငါက အသေအချာမှတ်ထားခဲ့တာဘဲ။ အခု ထောင်ဇာခိုင်ပြောပြလို့ မီးရောင် ထဲမှာ သူတွေ့ခဲ့ရတဲ့ လူပုံသဏ္ဍာန် ဝတ်ရုံထားတဲ့ အဝတ်အရောင်အဆင်း နေရာဒေသ အဆောက်အဦးကြီး မီးလောင် လို့ နံရံတွေ ပြိုတ်ကွာအကျမှာ အထဲဘက်က ဝင်းဝင်းလက်လက် အရောင်တွေ ထွက်နေတဲ့ အရာဝတ္ထုကြီး တခု ဆိုတာတွေက မေရျာဝိုက်ပြောပြခဲ့တာတွေနဲ့ ကိုက်ညီနေတယ်။ နောက်ပြီး အဲဒီလူတွေ ကိုလာရောက်တိုက်ခိုက်တဲ့ သေနတ်ကိုင် လူတွေရဲ့ ရုပ်ဆင်းသဏ္ဍာန်နဲ့ ဝတ်ပုံစားပုံကို ထောင်ဇာခိုင်ပြောပြ တာထောက်ရင် မီဖိုသူပုန်တွေဘဲ ဖြစ်ရမယ်ကွဲ့"

" မီဖိုသူပုန်နဲ့ တူတာတွေရော တောင်ပြိုကျတော့ လွတ်သွားတယ်တဲ့လား"

" မလွတ်ဘူးတဲ့ဟဲ့ အားလုံး တောင်ပိမြေပြိုရေနစ်သေကုန်တယ်တဲ့ "

ဘုန်းတော်ကြီးစကားကို သေသေချာချာ နားထောင်ပြီး ကြာသောအခါ မောင်တင်အုံးနှင့် မောင်တင်ဦးက တယောက်မျက်နှာ တယောက် ကြည့်ကြသည်။

" ဘယ်လိုလဲ သူငယ်ချင်း ဆက်မလား လက်လျှော့မလား "

မောင်တင်ဦးက မေး၏။

" ဒို့အရင် နှစ်ပေါင်းများစွာက ဒီကိုစွာအတွက် ရောက်နေတဲ့ ဘုန်းတော်ကြီးတောင် လက်လျှော့ပြီဟာ ဒို့ဆက်လို့ ကော အကြောင်းမထူးတော့ပါဘူး ကိုတင်ဦးရာ"

မောင်တင်အုန်းက ဖြေ၏။

" ဘုန်းတော်ကြီးကို မေးစမ်းပါအုံး၊ အဲဒီရေအိုင်ကြီးကို ကိုယ်တိုင် သွားကြည့်သေးလားလို့"

မောင်တင်ဦး တိုက်တွန်းသည့်အတိုင်း မောင်တင်အုံးက မေးလျှောက်သောအခါ ဘုန်းတော်ကြီးက ပြန်ပြော သည်။

" ငါပြောဘို့ မေ့နေတယ်၊ သွားကြည့်တယ်ကွဲ့၊ ထောင်ဇာခိုင်ကိုလဲ လမ်းပြ ခေါ်သွားရတာပေါ့၊ ထောင်ဇာခိုင် ပြောတာက ရေအိုင်မည်ကာဘဲ ဟိုရောက်မှ ငါ့မျက်စေ့နဲ့ မြင်ရတာ တော်ရုံတန်ရုံ ရေအိုင်မှ မဟုတ်တော့ဘဲ တောင်ပြိုတဲ့နေရာက စုဆင်းလာတဲ့ ရေတွေဟာ တကယ့် ရေတံခွန်ကြီးလိုဖြစ်ပြီး အဲဒီ ရေတံခွန်ကျရာ ပတ်ပတ်လယ် ပေတရာကျော်လောက်ရှိမလားဘဲ၊ ဝဲကြီးလှည့်နေတာ ကြောက်ဘို့ ကောင်းလိုက်တာကွာ၊ ငါလဲ စမ်းချင်တာနဲ့ အဝတ်တထည်ကို သေသေချာချာ လုံးကြိုးနဲ့ချီပြီး ဝဲကြီးလှည့် နေတဲ့ နေရာ ပစ် လိုက်တယ်။ တချီထဲ စုပ်ယူလိုက်တာ လျှပ်စီးလတ်တာထက် မြန်သေး၊ အဲဒီနောက် တခေါက်မှ ငါမသွား တော့ဘဲ ဒီရွာကလေးမှာဘဲ သာသနာရေး လုပ်နေတယ်"

" ဘုန်းတော်ကြီးက စကားအုံးသတ်ပြီး ...

" ငါဝတ်ပြုဖို့ အချိန်ရောက်ပြီ" ဟုဆိုကာ ထသွားသဖြင့် ဘာသာချင်းတူသော မောင်တင်အုံးကပါ ဘုရားရှိခိုးရန် ထလိုက်သွားသည်။

" မောင်ငယ် က ဘုရားမရှိခိုးဘူးလား "

တချိန်လုံး နှုတ်ဆိတ်ငြိမ်သက်နေသော မာလာဒေဝီက မေး၏။

" ကျွန်တော်က ဗုဒ္ဓဘာသာပါ မမ"

" ဩော် ... မောင်ငယ်က ဗုဒ ါခဘာသာလား၊ မမလဲ ဗုဒ္ဓဘာသာဘဲ မောင်ငယ် "

မာလာဒေဝီ က ဝမ်းသာအားရပြောသည်။

" ကဲ ဘေးကင်းရန်ကင်းနေရာ ရောက်ပြီ၊ မမဘယ်လို ဖြစ်လာတယ်ဆိုတာ နောက်ကြောင်း ရာဇဝင်ပြောပြ ပါလား "

မောင်တင်ဦးက ဆို၏။

" မမဘဝ ဖြစ်စဉ်ကတော့ အခုတင်ကပြောကြတဲ့ ဗုဒ္ဓဆင်းတုတော် ရှိခဲ့ဘူးရာတောင်ကြားချိုင့်ဝှမ်းက လူတွေရဲ့ အဆက်အနွယ်ပါဘဲကွယ်၊ အခုတော့ ချိုင့်ဝှမ်းတခုလုံး ရေတွေဖုံးလို့ တမျိုးတဆွေလုံး ပျောက် ကွယ် သွားကြောင်း သိရပါပြီ။ မမအာမေကလဲ ချောင်းရေထဲ

ကျသေသွားတော့ ဗုဒ္ဓမြတ်စွာရဲ့ ဆွေတော် မျိုး တော်သာကီဝင် မင်းမျိုးဆိုလို့ မမတယောက်ထဲ ကျန်တော့တာပေါ့လေ"

မာလာဒေဝီ စကားကို ကြားရသောအခါ မောင်တင်ဦးသည် ကြီးစွာသော အံ့အားသင့်ခြင်းဖြင့် မာလာဒေဝီ ကို မျက်တောင်မခတ် ကြည့်နေမိသည်။ အသက်လု ပြေးလာခဲ့ရ၍ မာလာဒေဝီကို ချောမော လှပမှန်း သိခဲ့သော်လည်း လေးလေးနက်နက် သဘောထားပြီး စေ့စေ့ မကြည့်ခဲ့မိချေ။

ယခုမှ အံ့သြခြင်းဖြင့် စေ့စေ့ကြည့်မိသည်။ ကိုယ်လုံးကိုယ်ပေါက်က ချင်း အမျိုးသမီးအဝတ် ဝတ်ထား၍ တကြောင်း၊ ထိုင်နေ၍ တကြောင်း အကဲမခတ်နိုင်ခဲ့သော်လည်း မျက်နှာကမူ တစိမ့်စိမ့်ကြည့်လေ ချောမော လှပလေဖြင့် ချစ်စရာ ကြင်နာစရာ ပေါ်လွင်ပြီး ကျက်သရေ ရှိစွာ ချောသော အချောအလှမျိုးဖြစ်ပေသည်။ ကြည့်၍ မဝနိုင်သော မျက်နှာအလှကို မောင်တင်ဦးက မျက်တောင် မခတ် ကြည့်နေမိသော်လည်း အတွင်းစိတ် ကမူ မည်သို့ဖြစ် သည်မသိ၊ တဏှာပေမနှင့် ယှဉ်သောစိတ်ဟူ၍ မြူခန့်မျှမပေါ်ဘဲ အမရင်း ကဲ့သို့ ချစ်ခင်ကြင်နာသည့် ဖြူစင် သန့်ရှင်းသော မေတ္တာစိတ်သာ ပေါ်လာသည်။

" ဘာကြောင့် ဒါလောက် စိမ်းစိမ်းကြည့်ရတာလဲ မောင်ငယ်၊ မမပြောတာ မယုံလို့လား "

မာလာဒေဝီက တည်ငြိမ်သော အသံဖြင့်မေး၏။

" မဟုတ်ဘူးမမ၊ ကျွန်တော့် စိတ်ထဲမှာ မမကို အမရင်းလိုဘဲ ချစ်တဲ့စိတ်ကို ပေါ်လာတယ် ယုံပါမမ"

မောင်တင်ဦးက အမှန်အတိုင်း ဖြေသည်။

" အေး ... မမလဲ မောင်ငယ်ကို မောင်အရင်းလို ချစ်မိတာ မမ စိတ်ကိုလဲ တော်တော် အံ့သြသွားမိ တယ်"

" မမ အသက်ဘယ်လောက် ရှိပြီလဲ"

" နှစ်ဆယ်နဲ့ ခုနစ်နှစ်ရှိပြီ"

" အော် ... ကျွန်တော်တို့ နှစ်ယောက်လုံးထက် သုံးနှစ်လောက်ပဲ ကြီးတာဘဲ"

" ဟိုလူကရော အသက်ချင်း အတူတူဘဲလား။ သူနဲ့ မောင်ငယ်နဲ့ ရုပ်ချင်းရော၊ အသားချင်းရော မတူဘူး။ သူက အင်္ဂလိပ်လူမျိုးဆိုတာလား"

" အင်္ဂလိပ်လူမျိုးဆိုတာ မမ သိလို့လား "

" အင်္ဂလိပ်လူမျိုး ဆိုတာရယ် ဗမာလူမျိုးဆိုတာရယ် မမ ကောင်းကောင်း ကြားဘူးတယ်၊ အင်္ဂလိပ်လူမျိုး ဆိုတာ တယောက်ကို မမအဖေရင်းလို အကြာကြီး နေခဲ့တယ်လေ၊ သူကလဲ သမီးရင်းလိုဘဲ မမကိုချစ်တယ် ဒါကြောင့် အင်္ဂလိပ် စကား မမပြောတတ်တာပေါ့။ မောင်ငယ်တို့နဲ့ ထွက်ပြေးမဲ့ မနက်မှာ ဟို ခွေးတိရစ္ဆာန် မီဖို

တွေ့သတ်ပြီး ချောင်းထဲပစ်ချလိုက်တာ၊ မမအာဖေလို နေခဲ့တဲ့ အင်္ဂလိပ်ဘဲ"

မာလာဒေဝီ ပြောပြမှ သူတို့ ထွက်ပြေးမည့်နေ့ မနက်မှာ သေနတ်သံကြားပြီး ကြိုးနှင့် ဒရွတ်တိုက် ဆွဲလာသော အလောင်းတလောင်း ချောင်းထဲ ကန်ချလိုက်သည်နှင့် " အမေ့ နောက်ကို အဖေ လိုက်လာပြီ အမေရဲ့ " ဟု ကြေကြေကွဲကွဲ ငိုရှာသော မာလာဒေဝီ၏ ပုံသဏ္ဍာန်ကို ပြန်လည် သတိရ မိသည်။ ထိုအခိုက် ဘုရားရှိခိုးပြီးပြီဖြစ်သော မောင်တင်အုံးက ပြန်ရောက်လာသည်။ စကားလက်ဆုံ ကျနေ သော မာလာဒေဝီ နှင့် မောင်တင်ဦးအနားမှာ ထိုင်လိုက်သည်။

" မောင်ငယ်တို့နှစ်ယောက် နာမည်တွေ ပြောပါအုံး "

မာလာဒေဝီက မေးသဖြင့် သူတို့နှစ်ယောက်လုံး နာမည်တွေ ပြောပြသောအခါ၊ မာလာဒေဝီက ကောင်းစွာ မှတ်ထားသည်။

" ကဲ ကျွန်တော်တို့ မောင်ငယ်နှစ်ယောက်လုံး ရှိနေပြီ။ မမရဲ့ နောက်ကြောင်းရာဇဝင်ကို ပြောပြပါမမရယ်၊ ကျွန်တော်တို့ နှစ်ယောက်လုံး သိပ်ပြီး သိချင်နေကြပါတယ် "

မောင်တင်ဦးက ပန်ကြားသောအခါ၊ မာလာဒေဝီက သူ့နောက်ကြောင်း ရာဇဝင်ကို ပုံပြင်တခုသဖွယ် ပြောပြ လေသည်။

" မမ လုပ်ကြံဖန်ဆင်းပြီး ပြောတာမဟုတ်ဘူးနော်၊ မမရဲ့ အမေပြောပြခဲ့တာ မှတ်ထားပြီး မမအစုံအလင် ပြောပြမှာ"

" ဟုတ်ပါတယ် မမ ပြောသာပြောပါ "

မောင်တင်ဦးရော မောင်တင်အုံးပါ တိုက်တွန်းလိုက်သောအခါ၊ မာလာဒေဝီက ...

" မမတို့ ကိုးကွယ်ရာ ဗုဒ္ဓဂေါတမ သက်တော်ထင်ရှားရှိစဉ်အခါက၊ သာကီဝင် မင်းဆွေ မင်းမျိုးတွေကို ဝိဋူဍူမသတ်လို့ ပြေးကြရှောင်ကြရတဲ့ အကြောင်းကို ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ မောင်ငယ်တော့ သိပါလိမ့်မယ်"

ဟုပြောသည်။ မောင်တင်ဦးက သိကြောင်း ပြန်ပြောသည်။ မောင်တင်အုံးကမူ သူ့ဘာသာ မဟုတ်၍ မသိသည့် အလျောက် ဆိတ်ဆိတ်သာ နေလေသည်။ မာလာဒေဝီက ဖြေးဖြေးလေးလေး ပြောပြနေသော အထုပ္ပတ္တိမှာ စိတ်ဝင်စားဖွယ် ကောင်းလွန်း၍ နှစ်ယောက်လုံး တခွန်းမှ ဝင်မပြောမိဘဲ။ စိတ်ဝင်စားစွာ နား ထောင်နေကြသည်။

--------------------------------

## အခန်း ၆

ဒါသီကို သာကီမှတ်ပြီး နန်းရပ်ပိုင်ပိုင် နင်းမိသော ကောသလမင်းကြီး အမှားတော်ပုံက အရင်းခံကာ၊ စိတ်နာ လှသော ဝိဋူဍူပသည် သာကီဝင် မင်းဆွေမင်းမျိုး ဟူသမျှကို ကြီးမားသောအငြိုးနှင့် တယောက်မကျန် သေစေ ရမည်ဟူသော စိတ်ကို ခိုင်ခိုင်မာမာထားပြီး လိုက်လံ သတ်ဖြတ်လေတော့သည်။ ရှေးဘဝက ပြုခဲ့ဘူးသော ဝဋ်မှပေါင်းက ဆိုက်လာခဲ့ပြီဖြစ်ရာ မြတ်စွာဘုရားသည်ပင် မကယ်တင်နိုင်တော့ ချေ။

ဤသို့ ဝိဋူဍူပ ရန်ဘေးကြောင့် ပြေးကြ လွှားကြ ပုန်းရှောင်ကြရသော သာကီဝင် မင်းဆွေမင်းမျိုး အုပ်စုတစုသည် ရုပ်ဖျက်ကာ သာမန် ဆင်းရဲသား အသွင်ဖြင့် ဝေသာလီပြည် နယ်နိမိတ်အနားဝယ် ရွာတ ရွာတည်ကာ မထင်မရှား နေထိုင်ခဲ့ကြသည်။ သို့သော် ဝဋ်ကြွေး မကုန်သေးသူများ ဖြစ်ဟန်တူသည်။ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူပြီးသော အချိန်မှာ အဇာတသတ်မင်းက သူလျှိုအဖြစ် လွှတ်ထား သော ဝဿကာရ ပုဏ္ဏားမှူး၍ ဝေသာလီ ပြည်သည် မညီမညွတ် ပြိုကွဲနေချိန်ဝယ် အဇာတသတ်မင်းက လာရောက် တိုက်ခိုက်ဖျက်ဆီးလေသည်။

ထိုသို့ တိုက်ခိုက်ဖျက်ဆီးရန် ချီတက်လာသော အဇာတသတ်မင်း၏ စစ်တပ်မှ အကြီးအကဲများသည် ရုပ်ဖျက်ကာ ရွာတည်နေကြသော

ဘုရားဆွေတော် မျိုးတော် သာကီဝင်တွေကို တွေ့မြင်သိရှိ မှတ်မိကြကုန် သည်။ မှတ်မိသူတွေက အကောင်းကြံမည် အဆိုးကြံမည်ကို အတပ်မသိသော်လည်း သာကီဝင် ဆွေမျိုးစု ကား တုန်လှုပ်ချောက်ချား နေကြသည်။ မြတ်စွာဘုရားကို ကြည်ညိုကြသည့် ပုထုဇဉ်များတွင် အဇာတသတ် မင်းလောက် ကြည်ညိုသူ မရှိချေ။

အဇာတသတ်မင်းသည် မြတ်စွာဘုရား၏ ဓါတ်တော် မွေတော် သာလျှင်မဟုတ်၊မြတ်စွာဘုရား၏ ကိုယ်တော် နှင့် ထိတွေ့သုံးဆောင်ခဲ့သော ဝတ္ထုပစ္စည်းကိုလည်း အလွန် အမင်း မြတ်နိုးရိုသေ၍ စုံစုံမက်မက် ရယူ လိုသော စိတ်ဆန္ဒရှိသည်ကို သာကီဝင် မင်းဆွေ မင်းမျိုး များ အားလုံး လိုလို သိကြပြီးဖြစ်သည်။

ယခု ဇာတ်မြုပ်ပြီး ကုပ်ငြိမ်ငြိမ်ဖြင့် သိမ်ငယ်စွာ မထင်မရှား နေကြသော ဤသာကီဝင် ဆွေတော် မျိုးတော် တို့ အုပ်စုလက်ထဲတွင် မြတ်စွာဘုရားနှင့်ပတ်သက်၍ အလွန့်အလွန် မြတ်နိုးရိုသေဖွယ် ပစ္စည်း က ရှိ နေသည်။

ယခု ဇာတ်မြုပ်ပြီး ကုပ်ငြိမ်ငြိမ်ဖြင့် သိမ်ငယ်စွာ မထင်မရှား နေကြသော ဤသာကီဝင် ဆွေတော် မျိုးတော် တို့ အုပ်စုလက်ထဲတွင် မြတ်စွာဘုရားနှင့်ပတ်သက်၍ အလွန့်အလွန် မြတ်နိုးရိုသေဖွယ် ပစ္စည်း က ရှိ နေသည်။

ထိုပစ္စည်း မြတ်စွာဘုရား ဘွားမြင်တော်မူစဉ်အခါက မယ်တော် သီရိမဟာ မာယာဒေဝီ၏ ကိုယ်နှင့်မကွာ ခြုံ သိုင်း လာသော

အဘိုးအတိုင်းမသိ ထိုက်တန်သည့် ခြုံထည်တခု။ ထိုခြုံထည်ကို မယ်တော်မာယာ ဒေဝီ သည် အလွန်နှစ်သက်မြတ်နိုးသည်။ မြတ်စွာဘုရားသည် မယ်တော့်ဝမ်းမှ ဘွားသန့်စင်သည်နှင့်တပြိုင်နက် နတ်ပြဟ္မာ အပေါင်းတို့က ဘွဲ့ဖြူ ပုဆိုးသစ်နက်ရေစသည်တို့ဖြင့် ခံယူသည်ဆိုသော်လည်း မယ်တော်၏ ရင်ခွင်ကို ပြန်ရောက်သောအခါ မယ်တော် ဘုရားသည် သူမြတ်နိုးနှစ်သက်သော ခြုံထည်ဖြင့်သာ သားတော်ကို ထွေးပိုက်တော်မူခဲ့သည်။

ထိုခြုံထည်ကို အမှတ်တရ နန်းစဉ်ပစ္စည်းအဖြစ် သိမ်းထားခဲ့သည်။ သိမ်းဆည်းထားသည် ဆိုရာမှာ အခြား နေရာ၌ သိမ်းသည်မဟုတ်၊ မြတ်စွာဘုရား အလောင်းတော် တောမထွက်မီ ရွှေနန်းစည်းစိမ် စံစဉ်စက်တော် မူရာ ခေါင်းရင်းဘက်မှာ ရတနာ စီခြယ်သော ကလပ်ဖြင့် တင်ထား၍ မယ်တော့် ကိုယ်စား ရှိသေခဲ့သည်။

တောထွက်တော် မူပြီးနောက် ထိုပစ္စည်းကို ယသော်ဓရာ မင်းသမီးက အမြတ်တနိုး သိမ်းဆည်းခဲ့သည်၊ ယသော်ဓရာ မင်းသမီးဘိက္ခုနီဝတ်၍ ရဟန္တာဖြစ်သွားသောအခါ ဆွေတော်မျိုးတော်ထဲမှ အကြီးအကဲဖြစ်သူ စိတ္တဒေဝ မင်းသားကြီးက ထိုခြုံထည်ကို မြတ်စွာဘုရားထံ ယူဆောင်သွားပြီး ဆက်ကပ်၏။ မြတ်စွာဘုရား သည် ခြုံထည်ကို ရှိသေလေးမြတ်စွာ ရင်ဝယ်ပိုက်၍ မိခင်၏ ဂုဏ်ကျေးဇူးအကြောင်း ဟောပြောတော်မူပြီး ငါဘုရား၏ ပရိဘောဂတခုအဖြစ် ဤခြုံထည်ကို ရှိသေလေးမြတ်ထိုက်သည်ဟု မိန့်တော်မူကာ စိတ္တဒေဝ လက်သို့

ပြန်လည်ပေးအပ်လိုက်သည်။ ထိုခြုံထည်နှင့်အတူ ဆံတော်ရှစ်ဆူကိုလည်း ပေးတော်မူလိုက်သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့်အခါ တေဇောဓါတ်လောင်ပြီး အရိုးအစအနတွေသာ ဓါတ်တော် အဖြစ် ကျန်ရစ်သည်။ ဆံတော်ဟူ၍ကား လုံးဝ မကျန်ရစ်ချေ။ ထို့ကြောင့် ဤခြုံထည်နှင့် ဤဆံတော်သာ ဤ သိမ်သိမ်ငယ်ငယ်ဖြစ်နေသော သာကီဝင်မင်းဆွေမျိုးတစု လက်မှာ ရှိနေကြောင်းသိပါက အဇာတသတ်မင်းသည် မည်သည့်နည်းနှင့်မှ ချမ်းသာပေးမည်မဟုတ်ဘဲ မတုမပြိုင်နိုင်သော ဤသာကီဝင်တွေ လက်ထဲက အနိုင့်အထက် ယူသွားတော့မည်သာ ဖြစ်သည်က မြေကြီးလက်ခတ်မလွဲပေ။

ထို့ကြောင့် အဇာတသတ်မင်း၏ ရန်ကို စိုးရိမ်၍ တကြောင်းလုယက်သတ်ဖြတ် တိုက်ခိုက်နေကြသော ဤ လူစုတွေအနားမှာ နေထိုင်ရမည်ကို ငြီးငွေ့ စက်ဆုတ်၍တကြောင်း၊ ပြောင်းရွှေ့လာကြစဉ်က ဆွေစုမျိုးစု တွေ ကြိုးစားသယ်ယူလာခဲ့ကြသည့် ရွှေငွေရတနာများကို သိုဝှက်စွာ သိမ်းဆည်းယူဆောင်၍ အရှေ့ဘက်သို့ မျက်နှာမူကာ၊ အေးချမ်းဆိတ်ငြိမ်ရာဒေသကို ရှာဖွေရွေးချယ်ရင်း ရွှေ့ပြောင်း ထွက်ခွာလာခဲ့ ကြသည် တွင် အလွန် နက်ခေါင်သော တောတောင် ဒေသအတွင်း တောင်ကြီးသုံးလုံးဆိုင်နေသော ချိုင့်ဝှမ်းတနေရာ သို့ ရောက်လာကြသည်။

အုပ်ဆိုင်းနေသော တောင်ကြီးများကလည်း မြို့ရိုးတံတိုင်းသဖွယ် ဖြစ်သည့် အပြင် ထူထပ်ပိတ်ဆီးသည့် တောအုပ် သစ်ပင်ကြီးတွေကြောင့် တစုံတယောက်သော သူသည် ဤတောင် ကြီးတွေပေါ် တက်ပြီး တောင်ချိုင့်ဝှမ်း ထဲ ငုံ့ကြည့်ရမည်မှာ လွယ်ကူသော အလုပ် မဟုတ်ချေ။ ငုံ့ကြည့်၍လည်း အောက်ခြေ ချိုင့်ဝှမ်း ထဲကို သဲသဲကွဲကွဲ မြင်နိုင်မည်မဟုတ်။ တောင်ချိုင့်ထဲ ဝင်လာရန်က လည်း တနေရာ တပေါက် တည်း သော လမ်းရှိသည်၊ ထိုလမ်းကို လုံခြုံစွာကင်းချထားနိုင်သည်။

ဝန်းရံနေသော တောင်ကြီးများအနက် မြေပြင် ဆယ့်ငါးတောင်မျှ အမြင့်နားဝယ် ငှက်နှုတ်သီးသဏ္ဌာန် ကျောက်စွန်းကြီးထွက်နေသော တောင်တတောင်ရှိနေသည်။ ထိုကျောက်စွန်းနေရာမှ ရေတံခွန်သဖွယ် ရေ လုံးရေပန်းတခုသည် တောင်ခေါင်းထဲက ထွက်ကျစီးနေသည်၊ ထိုရေကို တက်ကြည့်သောအခါ ကျောက်စွန်းကြီးသည် ပကတိ ငှက်နှုတ်သီးအသွင် အပေါ်နှုတ်ခမ်းအောက်နှုတ်ခမ်း သဏ္ဌာန်ပြီပြင်စွာ သဘာဝ အားဖြင့် ဖြစ်တည်နေပြီး ခံတွင်းပေါက်နေရာမှ ရေထွက်ကျနေသည်ကို အံ့သြဖွယ်တွေ့ရ၏။ ရေထွက်ကျသည့် ပင်ရင်းနေရာကား တောင်ခေါင်းအတွင်းမှာ ရေတွင်းသဖွယ်ဖြစ်တည် နေသော နေရာမှ ရေသည် အစဉ်အမြဲ ပြည့်ပြီး လျှံကျနေကြောင်းတွေ့ရသည်။

ထိုအခါ ပြောင်းရွှေ့လာသော ဆွေမျိုးအုပ်စုတွင် အရည်အချင်း ဉာဏ်ပညာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်များက ဦးဆောင်၍ တောင်၏ အပြင်ဘက်ကို ရေထွက်ပေါက်ရအောင် ဖေါက်ထွင်းကြသည်။ ငှက်နှုတ်သီးနေရာကို ပိတ်သည်၊ ထိုသို့ရေထွက်ပေါက်ကို ပိတ်ကြရာမှာ ရေတံခါး ခိုင်ခန့်စွာလုပ်သည်။ အဖွင့်အပိတ်ခလုတ်တပ် သည်။ တောင်ချိုင့်ဝှမ်း အတွင်းဘက်ကို ရေမကျစေအောင် ရေကာတာတံခါးဖြင့် တားဆီးသောအခါ ရေသည် အသစ်ဖေါက်သော တောင်ခေါင်းပေါက်မှ အပြင်သို့ ရေတံခွန်သဖွယ် စီးထွက်ကျ သွားလေသည်။ ထိုသို့ အပြင်ဘက်သို့ ရေစီးထွက်ကျသွား၍ ချောင်းကြီးမှာ စမ်းအိုင်ကြီးသဖွယ် ဖြစ်တည်ရာမှ အိုင်ပြည့်လျှံ ပြီး ချောင်းငယ်တခုအဖြစ် စီးဆင်းသွားလေတော့သည်။

ချိုင့်ဝှမ်းအတွင်းမှာ ရှိနေပြီးဖြစ်သောရေကို ကန်ကြီးဆယ်သည်၊ ထိုချိုင့်ဝှမ်းအတွင်းမှာ ရွာတည်၍ ရေကန် ကို မြောင်းသွယ်ကာ စပါးသီးနှံစိုက်ပျိုးသည်။ တခါတရံ တောင်ဝှမ်းမှ ထွက်၍ အမဲပစ်သည်။ ရသည့် အသားကို ဝေငှစားကြသည်။ သာကီဝင် ဆွေမျိုးတစု မွေးထားသော သားမင်းကောင် တမျိုးရှိသေး၏။ ထို သားမင်းကောင်၏ အမွှေးမှာ နူးညံ့ ရှည်လျားပြီး တောက်ပသော အစိမ်းရောင် အဝါနရောင်ရောနေသည်။ ထို အမွှေးကို အထည်ယက်လုပ် ဝတ်ဆင်ကြရသည်ဖြစ်၍ ထိုအမျိုးပြန့်ပွားအောင် အထူးဂရုစိုက် မွေးမြူကြ ရသည်။ သို့သော် ထို သားမင်းမျိုးသည် သာကီဝင် ဆွေမျိုးစုအဖို့ နိမိတ် မင်္ဂလာယူရာလည်းဖြစ်ပေသည်။ ဘေးရန် ကင်းဝေး အေးချမ်းမည့် အချိန်အခါဆိုလျှင် ထိုသားမင်းများသည်

ပေါက်ပွားစည်ပင်သည်၊ ဒုက္ခ ရောက်မည့် အချိန် ပျက်စီးမည့်အချိန် ရောက်လာလျှင် သားမင်းများသည် မပေါက်ပွား မစည်ပင်တော့ဘဲ ဆုတ်ယုတ် လျော့နည်းလာတတ်လေသည်။

တောင်ချိုင့်ဝှမ်းထဲတွင် ရှာတည်ထောင် နေထိုင်သောသာကီဝင် ဆွေမျိုးစုတို့သည် တနေ့သောအခါဝယ် စည်းဝေး တိုင်ပင်ကြ၏။

" ငါတို့ယူဆောင်လာသော ရွှေစိုင်ရွှေခဲများနှင့်တကွ အဘိုးအတိုင်းမသိ ထိုက်တန်သော ကျောက်မြက် ရတနာ များသည် ဤတောင်ချိုင့်ဝှမ်းထဲမှာ နေထိုင်ကြသော ငါတို့အဖို့ ဆင်ယင်ဝတ်စား အလှ ပြင်နေရန် မလိုအပ်တော့ချေ။ ထို့ကြောင့် ဤရတနာများအားလုံးကို တပေါင်းတည်းပြု၍ ငါတို့ သာကီဝင် အမျိုးအားလုံး အထွဋ် အထိပ် ပုဂ္ဂိုလ်လည်းဖြစ် တသောင်းသော လောကဓါတ်ဝယ် နတ်လူအားလုံးတို့ ညွတ် ရှိုးဦးခိုက်ခြင်း ခံယူ ရသော ပုဂ္ဂိုလ်တည်းဖြစ်သည့် ဂေါတမဗုဒ္ဓ၏ ပုံတူကိုယ်ပွား ဆင်းတုတော်တဆူ သွန်း လုပ်တည်ထားပြီး ကိုးကွယ် ကြလျှင် မကောင်းပါလော"

အုပ်ချုပ်သူ အကြီးအကဲက အကြံပေး ပြောဆိုသည်ကို အားလုံးက နားထောင်လိုက်ကြသည်။

ထို့ကြောင့် ဖယောင်းသားလို အိနေသည့် ရွှေစိုင်ရွှေခဲများဖြင့် မြတ်စွာဘုရားပုံတော်တူ သွန်းထုကြသည်။ မြတ်စွာဘုရား၏ ရုပ်ဆင်းရူပကာတော်ကို မျက်ဝါးထင်ထင် မြင်လိုက်ကြရသူများဖြစ်၍

မြတ်စွာဘုရား၏ မျက်နှာတော်ကို တသွေမတိမ်း တူညီအောင် ပြုပြင်ကြသည်။ သက်တော် ထင်ရှားရှိစဉ်က သနားတော် မူလိုက်သည့် ဆံတော်များကို ဦးခေါင်းတော်အတွင်း ထည့်သွင်းဌာပနာသည်။ ယူဆောင်ခဲ့သမျှ ကျောက် မြက်ရတနာ အားလုံးကို သင်္ကန်းတော် နေရာအပြည့် စီခြယ်ကြသည်။

ခုတ်ယူ၍ ရသောသစ်သားများဖြင့် ကျောင်းတော်ကြီးတခု ဆောက်အုံသောအခါ ကျောင်းအလယ်တည့် တည့် နေရာ၌ နက်စောက်လျစွာသော မြေတွင်းကြီးတခုကို တူးကြသည်။ ထိုမြေတွင်းအပေါ်ကမူ ခိုင်ခန့် သော သစ်သားများခင်းပြီး ဘုရားကျောင်းတော်ကြီး တည်ဆောက်ကြ၏။ ကျောင်းတော်ကြီးကား သစ်ခင်း သစ်ကာ သစ်သားပင်မိုးသည်။ ထိုသစ်သား အားလုံးကား အင်ကြင်းသားတွေပင် ဖြစ်ရကား နှစ်ကာလကြာ သော် အသက်ရင့်လာသော် အင်ကြင်းသားတို့သည် ကျောက်သားပမာ ဖြစ်ပြီး အဝင်အတွက် တံခါးနှင့် အချို့ နေရာမှာသာလျှင် တခါတရံ ပြုပြင်ရသော သစ်သားများဖြစ်သည်။

ကျောင်းတော်ကြီး ပြီးစီးလျှင် နက်စောက်စွာ တူးထားသော မြေတွင်းကြီး အထက်တည့်တည့် အခင်းပေါ်မှာ မြတ်စွာဘုရား ကိုယ်တော်စား ဆင်းတုတော်ကို ကိန်းဝပ်တည်ထားပြီး ကိုးကွယ်ဆည်းကပ်ကြသည်၊ ထိုသို့ ကိုးကွယ်ဆည်းကပ်သောအခါ သာကီဝင် ဆွေမျိုးစုအားလုံးသည် ရှစ်ပါးသောသီလကို အထူးစင်ကြယ်စွာ စောင့်ထိန်းပြီး မြတ်စွာဘုရား ရုပ်ပွားတော်ကို ပိုင်းရံရှိခိုး၍ ဤသို့ ဆုတောင်းပန်ကြားကြ၏။

" ကျွန်ုပ်တို့ ဆွေမျိုး တစုလုံး အသက်ရှင် နေသ၍ ကာလပတ်လုံး မြတ်စွာဘုရား၏ ဆံတော်မြတ်ကို စောင့် ရှောက်ကိုးကွယ်ပါမည်၊ အကယ်၍ ကျွန်ုပ်တို့ ဆွေမျိုးစုသည် တယောက်မကျန် သေကြေပျက်စီးရမည့် အဖြစ်ဆိုးမျိုး ကြုံကြိုက်ဆိုက် ရောက်လာတော့မည့်အချိန် နီးကပ်လာပါက မြတ်စွာဘုရား၏ ဆံတော်မြတ် သည် လျောက်ပတ် ထိုက်တန်ရာ ဒေသသို့ ဒေသစာရီ ကြွချီတော်မူပါ၊ ထိုသို့ ကြွချီပြီဖြစ်ကြောင်းကို သတိ ပေးသောအားဖြင့် ကျွန်ုပ်တို့အား ဖူးမြင်နိုင်အောင် ဤတောင်ထိပ်ထက်မှ တန်ခိုး ပြာဋိဟာ ပြတော်မူခဲ့ပါ ဘုရား"

ရတနာအတိ သွန်းထုထားသော ရုပ်ပွားတော်၏ လက်တော်ပေါ်မှာ မြတ်စွာဘုရား၏ မယ်တော် ကိုယ် နှင့် မကွာမြတ်နိုးစွာ ခြုံလွှမ်းခဲ့သည့် ခြုံထည်ကို ယုယစွာ တင်ထားပူဇော်ခဲ့ကြသည်။

ဆွေမျိုး အစဉ်အဆက်များ ဤသို့ အေးချမ်းစွာ နေထိုင်ခဲ့ကြရာ လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ဆယ်ကျော်ကမူ သာကီဝင် ဆွေမျိုးစုထဲမှ အထူးသဖြင့် ရုပ်ရည်ချောမော လှပသော သင်္ဂမာလာ အမည်ရှိ မင်းသမီးတပါး သည် တနေ့သောအခါဝယ် တောင်ခေါင်းအပြင်ဘက် ရေထွက်ကျရာ စမ်းအိုင်ဆီသို့ အပျင်းပြေ ထွက်လာ ခဲ့သည်။ ထိုအခါ စမ်းအိုင် ပတ်ဝန်းကျင်တွင် ရေခဲတ်ကြောင့် အေးစိမ့်နေသည့် ကျောက်တုံးကြီးများတွင် ကျောက်ပန်းပွင့်ကြီး များမှ ထွက်သော ရေမွှေးနံ့သည် အလွန်တရာမှ သင်းပျံ့ကြိုင်လှိုင်လှပေသည်။

သိင်္ဂမာလာသည် ကျောက်ပန်းပွင့်ကြီးကိုရူး၏။ ဘယ်လိုမှ ရူးမရသောအခါ ကျောက်တုံးချွန်ချွန်တခုဖြင့် အပွင့် ညှာတံ ကို ထိုးဖြတ်သည်။ အလွန် အားခွန်စိုက်၍ ဆွဲဖြတ်ယူသောအခါ မယုံနိုင်စရာပင် ပန်းပွင့်ကြီး ရော ပန်းပင်ပါ ရေငွေ့နှမ်းဖြင့် လောင်းလိုက်သလို နွမ်းခွေကာ မျက်စေ့ အောက်မှာပင် ကျောက်ပန်း ပင်ကြီးသည် နမြောဝမ်းနည်းဘွယ်ရာ သေသွားလေတော့သည်။ ထို့ကြောင့် သိင်္ဂမာလာသည် အခြားပန်းပွင့်တွေကို မရူးတော့ဘဲ ပန်းပွင့်တွေအလယ်က ဝတ်ဆံမှုံကလေးတွေကိုသာ လက်ဖြင့် အသာ အယာ ပွတ်သပ်ယူပြီး ပြန်လာခဲ့သည်။ ထိုဝတ်ဆံမှုံတွေကို ဘုရားကျောင်းဆောင်ထဲဝင်ပြီး ဘုရားမယ်တော် သီရိမဟာ မာယာဒေဝီ၏ ခြုံထည်ပေါ်သို့ ပက်ဖြန်းချလိုက်၏။

မွှေးကြိုင်သော ရနံ့သည် ခြုံထည် တခုလုံးမှာ စွဲသွားသည်။ အုပ်ချုပ်သူ အကြီးအကဲ များနှင့် တကွအားလုံးသော လူများကလည်း ထိုအမွှေးနံ့များကို များစွာနှစ်သက်သည်။ သီရိ မာလာပြောပြသည့် ကျောက်ပန်းပင်ကြီးများကို သွားကြည့်ကြသည်။ ထို့နောက် အများသဘောတူပင် ဆုံး ဖြတ်သော တာဝန် တခုကို သိင်္ဂမာလာ သည် ဝမ်းမြောက်ဝမ်းသာ ထမ်းဆောင်လေသည်။ ထိုတာဝန်ကား..

" ရူးဆွတ်၍မရသော ပန်းပွင့်အတွက် ပန်းပင်များ မသေစေလင့်။

မျိုးမပြုတ် စေလင့်၊ပန်းပွင့်မှ ဖြစ်ပေါ်သော မွှေးကြိုင်သည့် ဝတ်မှုံသည် သိင်္ဂမာလာ ယူဆောင်လာရသည်မှာ အတော်အသင့်

ဖိတ်စင်မှုလည်းရှိသည်။ မွှေးရနံ့ကလည်းပြယ်သင့်သလောက်
ဖိတ်စင်မှုလည်းရှိသည်။ မွှေးရနံ့ကလည်းပြယ်သင့်သလောက် ပြယ်
သွားမည်။ ထို့ကြောင့် ဘုရားမယ်တော်၏ ခြုံထည်ကို ရတနာ
ကလပ်ပေါ်မှာ တင်ယူ၍ ပန်းပင်ရှိရာသို့ သိင်္ဂမာလာ
ယူဆောင်သွားရမည်။ ပန်းပွင့်မှ ဖြစ်ပေါ်လာသော မွှေးကြိုင်သည့်
ဝတ်မှုံကို ခြုံထည်ဖြင့် ဖြည်း ညှင်းစွာ အသာအယာတို့ယူခြင်းဖြင့်
ဝတ်မှုံလည်း မလွင့်ပါး ရနံ့လည်းခြုံထည်ထဲသို့ အားလုံး ရောက်ပေ
လိမ့်မည်။

ပန်းပွင့်ကြီးများသည် အစဉ်အမြဲဝတ်မှုံဖြစ်ပေါ်မနေချေ။ တနှစ်လျှင်
တကြိမ် နွေဦးပေါက်စအချိန်ရာသီမှာ သာလျှင် ဝတ်မှုံလှိုင်၍
သင်းကြိုင်မွှေးပျံ့သည်ဖြစ်ရာ ထိုအချိန်မှာသာ ခြုံထည်ကို
ယူဆောင်ရလေသည်။ ခြုံ ထည် မယူဆောင်မီနေ့ ညအချိန်ဆိုလျှင်
ကျောင်းဆောင်ထဲမှာ ယခင်ကထက်ပိုပြီး ဆီမီးအလင်းရောင်ဖြင့်
ပူဇော်ကာ ရှိခိုးကန်တော့ကြလေသည်။

ဤသို့ဖြင့် ဝတ်မပျက်ပူဇော်ကာ တာဝန်ယူလာခဲ့သောသိင်္ဂမာလာသည်
ကျောက်ပန်းပွင့်ကြီးတွေမှ ဝတ်မှုံ နံ့လှိုင်၍ မွှေးကြိုင်ချိန် နီးပြီဖြစ်သော
နွေဦးပေါက်တနေ့ဝယ် ပန်းပွင့်ကြီးတွေကိုကြည့်ရန် စမ်းအိုင်ဆီသို့
လှို့ဝှက်သောလမ်းမှ ထွက်လာခဲ့လေသည်။ သာကီဝင် ဆွေမျိုးစုတို့
နေလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာညောင်းလာခဲ့ပြီဖြစ်သော်လည်း
ဤတောင်ကြား ချိုင့်ဝှမ်းနေရာသို့ မည်သည့် ရန်သူ တစုံတဦးမှ လာ

ရောက်ဖူးခြင်း အနောက်အယှက်တွေ့ခြင်းမရှိခဲ့ခြေ။ ထို့ကြောင့် သိင်္ဂမာလာသည် စိတ်လက် အေးချမ်းစွာပင် ထွက်လာခဲ့သည်။ သာကီဝင် ဆွေမျိုးစုတို့ နေလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာညောင်း လာခဲ့ပြီ ဖြစ် သော်လည်း ဤတောင်ကြား ချိုင့်ဝှမ်းနေရာသို့ မည်သည့် ရန်သူ တစုံတဦးမျှ လာရောက်ဖူးခြင်း အနောက် အယှက်တွေ့ခြင်းမရှိခဲ့ချေ။ ထို့ကြောင့် သိင်္ဂမာလာသည် စိတ်လက် အေးချမ်းစွာပင် ထွက်လာခဲ့သည်။

သိင်္ဂမာလာထွက်လာ၍ ကျောက်ပန်းပင်ကြီး အနားရောက်ပြီး ပန်းပွင့်ကို အာရုံစိုက်ကြည့်နေဆဲဝယ် ကြောက် မက်ဖွယ် ရုပ်ဆင်းသဏ္ဌာန်ရှိ၍ သူ့တသက်တာဝယ် တကြိမ်တခါမှ မမြင်ဘူးသော ဝတ်စား ဆင် ယင်မှုဖြင့် ဓါးကိုယ်စီ ကိုင်ထားသော လူသတ္တဝါငါးဦးသည်။ ချောမောလှပသော သိင်္ဂမာလာကို ဝိုင်းရံ ဖမ်းဆီး ချုပ်ကိုင်လိုက်ကြသည်။ ဤလူသတ္တဝါ ငါးဦးသည်။ မည်သည့်နေရာက ပေါ်ပေါက်လာသည်ကို သိင်္ဂ မာလာ မသိ၊ မစဉ်းစားတတ်ချေ။ သိင်္ဂမာလာ စိတ်ထဲတွင် ဤငါးဦးကို လူဟူ၍မထင်ချေ။ ဘီလူး သဘက် တွေပင်ဖြစ်လေမလားဟု ကြောက်အားကြီးစွာဖြင့် အော်ဟစ်ရန်ပင် အသံမထွက်နိုင်အောင်ဖြစ်ရ သည်။

ငါးဦးသော လူတွေက သိင်္ဂမာလာကို လှုပ်နိုင်အောင် ချုပ်ကိုင်ဖမ်းဆီးထားသော်လည်း သူတို့လို အဝတ်

အဆင်အပြင်မျိုးနှင့်ပင် လူတယောက်ကား သိင်္ဂမာလာကို ဖမ်းဆီးချုပ်ကိုင်ရာ၌ လုံးဝမပါဝင်ဘဲ ခပ်လှမ်းလှမ်း မှ တည်ငြိမ်စွာသာ ကြည့်နေသည်။

" ဗုဒ္ဓမြတ်စွာကယ်"

သိင်္ဂမာလာသည် ကြောက်ရွံ့ခြင်းဖြင့် ကြက်သေသေနေရာမျ ထိုလူငါးယောက်က ရေအိုင်နှင့် ခပ်လှမ်း လှမ်း တောင်ကမူအကွယ် နေရာသို့ ဆွဲခေါ်သည်တွင်မှ အော်ဟစ် ရုန်းကန်ရန် သတိရတော့သည်။ ထို့ကြောင့် အားရှိသမျှ ရုန်းကန်ပါသော်လည်း ငါးယောက်သော လူ၏ ခွန်အားကို မတုပြိုင်နိုင်ချေ။ ထို့ကြောင့် သူတို့ ဘာသာစကားဖြင့် ဗုဒ္ဓဘုရားကို တိုင်တည်အော်ဟစ်ရာတွင်လည်း အသံတပိုင်းတစသာထွက်သည်။ ထိုလူတွေက ပါးစပ်ပိတ်လိုက်သဖြင့် အသံပျောက်သွားလေသည်။ ထိုလူ တွေက ပါးစပ်ပိတ်လိုက်သဖြင့် အသံပျောက် သွားလေသည်။ ထိုအခိုက်မှာ သိင်္ဂမာလာအဘို့ လုံးဝ မမျှော် လင့်သော ကယ်တင်ရှင်က ပေါ်လာသည်။

ခပ်လှမ်းလှမ်းမှ တည်ငြိမ်စွာ ကြည့်နေသူသည် လျှပ်ပြက်သကဲ့သို့ သူတို့အနားသို့ လျှင်မြန်စွာ ချဉ်းကပ်လာ သည်။ သူ့လက်ထဲမှာ ကိုင်ထားသော အရာဝတ္ထုတခုကို မည်ကဲ့သို့ ပြုလုပ်သည်မသိ၊ ပြင်းထန်သောအသံ ကြီးပေါ်လာကာ ကိုယ်ပေါ်က အဝတ်တွေ စုတ်ပြတ်နေပြီဖြစ်သော သိင်္ဂမာလာကို သည်းသည်း မည်းမည်း ဝိုင်းအုံ နေသည့် လူငါးယောက်အနက် နှစ်ယောက်သည်လဲကျသွားသည်။

ကျန်သုံးယောက်က အံ့အားသင့် ဟန်ပေါ်နေခိုက်မှာ ထိုလူ့လက်ထဲက ပစ္စည်းသည် အသံမြည်သွားပြန်ပြီး ကျန်သုံးယောက်ပါ လဲကျသွားသည်။ ထိုလူ၏ ပြုမူပုံမှာ မယုံနိုင်အောင် လျှင်မြန်လွန်းသဖြင့် ငါးယောက်လုံး အငိုက်မိပြီး ခံလိုက်ကြရခြင်း ဖြစ်သည်။

"မကြောက်ပါနဲ့ ဟိုလူယုတ်မာတွေလက်ထဲက မင်းကို ကယ်တာပါ"

အလွန် ကျွမ်းကျင်ပြီသသော ပါဠိဘာသာဖြင့် ထိုလူက ပြောသောအခါ သိင်္ဂမာလာသည် အတိုင်းမသိ ဝမ်း မြောက်ခြင်း၊ ကျေးဇူးတင်ခြင်းဖြစ်ရသည်။

" မင်းဗုဒ္ဓဘုရား ကို တမ်းတသံကြားလိုက်တယ်၊ ဗုဒ္ဓဘာသာဝင်လား "

" ဟုတ်တယ် အသင်ကရော" သိင်္ဂမာလာက ပြန်မေးသည်။

" ငါလဲ ဗုဒ္ဓဘာသာဘဲ" ထိုလူက ဖြေ၏။

ထိုအခိုက်မှာ တကြိမ်တခါမှ မကြားဘူးသည့် မိုးချုန်းသံတမျှ ပြင်းထန်သော အသံကြီးတွေကြောင့် ရေတံခွန် နောက်နား ဆီမှ နစ်ဆယ်ခန့် လူအုပ်စုတစုသည် မြေကြီးထဲက ခွဲထွက်သလိုပေါ်လာသည်။ ထိုလူ တွေ မည်သို့ မည်ပုံ ရောက်လာသည်ကိုပင် မသိလိုက်ချေ။ သိင်္ဂမာလာနှင့် စကားပြောနေသောကြောင့် မသိလိုက်ချေ။ သိင်္ဂမာလာနှင့် စကားပြောနေသောကြောင့် သတိမထားမိခဲ့သော ထိုလူသည် သူ့နောက်နား ထိုလူတွေ ရောက်လာမှပင်မြင်မိတော့၏။

သွေးရဲရဲဖြင့် သေပွဲဝင်ပြီးဖြစ်နေကြသော လူငါးယောက်ကိုလည်းကောင်း၊ ဝတ်ဆင်ထားသော အဝတ်တွေ အချို့ နေရာမှာ စုတ်ပြဲနေသော သိင်္ဂမာလာကိုလည်းကောင်း၊ ထူးဆန်းသော ပစ္စည်းတခုကို လက်ထဲမှာ ကိုင်ပြီး သိင်္ဂမာလာနှင့် စကားပြောနေသော ထိုလူကိုလည်းကောင်း၊ ရောက်လာသော လူနှစ်ဆယ် အုပ်စုက စူးစမ်းသော အကြည့်ဖြင့် ကြည့်ကြသည်။ သူတို့လက်ထဲတွင်ကား လေးနှင့်မြားကိုယ်စီပါလာကြသည်။

သိင်္ဂမာလာက ဖြစ်ပျက်ပုံကို ပြောပြသောအခါ လူနှစ်ဆယ်အုပ်စုထဲက အကြီးအကဲဖြစ်သူက မေးသည်။

" သင် ငါတို့စကားမျိုး ကောင်းကောင်းတတ်တယ်လား"

" တတ်ပါတယ်" ထိုလူက ဖြေသည်။

" သင့်နာမည်က ဘာလဲ"

" ဇယမင်္ဂလ"

" ကောင်းပြီ သင်က ဘယ်လိုနည်းနဲ့ ဒီရောက်လာတာလဲ"

ထိုအခါ "ဇယမင်္ဂလ"ဟု သူ့ကိုယ်သူ နာမည်ပေးထားသူက နေရာဒေသ တခုသို့သွားရန် တောလမ်းခရီး ဖြတ်လာရာမှ မျက်စေ့လည် လမ်းမှားပြီး ရောက်လာကြောင်း၊ သေသူ ငါးယောက်သည် မိန်းမပျိုကို စော် ကားရန် ကြံသည့်အတွက် ဤသို့ ယုတ်မာသော အပြုအမူကို မုန်း၍ သတ်လိုက်ကြောင်း ဇယမင်္ဂလာကပြန် ဖြေသည်။

" ကောင်းပြီ သင် ဗုဒ္ဓကို ကိုးကွယ်သူဖြစ်တယ်။ ဒါပေမဲ့ ဗုဒ္ဓဂေါတမရဲ့ တကဲ့မျက်နှာတော်ပုံ အစစ်ကို မြင်ဘူး ရဲ့လား ... "

" မမြင်ဘူးပါ"

" အေး ... ငါတို့အမျိုး မိန်းခလေးကို ကယ်တင်တဲ့ ကျေးဇူးကြောင့် ဗုဒ္ဓဂေါတမရဲ့ မျက်နှာတော် အစစ်ကို ဖူးခွင့် ပေးမယ် လိုက်ခဲ့"

" ကောင်းပါပြီ"

သူတို့အုပ်စုသည် ဇယမင်္ဂလံ၏ မျက်လုံးကို အဝတ်ဖြင့်စည်း၍ ခေါ်သွားသည်၊ခေါ်သွားသောခရီးမှာ ဝေးကွာ လှသည် မဟုတ် သော်လည်း တနေကုန် သွားရသော ခရီးဟုထင်အောင် ခရီးကို တို့ကလေးကို ခေါက်တုံ့ ခေါက်ပြန်ပတ်ချာလှည့်ပြီး သွားနေစေသည်။ နေဝင်မိုးချုပ်သောအခါမှ ပတ်ချာလှည့်သွားနေစေသော တောင်စောင်း မှ သူတို့နေရာ တောင်ဝှမ်းသို့ လှေကားထစ်အတိုင်း ဆင်းစေသည်။ သိင်္ဂမာလာသည် သူ့ အသက် နှင့် အရှက်ကို ကယ်တင်သော ကျေးဇူးရှင်အား မျက်နှာ အဝတ်စည်းပြီး ပင်ပင်ပန်းပန်း လျှောက် နိုင်းနေသည်ကို စိတ်ထဲက သနားကြင်နာလာသည်။ ကျေးဇူးပြုထားသူ တယောက်အား ဤမျှလောက် မလျှို့ဝှက် သင့်ဟု ယူဆ၏။

ဇယမင်္ဂလံ၏ မျက်နှာမှာ စည်းထားသော အဝတ်ကို ဖြေလိုက်သောအခါ၊ သူသည် အလွန့်အလွန် ကြည်ညို ဖွယ် ကောင်းလှသော ရတနာအတိပြီးသည့် ရွှေသားတုတော်ကြီး

တဆူရှေ့မှာ ရောက်နေသည်ကို သိရ သည်။ ဇယမင်္ဂလံ ကား အတိုင်းမသိသော ကြည်ညိုစိတ်ဖြင့် ရှိခိုးပူဇော်လေသည်။

ဗုဒ္ဓကိုးကွယ်သူချင်းလည်း ဖြစ်သည်။ သူတို့ ဘာသာစကားကို တတ်မြောက်သူလည်းဖြစ်သည်။ ပြန်ရန် လမ်းစခန်းကိုလည်း မသိသူဖြစ်သည်။ ချစ်ခင် နှစ်သက်အောင် စကားပြောတတ်သူ လည်းဖြစ်သည်။ ထို့ကြောင့် ဇယမင်္ဂလံကို ခင်မင်နှစ်သက်ကြသည်။ သိင်္ဂမာလာ၏ မိဘတွေက ဆိုလျှင် သူတို့သမီး၏ ကျေးဇူးရှင်ဖြစ်၍ အစားအသောက်ကို ကျွေးသော်လည်း ဇယမင်္ဂလံကိုကား မည်သူ့အိမ်မှာမှ မနေစေဘဲ သိင်္ဂမာလာ တို့အိမ် နှင့် ခပ်လှမ်းလှမ်းမှာ ရှိသော ဇရပ်လိုလို အဆောက်အဦတခုမှာ သီးသန့်ထားလေသည်။ သို့သော် လည်ပတ်ခွင့် စကားပြောခွင့်ကိုကား ခွင့်ပြုသည်။

ဇယမင်္ဂလံ ထိုနေရာမှာ ရက်သတ္တ တပတ်ကျော် ကြာသွားသည်။ ဤမျှလောက် တိုတောင်းသော အချိန် ကလေးအတွင်းမှာ သူနှင့်သိင်္ဂမာလာတို့ ကြင်နာခြင်း အားနာခြင်းကို အရင်းခံပြီး တယောက်နှင့်တယောက် စွဲလမ်း ချစ်ကြိုက်နေကြလေသည်။ ချစ်မိပြီ ဆိုတော့လည်း လူငယ်တို့ ဘာဝ ကြောက်လန့်ခြင်း တွေးခေါ် မြော်မြင် ဆင်ခြင်ခြင်း မရှိတော့ချေ။ တညသောအခါဝယ် ဇယမင်္ဂလံရှိရာ ဇရပ်လိုလို အဆောက်အဦသို့ သိင်္ဂမာလာ က အမှောင်ရိပ်ခိုပြီး ရောက်လာခဲ့သည်။ မှောင်မဲဆိတ်ငြိမ်သော နေရာမှာ ချစ်သူ လူငယ် တစ်ဦး တို့လွှန်လွှန်ကျူးကျူးပင် ချစ်မိကြလေတော့သည်။

လေးကြိမ်မျှ ချိန်းချက်တွေ့ဆုံမိသောအခါ၌ သိဂ်မာလာ၏ မိဘအုပ်ထိန်းသူများနှင့် အုပ်ချုပ်သူ အကြီးအကဲ များ သိကုန်ကြလေသည်။

ထိုတရားကို စီရင်သောအခါ ...

သိဂ်မာလာ သည် မိမိတို့ အမျိုး၏ အစဉ်အလာကို ဖေါက်ဖျက်ကာ၊ အခြားသူတပါး နှင့် ချစ်ကြိုက်ပေါင်းသင်း ခြင်းအတွက် မြားဖြင့် အသေပစ်သတ်ရမည်ဟု လူကြီးများအားလုံးက၊ တသဘောတည်း စီရင်ဆုံးဖြတ်ကြ လေသည်။

ထိုအခါ၌ သိဂ်မာလာသည် အသက်သေရမည်ကို အလွန်ထိတ်လန့် ကြောက်ရွံ့စွာဖြင့် ထိုနေရာဒေသမှ လွတ်မြောက် ထွက်ပြေး လာခဲ့သည်။ သိဂ်မာလာထံမှာ ပါလာသည့် ပစ္စည်းအား သူ့ချစ်သူက ပေးထားသည့် ချစ်သူ ဇယမင်္ဂလံ၏ ရုပ်ပုံလေးတခုသာပါသည်။ ထိုရုပ်ပုံကလေးကို သိဂ်မာလာက အသက်နှင့်အတူ မြတ်နိုး စုံမက်စွာ ဆောင်ယူလာသည်။

ချစ်သူသည် အသက်သေမည်မဟုတ်ဘဲ အိပ်ဆေးတန်ခိုးကြောင့် အိပ်ပျော်နေမည်သာဖြစ်သည်။ မည်သည့် နေရာ မှာ သူ့ကို စွန့်ပစ်မည်နည်း၊ ချောင်းရေအတိုင်း မျှောချလေမည်လားဟု တွေးကာ ချောင်းရိုးအတိုင်း ထွက်ပြေးလာရင်း ချစ်သူကို ရှာသည်။ တောထဲမှာ တဝဲလည်လည် အဝေတ်ဝေ အပြတ်ပြတ်ဖြင့် ချောင်းရိုး အတိုင်း လာခဲ့ရာမှ ခရီးက အတော်ကွာလှမ်းလာသည်။ တောထဲတွေ့သည့်

သစ်သီးသစ်ရွက်စားကောင်း သည် ထင်သမျှ ခူးဆွတ်စားသောက် လာရင်းပင် ချစ်သူ နှင့် လွှန်ကျူးခဲ့သော ပဋိသန္ဓေက တဖြည်းဖြည်း ပေါ်လာ လေသည်။

ကံအားလျော်စွာ ချောင်းကမ်းဘေးတနေရာမှာ အိမ်ခြေလေးငါးအိမ်မျှ ရှိသော ရွာကလေး တရွာကို တွေ့သဖြင့် တောင်းပန်ခိုလှုံနေရင်းပင် သမီးကလေးကို မွေးဖွားလာခဲ့သည်။ ထိုရွာသူ ရွာသားတွေကား သိင်္ဂမာလာ၏ စကားကို မတတ်သိင်္ဂမာလာကလည်း သူတို့ ဘာသာစကားကိုမတတ်၊ သို့သော်... ဒုက္ခ ရောက်လာသူ ဟူ၍ကား အဓိပ္ပာယ်ပေါက်သည်။ ထို့ကြောင့် ကောင်းစွာ လက်ခံကျွေးမွေး စောင့်ရှောက် ထားခြင်းဖြစ်၏။ ခြေဟန်လက်ဟန်ဖြင့် အဓိပ္ပာယ်ဖော် ဆက်ဆံလာရာမှ သူတို့စကားကို ထမင်းစား ရေသောက် လောက် နားလည်လာသည်။ သူတို့သည် ချင်းလူမျိုးတွေ ဖြစ်ကြောင်းကို နောင် သောအခါမှ သိင်္ဂမာလာ သိရသည်။ သိင်္ဂမာလာက မွေးသောသမီးလေးအား မာလာဒေဝီဟု အမည်ပေးလေသည်။

" အဲဒီ မာလာဒေဝီ ဆိုတာ မမပေါ့ဟုတ်လား "

မောင်တင်ဦးကမေးသည်။

" ဟုတ်ပါတယ် မောင်တင်ဦးရယ်"

မာလာဒေဝီကဖြေသည်။

" ဆက်ပြောပါအုံးမမရယ်၊ ဘယ်လိုဖြစ်ပြီး ဟိုလူ့သရဲ တွေလက်ထဲရောက်နေရတာလဲ"

မောင်တင်အုံးကမေး၏။ မောင်တင်ဦးကမူ နက်နဲစွာ စဉ်းစားနေသည်။ သူ့အဖေပြောခဲ့သော စကားတပိုင်း တစကို လည်းကောင်း၊ နွေရာသီပြောင်း မိန်တံပေါင်းဝယ် ရှေးဖြစ်ဟောင်းကို တွေးတောဆွေးမောနေလေ့ရှိ သော ဘခင်၏ ဟန်မူရာကိုလည်းကောင်း၊ ဘခင်သည် ပါဠိဘာသာ၊ ဟိန္ဒူဘာသာကို ကျွမ်းကျင်စွာ တတ်မြောက်ခဲ့သည်ကိုလည်းကောင်း၊ သာကီဝင် ဆွေမျိုးစုကို နာမည်ပေးခဲ့သည့် ဇယမင်္ဂလံဆိုသည်မှာ သူ့ နာမည် မောင်အောင် ကို ပါဠိဘာသာဖြင့်သာ ပေးခဲ့ခြင်းဖြစ်ရမည်ဟူ၍ ၄င်းဆက်စပ်တွေးတောရင်း ဇယမင်္ဂလံ ဆိုသူသည် သူ့ဖခင် ဦးအောင်ဖြစ်နေပါက မာလာဒေဝီသည် သူနှင့် အဖေတူ အမေကွဲ အမ အရင်း ဖြစ်ရမည်ဟု ယူဆ၏။

ထိုသို့ ဖြစ်လျှင် သူ့အဖေ ဦးအောင်၏ ရုပ်ရည်သဏ္ဍာန်သည် မာလာဒေဝီမှာ တစိတ်တဒေသတော့ ပေါ်လွင် ရပေမည်ဟူသောစိတ်ဖြင့် မာလာဒေဝီကို စိမ်းစိမ်းစားစားကြည့်နေမိသည်။

သို့သော် ... မာလာဒေဝီကား ချောမော လှပလွန်းသည်ဖြစ်ရာ သူ့အဖေ ရုပ်ရည်အရိပ်အရောင်ကို ရှာမတွေ့ အောင်ဖြစ်ရသည်။

" ကြည့်ပုံ ထူးလှချည့်လား မောင်တင်ဦး၊ မမပြောတာတွေ မယုံလို့လား "

မာလာဒေဝီက မေး၏။

" ယုံပါတယ် မမ၊ ကျွန်တော် ကြည့်တာက မမကို အမအရင်းလို ထင်မှတ်ပြီး သန့်ရှင်းစင်ကြယ်တဲ့ မေတ္တာ စိတ် နဲ့ ကြည့်နေတာပါ"

သူ့ကို အထင်လွဲမည်စိုး၍ မောင်တင်ဦးက ဖြေသည်။ သူ့စိတ်ထဲက ထင်မြင်ချက်ကိုကား မဖွင့်သေးချေ။ မာလာဒေဝီ ၏ စကားကိုသာ ဆုံးအောင် နားထောင်ဦးမည်ဟု ဆုံးဖြတ်၏။ မောင်တင်အုံးကမူ ရွှန်းရွှန်းလဲ့လဲ့ တောက်ပသော မျက်လုံးဖြင့် ချောမောလှပသော မာလာဒေဝီကို စူးစူးစိုက်စိုက်ကြည့်ကာ -

" ဆက်ပါအုံး မမရယ်" ဟု ထပ်မံတိုက်တွန်းသည်။

ထိုအခါ မာလာဒေဝီက သူ့ကို ရွှန်းလဲ့သောမျက်လုံးဖြင့် စိုက်ကြည့်နေသော မောင်တင်အုံးကို မျက်လုံး တချက် ဝင့်ကြည့်ပြီး ဆက်ပြောလေသည်။

သိဂ်မာလာသည် အခါလည်နီးပါးရှိနေပြီဖြစ်သော သမီးကလေး မာလာဒေဝီကို ပွေ့ချီကာချောင်းရေစပ်သို့ ရေချိုး ရန် ဆင်းလာခဲ့ သည်။ ထိုအချိန်၌ ချောင်းရေသည် မိုးရာသီမဟုတ်ပါဘဲနှင့် ခါတိုင်းထက်များသောရေ ဖြင့် အဟုန်ပြင်းစွာ စီးဆင်းနေသည်ကို တွေ့ရသည်။

" ဘေးရန် အနှောက်အယှက် တခုခုရှိလို့ ရေခလုတ် ဖွင့်ချလိုက်ပြီထင်တယ်" ဟု သူတို့ သာကီဝင် တိုင်း ပြည်ကလေး၏ လျှို့ဝှက်ကို သိပြီးဖြစ်သော သိဂ်မာလာက တွေးရင်း ရေချိုးရန် ကိစ္စကို

ဆိုင်းငံ့ကာ ချောင်း ကမ်းဘေး သစ်တုံးကြီး တစ်တုံးပေါ်တွင် သမီးငယ်ကို ပွေ့ချီ ထိုင်နေလေသည်။ ချောင်းရေကို ငေးစိုက်ကြည့်နေရင်း သူ့ချစ်သူ ဇယမင်္ဂလံ အလွန်အမင်း လွမ်းဆွတ်တသမိသည်။ အလွန်စင်ကြယ်သော သာကီဝင် မင်းမျိုး မင်းဆွေဖြစ်သူတို့သည် သူတို့ မျိုးထဲကို အခြားသွေးရောမည့်အရေး အလွန်ပင် ဝန်လေး တတ်သည်ဖြစ်၍ ပသေနဒီတိုင်းပြည်ရှင် ကောသလဘုရင် ဆွေမျိုးဆက်လို၍ တောင်းလာသည်ကို ရှင်ဘုရင် တပါးစစ်ဖြစ်လျှက်နှင့် သာကီဝင်သွေး မင်းသမီးကိုမပေးဘဲ အစေခံကျွန်မသာ အယောင်ဆောင် ပေးခဲ့ဘူးရာ ယခုအမျိုးနွယ် နေရပ်ဇာတိကို လုံး၀ မသိရသူ ဇယမင်္ဂလံဆိုသူကို မျက်စိ မှိတ်ချစ်ကြိုက်၍ တိတ်တဆိတ် ပေါင်းသင်းသော သိင်္ဂမာလာအနေဖြင့်လည်း ထိုဒဏ်ကို ခံယူသင့်သည်ဟု ကျေနပ်သည်။ သို့သော် ကံအားလျော်စွာ ထွက်ပြေး လွတ်မြောက်စေခဲ့၍ အသက်မသေသော်လည်း အသက်တမျှ ချစ်ရသူ ဇယမင်္ဂလံ နှင့် ကား မတွေ့ရတော့ချေ။

" အိပ်ဆေးအလွန်အကျွံ တိုက်လွှတ်ပြီး ဒီလိုဘဲ ချောင်းထဲ ပစ်ချလိုက်ပြီ ထင်ပါရဲ့" ဟု ကြေကွဲစွာ တွေးနေ ဆဲ ပစ်ချလိုက်ပြီ ထင်ပါရဲ့ဟု ကြေကွဲစွာ တွေးနေဆဲသစ်တုံးတတုံးကို ဖက်တွယ်မျောလာသော လူသဏ္ဍာန် ကို တွေ့ရသည်။ ထိုသဏ္ဍာန်သည် ကမ်းခြေကို ကပ်နိုင်အောင် ကြိုးစားကူးခတ်နေပါသော်လည်း အတော်အသင့် လျင်မြန်သော ရေစီးကြောင်း ပင်ပန်းကြီးစွာ ဖြစ်နေရ သည်ကိုတွေ့ရသည်။ သိင်္ဂမာလာ သည် ထိုသူကို ကယ်တင်လိုစိတ်ပေါ်လာသည်။

ထို့ကြောင့် ပွဲ့ထား သောသမီးငယ်ကို မြေပေါ်သို့ အသာအယာချကာ နွယ်ပင်တပင်ကို ကြိုးအဖြစ် လှမ်းပစ်ပေးမည်ဟု စိတ်ကူး ပြီး ကြိုးစားအားထုတ် ဖြတ်နေဆဲဝယ် ထိုလူသည် ကမ်းပေါ်ကလူကိုမြင်၍ အားတက်လာဟန်တူသည်၊ ဖက်ထားသော သစ်တုံး ကိုလွှတ်၍ ကြိုးစားကူးခတ်လာသည်။

ကမ်းခြေနှင့် ခပ်လှမ်းလှမ်းအရောက်တွင် ခြေကုန်လက်ပန်းကျကာ နစ်လုဆဲဆဲ အခြေရောက်မှ သိဂ်မာ လာက နွယ်ကြိုးဖြတ်၍ရသည်။ နွယ်ကြိုးတစကို လျှင်မြန်စွာ ပစ်ပေးလိုက်၏။ ချိန်သားကောင်းစွာ ပစ်လိုက်သည်ဖြစ်၍ နွယ်ကြိုးစက ဆိုက်ဆိုက်မြိုက်မြိုက် ပင်ရောက်သွားသည်။ ထိုအခါမှ ရေမျောလာသူသည် ကြိုးစကို ဆွဲကိုင်ကာ ကြိုးစားအားထုတ်ကူးခတ်ရန် မလိုတော့ဘဲ သိဂ်မာလာဆွဲယူသော နွယ်ကြိုးအတိုင်း မေး၍ လိုက်လာကာ ကမ်းပေါ် ရောက်လာသည်။ အားအင်ကုန်ခန်းမောပန်းလွန်းနေသော ထိုလူကို ခြောက် သွေ့နွေးထွေးသော အဝတ်ပေးလိုသည်။ အစာအဟာရကျွေးလိုသည်။ ထိုစေတနာသည် သိဂ်မာလာမှာ ရှိပါသော်လည်း သူကိုယ်တိုင်ကသူများအိမ်မှာ ကပ်နေရ၍ တဝမ်းတခါးအတွက် အိမ်ရှင်မျက်နှာ ကြည့်နေ ရသည့်ဘဝ ဖြစ်သောကြောင့် စေတနာရှိသလို အကောင်အထည်မဖော်နိုင်ရှာချေ။

ထိုလူ၏ ရုပ်ဆင်းသဏ္ဌာန်ကြည့်ရခြင်းဖြင့် သူ့ချစ်သူနှင့် အမျိုးအနွယ်ချင်း လုံးဝမတူကြောင်းကို တွေ့ရသည်။

" ဘာဖြစ်တာလဲ"

မောပဟိုက်ပင်ပန်းစွာ လဲလျောင်းနေသော ထိုလူကို သိင်္ဂမာလာက သူ့ဘာသာစကားဖြစ်သော ပါဠိဘာသာ စကားဖြင့်မေး၏။ ထိုလူက သိင်္ဂမာလာကို တအံ့တသြ ကြည့်ပြီး ပါဠိဘာသာဖြင့် ဆင်ဆင်တူသော ဘာသာ စကားဖြင့် ပြန်ပြောသည်။ သို့သော် သိင်္ဂမာလာက နားမလည်ချေ။

ထိုအခိုက်မှာ ရေချိုးဆင်းသွားသည်မှာ ကြာပြီဖြစ်၍ စိတ်ချသော အိမ်ရှင် အဖွားကြီးက လိုက်လာသည်။ သိင်္ဂမာလာ၏ အကျိုးအကြောင်း ပြောပြသောခါ ရေမျောလာသူအား သနား ကြင်နာစွာ ဖြင့် ခေါ်လာခဲ့ပြီး သူတို့တတ်အားသမျှ ကျွေးမွေးသည်။ ဝတ်ဆင်ရန် ခြောက်သွေ့သော အဝတ်ကို ပေးသည်။ သို့သော် ထို လူကား အအေး မိလာဟန်တူသည်။ အပြင်းအထန်ဖျားလေတော့၏။

ထက်မျက်သော ဆေးဝါး ခါတ်ဟူ၍ မရှိသောကြောင့် ထိုလူသည် နာတာရှည်ရောဂါသည် တယောက် ဖြစ်ကာ ချိချိနဲ့နဲ့ဖြင့် အမောမခံနိုင်၊ မသွား နိုင်၊ မလာနိုင်ဖြစ်နေခဲ့ရာ ရက်မှ လသို့ကူး၍ တနှစ်နီးပါး ကြာသွား လေသည်။

ထိုအခါဝယ် ထိုလူ ပြောစကား ကို သိင်္ဂမာလာနှင့် စကားပြောတတ်စ ဖြစ်သော သမီးငယ်မာလာဒေဝီတို့က နားလည် လာကြသည်။ ထိုလူကလည်း သူ့စကားကို သင်ပေးသည်။

သိဂ်မာလာသည် အိမ်ရှင်များနှင့် တောင်ယာ ပဲခင်းစိုက်ခြင်း၊ ဂျပ်ခုတ်ယက်လုပ်ခြင်း၊ ထင်းခွေ ရေခပ် ချက်ပြုတ်ခြင်းကို ကူညီလုပ်ကိုင်နေရသောအခါများ၌ နာတာရှည်ရောဂါသည်လို တောင်ဝှေးထောက်ကာ ချိချိနဲ့နဲ့ သွားလာနေရသော လူက မာလာဒေဝီကို တတ်အားသရွေ့ ကြည့်ရှု ထိန်းသိမ်းသည်။ သူတို့ ဘာသာ စကားကို သင်ကြားပေးသည်။ ထို့ကြောင့် မာလာဒေဝီသည် မိခင်၏ မျိုးရိုးဖြစ်သော ပါဠိဘာသာကို လည်းကောင်း၊ ထိုလူ သင်ကြားပေးသော ဘာသာစကားကိုလည်းကောင်း၊ ရေလည်စွာ ပြောဆိုတတ်လာ သည်။ နားလည်ကျွမ်းကျင်လာသည်။ သိဂ်မာလာ၏ ဘာသာစကားကိုလည်း ထိုလူက ပြောတတ်ဆိုတတ် လာသည်။

" ဒါဖြင့် ... မမ အခု ပြောနေတဲ့ အင်္ဂလိပ် စကားဟာ လူ့သရဲတွေသတ်ပြီး ချောင်းထဲ ချလိုက်တဲ့ အင်္ဂလိပ် ကြီးက သင်ပေးခဲ့တာပေါ့ဟုတ်လား "

မောင်တင်အုန်းက မေးသည်။

" ဟုတ်တယ် မောင်ငယ် "

မာလာဒေဝီက စိတ်မကောင်းသံဖြင့် ပြောသည်။

" ချင်းရွာကလေးကနေပြီး ဘယ်လိုကြောင့် အဲဒီလူဆိုးတွေ လက်ထဲရောက်သွားတာလဲမမ"

မောင်တင်အုန်းက မေး၏။ မောင်တင်ဦးကမူ စူးစူးစိုက်စိုက်သော နားထောင်ရင်း စဉ်းစားနေသည်။

" မမ အဖေလို နေလာခဲ့တဲ့ အင်္ဂလိပ်နာမည်က " ရစ်ချတ်တဲ့ကွဲ့၊ မမ အနေနဲ့ သူနဲ့ မောင်နှမအရင်းလို စင်ကြယ် ကင်းရှင်းစွာ နေခဲ့ကြပေမဲ့ မမက သူ့ကို အဖေလိုချစ်တော့ အဖေကခေါ်တယ်။ သူကလဲ သမီးလို့ဘဲ ခေါ်တယ်။ အမေနဲ့ သူ တယောက်ကို တယောက်ခေါ်ကြတာက အခု ဒို့ခေါ်သလို သူ မောင်ငယ် မမလို့ ဘဲခေါ်တယ်။ အဖေက စစ်သားတယောက်တဲ့ သူတို့ စစ်တပ်နဲ့ တောထဲ ရောက်လာတော့ ချောင်းရေ မျော လာတဲ့ ပုဝါခြုံထည်တွေ့တယ်။ တောင်ထိပ်က တူးဆန်းတဲ့ အလင်းရောင် တွေ့တယ်တဲ့ အဲဒါဘာလဲလို့ စုံစမ်းမယ်။ ပြီး ချောင်းအတိုင်း လိုက်လာရာက အခု တင်က မမ ကျောက်ပန်းပွင့်ကြီးတွေ တွေ့ရာ စမ်းအိုင် ကြီး ရောက်လာကြတယ်တဲ့၊ အဲဒီရေတံခွန်ကျရာ စမ်းအိုင်မှာ ထူးဆန်းတာ တခုရှိတယ်လို့ အမေက ပြော သွားဘူးတယ်။ ဒါကို အဖေတို့ မသိကြလို့ ဖြစ်ကြတာကွဲ့."

" ဘယ်လို ထူးဆန်းချက်လဲ မမ "

မောင်တင်အုန်းက မေးသည်။

" စမ်းအိုင်နေရာဟာ အစက ချောက်လိုလို တွင်းကြီးတခုတဲ့ တွင်းထဲမှာ သဘာဝ အားဖြင့် အလိုလျောက် ဖြစ်နေတဲ့ ပယင်းကျောက်နဲ့ မြကျောက်ရတနာတွေဟာ အတုံးလိုက် ရှိတယ်တဲ့၊ တွင်းအနက်က ရေဝါးနစ် ပြန်လောက် ရှိတယ်တဲ့ တောင်ခေါင်းထဲမှာ ဆင်ထားတဲ့ ရေတံခါးကို ဖွင့်ချလိုက်လို့ တွင်းပြည့်ပြီး အိုင်ကြီး ဖြစ် အိုင်ကြီးက တခါလျှံပြီး ချောင်းငယ်အဖြစ် စီးသွားတာပေါ့လေ၊

ဒီအိုင်ကြီးထဲမှာ ရှိနေတဲ့ ပယင်းနဲ့ မြတွေ ဟာ ညသန်းခေါင်ကျော်အချိန်ရောက်ပြီဆိုရင် သိပ်မြူးတယ်တဲ့။

အထူးသဖြင့် လရောင်ကို သိပ်ပြီး နှစ်သက် တယ်လို့ ယူဆရတယ်တဲ့၊ လရောင်ဆိုရင် လပြည့် လဆန်း လဆုတ် ဘယ်အခါဖြစ်ဖြစ် လရိပ်သဏ္ဍာန်ဟာ အိုင်ပေါ်တဲ့တဲ့ ရောက်ပြီဆိုရင် အိုင်ထဲမှာ ရှိနေတဲ့ ပယင်းရောင် မြရောင်တွေဟာ ရေမျက်နှာပြင်ပေါ်ကို အရောင်ဟပ်ပြီး တောက်ပလာတာဘဲတဲ့၊ အဲဒီလို တောက်ပလာချိန်မှာ ဆိုရင် မြင်ရသူအဘို့ ဒီအိုင်ကြီးကို ရေပြင်လို့ မမြင်တော့ဘူး။ ရွှေစင်ရွှေခဲတွေ မြကျောက်တုံးတွေ တင်းကြမ်းပြည့်နေတဲ့ နေရာလို့ မျက်စိမှား အောင်ကို ပြောင်းလဲသွားတတ်တယ်တဲ့ အမေ တို့ အမျိုးတွေ ရောက်လာစက အဲဒီလိုထင်မိလို့ ဆွေတော် မျိုးတော်ထဲက စိတ်မြန် ကိုယ်မြန် လူနှစ်ယောက် အိုင်ထဲကျ သေသွားပြီးပြီတဲ့ "

" အလောင်းပြန်ဆယ်လို့ မရဘူးလား "

မောင်တင်အုန်းက မေး၏။ မာလာဒေဝီက ဦးခေါင်းခါပြသည်။

" သိပ်ကြောက်စရာ ကောင်းတဲ့ တွင်းကြီးလို့ အမေပြောတယ်။ ပယင်းကျောက်တွေ မြကျောက်တွေ အောက် မှာ ဘာရှိလဲမသိဘူး၊ ရေဟာ မှန်သားလို ကြည်လင် နေပါရက်နဲ့ ကျသွားတဲ့ လူကို အပေါ်ကနေ ကြည့်တာ ဘယ်လိုမှ ကြည့်လို့မမြင်ဘူးတဲ့၊ ဒီအိုင်ထဲလဲ ဘယ်သူမှ မဆင်းဝံ့ကြဘူးလေ"

မောင်တင်ဦး နှင့် မောင်တင်အုန်းတို့ တယောက် မျက်နှာ တယောက် ကြည့်လိုက်မိကြသည်။ မေရုပ္ပိုက်၏ စစ်သားတွေသည် ဤရေအိုင်ကြီး၏ ထူးဆန်းကြောက်မက်ဖွယ် ကောင်းသော လျှို့ဝှက်ချက်မှာ အမိခံရ၍ လောဘဇော တိုက်ကာ ရွှေတွေ မြတွေ လိုချင်ဇောဖြင့် ရေအိုင်ကြီးထဲမှာ အစပျောက် ကုန်ကြခြင်း ဖြစ်ကြောင်း သဘောပေါက်လာကြသည်။ မာလာဒေဝီ၏ အဖေလို ဖြစ်နေသော ရစ်ချတ် ကလည်း ဤအတိုင်းပင် ဖြစ်သွားကြောင်း ပြောပြသည်ဆို၏။

" သူတယောက်ထဲက ဘယ်လို ကျန်ခဲ့တာလဲ မမ "

မောင်တင်အုန်းက မေး၏။

" သူများ တွေက သူ့ထက်ငါ ဦးအောင် လောဘဇောတိုက်ပြီး အပြေးအလွှားသွားကြတော့ သူက သေနေ့ မစေ့သေး တဲ့လူ ဖြစ်လို့ ထင်ပါရဲ့၊ ဒီနေရာဟာ ရေအိုင်ကြီးဘဲလို့ စိတ်ထဲမှာ သတိရပြီး သူတို့လို မသွားဘဲ သူနေမြဲ တိုင်းနေရာကဘဲ ကြည့်နေခိုက် သွားကြတဲ့ လူတွေဟာဝရုန်းသုံးကားနဲ့ ရေထဲကျကုန်ကြတော့ တယောက် တယောက် နီးရာ လူအားပြုဆွဲကိုင်ကြရင်း မဟာန်နိုင် မတောင့်နိုင်ဘဲ တပြုံလုံး ကျကုန်ကြ တယ်တဲ့ ရေအိုင်ကြီးကလဲ အဲဒီ အချိန်မှာဆိုရင် ထူးဆန်းတဲ့ ဆွဲငင်အားတခုခုရှိပါလိမ့် မယ်"

မာလာဒေဝီ၏ ပြောစကားကို ...

" ဟုတ်နိုင်တယ် မမ"ဟု မောင်တင်အုံးက ထောက်ခံ၏။ မာလာဒေဝီက ဆက်ပြောသည်။

" အဖေလဲ အံ့အားသင့် ကြည့်နေမိတယ်တဲ့။ ဖြစ်ပုံက သိပ်မြန်တယ်ဆိုတဲ့။ အိုင်ပတ်ဝန်းကျင်နေရာ တလျှောက်ဟာ တိတ်ဆိတ်ငြိမ်သက်ပြီး ကျန်ရစ်တာဘဲတဲ့"

" လူတွေ ကျသွားပြီးတဲ့နောက် ရွှေရောင် မြရောင်တွေ တောက်သေးသလား" မောင်တင်အုံးကမေးသည်။

" မတောက်တော့ဘူးတဲ့ ပကတိရေအိုင်အဖြစ်ဘဲ ပြန်ဖြစ်သွားတတ်တဲ့"

" ဟာ ... ဒါဖြင့် လူစားတဲ့ကျောက်တွေပေါ့"

မောင်တင်အုံးက ထင်မြင်ချက်ပေးသည်။

" ဟုတ်ပါလိမ့်မယ် မောင်ငယ်"

" ဒါနဲ့ နောက်ဘာဖြစ်လဲ မမ ဆက်ပြောပါအုံး "

" အဖေလဲ အံ့အားသင့်နေရာက သူ့ဗိုလ်မှူးကို နှိုးမယ်လို့ ဗိုလ်မှူးအိပ်နေရာကို အသွားမှာ ရေတံခွန် နောက်ကွယ် တနေရာက တောင်ကို ခွဲထွက်လာသလို ထူးဆန်းတဲ့ လူတစု ထွက်လာတာလဲတွေ့ရော၊ အဲဒီ ရေအိုင်ကြီး ကလဲ မယုံနိုင်စရာအဖြစ်မျိုးနဲ့ စစ်သားတွေ အားလုံးကို ဝါးမြိုပြီး၊ အခုထွက်လာတာတွေကလဲ လူ အစစ် မှ ဟုတ်ရဲ့လား မကောင်းဆိုးဝါး တွေများဖြစ်လေမလားလို့ တွေးပြီး ကျောက်တုံးတတုံးကို ကွယ်ပြီး ကြည့်နေတယ်တဲ့၊ အဲဒီလူတွေက သူ့ဗိုလ်မှူး အိပ်ပျော်နေရာကို သွားဝိုင်းကြတော့ သူလဲ

တတ်နိုင် သလောက် ခုခံမယ်ဆိုပြီး ကျောက်တုံး အကာအကွယ်ယူပြီး သေနတ်နဲ့ ပစ်မယ်လို့ ပြင်ဆင်ကာရှိသေး သူ့ နောက်က လူတွေရောက်လာပြီး သူ့သေနတ်ကိုလု သူ့ကိုဖမ်းကြတော့ ရေအိုင်ကြီးထဲ ပစ်ချကာ ခံရတော့ မယ်လို့ ကြောက်လန့် ရုံးကန်ပြီး ချောင်းထဲခုန်ချ ရေစီးနဲ့ မျောပြီး ပြေးခဲ့ရာမှာ အမေနဲ့ တွေ့ရတာပေါ့ မောင်ငယ်တို့ "

မာလာဒေဝီက ပြောပြီး မောသွားဟန်ဖြင့် ခေတ္တနားနေသည်။

" ဘယ်လိုလဲ ကိုတင်ဦးရဲ့ ငြိမ်ချက်သား ကောင်းလှချေလား ကျွန်တော်ကချည်း ဒိုင်ခံ ထောက်ပေး နေရတယ်။ ဘာတွေများ အစဉ်းစားလွန်နေပါလိမ့်"

သူ့အတွေး သူ့စိတ်ကူးနှင့် ငြိမ်နေသော မောင်တင်ဦးကို မောင်တင်အုံးကမေး၏။

" မမစကားကို ဆုံးအောင် သေသေချာချာ မှတ်သားပြီး နားထောင်နေတာပါ။ မမပြောပြလို့ ဆုံးမှ ကျွန်တော် ကလဲ ကျွန်တော့် ထင်မြင်ချက် ပြောပြရမှာပေါ့ဗျာ"

မောင်တင်ဦး က အေးအေးဆေးဆေး ပြန်ပြောသည်။

" မေဂျာပိုက်ပြောတာတွေမှန်ကြောင်း စစ်သားတွေ ဘယ်လို ပျောက်သွားကုန်တယ် ဆိုတာတွေရော အကြောင်းရင်းအမှန်ကတော့ ပေါ်ပါရဲ့ ကြားရတဲ့လူက ယုံနိုင်ပါ့မလား ကိုတင်ဦး "

" လောကကြီးမှာ တကယ် ဖြစ်ပျက်တဲ့ အကြောင်းအရာဟာ စိတ်ကူးယဉ်တာထက် ပိုပြီး ဆန်းကြယ်တတ် ပါတယ်ဗျာ"

" ဟို ဗုဒ္ဓဆင်းတုကြီးက သာကီဝင်တွေ ပန်ကြားထားတဲ့အတိုင်း ဆံတော်ကြွသွားဘို့ အချိန်နီးပြီဆိုတဲ့ အထိမ်း အမှတ ်ပြသေးလား မသိဘူး "

မောင်တင်အုံးက ပြောသောအခါ အမောပြေပြီ ဖြစ်သော မာလာဒေဝီက သူ့ယူဆချက်ကိုပြော၏။

" ဟို မဆိုးကြီး ပြောသွားတယ် ဟုတ်လား။ အမေ့ဆွေတော် မျိုးတော်တွေနေရာ ချိုင့်ဝှမ်းဒေသတခုလုံး ရေအိုင်ကြီး ဖြစ်ပြီး အားလုံးမျိုးပြုတ် ကုန်ကြပြီဆိုတာလေ။ အဲဒီလို ဖြစ်ဘို့အချိန် ဆိုက်ရောက် တော့မယ် ဆိုတဲ့ အထိမ်းအမှတ်နဲ့ ဆံတော် ကြွခ်နီး တန်ခိုးပြ ရောင်ခြည်တော်တွေ လွှတ်တာကိုး။ အဖေတို့ ဗိုလ်မှူး တွေ့တာပေ့ါ တောင်ထိပ်ပေါ်က မှန်ပြောင်းနဲ့တောင် ကြည့်မရတဲ့ အလင်း ရောင်ကြီးဆိုတာ အဲတာ ဖြစ်မှာပေ့ါ"

" ဖြစ်နိုင်တယ်နော် ကိုတင်ဦး"

" ဟုတ်တယ် ရောင်ခြည်တော် လွှတ်တာဘဲဖြစ်မယ်"

နှစ်ယောက်လုံး အယူအဆ တူညီကြသည်။

" မဆိုးကြီး ပြောတဲ့ အထဲမှာ တောင်ကြီး ပြိုတယ်လို့လဲပြောတယ်၊ တောင်ပြိုအောင် ဘယ်လို လုပ်လိုက် တာလဲ၊ မမ အမေက ပြောပြသွားသေးလား"

မောင်တင်အုံး က မေးသည်။

" အမေက အားလုံးပြောပြသွားပါတယ် မောင်ငယ်။ ဒီတောင် ချိုင့်ဝှမ်းထဲမှာ အခြေစိုက်ပြီး ဆိုကထဲက ရေတံခွန် ရဲ့ ထွက်ပေါက်ဝင်ပေါက် ရေတံခါးရော တောင်ခေါင်းကို ထွင်းပြီး စက်မောင်း ဆင်ထားတာရော အားလုံး လုပ်ထားခဲ့ခဲ့တယ်တဲ့၊ ဗုဒ္ဓမြတ်စွာရဲ့ ဆင်းတုတော် အောက်တည့်တည့်မှာ တွင်းအနက်ကြီး တူးပြီး တွင်းကို သစ်သားဖုံးထားတယ်ဆိုတာကလဲ ခလုတ်တပ် ထားတာဘဲ၊ ဖျက်ဆီးမဲ့ ရန်သူလာရင် ခုံကာကွယ် ရမယ်၊ မနိုင်ရင် သာကီဝင် မျိုးဆွေမိန်းမတွေကို တခြားအမျိုးက ဆက်ဆံမှု မရှိစေရအောင် အဘိုးအတိုင်း မသိထိုက်တဲ့ ဗုဒ္ဓမြတ်စွာ ကို လူမသမာ ဆိုးယုတ်သူတွေက ဖျက်ဆီးသုံးစွဲခြင်း မပြုနိုင်အောင် ခလုတ်တွေ အားလုံးကို ဖွင့်ရမယ်လေ။

အဲဒီတော့ ဗုဒ္ဓမြတ်စွာ ရပ်နေတော်မူရာ အောက်တည့်တည့်က အံ့ဖုံးသစ်သား ပွင့်ပြီး နက်လှတဲ့ တွင်းကြီးထဲကို ဆင်းတုတော် ကျသွားရော။ ကျောက်သား ဖြစ်နေတဲ့ အဆောက်အဦးကြီး ကလဲ ပြိုကျပြီး ဖုံးရော တောင်ခေါင်းထဲက ရေတွေကလဲ အပြင်မထွက်တော့ ဘဲ ချိုင့်ဝှမ်း တခုလုံး အပြည့်ဖုံးပြီး အိုင်ကြီးဖြစ်သွားရော ဆင်းတုတော် ကျသွားရာ နက်လှတဲ့ တွင်းကြီးနေရာမှာ ကြောက်စရာ ရေဝဲကြီးကလဲ ဖြစ်နေရော အဲဒီတော့ ရတနာအတိပြီးတဲ့ ရွှေသား ဆင်းတုတော်ကြီး ကို ဘယ်လူယုတ်မာကမှ ယူငင်ဖျက်ဆီးလို့ မရတော့ဘူးပေါ့ မောင်ငယ်"

မာလာဒေဝီ ပြောပြသည်မှာ မှန်သော်လည်း ဗုဒ္ဓဂေါတမ၏မျက်နှာတော် အဆင်းရူပကာ အစစ်အမှန်ကို ယခု အချိန်ကာလမှာ ဖူးမြင်ရသော ဗုဒ္ဓဘာသာဝင်တို့အဘို့ မည်မျှ အကျိုးရှိမည်နည်း။ မည်မျှစေတနာ ထက်သန်မည်နည်း။ ဗုဒ္ဓဘာသာဝင် ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ မြင်ရဖူးရကြည့်ရှုရသူ အားလုံး တို့ ရင်သပ်ရှုမော အံ့သြရမည့် တန်ဘိုးမဖြတ်နိုင်သော ရှေးဟောင်းလက်ရာကား၊ ကြီးစွာသောဆုံးရှုံးခြင်းဖြင့် နမြော ဝမ်းနည်းဘွယ်ရာ ကွယ်ပျောက်သွားပြီးဖြစ်၏။

မာလာဒေဝီက ဆက်ပြောသည်။

" နှစ်ပေါင်း နှစ်ထောင်လောက်ကစပြီး ဒီချိုင့်ဝှမ်းထဲမှာ လူသူလေးပါး အမြင်မခံဘဲ ဖြစ်သလိုစား ဖြစ်သလို ဝတ်ဖြစ်သလိုနေလာခဲ့ကြတယ်၊ လူမျိုးပြန့်ပွားရေးမှာလဲ ဆွေရင်းမျိုးရင်း အချင်းချင်းသာ ပြန်လည် ဆက်ဆံ ကြတာကိုလဲ ဟိုမဖျှမဒေသမှာ နေစဉ်ကာလလို အားကြိုးမာန်တက် မဆောင်ရွက်ဘဲ တဖြည်းဖြည်း ကင်းရှင်းလာကြတယ်။ သွေးမတူတဲ့ အခြားလူမျိုးနဲ့လဲ မရောမိအောင် ဝိရိယကြီးစွာထားပြီး ထိန်းသိမ်းလာခဲ့ကြတယ်ဆိုတော့ လူဦးရေက တဖြည်းဖြည်း လျှော့နည်းတိမ်ကောလာတာပေါ့ မောင်ငယ်။ ဒါကြောင့် ဟိုမှုဆိုးကြီး ပြောသလို ရန်သူကို လက်နက်ချင်းလဲ မယှဉ်နိုင်၊ အင်အားချင်းလဲ မပြိုင်နိုင်တော့ ရန်သူတွေရော သူတို့ရော တယောက်မကျန် ပျက်စီးသေကြေမဲ့နည်းကို သုံးလိုက်တာပေါ့ကွယ်"

မာလာဒေဝီက စကားဖြတ်ပြီး သူမမြင်လိုက်ရဘူးသော ဆွေတော်မျိုးတော်တွေကိုရော ဗုဒ္ဓဆင်းတုတော်ကို ရော သူ့အမေ သိင်္ဂမာလာနှင့်သူ့အဖေ ရစ်ချက်ကိုရော တွေးတောလွမ်းဆွတ်တမ်းတ မြင်ယောင် လာဟန် တူသည်။ ချောမောလှပသော မျက်နှာမှာ ညှိုးကျသွားရှာသည်။

မောင်တင်အုံးသည် မာလာဒေဝီကို ရွှန်းရွှန်းလဲ့သော မျက်လုံးဖြင့် မျက်တောင်မခတ် ကြည့်နေသည်ကို တွေ့ ရသောမောင်တင်ဦးသည် ယောက်ျားအချင်းချင်းအကဲကို နားလည်သည်ဖြစ်ရာ မောင်တင်အုံး သည် မာလာဒေဝီကို ချစ်ခင်စုံမက်နေပြီဖြစ်ကြောင်း သိလိုက်ရ၏။ ထို့ကြောင့် သူကြည့်နေသည်ကို အနှောင့် အယှက်မဖြစ်စေရန် မမြင်ဟန်ဆောင်နေလိုက်သည်။

" ဆက်ပြောပါအုံး မမရယ်"

မောင်တင်အုံးက ငြင်သာသော အသံဖြင့်ဆို၏။ မာလာဒေဝီက အလွမ်းခန်း ရောက်ပြီဖြစ်၍ စိတ်မကောင်း သံဖြင့် ပြော၏။

" အဖေ ကောင်းကောင်း လမ်းလျှောက်နိုင်အောင် နေကောင်းလာတော့ အမေ့ကို အကြောင်းစုံ မေးမြန်းပြီး မမရဲ့အဖေအရင်းကို ရှာမယ်။ သူလဲ သူ့စစ်တပ်ရှိရာကို ရှာပြီး ဖြစ်ခဲ့ပုံတွေ အစီရင်ခံရမယ်။ ဒီမှာ ဆက်နေလို့ အကြောင်းမထူးဘူးလို့ တိုင်ပင်ပြီး မမတို့ သားအမိနဲ့ အဖေနဲ့ ချင်းရွာလေးက ထွက်လာခဲ့ကြတယ်တဲ့။ အမေ့ကို နမအရင်းလို စောင့်ရှောက်သွားတယ်။ မမအပေါ်မှာလဲ သမီးအရင်းလိုဘဲ၊ ဒီလိုနဲ့ အဖေက လမ်းကို

မုန်းဆရာဖွေ လာခဲ့ကြရာက ဟို မောင်ငယ်တို့ တွေ့ခဲ့ကြရတဲ့ လူသရဲတွေအုပ်နဲ့ တိုးမိပါလေရော။ သူတို့က ဖမ်းခေါ်သွားပြီး အမေ့ကို ဟိုလူယုတ်မာကြီးက မယားအဖြစ် ယူတယ်တဲ့၊ အမေက အရွယ်လဲကောင်းတုန်း၊ ရုပ်ကလဲသိပ်လှတော့ သဘောကျတာပေါ့၊ အဖေ့ကိုတော့ ကျွန်လို ခိုင်းတယ်တဲ့"

ဤသို့နေရာ၌ မာလာဒေဝီသည် နာကျည်းဟန်ဖြင့် အံကြိတ်ပြီး ပြောသည်။

" မမ ချောင်းကမ်းပါးထိပ်မှာ ငိုနေခိုက် လာဆွဲခေါ်တဲ့ လူယုတ်မာကြီးလား"

မောင်တင်အုံးကမေး၏။

" ဟုတ်တယ်မောင်ငယ် ... သူပေါ့၊ ထွက်ပြေးလို့လဲမဖြစ်ဘူးလေ၊ သူတို့လက်ထဲမှာ လက်နက်က ရှိနေတယ် မဟုတ်လား နေ့ရောညရော အလစ်မပေးဘူး။ အမုန်က အဖေတယောက်ထဲ သေသေကြေကြေ သဘောထား ထွက်ပြေးရင် သေချင်လဲသေမယ်၊ လွတ်ချင်လဲ လွတ်မယ်၊ ဒါပေမဲ့ လွတ်လမ်းတော့ သိပ်မရှိ ဘူး၊ ဘာ့ကြောင့်လဲဆိုတော့ အဖေက ဒီနေရာတဝိုက်မှာ တော မကျွမ်းဘူး၊ နောက်ပြီး မမာခဲ့ဘူးတဲ့ဒဏ်က ပြန်ထပြီး ကျန်းမာရေး မကောင်းတာက တကြောင်း၊ မမတို့သားအမိကိုထားခဲ့ရမှာ သနားတာတကြောင်း ကြောင့် သေသည်အထိ မခွဲမခွာ နေသွားတာပါဘဲလေ"

" မမ အမေ က ဘာ့ကြောင့်သေလဲ၊ မမ အဖေကိုရော ဘာ့ကြောင့် သတ်တာလဲ"

မောင်တင်အုံးကမေးသည်။

မာလာဒေဝီသည် ရုတ်တရက် ပြန်မဖြေဘဲ မျက်နှာတခုလုံး ညှိုးမှိုင်းသွားသည်။ အံ့တချက်ကြိတ်ပြီးမှ စိတ်တင်း လိုက်ဟန်ဖြင့် ဆက်ပြောသည်။

" လူယုတ်မာကြီးမှာ သူတို့လို မိန်းမမျိုးနဲ့ မွေးထားတဲ့ သားတယောက်ရှိတယ်။ မမနဲ့ရွယ်တူဘဲ၊ အဲဒီ အကောင် ကလဲ သူ့အဖေလို ယုတ်မာတာဘဲ။ သူက မမကို ကြိုက်တယ်။ လူယုတ်မာကြီးကလဲ အမေရော သမီးပါ လိုချင်တယ်။

အဲဒီတော့ မမက သူတို့သားအဖ ကို မိန်းမမာယာနဲ့ အချိုသတ် ထားတော့ သားအဖ ချင်းမတဲ့ဘဲ လူယုတ်မာကြီး ကလဲ သူ့သားဦးသွားမှာစိုးလို့ အလစ်မပေး၊ လူယုတ်မာ ကလေးကလဲ သူ့ အဖေ ဦးသွားမှာ စိုးလို့ အလစ်မပေး၊ တယောက်ကို တယောက်စောင့်ကြည့်နေကြတော့ မမသက်သာနေခဲ့ တယ်၊ ဒါပေမဲ့ ချမ်းသာရာ မရပါဘူး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး အမေနဲ့ လူယုတ်မာကြီး ရန်ဖြစ်ကြတော့ လူယုတ် မာကြီးက အမေ့ ကို ဒါးနဲ့ထိုးသတ်ပြီး အလောင်းကို ချောင်းရေထဲ ကန်ချလိုက်တယ်"

မာလာဒေဝီက ပြောရင်း အသံတွေတုန်ကာ မျက်ရည်ကျလာသည်။

" တောက် "

ငြိမ်နေသော မောင်တင်ဦးက တက်ခေါက်ပြီး -

" တော်တော် ယုတ်မာတဲ့ သတ္တဝါတွေ၊ ဒင်းတို့ကဘာတွေလဲ မမ" ဟုမေး၏။

" ဒါးပြ သူခိုးတွေပေါ့၊ ဒါပေမဲ့ လူကမနည်းဘူး၊ သူ့ငယ်သား တရာနီးပါးလောက်ရှိတယ်"

မာလာဒေဝီက ဖြေရင်း မျက်ရည်သုတ်သည်။ ထို့နောက် ဆက်ပြောသည်။

" အမေ့ကိုသတ်ပြီး အဲဒီညမှာဘဲ လူယုတ်မာကြီးက မမကို"

မာလာဒေဝီသည် ဆက်ပြောရန် အင်အားမရှိတော့သည့် အလား အသံတိမ်ဝင်သွားပြီး အံကြိတ်ထားသည် မှာ နဖူးကြောကြီးများပင် ထောင်နေလေသည်။

နှုတ်ခမ်း ကို တင်းတင်းစေ့ထားသော်လည်း အညွှန့်တုံးဆုံးရှုံးခဲ့ရသော သူ့ဘဝအတွက် မချိတင်ကဲ ဖြစ်လွန်း ၍ မျက်ရည်ဖြိုင်ဖြိုင်ကျနေသည်။

မောင်တင်ဦးက မာလာဒေဝီကို မကြည့်ရက်သဖြင့် ဦးခေါင်းငိုက်စိုက် ချနေသည်။ မောင်တင်အုန်းကမူ မာလာဒေဝီ နှင့် အပြိုင် အံကြိတ်ပြီး လက်သီးကိုသာ တင်းကြပ်စွာ ဆုပ်ထားသည်။

" ကံအကြောင်းတရားပေါ့ မမရယ်၊ ဒင်းတို့ လက်ကလဲ လွတ်ပါပြီ။ နောက်ကြောင်း ပြန်တွေးမနေပါနဲ့တော့"

မောင်တင်ဦးက ဖြေသိမ့်၏။

" ဆုံးအောင်တော့ မမပြောမယ်လေ။ အမေ့ကို သတ်တဲ့ ဟိုနေ့က ချောင်းကမ်းပါးက ကန်ချလိုက်တာ မမ မမြင်လိုက်ရဘူး။ အစောင့်တွေရော သူရော မမကို ချုပ်နှောင်ထားတယ်၊ အမေသေပြီး နှစ်ရက်အကြာမှာ အဖေ့ ကို တခါသတ်ပြီး ချောင်းထဲကန်ချပြန်တယ်။ အဲဒီနေ့မှာဘဲ သူများကို သူလိုက်အသွားမှာ ညဘက် မမ ထွက်လာပြီး မောင်ငယ်တို့နဲ့ တွေ့ရတာပေါ့ကွယ်"

စင်ကြယ်မြင့်မြတ်သော သာကီဝင် မင်းဆွေမင်းမျိုးတွင် မတူမတန်သည့် ဇာတ်နိမ့်သွေး ရောယှက်မည်ကို စိုးရိမ်ကြောင့်ကြလှသော သာကီဝင် မင်းဆွေမင်းမျိုးတစုကား ... လောကတွင် အယုတ်မာဆုံးသော အလုပ် ကိုလုပ်နေသည့် ယုတ်ညံ့လှသည့် လူယုတ်မာက သူတို့ ဆွေတော် မျိုးတော် မင်းသမီးများအား စော်ကား ဖျက်ဆီးသည်ကို သူတို့တတွေ မမြင်နိုင်ကြတော့ပါတကား။

" မမ ပြောခဲ့တဲ့ စကားထဲမှာ မမ အမေကို သူ့ချစ်သူက မမအဖေကပေါ့လေ ရုပ်ပုံကလေး ပေးခဲ့တယ်ဆိုတာ ရှိသေးလားမမ"

မောင်တင်ဦးက မေး၏။

" ရှိပါတယ်မောင်ငယ် အမေက ပြောသွားတယ် အဖေဟာ သာကီဝင်မျိုးတော့ မဟုတ်ဘူးတဲ့။ ဒါပေမဲ့ စင်ကြယ် သန့်ရှင်း တဲ့ ဗမာလူမျိုးလို့ ပြောဘူးတယ်တဲ့၊ နောက်ပြီး မမ အဖေဟာ စစ်တပ်က စစ်ဗိုလ် တယောက် ဖြစ်တယ်လို့လဲ ပြောတယ်၊ အဖေက သူ့ရုပ်ပုံကလေး ပေးသွားတာကို အမေက အင်္ကျီ အိတ်ထဲ မှာ အဝတ်နဲ့ပတ်ပြီး ကောင်းကောင်း သိမ်းခဲ့တယ်။ မမအရွယ်ရောက် လာတော့ မမကို ပေးသွားတယ်။ မမကလဲ ကောင်းကောင်း သိမ်းလာတယ်လေ၊ ရေစိုရင် ပျက်မှာစိုးလို့ အဝတ်စကို ပျားအုံထဲ ကရတဲ့ ယောင်းနဲ့ ထူထူပွတ်ထားပြီးမှ ရုပ်ပုံကလေးကို သေသေချာချာ ထုပ်ထားတာ"

" အခု ဘယ်မှာလဲ မမ၊ ကြည့်ရအောင် "

မောင်တင်ဦးက တောင်းသည်။

" အမေက ဒီပုံဟာ " သမီးဖေဖေ့ပုံ"၊ ကိုယ်နဲ့ မကွာထားဆိုလို့ ဘယ်အခါမှ အင်္ကျီအိတ်ထဲကမချခဲ့ဘူး မောင် ငယ်"

မာလာဒေဝီကပြောပြီး ရေစို၍ ချွတ်ပြီး ဖြန့်လှန်းထားသော အင်္ကျီအိတ်ထဲမှ ဖယောင်းတွေဝနေသော အထုပ် ပြားပြားကလေးကို ထုတ်ယူသည်။ အထုပ်ကို ယုယမြင်သာစွာ ဖြေပြီး အတွင်းက နှစ်လက်မခွဲ သုံး လက်မအရွယ် ဓါတ်ပုံကလေးကို မြတ်မြတ်နိုးနိုးထုတ်ပြီး မောင်တင်ဦးကို လှမ်းပေးသည်။ မောင်တင်ဦး သည် ဓါတ်ပုံကို မြင်သည် နှင့် တပြိုင်နက် ...

" ကျွန်တော်ထင်တဲ့အတိုင်းပါဘဲလား မမရယ် "

ဟု ဝမ်းသာဝမ်းနည်း တုန်ရီသောအသံဖြင့် ပြော၏။

" ဘာ ဘယ်လိုလဲ မောင်ငယ်"

မာလာဒေဝီက ပျာပျာသလဲမေး၏ မောင်တင်ဦးက နှုတ်ဖြင့် မဖြေဘဲ သူ့ရေစိုအင်္ကျီအိတ်ထဲမှ ပလပ်စတစ် အထူစားဖြင့် ရေလုံမိုးလုံထုပ်ထားသော အထုပ်ပြားကလေးကိုယူလိုက်သည်။ အထုပ်တွင်းဝယ် မိခင်ဓါတ်ပုံ တပုံဖခင်ဓါတ်ပုံတပုံရှိသည်။

ဦးအောင် နှင့် ဒေါ်သစ်ဆွေတို့ကား တကြိမ်မှ နှစ်ယောက်တွဲ ဓါတ်ပုံ မရိုက်ဘူးခဲ့ကြချေ။ ထို့ကြောင့် မိဘကို ရှိသေသောအားဖြင့် ဓါတ်ပုံဆောင်သူ မောင်တင်ဦးအဖို့ အဖေ့ဓါတ်ပုံကတခု၊ အမေ့ဓါတ်ပုံက တခု ဓါတ်ပုံနှစ်ပုံ ဆောင်ရသည်။

အဖေ့ဓါတ်ပုံက ဂျပန်ခေတ် ဗမာ့တပ်မတော် စစ်ဗိုလ်ယူနီဖေါင်း နှင့် ဒါးရှည်ကြီး လွယ်ထားသော ပုံဖြစ် သည်။ ယခု မာလာဒေဝီက သူ့ဖခင်ဟူ၍ ထုတ်ပြသောပုံမှာ မောင်တင်ဦးဆီမှာ ရှိနေသော ပုံမျိုးပင်ဖြစ် လေသည်။

" ဒီမှာ ကြည့်ပါမမ၊ ဒါ ကျွန်တော့် အဖေဘဲ၊ မမနဲ့ ကျွန်တော် အဖေတူ အမေကွဲ မောင်နှမ အရင်း ဖြစ်နေ တယ်လေ"

မာလာဒေဝီရော မောင်တင်အုံးပါ များစွာ အံ့ဩနေကြလေသည်၊ မာလာဒေဝီနှင့် မောင်တင်အုံးက မေးသဖြင့် မောင်တင်ဦးက သူ့ဖခင်

မကွယ်လွန်မီ တပိုင်းတစပြောသွားသည့် အကြောင်းအရာတွေ၊ သူ့အဖေ ငေးငိုင်မှိုင်တွေနေတတ်ပုံတွေ ပြောပြပြီး တိုက်ပွဲအတွင်း ထိခိုက်ခဲ့သည့် ဒဏ်ရာကြောင့် လက်ပြတ် ဒုက္ခိတကြီး ဘဝမှာ မိခင်ဒေါ်သစ်ဆွေက ပြုစုလုပ်ကျွေးခဲ့ရကြောင်း ပြောပြသည်။

ထိုအခါ မာလာဒေဝီက ပြောသည်။

" အားကိုးရာမဲ့ တယောက်ထဲ နေရတော့မယ်လို့ တွေးပြီး စိတ်မကောင်းဖြစ်နေရတဲ့ မမဘဝမှာ အခုလို မောင်အရင်းတယောက် မမျှော်လင့်ဘဲ ပေါ်ပေါက်လာတာ ဝမ်းသာလိုက်တာ မောင်ငယ်ရယ်။ အဖေ့ကို အိပ်ဆေးတွေ အတင်းသောက်ခိုင်းတာ အဖေက မသောက်တော့ လူအားနဲ့ ဝိုင်းဖိပြီး ပါးစပ်ထဲ အတင်းလောင်းထည့်တယ်တဲ့ကွယ်။ အမေက ပြောပြသွားတယ်၊ သတိမေ့သွားမှ သူတို့ဆီပြန်လာလို့ မဖြစ်တဲ့ တနေရာမှာ သွားစွန့်ပစ်ကြမှာပေါ့နော်၊ ဒါကြောင့်သာ အဖေနဲ့အမေ မတွေ့နိုင်ဘဲ ဖြစ်သွားတာပေါ့"

မာလာဒေဝီက ဝမ်းသာ ဝမ်းနည်းပြောပြသောအခါ မေရှာဝိုက် သတိမေ့နေပုံနှင့် သူဘယ်ပုံဘယ်နည်းချင်း တွင်းမြစ်ကမ်းပါးစပ်ရောက်နေခြင်းကို ကျေနပ်အောင် မဖြေရှင်းနိုင်ဘဲ ဖြစ်ခဲ့ရပုံကို မောင်တင်ဦးရော မောင်တင်အုန်းပါ ပြန်လည် သတိရမိသည်။

ဦးအောင် သည်လည်း ဤနည်းအတိုင်းပင်ဖြစ်ပြီး သတိရလာသောအခါ သာကီဝင်တိုင်းပြည် ဘယ်ဆီရှိမှန်း မသိတော့ ဘဲ

လူနေအိမ်ခြေ ရှာဖွေလာရာမှ ဗမာ့တပ်မတော်သို့ ပြန်ရောက်လာဟန် လက္ခဏာတူသည်ဟု အားလုံးက ယူဆလိုက်ကြသည်။

" ကျွန်တော် မရှင်းတာ တခုရှိနေတယ် မမ"

မောင်တင်အုံးက မေး၏။

" ဘာများလဲမောင်ငယ် "

" ဘုရားမယ်တော်ရဲ့ ခြုံထည်က ဘယ်လိုဖြစ်ပြီး ချောင်းထဲ မျောလာသလဲဆိုတာလေ "

မာလာဒေဝီက အတန်ငယ် တွေနေသည်၊ ထို့နောက် စဉ်းစဉ်းစားစား အဖြေပေး၏။

" အဲဒီအချိန်က မမတို့ အမေကလဲ မရှိတော့ဘူး ဟုတ်လား မောင်ငယ်၊ ဒီ တာဝန်ကို ဆက်ခံသူရဲ့ ပေါ့လျော့ ချို့ယွင်းမှုဘဲ ဖြစ်ပါလိမ့်မယ် "

ဤအဖြေထက်သာလွန်၍ တိကျသော အဖြေကို မည်သူက ပေးနိုင်မည်နည်း။

" ကဲ ရှေ့ဆက်စရာ ဘာအကြောင်းမှ မရှိတော့ နေရင်းဌာနပြန်ကြတာဘဲ ကောင်းပါလိမ့်မယ် ကိုတင်အုံး ရယ် ...၊ ဘယ်လိုသဘောရလဲ "

မောင်တင်ဦးက မေး၏။

" ပြန်တာပေါ့ မမကို ခင်ဗျားဘဲ တာဝန်ယူမှာလား "

မောင်တင်အုံးက ပြန်မေးသည်။

" ဩော် ... ကျွန်တော့် အမ အရင်းဘဲ ကျွန်တော် တာဝန်မယူလို့ ဘယ်သူ ယူမှာလဲဗျာ "

မောင်တင်အုံးက တစုံတရာ ပြန်မပြောဘဲ မာလာဒေဝီကိုသာ စူးစိုက်ကြည့်လိုက်၏။

" အမေ့မေတ္တာကတော့ တကယ်ခိုင်မြဲပါတယ် မောင်ငယ်၊ သေသည့်တိုင်အောင် အဖေ့ရုပ်ပုံကို နေ့တိုင်း ကြည့်ပြီး တမ်းတသွားရှာပါတယ်"

" ဒီမှာ ကြာကြာနေလို့လဲ အကြောင်းမထူးတော့ပါဘူး၊ နက်ဖန်လဲ ခရီးစကြရအောင် "

မောင်တင်ဦးက ဆို၏။

" ခင်ဗျား ရန်ကုန်မှာ စိတ်ချ လက်ချနေနိုင်တဲ့ အခြေအနေ ရောက်ပါအုံးမလား "

ဦးသာညွန့်၏ စီစဉ်ချက်ကို ရည်ရွယ်ပြီး မောင်တင်အုံးက မေးသည်။

" ရန်ကုန်က ကျွန်တော်တို့ခွာခဲ့ကြတာ သုံးလကျော်နေပြီ၊ အခြေအနေက အေးဆေးဆိတ်ငြိမ်ကောင်းပါ ရဲ့ဗျာ မအေးဆေးလဲ မတတ်နိုင်ဘူး၊ ဖြစ်တဲ့နည်းနဲ့ ရင်ဆိုင်ရမှာဘဲ၊ ရှောင်ချင်တိမ်းချင် ပုန်းချင်တဲ့စိတ်လဲ မရှိတော့ဘူး "

မောင်တင်ဦးက စိတ်ကို နိုင်မာစွာ ဆုံးဖြတ်ပြီးပြောသည်။

" မမက မောင်ငယ်နဲ့ဘဲ လိုက်နေပါရစေတော့နော်၊ မောင်ငယ်က လွဲရင် မမမှာ အားကိုးစရာမရှိပါဘူးကွယ်"

မာလာဒေဝီက သနားစဖွယ် ပြောရှာသည်။

" ကျွန်တော့်မှာလဲ မမကလွဲပြီး ညီအကို မောင်နှမရယ်လို့ မရှိပါဘူး မမရယ်၊ အထီးကျန်တဲ့ ကျွန်တော့် ဘဝမှာ မမျှော်လင့်တဲ့ အမ ရင်းတယောက် ရလိုက်တာ ကျွန်တော့်စိတ်ထဲမှာ အမေပြန်လာသလိုဘဲထင်မိပါ တယ်၊ ကျွန်တော်တို့ မောင်နှမ မခွဲမခွာ နေကြမယ်လေ "

" ဝမ်းသာလိုက်တယ် မောင်ငယ်ရယ် "

မာလာဒေဝီသည် မောင်အရင်းဟု သိရပြီးဖြစ်၍ ဖြူစင်သော အချစ်မေတ္တာဖြင့် မောင်တင်ဦး၏ ပခုံးကို ခေါင်းတင်ကာ ဝမ်းသာစွာပြောရင်း မျက်ရည်များပင် ကျလာရှာသည်။

" မမတို့ မောင်နှမ ပိုပြီး အားရှိသွားအောင် ကျွန်တော်ပါ အတူတူလာနေပါ့မယ် "

မောင်တင်အုန်းက ပြောသည်။

" ကျွန်တော်တို့ ဗမာ ထမင်းဟင်း အစားအသောက်မျိုးနဲ့ ခင်ဗျား ကြာကြာနေနိုင်မှာလား ကိုတင်အုန်းရဲ့"

မောင်တင်ဦးက မေး၏။

" အို ... ကျွန်တော် စားနိုင်လို့ အဆင်ပြေရင် ခင်ဗျားတို့နဲ့ အမြဲနေမယ်ဗျာ "

မောင်တင်အုန်းက ပြောရင်း မာလာဒေဝီကို ကြည့်လိုက်သည်။ မာလာဒေဝီက သတိမထားလိုက်သော် ငြားလည်း မောင်တင်ဦးကမူ အဓိပ္ပါယ်ကို ကောင်းကောင်းနားလည်လိုက်၏။

-----------------------------------

## အခန်း (၇)

ရန်ကုန်ပြန်ရောက်ကြသောအခါ မောင်တင်ဦး၏ အိမ်မှာပင် သုံးယောက်လုံးစုနေကြသည်။ မောင်တင်အုန်း သည် သံရုံးသို့သွားကာ၊ အကျိုးအကြောင်း သင့်လျော်သလိုပြောပြသည်။ သူ့အဖေထံကိုလည်း နေရေး ထိုင်ရေး အဆင်ပြေသည့် အတွက် ဗမာပြည်မှာပင် နေအုံးမည်ဖြစ်ကြောင်း၊ စိတ်မပူဘဲ ယုံကြည်စိတ်ချရန် အကြောင်း စာရေးအကြောင်းကြားလိုက်သည်။

ထိုအချိန်အခါ၌ သုံးယောက်လုံး ဗမာလို ဝတ်ဆင်နေကြလေသည်။ ပင်ကိုယ်ကချောမောလှပသည့် မာလာ ဒေဝီသည် သူနှင့် လိုက်ဖက်သော အဆင်အသွေးကို ပုံပန်းကျစွာချုပ်၍ ဝတ်ဆင်ထားသော အင်္ကျီထမီနှင့် များစွာ ကြည့်ကောင်းနေသည်။

နေလုံမိုးလုံ အိမ်ထဲမှာ ဗမာသနပ်ခါး မွှေးမွှေးကို ဖွေးဖွေးကလေး လိမ်းပြီး နက်မှောင်ရှည်လျား များပြားသော ဆံပင်တို့ကို ဗမာအမျိုးသမီးလို ထုံးထားသည်ဖြစ်ရာ မာလာဒေဝီ၏ ရုပ်ဆင်းသဏ္ဍာန်မှာ မြင်ရ သူ ငေးကြည့် ရ လောက်အောင်ပင် လှပချောမော လွန်းပေသည်။

မောင်တင်အုံးသည် မာလာဒေဝီကို စွဲလမ်းချစ်ခင်သောစိတ်ဖြင့် သူ့မွေးရပ်ဌာနေ သူ့တိုင်းပြည်ကိုပင် မပြန်နိုင်ဘဲ မောင်တင်ဦး တို့အိမ်မှာ သောင်တင်နေပုံကို မောင်တင်ဦးက ကောင်းကောင်းကြီး ရိပ်မိသည်။

ထို့ကြောင့် အိမ်ကို ပြုပြင်သုတ်သင်ခြင်း၊ သုံးယောက်လုံးအတွက် အိပ်စက်ရန် နေရာပြင်ရခြင်း၊ စားရေး သောက်ရေး စီမံရခြင်း၊ မာလာဒေဝိအတွက် အဝတ်အထည် ဝယ်ယူချုပ်လုပ်ရခြင်း စသည့် ကိစ္စများက ဆယ့်ငါးရက် ကျော်ကျော် ကြာသွားသည်။

အားလုံး နေသားတကျ ဖြစ်သောအခါ မောင်တင်ဦးတွေးထင်သည့် အတိုင်းပင် မောင်တင်အုန်းက ဖွင့်ဟ ပြော လာသည်။

" ခင်ဗျားနဲ့ ကျွန်တော်ကလဲ ညီအကို အရင်းလိုဖြစ်နေတော့ မမြင်ကွယ်ရာမှာ မာလာကို ဘာမှ မကျူးလွန် ချင်ဘူးဗျာ၊ ဒါကြောင့် ပွင့်ပွင့်လင်းလင်း ပြောတာဘဲ၊ မာလာကို ကျွန်တော် လက်ထပ်ပါရစေ"

မောင်တင်အုံး က ဖွင့်ပြောသည်။

ဗုဒ္ဓဝင်ရာဇဝင်နှင့်ချီပြီး ကြီးကျယ်သောအတ္တုပ္ပတ္တိဇာတ်လမ်းကြီးဖြစ်ခဲ့ရသော သာကီဝင် မဟာဆွေတော် မျိုးတော်တို့ အကြောင်းကို လူသိမခံလိုတော့သော မာလာဒေဝီက သူ့နာမည်ကို ဒေဝီဖြုတ်ပြီး မာလာ ဟူ၍ပင် ခေါ်ပါဟု ပန်ကြားထားခဲ့သည့်အတွက် မောင်တင်အုံးက မာလာဟူ၍ သုံးနှုန်းလိုက်ခြင်း ဖြစ်သည်။

" ခင်ဗျား တကယ်ဘဲ မမကို မြတ်နိုးလို့လား "

မောင်တင်ဦးက မေး၏။

" မြတ်နိုးလို့သာ ကျွန်တော့်တိုင်းပြည် မပြန်နိုင်ဘဲ ခင်ဗျားတို့နဲ့ နေတာပေါ့ဗျာ"

" ဘာသာချင်းမတူဘဲ ဖြစ်နိုင်မလား ကိုတင်အုံး "

" ဒါက မခဲယဉ်းပါဘူးဗျာ၊ ကိုယ်ယုံကြည်ရာကိုယ်ကိုးကွယ်ပေါ့၊ တယောက်နဲ့တယောက် ကြင်နာဘို့သာ အရေးကြီး ပါတယ်... "

" ဒါက ပြောရမယ်လေ ကိုတင်အုံးရဲ့၊ ခင်ဗျားတို့လက်ထပ်တော့ ဘယ်ဘာသာထုံးစံဓလေ့နဲ့ လက်ထပ် မှာလဲ"

" ကျွန်တော် မာလာ့ကို သိပ်ချစ်တယ်၊ သူစိတ်ချမ်းသာစေမဲ့ ထုံးစံဓလေ့နဲ့ လက်ထပ်မယ် "

" နောက်ပြီး ခင်ဗျားတိုင်းပြည်ပြန်သွားတော့ ကျွန်တော့် မမ ဘယ်လိုဖြစ်မလဲ"

မောင်နမ အရင်းဖြစ်လာပြီကြောင့် မောင်တင်ဦးက စေ့စပ်သေချာစွာ မေးရတော့သည်။

" ကျွန်တော် မပြန်ဘူး၊ ဒီ မြန်မာပြည်သားအဖြစ် ခံယူပြီး မာလာနဲ့ မခွဲမခွာ နေမယ်"

" ခင်ဗျား စိတ်နိုင်မှလုပ်နော်၊ တော်တော်ကြာ မထွေးနိုင် မမျိုနိုင်နဲ့ စိတ်ဆင်းရဲမှု ဖြစ်လာတော့ မကောင်းဘူး "

" ဗျာ … ကိုတင်ဦးကလည်း ကျွန်တော် တခုခု လုပ်တော့ မယ်ဆိုရင် စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပြီးမှ လုပ် တာဘဲ။ ဒါကြောင့် ဒက်ဒီ ပြန်သွားတာ မလိုက်ဘဲ နေရစ်ပြီး မေရှာဝိုက်ကိစ္စကြီးစုံစမ်းလို့ အခုလို တိမ် မြုပ်နေတဲ့ အကြောင်းတွေပေါ်ပေါက်ပြီး ခင်ဗျားတို့ မောင်နှမ ပြန်တွေ့ကြရတယ်မဟုတ်လား … "

သူတို့နှစ်ယောက် ပြောဆိုနေကြသည့် အနားတွင် မာလာဒေဝီက ရှိနေပါသည်။ သို့သော် မောင်တင်ဦးနှင့် မောင်တင်အုံးက ဗမာစကားဖြင့် ပြောနေကြသည်ဖြစ်ရာ ဗမာစကား မတတ်ရှာသော မာလာဒေဝီက ချစ်စရာ ကောင်းသော မျက်နှာကလေးဖြင့် အငေးသား ကြည့်နေရှာသည်။

မောင်တင်အုံး ၏ ခိုင်မာသော စိတ်ဓာတ်ကို သိပြီးဖြစ်သော မောင်တင်ဦးက သူ့အမေကို တချက်မျှ လှမ်းကြည့်ကာ -

" ခင်ဗျား ပြောခဲ့တဲ့ အတိုင်းဆိုရင်တော့ ကျွန်တော် ကန့်ကွက်စရာ မရှိပါဘူး။ ဒါပေမဲ့ မမစိတ်သဘောက ဘယ်လိုလဲ မသိဘူး၊ သူကိုယ်တိုင်လဲ ကြည်ဖြူနှစ်သက်မှလဲ ကောင်းမယ်မဟုတ်လား၊ အဲဒီတော့ ခင်ဗျားတို့ ချင်း အကျေအလည် ဆွေးနွေးကြပေါ့ဗျာ၊ ကျွန်တော်လဲ ကျွန်တော့်ကိစ္စသွားစုံစမ်းလိုက်ဦးမယ်"

ဟု တချက်ခုတ် နှစ်ချက်ပြတ် စကားပြောကာ အိမ်မှ ရှောင်ထွက်လာခဲ့သည်။

မောင်တင်အုံး ပြောသည့်အတိုင်းဆိုလျှင် ကန့်ကွက်စရာ မရှိသည် တကြောင်း၊ မာလာဒေဝီအဖို့ သူ့ဘဝ လုံခြုံမှုရသွား၍ စိတ်အေးရမည် တကြောင်းတို့ကို တွေးပြီး မောင်တင်ဦးက ရှောင်ပေးလိုက်ခြင်း ဖြစ်သည်။

အိမ်ပေါ်မှ ခြေလှမ်းသွက်သွက်ဖြင့် ဆင်းသွားသော မောင်တင်ဦးကို လှမ်းကြည့်ပြီး -

" မောင်တင်ဦး ဘယ်ကိုသွားတာလဲ" ဟု မာလာကမေး၏။

" မာလာနဲ့ ကျွန်တော် လွတ်လွတ်လပ်လပ် တိုင်ပင်ဘို့ ရှောင်သွားတာ "

မောင်တင်အုံးက ဖြေသည်။

"လွတ်လွတ်လပ်လပ် တိုင်ပင်ဘို့ဟုတ်လား၊ ဘာကိစ္စလဲ မောင်တင်အုံး "

မာလာဒေဝီက အံ့သြဟန်ဖြင့် မေး၏။

" ဒီလိုလေ ကျွန်တော် မာလာ့ကိုချစ်တယ်။ လက်ထပ်ချင်တယ်၊ အဲဒါ မာလာနဲ့ လွတ်လွတ်လပ်လပ်ပြောဘို့ ကိုတင်ဦးက ရှောင်သွားတာ "

မောင်တင်အုံး က သွယ်ဝိုက်မနေတော့ဘဲ တည့်တည့်ပင်ပြောသည်။

" ဩော် "

မာလာဒေဝီက မောင်တင်အုံးမျက်နှာကိုကြည့်ပြီး အံ့သြသွားသည်။

" မာလာ ဘယ်လိုသဘောရသလည်း

မာလာဒေဝီက သက်ပြင်းချပြီးပြောသည်။

" ဖြစ်နိုင်ပါ့မလား မောင်တင်အုံး။ မမက မောင်တင်အုံးထက် အသက်ကြီးတယ်၊ ပညာ အရည်အချင်း လည်းဘာမှမရှိဘူး၊ မောင်တင်အုံးနဲ့ တွေ့ရမြင်ရသိရတဲ့ အချိန်ကာလလဲ ကြာတာမှုတ်ဘူး၊ နောက်ပြီး မမက အပျိုစင် မဟုတ်တော့ဘူးဆိုတာ မောင်တင်အုံးသိပြီးပြီဘဲ၊ မမလို မိန်းမကို လက်ထပ်ချင်တယ်ဆိုတာ မောင်တင်အုံး အနေနဲ့ သိပ်ပြီး ရှုံးတယ်၊ နာတယ်၊ အရှည်တွေး စဉ်းစားပါကွယ်"

သူ့ဘဝ ဖြစ်ခဲ့ရသည့် အခြေအနေကို ဖော်ပြကာ ကျေးဇူးပြုဘူးသူအား ငဲ့ညှာထောက်ထားသော စကားကို ပြန်ကြားသော မာလာဒေဝီကို မောင်တင်အုံးက စိတ်မပျက်သည့်အပြင် ချစ်စိတ် သနားစိတ်တွေ ပိုလာ သည်။

" ဒါတွေအားလုံး ကျွန်တော် သိပါတယ် မာလာ၊ မာလာဟာ အင်မတန် စင်ကြယ် မြင့်မြတ်တဲ့ အမျိုးအနွယ်က ဆင်းသက် လာသူ မိကောင်းဖခင် သမီးတယောက်ပါ။ အဆင်မပြေတဲ့ ဘဝအခြေအနေ ကြောင့် အခုလို အစွန်းအကွက် လေးတွေဖြစ်ရတာ ကို ကျွန်တော် ထည့်မတွေးပါဘူး။ မာလာမှာ တခုထဲ လိုနေတာရှိတယ်။ အဲဒါက စာမသင်ခဲ့ရလို့ စာမတတ်တာတခုဘဲ၊ ကျွန်တော်နဲ့ လက်ထပ်ပြီးရင် အင်္ဂလိပ်စာကို ရေးတတ် ဖတ်တတ် အောင် သင်ပေးလိုက်ရင်

မာလာအားလုံး ပြည့်စုံသွား ပြီ၊ အင်္ဂလိပ်စကားကို မာလာ ကောင်းကောင်း ပြောတတ်နေပြီဟာ ဘာမှမလိုတော့ဘူး "

မောင်တင်အုံးက စိတ်အားထက်သန်စွာ ပြောသည်။"

" မောင်တင်ဦး တတ်ထားတဲ့ ဗမာစာနဲ့ ဗမာစကားကိုလဲ မမ မတတ်သေးဘူးလေ "

မာလာဒေဝီ၏ စကားကြောင့် မောင်တင်အုံးကရယ်၏။

" ဗမာစကား ကျွန်တော်တတ်တယ်၊ မာလာကို ကောင်းကောင်းသင်ပေးမယ်၊ ဗမာစာကိုတော့ ကိုတင်ဦးကို သင်ခိုင်းပေါ့"

" ဝမ်းသာလိုက်တာ မာလာရယ် "

မာလာဒေဝီက ဘာမှ ပြန်မပြောဘဲ မောင်တင်အုံး၏ မျက်နှာကိုသာ ကြည့်နေသည်။

" လက်ထပ်မယ် ဟုတ်လား မာလာ "

" မောင်တင်ဦးက ဘာပြောမလဲ မသိဘူး "

" ကျွန်တော် ခွင့်တောင်းပြီးပါပြီ။ အခုတင်က ကျွန်တော်တို့ ပြောနေကြတာ ဒီအကြောင်းအပေါ့။ မာလာက ကြည်ဖြူတယ်ဆိုရင် သူမကန့်ကွက်ဘူးတဲ့၊ မာလာ့အဖို့ တသက်လုံး အေးချမ်းလုံခြုံမှု အားကိုးမှု ရသွားလို့ သူသဘောတူပါတယ်တဲ့ "

" မမ အပျိုစစ် မဟုတ်ဘူးနော် ... "

မာလာဒေဝီက စိတ်မချဟန်ဖြင့် သတိပေးသည်။

" ကျွန်တော်သိပါတယ် မာလာရယ်။ သိရက်နဲ့ စိတ်သန့်ရှင်းနိုင် ချစ်နိုင်တယ်ဆိုတဲ့ ကျွန်တော့် မေတ္တာ ပမာဏ ကို မာလာ စဉ်းစားသာကြည့်ပါ "

မာလာဒေဝီက သက်ပြင်းချပြီးပြောသည်။

" မမ ဘဝကတော့ မောင်ငယ်နှစ်ယောက် ပြုပြင်ရာပါဘဲကွယ် ... "

" အို .. မောင်ငယ်ဆိုတဲ့ စကားကို မာလာ့ မောင်အရင်းကိုတင်ဦးကိုဘဲသုံး၊ ကျွန်တော့်ကို မောင်ငယ်လို့ မသုံးနဲ့ ကိုတင်အုံးလို့ ခေါ်နော် မာလာ "

" ကောင်းပါပြီ မောင်ငယ်"

" ဟော ပြောရင်းဆိုရင်း မာလာ ပြန်ခေါ်ရမယ်"

ကောင်းပါပြီ ကိုတင်အုံးရယ် "

-----------------------------------

# အခန်း (၈)

မောင်တင်အုံးနှင့် မာလာဒေဝီတို့ အဆင်ပြေနေသော်ငြားလည်း မောင်တင်ဦး တယောက်မှာမူ စုံနံ့သာမြိုင် ရာပုံတော်ကြီး ဖွင့်နေရလေသည်။ အသက်မွေး ဝမ်းကျောင်းအတွက် အလုပ်ရှာရသည်က တဖက်၊ ချစ်ရသူ ကြည်ကြည်နွဲ့သတင်း စုံစမ်းရသည်က တဖက်ဖြစ်နေသည်။

ဤအချိန် အတွင်းမှာ ဖက်ဆစ်တော်လှန်ရေး အချိန်က ဦးအောင်နှင့်အတူ လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့သော ပုဂ္ဂိုလ်ကြီး တယောက်နှင့် ကံအားလျော်စွာ သွားတွေ့သည်။ ရာထူးကြီးကြီး မားမား တနေရာ တာဝန်ယူရ သော ထိုပုဂ္ဂိုလ်က သူ့ဌာနမှာ လိုနေသော အထက်တန်းစာရေး တနေရာကို ခန့်ထားပေးသဖြင့် မောင်တင်ဦး အတို့ ဝမ်းရေးပြဿနာက အဆင်ပြေသွားသည်။

" ခင်ဗျားရတဲ့ လခလေး ခင်ဗျား မိန်းမယူဘို့ စုသာထားပါ။ ကျွန်တော့် အဖေ ထားခဲ့တဲ့ငွေ တော်တော်များ များ သံရုံးမှာ ကျန်နေသေးတာ ကျွန်တော် သွားထုတ်လာခဲ့ပြီ။ အိမ်စားစရိတ် ပူမနေနဲ့၊ သံရုံးမှာ အလုပ် တနေရာ ကျွန်တော်ဝင်ဘို့ ပြောထားခဲ့တယ်။ ဒက်ဒီဆီကိုလဲ အကြောင်းစုံ စာရေးလိုက်ပြီ"

မောင်တင်အုံးက တာဝန်ယူသော စကားဖြင့် အားပေးသည်။ သူ့ဖခင်လာရန် မှာကြားထားကြောင်း သူ့ဖခင် ရောက်လာမှ မြင်သူငေးအောင် ချောမောလှပသော ချစ်သူ မာလာဒေဝီ၏ စင်ကြယ် မြင့်မြတ်သော အမျိုး အနွယ် နှင့် မေဂျာဝိုက်တို့ ဇာတ်ကြောင်း ပြန်ပြောပြပြီး သူ့ဖခင်ရှေ့က မျက်နှာစုံညီမှာ မာလာဒေဝီကို လက်ထပ် ယူမည်ဖြစ်ကြောင်း ပြောပြသည်။ ထို့ကြောင့်မောင်တင်ဦးက နောက်ကြောင်းပူစရာမရှိဘဲ ကြည်ကြည်နွဲ့ အကြောင်းကိုသာ စုံစမ်းနေသည်။ မေးပါများ စကားရ ဆိုသည့်အတိုင်း မောင်တင်ဦး သတင်း ရလေပြီ၊ ရသော သတင်းကလည်း စိတ်ချမ်းသာဖွယ် မရှိချေ။

ဦးသာညွှန့်နှင့် ဒေါ်ကြည်တို့ မြို့လယ်ခေါင်က နှစ်ထပ်တိုက်ကြီး တလုံးကို တသိန်းဖြင့်ဝယ်လိုက်ကြသည်။

ဦးသာညွှန့်နှင့်အတူ သောက်ဖော် သောက်ဖက်တယောက်၏ ဆက်သွယ်ဆောင်ရွက်ပေးမှုကြောင့် သူတို့ အလုပ်သမား အသိုက်အဝန်းထဲမှ လူတယောက်၏သား ဝိဇ္ဇာဘွဲ့ရပြီးသူ အငယ်တန်း အရာရှိကလေး တယောက် နှင့် ဦးသာညွှန့် ဒေါ်ကြည်တို့က လက်ထပ်ပေးရန် စီစဉ်သည်။ ကြည်ကြည်နွဲ့သည် ချစ်သူ မောင်တင်ဦး အပေါ် သစ္စာမဖျက် ချင်သည့်အတွက် မိဘပေးစားသည်ကို မယူဘဲ ကန်တော်ကြီးထဲ ခုန်ချ သတ်သေ သွားကြောင်း စိတ်မချမ်းသာစရာ သတင်းကိုသာ ကြားရလေတော့သည်။

ကြည်ကြည်နွဲ့ သေဆုံးခြင်းကို အကြောင်းပြု၍ ဦးသာညွန့်နှင့် ဒေါ်ကြည်တို့၏ သေးသိမ်ညံ့ဖျင်းသော စိတ်သဘောထား သည်လည်းကောင်း၊ မောင်တင်ဦးကို ရိုက်နှက်သတ်ဖြတ်ရန် ရှိထားသော လူမိုက်နှစ် ယောက် အား မောင်တင်ဦးလည်း ပျောက်ကွယ်၊ ကြည်ကြည်နွဲ့လည်း သေဆုံးသွားပြီဖြစ်၍ ငွေပေးရန် မလို တော့ကြောင်း စကား ကပ်ပြောသောအခါ ထိုလူနှစ်ယောက်က မကျေမနပ်ဖြစ်ကာ လျှောက်ပြော သည့် သတင်း တွေက ပြန့်ပြီး ဦးသာညွန့်တို့ ဇနီးမောင်နှံအား ရဲဘက်မှ စစ်ဆေးမေးမြန်းခြင်းကို ခံလိုက်ရ၍ ဂုဏ်သိက္ခာ ထိခိုက်သည်ကိုလည်းကောင်း၊ လူအများ မကြားချင်အဆုံး ဖြစ်နေသည်။ ထိုအခါမှ သမီး ဆုံးသွားသောကြောင့် အပူသောက တွေ့ကြုံရသော ဦးသာညွန့်နှင့် ဒေါ်ကြည်တို့မှာ စိတ်ကောင်း ဝင် လာသည်။ နောင်တစိတ် ပေါ်လာသည်။ ရှက်ရ ကြောက်ရမှန်း သိလာသည်။ ယခင် ဦးသာညွန့် ဒေါ်ကြည် မဟုတ်ကြ တော့ချေ။

ရုံးအားရက် တနင်္ဂနွေနေ့မှာ စိတ်မချမ်းသာ လှသောကြောင့် ဘယ်မှ မထွက်ဘဲ အိမ်ရှေ့ ဝရံတာကလေးမှာ ပက်လက် ကုလားထိုင် တလုံးဖြင့် ချစ်သူ ကြည်ကြည်နွဲ့၏ သစ္စာစောင့်ထိန်းသည့် မြဲမြံ ခိုင်မာလှသော အချစ် ကို တွေးကာ ကြည်ကြည်နွဲ့ကို လွမ်းဆွတ်တမ်းတစွာ ငေးငိုင်နေသော မောင်တင်ဦးအနားကို မာလာဒေဝီ က ရောက်လာသည်။

" မောင်ငယ်ရယ် မှိုင်နေဆွေးနေလို့လဲ သေသူက ပြန်မလာ နိုင်တော့ပါဘူး အစားအသောက်ကို မှန်မှန် စားသောက်ပြီး

ကိုယ်ရောစိတ်ရော ကျန်းမာအောင် ချမ်းသာအောင် ကြိုးစားဖြေသိမ့် ပါလားကွယ်။ ပေါ့ ဒီမှာ၊ မောင်ငယ် ထမင်းမစားလို့ နွားနို့ ကို မလိုင် တက်အောင် မမကျိုပြီး ယူလာခဲ့တယ်၊ သောက်မယ် မဟုတ်လားနော် မောင်ငယ် "

မာလာဒေဝီက ခုံကလေး တခုပေါ်တွင် နို့ပန်းကန်ကို တင်ပြီး မောင်တင်ဦးနဖူးကို ယုယကြင်နာစွာ ကိုင်စမ်း ပြီးချော့၏။ ထိုအချိန်မှာ မောင်တင်အုံးက သူ့ဖခင် ရောက်လာမည်ဟု အကြောင်းကြားချက်အရ သူတို့နိုင်ငံ ဆိုင်ရာ သံအမတ်ကြီးအိမ်သို့ သွားနေသဖြင့် အိမ်မှာ မရှိချေ။ မောင်တင်ဦးသည် သူ့အိမ်ရှေ့လမ်း၏ ဟို တစ် ဘက်ဘေးမှာ ရှိနေသော အရိပ်အာဝါသ အေးမြလှသည့် ဘန်ဒါပင်ကြီး တပင်အောက်မှာ ညှိုးညှိုးငယ်ငယ် ထိုင်နေ`ရှာသော သူတောင်းစားမလေးကို ငေးကြည့်နေရာမှ မာလာဒေဝီကို မော်မကြည့်ဘဲ ငေးမြဲတိုင်းပင် ငေးနေသည်။

မာလာဒေဝီက မောင်တင်ဦး ကြည့်ရာကို လိုက်ကြည့်သောအခါ သူတောင်းစားမလေးကိုမြင်သည်။ ညစ်နွမ်း သော အဝတ်၊ လွယ်အိတ်စုတ်စုတ်တလုံး။ အရောင်အသွေးမပေါ်တော့သော အဝတ်ကို မျက်ခုန်းအုပ်အောင် ခေါင်းမှာ ပတ်ထားသော သူတောင်းစားမလေး၏ မျက်နှာဝယ် နေပူစပ်ခါး သွားလာ တောင်းရမ်း ရလွန်း၍ ထင်သည်။ ပါးနှစ်ဖက်နှင့် နှုတ်ခမ်းတွင် ညိုမဲသော တင်းတိပ်တွေ စွဲနေသည်မှာ ရွံစရာ ပင် ကောင်းနေ တော့သည်။

" ဟောဟို သူတောင်းစားမလေးဟာ နေ့တိုင်းလာတယ် မောင်ငယ် "

မာလာဒေဝီ က ပြော၏။

" ကျွန်တော် သတိမထားမိလို့လားမသိဘူး၊ အခုမှ မြင်မိတယ်မမ "

" တောင်းရမ်း လာရာက မောရှာတယ် ထင်ပါရဲ့၊ ဒီသစ်ပင်ရိပ်မှာ အမြဲနားလေ့ရှိတယ် "

မောင်တင်ဦးက ဘာမှ ပြန်မပြောဘဲ ငေးမြဲတိုင်း ဆွေးမြဲတိုင်း ...

" ကဲ မနက်ကလဲ ထမင်းစား သိပ်နဲတယ်၊ နွားနို့လေး သောက်လိုက်ပါကွယ်။ မမ ဘဝမှာ အားကိုးစရာ မောင်ငယ် ဘဲ ရှိတယ်မဟုတ်လား၊ အခုလို မောင်ငယ် မကြည်လင် မရွှင်လန်းရင် မမပါ စိတ်ပင်ပန်းရ စိတ်ညစ် ရပါတယ် မောင်ငယ်ရယ် ... "

မာလာဒေဝီက ပြောသောအခါ မောင်တင်ဦးက သူ့အမကို သနားလာသည်။ ထို့ကြောင့် ညှိုးသော မျက်နှာ ကို လန်းဆန်းရွှင်ကြည်စွာ ပြုပြင်ပြီး ပြုံးရယ်ကာ ပြောလိုက်၏။

" အမလေး မမတော့ စိတ်မညစ်လိုက်ပါနဲ့ဗျာ၊ ကျွန်တော်ကလဲ တလောကထဲ ရှားရှားပါးပါး ရှိနေတဲ့အမကို သိပ်ချစ် ပါတယ်၊ မမ စိတ်မကောင်းအောင် မလုပ်ပါဘူး၊ ပေး နွားနို့ကျွန်တော်သောက်မယ် "

မောင်တင်ဦးက ရယ်ရယ် မောမော ပြောသောအခါ၊ မာလာဒေဝီ၏ ရှုမောလှပသော မျက်နှာက ရေစင်တွေ့ သော ကြာပန်း လို လန်းဆန်းရွှင်ကြည်လာသည်။ ချစ်စရာ ကောင်းလှသော အပြုံးဖြင့်

နို့ပန်းကန်ကို ယူပေးသည်။ ချစ်ခင်ယုယနေသော မောင်နမ နှစ်ယောက်သည် ဘန်ဒါပင်ရိပ်မှ တချွင်ချွင်မြည်သော စည်းသံနှင့်အတူ သူတောင်းစားမလေးက သီချင်းဆိုလိုက်သည်ကို နားထောင်လိုက်မိကြ၏။

" ပဏ္ဍုသေလာ ကွယ်ကာပျောက်ကာမှ သွေကာ ဖေါက်မယ်ပ အို ... သက်လျာ ... ဆိုဘူးသည့်တာ။

ကျန်သစ္စာပျက်တယ်လေး၊ ယွင်းတွေကွက်ရှာ ... "

အသံက ကောင်းလွန်းသည်၊ ချိုလွန်းသည်မဟုတ်သော်လည်း ရင်ထဲအသဲထဲက ခံစားချက်ကို လှိုက်လှိုက် လှဲလှဲ ဖော်ထုတ်လိုက်သည့် အသံမျိုးဖြစ်၍ နားထောင် နေကြသော မောင်နမ နှစ်ယောက်အနက် မာလာဒေဝီ မှာ နားမလည်၍ ထူးထူးခြားခြားမဖြစ်သော်လည်း မောင်တင်ဦး၏ ရင်ထဲမှာကား အနာဟောင်း တခု ကို ဆွလိုက်သလို နာကျင်ဆို့ကျပ်သွားလေသည်။

" ပဏ္ဍုသေလာ ကွယ်ကာပျောက်ပါစေတော့၊ နွဲ့တယောက်အပေါ် ဘယ်အခါမှ ကိုဦး မေတ္တာမပျက်ပါဘူး ဆိုတာ စိတ်ချလက်ချ ယုံပါနွဲ့ရယ်" ဟူ၍ ချစ်သူ ကြည်ကြည်နွဲ့ကို သူပြောခဲ့ဘူးသည်၊ သူကလည်း သစ္စာ မပျက်၊ နွဲ့ကလည်း သစ္စာမပျက်နိုင်မြဲသော မေတ္တာဖြင့် ချစ်ကြပါသော်လည်း ကံကြမ္မာ ဖန်လာသည့် အရေးကြောင့် ဤဘဝမှာ မည်သို့မျှ မတွေ့နိုင်သော ဝေးခြင်းမျိုးဖြင့် ဝေးကြလေပြီဟု တွေးရင်း ဆွေးစိတ်က ပိုလာ တော့သည်။

သူတောင်းစားမလေးကား စည်းကို တချင်ချင် တီးကာ ဆိုခဲ့ပြီးသည့် ဘောလယ်အပိုဒ်ကိုပင် ပြန်ကျော့နေ လေသည်။

" တော်ပြီ မမရယ်၊ ကျွန်တော် ဆက်မသောက်ချင်တော့ဘူး"

နွားနို့ပန်းကန်ကို မာလာဒေဝီအားပေးပြီး မောင်တင်ဦးသည် အိမ်ပေါ်မှ ဆင်းလာခဲ့သည်။ တိုက်ဆိုင်လှစွာ ဤဘောလယ်ကိုမှ ဆိုသော သူတောင်းစားမလေးအား အသေအချာကြည့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ဘန်ဒါပင်ရိပ်သို့ လာခဲ့သည်။ သို့သော် သူတောင်းစားမလေးကား မောင်တင်ဦးလာနေသည်ကို မြင်သော အခါ ဆိုလက်စသီချင်းကို တပိုင်းတစဖြင့် ဖြတ်ပြီး သစ်ပင်ရိပ်မှထွက်ခွာရန် ဟန်ပြင်လိုက်သည်၊ မောင် တင်ဦး စိတ်ထဲမှာ သံသယဖြစ်လာသည်။ ထို့ကြောင့် လျင်မြန်သော ခြေလှမ်းကျဲကြီးဖြင့် မှီအောင် သွားကာ သူတောင်းစားမလေး ခြေလှမ်းနေသော ရှေ့ကပိတ်ရပ်လိုက်၏။ သူတောင်းစားမလေးက ဦးခေါင်း ငုံ့ကာ ရှောင်ထွက်သည်။

" နေပါအုံး ညီမလေးရဲ့၊ မင်းဆိုတဲ့သီချင်းကောင်းလွန်းလို့ မုံ့ဘိုးပေးမယ်လို့ပါ...ရော့ ... "

မောင်တင်ဦးက အိတ်ထဲမှ ငါးကျပ်တန်တရွက်ကို ထုတ်ပေး သော်လည်း သူတောင်းစားမလေးက မယူဘဲ ဦးခေါင်းသာ အတွင်ငုံ့နေသည်၊ ငုံ့နေသောမျက်နှာတွင် မျက်ရည်တွေက ဖြိုင်ဖြိုင်ကျနေသည်။

မောင်တင်ဦးစိတ်ထဲက သံသယသည် ခိုင်သည်ထက် ခိုင်လာသည်။ ထို့ကြောင့် မျက်ခုံးအုပ်အောင် ပေါင်း ထားသော အဝတ်ညစ်ကြီးကို လျင်မြန်စွာ ဆွဲဖြုတ်လိုက်လေသည်။ ခေါင်းပေါင်း ကျွတ်သွားသောအခါ ပါး နစ်ဖက် နှင့် နှုတ်ခမ်းပေါ်တွင် တင်းတိပ်နှင့် တူအောင် အိုးမဲရောင်ဖျော့ဖျော့ပွတ်ထားသော်လည်း ကြည်ကြည်နွဲ့ အစစ် အမှန်ဖြစ်ကြောင်း မျက်နှာက ထင်ရှားစွာပေါ်လာသည်။

" နွဲ့ ... နွဲ့ ... အမလေး၊ ကိုဦး သံသယဖြစ်လို့ ဆင်းလာတာ။ အသံကြားကတထဲက နွဲ့အသံဘဲထင်ပြီး လာခဲ့ ရတာ ဝမ်းသာလိုက်တာ နွဲ့ရယ်၊ နွဲ့မသေဘူးနော်၊ လာနွဲ့ အိမ်ပေါ်ရောက်မှ စကားအစုံပြောရအောင် "

အတိုင်းမသိသော ဝမ်းမြောက်ခြင်းဖြင့် မောင်တင်ဦးက ကြည်ကြည်နွဲ့ လက်မောင်းကို ဆွဲခေါ်သည်။ သို့သော် ကြည်ကြည်နွဲ့က မလှုပ်မယှက် ခြေခိုင်ခိုင်ရပ်နေရာမှ အိမ်ပေါ် ဝရံတာတွင် နွားနို့ ပန်းကန် ကိုင်လျက် သူတို့ကို လှမ်းကြည့်နေသော မာလာဒေဝီကို လှမ်းကြည့်လိုက်သည်။

" နွဲ့ လိုက်လို့ မဖြစ်တော့တဲ့ အခြေအနေဆိုလဲ မလိုက်တော့ပါဘူးရှင် "

မောင်တင်ဦးက အဓိပ္ပာယ်ကောင်းကောင်း နားလည်သွားသည်။

" အဲဒါ ... ကိုဦးအမအရင်း၊ မမြော်လင့်ဘဲ ပြန်တွေ့ရပြီး အတူတူနေတာ၊ မမကလဲ သူ့ချစ်သူနဲ့ လက်ထပ် တော့မဲ့ ဆဲဆဲ ပါနွဲ့ရယ် "

မောင်တင်ဦးအတိုတိုနှင့် အဓိပ္ပါယ်ပေါ်အောင် ရှင်းပြသည်၊ ထိုအခါမှ ကြည်ကြည်နွဲ့က မျက်ရည်သုတ်ပြီး မယုံမရဲ လိုက်လာသည်။ အိမ်ပေါ်ရောက်သောအခါ မောင်တင်ဦးက ဆပ်ပြာခွက်၊ ရေခွက်၊ မျက်နှာသုတ်ပုဝါ ပေးပြီး မျက်နှာသစ်ခိုင်းလိုက်သောအခါမှ ချစ်စရာကောင်းသော ကြည်ကြည်နွဲ့၏ ပင်ကိုယ် မျက်နှာကလေးက ပေါ်လာသည်။

" ဒါ မောင်ငယ်ပြောတဲ့ ချစ်သူလား "

မာလာဒေဝီက မေးသည်။

" ဟုတ်တယ် မမ ... "

မောင်တင်ဦးက ဖြေ၏။ မာလာဒေဝီသည် ဝမ်းမြောက်ရွှင်လန်းစွာဖြင့် သူ့အင်္ကျီလုံချည်တွေ ထုတ်ပေးသည်၊ ကြည်ကြည်နွဲ့ ကိုယ်ပေါ်က အဝတ်တွေ မကောင်းသဖြင့် ရေချိုးသနပ်ခါးလိမ်း ပြင်ဆင်ပြီး အင်္ကျီလုံချည် အကောင်း များကိုလဲ ဝတ်စေသည်၊ အင်္ဂလိပ်စကား ပြောတတ်သူတွေ ဖြစ်၍ ဆက်ဆံရေးမှာ ခက်ခဲခြင်းမရှိ ချေ။ ကြည်ကြည်နွဲ့သည် ရေချိုးဖီးလိမ်းပြင်ဆင်ပြီး မာလာဒေဝီ၏ အင်္ကျီလုံချည်တွေကိုလဲဝတ်လိုက်၏။

" ညီမငယ်က မိန်းမချောကလေးဘဲ၊ ဒါကြောင့် မောင်ငယ်က တမ်းတနေတာပေါ့၊ ကဲ ... ဖြစ်ပျက်ပုံကို ပြော ပါအုံးလေ၊ မမ ပါ ကြားရအောင် "

မာလာဒေဝီက အမကြီးလေသံဖြင့် တိုက်တွန်း၏၊ မောင်တင်ဦးကား ဝမ်းသာလွန်းသောကြောင့် နှုတ်က ထိုထို ဤဤ ဖွဲ့နွဲ့ မေးမြန်းရန် စကားလုံးပင် မထွက်နိုင်တော့ချေ။ ကြည်ကြည်နွဲ့ ပျောက်သွားမည် စိုးဘိ အလား မျက်တောင် မခတ်စူးစူးစိုက်စိုက်သာ ကြည့်နေသည်။

" ဟုတ်ကဲ့ ... နွဲ့ ပြောပြပါ့မယ် "

ကြည်ကြည်နွဲ့က စကားပလ္လင်ခံပြီး ပြောသည်၊ သူ့မိဘတွေ သဘောတူသူကို မကြည်ဖြူနိုင်ဘဲ ချစ်သူ မောင်တင်ဦးအပေါ် သစ္စာမဖျက်ခင်သောကြောင့် တိုက်အပေါ်ထပ် ဝရံတာမျ မိဘတွေလစ်ချိန်တွင် ကြိုးဖြင့် ဆွဲပြီး ဆင်းပြေးလာခဲ့ရသည် တိုက်အောက်ထပ် အထွက်အဝင် တံခါးဟူသမျှ အားလုံးသော့ပိတ် ထားပြီး သံ တိုင်တွေတပ်ထားသော ပြတင်းပေါက်မှ စွန့်စားရခြင်း ဖြစ်သည်၊ ညီအမလို ခင်မင်ခဲ့ရသော ကျောင်းနေဘက် သူငယ်ချင်းမ တဦးအိမ်သို့ ထွက်ပြေးခိုလှုံနေခဲ့သည်၊ သူငယ်ချင်းမှာ ကြည်ကြည်နွဲ့ လို ဆင်းရဲ ချို့ငဲ့သူမဟုတ်သောကြောင့် တက္ကသိုလ်ပညာကို ဘွဲ့ရအောင်သင်ပြီး ရုံးတရုံးမှာ အရာရှိမတဦးဖြစ် နေသ ူဖြစ်သည်။ သူငယ်ချင်းမက ကူညီလက်ခံထားသည်။

စိတ်မချမ်းသာသည့် ဘဝကို ရေထဲဆင်းပြီး အဆုံးသတ်လိုက်ပြီ ဖြစ်ကြောင်း ယုတ္တိရှိရှိ စာတစောင်ရေး၍ ကြည်ကြည်နွဲ့ လက်မှတ်ထိုးသည်၊ စာအိတ်ပေါ်မှာ ဦးသာညွှန့်နှင့် ဒေါ်ကြည်တို့၏ နာမည်လိပ်စာ ပြီပြီသသ ရေးသည်၊ ကြည်ကြည်နွဲ့၏ ဘိနပ်တရံ ခေါင်းစီးလက်ကိုင်ပုဝါနှင့်အတူ ထိုစာကို ကန်တော်ကြီး စောင်းတနေရာမှာ သူငယ်ချင်းမက လူသူလေးပါးမမြင်အောင် အမှတ်မဲ့သွားထားသည်၊ ထို့နောက် အမှတ် မထင် တွေ့မြင်ဟန်ဖြင့် ရဲကို အကြောင်းကြားခဲ့သည်။ ဤနည်းဖြင့် ကြည်ကြည်နွဲ့ ဇာတ်မြုပ်နေခဲ့သည်၊ ဦးသာညွှန့်နှင့် ဒေါ်ကြည်တို့ကလည်း သမီးဖြစ်သူအမှန်တကယ် သေပြီဟု ထင်၍ အလောင်းကိုပင် ရှာဖွေ ကြည့်သည်။

ကြည်ကြည်နွဲ့သည် သူတောင်းစားဟန်ဖြင့် ရုပ်ဖျက်ကာ မောင်တင်ဦး အိမ်ရှေ့ကို နေ့တိုင်းလာသည်။ မောင်တင်ဦးတို့ ပြန်မရောက်သေး၍ အိမ်ကြီးကို တံခါးပိတ်လျက် တွေ့သော်လည်း စိတ်မပျက်ချေ။ မောင်တင်ဦးတို့ ပြန်ရောက်လာသောအခါ ချောမောလှပသော မာလာဒေဝီပါလာသည်ကိုလည်းကောင်း၊ လူအပိုဖြစ်သူ မောင်တင်အုံးကိုလည်းကောင်းတွေ့သည်၊ မာလာဒေဝီသည် မောင်တင်အုံးနှင့် သက်ဆိုင်သူ လား၊ ချစ်သူမောင်တင်ဦးနှင့် သက်ဆိုင်သူလား ဆိုသည်ကို ရှင်းလင်းစွာသိလို၍ အသံမအေး အသိမပေးဘဲ သူတောင်းစား အသွင်ဖြင့်သာ စောင့်ကြည့်နေခဲ့ရာမှ ဤနေ့တွင် မောင်နှမနှစ်ယောက် ဝရံတာတွင် ကြင်နာ ယုယနေကြပုံကို မြင်ရသောအခါ အထင်များမိသည်။ မောင်တင်ဦး

ပြောခဲ့သည့် ဂတိသစ္စာစကားကို သတိရကာ စိတ်ထဲမှာ အလွန်အမင်း မကောင်းခြင်း ဖြစ်လာသည်။

" ဒါကြောင့် ပဏ္ဍုသေလာ ဘောလယ်ကလေးကို စိတ်ရှိလက်ရှိ ဟာစ်ဆိုလိုက်မိတာဘဲ ကိုဦးရေ ချစ်လွန်းလို့ အထင်မှား မိတာကို မမရော။ ကိုဦးရော ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ် "

ကြည်ကြည်နွဲ့က တောင်းပန်သည်။

" ကိုဦးကို တောင်းပန်နေဘို့ မလိုပါဘူးနွဲ့၊ တကယ်လို့ မိဘတွေကို မလွန်ဆန်ဝံ့ဘဲ နွဲ့တခြားလူကို ယူသွား လဲ ကိုဦးက စိတ်မဆာဘဲ ခွင့်လွှတ်မှာပါ။ အခုတော့ ဘယ်အချိန် ဘယ်ကာလမှ ပြန်ရောက် မယ်ဆိုတာ မမှန်း ဆနိုင်အောင် ထွက်ခွာသွားတဲ့ ကိုဦးကို ခိုင်မြဲတဲ့ သစ္စာမေတ္တာနဲ့ ဆင်းရဲခံ စောင့်တာသိရတော့ ပိုပြီး မြတ်နိုး မိပါတယ် နွဲ့ရယ် "

မောင်တင်ဦးက အသဲနှလုံးထဲက ထွက်လာသော အသံဖြင့် လှိုက်လှဲစွာ ပြောသည်။

မာလာဒေဝီက ကြည်ကြည်နွဲ့ကို စိုက်ကြည့်ကာ ဦးခေါင်းကို ဖြည်းဖြည်းညိတ်ပြီး ပြော၏။

" ခိုင်မြဲတဲ့ သစ္စာနဲ့မေတ္တာဟာ သိပ်တန်ဘိုးရှိပါတယ် ညီမငယ်။ အဖေနဲ့ အမေဟာ ဤမျှချောမောလှပသော ရုပ်ဆင်းရူပကာ ရှိသည့် မိန်းမကို

မတွေ့ဘူးခဲ့ရကား အပျိုစင်မဟုတ်မှန်း သိလျှက်နှင့် သားဖြစ်သူ မောင်တင်အုန်း စွဲလမ်းမြတ်နိုးသည်ကို အပြစ်မဆိုတော့ပေ။

"ခွင့်ပြုမယ် မဟုတ်လား ဒက်ဒီ"

မောင်တင်အုန်းက ချွေးမလောင်းအား တအံ့တသြ ငေးစိုက်ကြည့်နေသော ဘခင်ကို မေးလိုက်သည်။ အတွင်းဝန်ကြီး က ကြည်လင်သော မျက်နှာ၊ ကြည်ဖြူသော လေသံဖြင့် နှစ်သိမ့်ဖွယ် ကောင်းလှသော စကား ကို ဆိုသည်။ မောင်တင်အုန်းပြောပြ၍ အတွင်းဝန်ကြီးက အကြောင်းစုံသိပြီးဖြစ်၏။

" သမီးရုပ်ရည်ကတော့ စင်ကြယ် မြင့်မြတ်တဲ့ သာကီဝင်သွေးပါသူ မင်းဆွေမင်းမျိုး ပြီသပါပေတယ်။ ဒီလို အံ့သြစရာကောင်းအောင် လှို့ဝှက် ဆန်းကြယ်တဲ့ အတ္တုပ္ပတ္တိနဲ့ ဆက်သွယ်နေသူ ထူးထူးခြားခြားပုဂ္ဂိုလ်မျိုး ကို ဒက်ဒီတို့က သိပ် စိတ်ဝင်စားတတ်တယ်။ တန်ဘိုးလဲ ထားတယ်၊ ဒါကြောင့် သားနဲ့ သမီးကို သဘောတူ ခွင့်ပြုပါတယ်။ လက်ထပ်ပြီးရင် ဒက်ဒီတို့ရှိရာကို အလည် လာခဲ့ကြအုံးနော် "

အတွင်းဝန်ကြီး၏ စကားကို ...

" ကျေးဇူးတင်ပါတယ် ဒက်ဒီ။ မာလာရဲ့ ဘဝကတော့ ဒက်ဒီရယ်။ ကိုတင်အုန်းရယ်။ ဟောဒီမောင်ငယ် ညီမငယ် တို့ပါ ဝိုင်းပြီး

မေတ္တာရေစင်ဖြန်းမှ လန်းဆန်းရမဲ့ ပန်းနဲ့တူတယ်လို့သာ ဥပမာ ပေးပါရစေတော့"

မာလာဒေဝီက ချစ်စဖွယ် သနားစဖွယ် အသံဖြင့် ပြန်ပြောသည်။ ထိုအခါ မောင်တင်အုန်းကလည်း အားကျ မခံ ဥပမာပြန်ပေးသည်။

" စိတ်ချပါမာလာ ဟောဒီကမ္ဘာမြေကြီး ပျောက်ကွယ်သွားမှ မာလာကို ချစ်တဲ့ ကျွန်တော့် အချစ်လဲ ပျောက် မှာပါ။ ကမ္ဘာမြေကြီး မပျောက်သမျှ ကျွန်တော့် အချစ် မေတ္တာ မပျောက်ပါဘူး။

" ကဲ ... နွဲ့ရေ အနန်ကယ်က ဗမာလိုကောင်းကောင်းနားလည်တယ်။ အခုနင်က ဘန်ဒါပင် အောက်ကနေပြီး နွဲ့ အော်ဆိုတဲ့ သီချင်းလေးဆိုပြလိုက်စမ်းပါအုံး။ မမကိုတော့ နောက်မှ ဘာသာပြန်ပြမယ်" ဟု မောင်တင်ဦး က နွဲ့ကို တိုက်တွန်းသည်။

" အေး ... ဆိုပြစမ်း တူမကြီး "

ပျော်ပျော် နေတတ်သော အတွင်းဝန်ကြီးကပါ ဝင်ပြီး တိုက်တွန်းလိုက်၏။ ကြည်ကြည်နွဲ့က ခပ်ပြုံးပြုံး မျက်နှာဖြင့် ယောင်းမ၏ လက်ကို ကြင်နာယုယစွာ ဆုပ်ကိုင်ကာ ရွှင်ကြည်ချမ်းမြေ့သော အသံဖြင့် မတိုး မကျယ် ဆိုပြလိုက်လေသည်။

" ပဏ္ဏာသုဒ္ဓေလာ ကွယ်ကာပျောက်ကာမှ သွေကာဖောက်မယ် အိုသက်လျာ "...

ဤမျှသာ နဲ့က ဆိုပြသည်။ ရှေ့ဆက်ရမည့် အပိုဒ်ကို မလိုအပ်ဟု ယူဆကာ ဖြတ်ထားလိုက်သည်။

ဤဆိုပြသမျှ အပိုဒ်ကို မောင်တင်ဦးက ဘာသာပြန်ပြသောအခါ မောင်တင်အုန်းက ...

" ကဲ ... ဒီသီချင်းအဓိပ္ပာယ်က မာလာကို ကျွန်တော် ပြောခဲ့တဲ့သစ္စာ စကားအတိုင်းဘဲ မဟုတ်လား မာလာ"

ဟု မေးသည်ကို ...

" ဟုတ်ပါတယ် ကိုတင်အုန်းရယ် "

ဟု မာလာဒေဝီက ချောမောလှပသော မျက်နှာကလေးကို ချစ်စဖွယ် ပြုံးပြီးဖြေလိုက်သည်။

---------------------------

ပြီးပါပြီ